
www.burmeseclassic.com



# လင်းညွှတ်သွေး

တေ လေ မှတ် တမ်း

BURMESE CLASSIC .com

Linn Nyout Thway

THE RECORD OF A VAGRANT

(Short Stories)

DESIGN THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၇၆၀၉၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၇၇၀၉၁၁

**ထုတ်ဝေသည့်ကာလ**

[ပထမအကြိမ်၊ အောက်တိုဘာလ၊ ၂၀၁၁]

**အုပ်ရေ**

၁၀၀၀

**မျက်နှာဖုံးဒီဇိုင်း**

သိန်းရွှေကြည်

**ထုတ်ဝေသူ**

ဦးမောင်မောင်မြင့်အေး၊ 'လာဘ်မိုးရွှေ'စာပေ

(၂၀၅) ပိတောက်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

**ကွန်ပျူတာစာစီ**

ပုံရိပ်ရှင်

**အတွင်းဖလင်**

ပုံရိပ်ရှင်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးရှိန်ဝင်းအောင်၊ 'မိဘအေးရိပ်'ပုံနှိပ်တိုက်၊ (၁၅၀) ၄၈-လမ်း၊ ရန်ကုန်မြို့။

**တန်ဖိုး**

၁၈၀၀ ကျပ်


**ဖြန့်ချိရေး**

'သိမ့်ထိုက်စာပေ'

အမှတ်(၂၀၁)၊ ၄-လွှာ(ညာ)၊ ၃၂လမ်း(အထက်)၊ ပန်းပဲတန်းမြို့နယ်၊

ရန်ကုန်။ ဖုန်း - ၀၁ ၂၄၅၂၅၈

| | |
|---|---|
| လင်းညို့သွေး | ၈၉၅.၈၃ |
| တေလေမှတ်တမ်း/လင်းညို့သွေး။ -ရန်ကုန်၊ လာဘ်မိုးရွှေစာပေ၊ ၂၀၁၁။ | |
| ၁၈၉-စာ၊ ၁၃.၅ × ၂၁.၅စင်တီမီတာ၊ | |
| (၁) တေလေမှတ်တမ်း | |



www.burmeseclassic.com

# မာတိကာ


- အမှာစာ ၉
၁။ ချစ်သူဝှက်တဲ့ စကားထာ ၁၅
၂။ ယုန်ဖြူသို့ လွမ်းဆွတ်ခြင်း ၃၁
၃။ ပဲပိနှင့် ပက်ကျိ ၃၇
၄။ မိုး ၄၅
၅။ လိပ်ပြာချိုးတဲ့ တောင်ပံ ၅၉
၆။ ဝလုံးလေး ၇၁
၇။ ရင်ခွဲနတ်သမီး ၇၇
၈။ စိတ်ကူးအိပ်မက် မျှော်လင့်ချက် ၈၇
၉။ ပန်းနုရောင်စဉ် လွှမ်းဖြာဆဲ ခရမ်းပြာအလင်္ကာ ၉၇
၁၀။ စိတ် ၁၀၉
၁၁။ အသည်းကွဲသာရုံ အလွမ်း ၁၃၃
၁၂။ တေလေမှတ်တမ်း ၁၅၅


www.burmeseclassic.com

www.burmeseclassic.com

## အမှာစာ

ကျွန်တော်သည် ၂၀၀၆ ခုနှစ် March လထုတ် Myanmar People မဂ္ဂဇင်းတွင် ပါရှိသော 'ပန်းနုရောင်စဉ် လွှမ်းဖြာဆဲ ခရမ်းပြာ အလင်္ကာ" ဟူသော ဝတ္ထုစာမူမှ စတင်၍ 'လင်းညို့သွေး' ဟူသော ကလောင်အမည်ကို အသုံးပြုခဲ့ပါသည်။ ထိုအရင်ကပင် အခြားကလောင်အမည်အချို့သုံးစွဲ၍ စာစောင်မဂ္ဂဇင်းများတွင် ကဗျာ၊ ဝတ္ထုတို၊ အက်ဆေး၊ ဆောင်းပါးများ ရေးသားပေးပို့၍ ကလောင်သွေးခဲ့သည်။ ကျွန်တော့်အား ဝိုးတဝါးဖြစ်ကြသူတွေ ရှိ၏။

ယခုအချိန်တွင် ကျွန်တော်သည် အခြား ကလောင်အမည်တွေကို လုံးဝ အသုံးမပြုဘဲ **လင်းညို့သွေး** ဟူသော အမည်ဖြင့်သာ စာပေရေးသားခြင်းအမှုကို ပြုပေသည်။

ဤစာအုပ်အမည်အား 'တေလေမှတ်တမ်း' ဟု ပေးရခြင်းနှင့် ပတ်သက်၍ စကားအနည်းငယ် ပြောလိုပါသည်။

ဤစာအုပ်သည် ဝတ္ထုတိုပေါင်းချုပ်သီးသန့်မဟုတ်ပါ။ ဤစာအုပ်တွင် ပါရှိသော ဝတ္ထုတို၊ အက်ဆေး၊ ဝတ္ထုလတ်များသည် ကျွန်တော် အသက် ၁၅ နှစ် အရွယ်မှ အသက် ၂၁ နှစ် အရွယ်အတွင်း ရေးသားဖြစ်ခဲ့သော စာမူများထဲမှ စာစောင်မဂ္ဂဇင်းများနှင့် ဂျာနယ်တို့မှ ရွေးချယ်ဖော်ပြခြင်းခံရသော စာမူများနှင့် အတွဲစာအုပ်တို့တွင် ပါရှိပြီးသားတွေကိုသာ စုစည်းထုတ်ဝေခြင်းဖြစ်ပါသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အခြားကလောင်အမည်တို့ဖြင့် ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရသော ကျွန်တော်၏ ငယ်လက်ရာတွေကိုလည်း ဤစာအုပ်မှာ ထည့်သွင်းဖော်ပြလိုက်ပါသည်။ အခြား ငယ်လက်ရာစာမူ များစွာ ကျန်ရှိသေးသော်လည်း စာစောင် မဂ္ဂဇင်းများမှ ရွေးချယ်ဖော်ပြခြင်း ခံရသည်တွေ မဟုတ်သဖြင့် ကျွန်တော်ချန်လှပ်ခဲ့သည်။ ပြန်ဖတ်ကြည့်သောအခါ စိတ်တိုင်းမကျသည်များရှိ၍ လိပ်ပြာလုံချင်သောကြောင့်လည်း ဖြစ်၏။

စာစောင်မဂ္ဂဇင်းများတွင် ပါရှိပြီးဖြစ်သော်လည်း ဆောင်းပါးများဖြစ်သောကြောင့် ချန်လှပ်ခဲ့သည်တွေရှိသလို အခြား စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေရန် ရည်စူး၍ချန်လှပ်ခဲ့သည်တွေလည်း ရှိ၏။ ဤစာအုပ်ကတော့ ငယ်လက်ရာသီးသန့်ပေါ့. . .။

ဤစာအုပ်တွင်ပါရှိသော စာမူများကိုလည်း စိတ်တိုင်းကျလှသည်မဟုတ်ပါ။ အနုပညာရပ်ဆိုင်ရာ စံပေတံတွေနှင့် ယခုအချိန်မှာ ပြန်လည် တိုင်းတာကြည့်တော့ ဤစာအုပ်ပါစာမူအများစုမှာ ခံနိုင်ရည်အားနည်းပါးနေပါသည်။ သို့သော် ဤစာမူများအားလုံးအတွက်တော့ ကျွန်တော်ကောင်းစွာ လိပ်ပြာလုံပါသည်။

အနုပညာအရ ကြီးမားသော ဖြစ်ထွန်းမှုတွေ မဟုတ်ပေမယ့် ဘီယာတစ်ခွက်၊ အရက်တစ်ပိုင်း၊ ရင်းနှီးမှုနှင့် KTV အဖိုးအခတွေ မပါဝင် မကုန်ကျဘဲ ရွေးချယ် ဖော်ပြခြင်းခံရသည့် နယ်မြို့ကလေးတစ်မြို့မှ လူမသိသူမသိ ဆယ်ကျော်သက်အရွယ် ငချွတ်ကလေး တစ်ယောက်၏ အရိုးခံစာမူတွေအတွက် ကျွန်တော် ဂုဏ်ယူဝံ့ပါသည်။

ကျွန်တော် ဆယ်ကျော်သက်အရွယ်က စာကို လွတ်လပ်စွာ ရေးသားခွင့် မရရှိခဲ့ပါ။ ကျွန်တော်၏ မျက်လုံးကျန်မာရေးကြောင့် ကျွန်တော်၏ဖခင်က စာရေးခွင့်သာမက စာဖတ်ခွင့်ကိုပါ အတင်းအကြပ် ပိတ်ပင်တားမြစ်ခဲ့၏။ ကျွန်တော် အရမ်းဝမ်းနည်းခဲ့ရပါသည်။ စာရေး စာဖတ်တာနှင့်ပတ်သက်၍ ဖေဖေဆူပူလျှင် တစ်ခွန်းတစ်ပါဒမှ ကျွန်တော်



တုံ့ပြန်မပြောခဲ့ပါ။ အိမ်နောက်ဖေးဘက်ရှိ စက်ခန်းထဲသို့သာ ဝင်နေတတ်၏။ ထိုစဉ်က အလုပ်ကြောင့် တစ်နေကုန်နီးပါး အိမ်မှာ စက်မောင်းလေ့ရှိသည်။ စက်မောင်းထားချိန်တွေဆိုလျှင် အခန်းကို အလုံပိတ်ကာ အင်ဂျင်စက်ကြီးနားသို့ကပ်၍ ကျွန်တော် ပေါက်ကွဲစွာ အသံကုန် အော်ဟစ်ပစ်တတ်သည်။

"ငါ တစ်နေ့မှာ စာရေးဆရာ တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်. . . မဖြစ်ဖြစ်အောင်လည်း ကြိုးစားမယ်ကွာ. . ." ဟု ကြွေးကြော်ကာ အင်ဂျင်စက်ကြီးကို ဖက်၍ ကျွန်တော်ငိုတတ်သည်။

ထိုသူငယ်ချင်းကြီး ယခုတိုင် ကျွန်တော်တို့အိမ်မှာ ရှိဆဲဖြစ်လေသည်။

ကျွန်တော်မှာ စပရိန်နှင့်တူသော ဗီဇဉာဉ်တစ်မျိုးရှိ၏။ ဖိနှိပ်မှုတစ်ခုခုကို တန်ပြန်စွမ်းအားယူပြီး ဆထက်ကဲ တော်လှန်တွန်းကန်ပစ်တတ်၏။ ထိုအကျင့်ကြောင့် ကောင်းကျိုးဖြစ်ခဲ့တာတွေ ရှိသလို ဆိုးကျိုးဖြစ်ခဲ့တာတွေလည်း ရှိ၏။ စာရေးသားမှုမှာလည်း အဲဒီလိုပါပဲ. . . ခွင့်မပြုသည့်ကြားကနေ ကျွန်တော် စာတွေခိုးဖတ် စာတွေခိုးရေးခဲ့သည်။

လရောင် မစို့မပို့နှင့်လည်း ကျွန်တော် စာခိုးရေးဖူးသည်။ ဖယောင်းတိုင်မီး မှိန်ဖျော့ဖျော့နှင့်လည်း ကျွန်တော် စာခိုးရေးဖူးသည်။ စောင်ကို ခေါင်းမြီးခြုံ၍ လက်နှိပ်ဓာတ်မီးကို အသုံးပြု၍လည်း ကျွန်တော် စာခိုးရေးဖူးသည်။

မျက်လုံးတစ်ဖက်မှ မျက်ရည်ပူတွေ ကျဆင်း၍ အောင့်နာနေသည့်တိုင် ထိုမျက်လုံးကိုပိတ်၍ ကျန်မျက်လုံးတစ်ဖက်တည်းနှင့်လည်း လုံးချင်းဝတ္ထုတစ်ပုဒ် ပြီးဆုံးအောင် ကျွန်တော် ရေးသားခဲ့ဖူးသည်။ (ထိုလုံးချင်းဝတ္ထုမှာ "အလင်းဖျောက်ကြယ်" ဖြစ်ပါသည်)

ကျွန်တော်၏ စစ်အေးတိုက်ပွဲမှာ နောက်ဆုံးဖေဖေ လက်လျှော့သွားခဲ့သည်။ အရင်ကလည်း ကျွန်တော်၏ မျက်လုံးကျန်းမာရေးအတွက်

www.burmeseclassic.com

www.burmeseclassic.com



ငဲ့ကွက်ကာ မိဘမေတ္တာစေတနာနှင့် ဖေဖေတမင် တားမြစ်ပိတ်ပင်ခဲ့တာမှန်း ကျွန်တော်ကောင်းစွာသဘောပေါက်နားလည်ပါသည်။ ထို့ကြောင့်ပဲ ပြန်လည်နှုတ်လှန်ထိုးခြင်းမျိုး မပြုခဲ့တာပါ။

ကျွန်တော်၏ မိခင်ကတော့ အရင်ကတည်းက ကျွန်တော်ကို စာရေးဆရာသိပ်ဖြစ်စေချင်သည်။ သူ ငယ်ငယ်ကနှင့် ဝါသနာတူတာဟု ဆိုကာ မသိမသာပင် မြှောက်ပေးခဲ့၏။ ကျွန်တော် အခုလို အသက်အရွယ်မှာ အနုပညာသမားတစ်ယောက်အနေနှင့် ရပ်တည်နေနိုင်တာ အခြားကျေးဇူးတင်ထိုက်သူတွေ များစွာရှိသော်လည်း အဓိကအားဖြင့်တော့ ဖေဖေနှင့် မေမေ၏ ကျေးဇူးကြောင့်သာ ဖြစ်၏။

ကျွန်တော်နှင့် ထိတွေ့ဆက်ဆံဖူးသော ဝန်းကျင်တို့က ကျွန်တော့်အား တေလေဆန်သည်ဟု သတ်မှတ်ကြသည်။ ကျွန်တော် မငြင်းပါ။ ကျွန်တော်၏ အသက်အရွယ်နှင့်စာလျှင် ကျွန်တော် ဖြတ်သန်းခဲ့ရသော ဘဝစာမျက်နှာတွေက အနည်းငယ်တော့ ထူးခြားသည်ဟု ပြော၍ရမည် ထင်ပါသည်။

ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နှစ်နှင့်ချီ၍ စာပေပညာနှင့် အခြားပညာရပ်များလေ့လာသင်ကြားရင်း နေထိုင်ခဲ့ဖူးသည်။ မြန်မာပြည်၏ ထိပ်သီးပိုင်း တေလေကြီးတွေနှင့် ပခုံးဖက်ပေါင်းရင်း နယ်မြေသစ်မှာ ကျင်လည်ဖြစ်ခဲ့သည်။

အချို့သော အသိုင်းအဝိုင်းတွေက ကျွန်တော်အား လူယဉ်ကျေးဟု သတ်မှတ်ကြသည်တွေ ရှိသော်လည်း အချို့သော အသိုင်းအဝိုင်းတွေကတော့ ကျွန်တော့်အား အရိုင်းဆန်သည်ဟု ယနေ့တိုင် သတ်မှတ်ကြဆဲဖြစ်လေသည်။

အများအားဖြင့် မှန်တစ်ချပ်လို နေထိုင်ကျင့်ကြံတတ်သော ကျွန်တော့်အတွက် ထိုကိစ္စတွေက နောင်လည်း အစဉ်အမြဲရှိနေဦးမှာ သိပ်ကိုသေချာသည်။



ယခုအချိန်မှာတော့ ကျွန်တော်၏ကြေးမုံပြင်အား အတတ်နိုင်ဆုံး ပြဒါးတွေ ခွာချလို့ ထားပါပြီ။ တစ်ဖက်လူ၏ အဆင်မပြေမှုအား ကိုယ်က လိုက်ပါခါးသီးနေလျှင် ကိုယ်ပါတစ်တန်းစားထဲဖြစ်၍ ကိုယ့်အဖို့အာ ခြောက်ကာ အချိန်ပုပ်ရုံသာ အဖတ်တင်လိမ့်မည် မဟုတ်လား. . . ။

ကျွန်တော်သည် စာကိုချရေးတာ မကြာပေမယ့် လေ့လာစဉ်းစားတာတော့ သိပ်ကြာသည်။ စာတစ်ပုဒ်ကို အစအဆုံး စဉ်းစားပြီးကျေနပ်မှ ချရေးတတ်၏။ အာရုံဝင်စားမှုရှိလျှင် ထိုင်ရာမထစာရေးလေ့ရှိ၍ အာရုံဝင်စားမှု မရှိလျှင်တော့ မည်သူတွေ မည်သို့ပင် ခြိမ်းခြောက်မြူဆွယ် တိုက်တွန်းပါစေ. . . ကျွန်တော် လုံး၀ လုံး၀ လုံး၀ × ၁၀၀၀၀၀၀၀ . . . စာမရေးပါ။

အထွက်ကျဲသော ကျွန်တော်၏စာအုပ်များကို စောင့်မျှော်ဖတ်ရှုသူ ပရိသတ်များကို တကယ်ပဲ ကျေးဇူးတင်ပါသည်။

ယခုလို မဖြစ်ညစ်ကျယ်အနေအထားတစ်ခုကို ပိုင်ဆိုင်ရရှိဖို့အတွက် ကျွန်တော် ပေးဆပ်ရင်းနှီးခဲ့ရသော အဆုံးအရှုံးတွေ အများကြီးပါပဲ။ ငွေကြေး၊ မိတ်ဆွေသူငယ်ချင်းများ၊ သွေးသားရင်းချာအချို့နှင့် သံယောဇဉ်ရှိသူတွေ၏ ပစ်ပယ်ခြင်းကို ခံခဲ့ရသည်။

ကျွန်တော်၏ မအားလပ်မှုနှင့် ဂရုတစိုက် အချိန်မပေးနိုင်မှုအပေါ် အထင်အမြင်လွဲမှားသူတွေ အများအပြားရှိ၏။ လိုတာထက်ပို၍ ရှင်းမပြတတ်သော ကျွန်တော်၏ ဓလေ့ကြောင့်လည်း ဖြစ်သည်။ နဂိုသွေးအားနည်းသူမို့ နားထင်ရောက်စရာ သွေးလည်း မရှိပါ။ ကျွန်တော် အကြိမ်ကြိမ် အသည်းကွဲ၍ အခါခါ ဝမ်းနည်းခဲ့ရသည်။ ဒါလည်း. . . တိတ်တဆိတ်ပါပဲ။

နိဂုံးချုပ်အနေနှင့်ဆိုရသော်. . .

ဤစာအုပ်အမည်ကို "တေလေမှတ်တမ်း" ဟု ပေးရခြင်းမှာ ဤစာအုပ်အတွင်းမှာ ပါရှိသော "တေလေမှတ်တမ်း" ဝတ္ထုကြောင့်သာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ တေလေဆန်သော နေ့စွဲတွေမှ ဖြစ်ပေါ်လာသည့် အမှတ်သညာ သင်္ကေတတွေဖြစ်သောကြောင့်သာဟု ပြောလိုပါသည်။

ကြိုးစားဆဲ. . . .

လင်းညို့သွေး
(စာရေးသူ)

# ချစ်သူဖွက်တဲ့ စကားထာ

www.burmeseclassic.com

www.burmeseclassic.com

ဟော. . . တွေ့ပြန်ပြီ။

တွေ့တာနဲ့ တစ်ပြိုင်နက် ဒင်းလေးကနှစ်လိုစွဲမက်ဖွယ် လက်ခနဲ ပြုံးပြပြီး ခေါင်းလေးငုံ့လျက် ထွက်သွားတယ်။ ဒီတော့ ထုံးစံအတိုင်း ကိုယ့်မှာသာ ယောင်နနနဲ့ ကြောင်အကျန်ခဲ့ရတယ်။

လေးငါးခြောက်ကြိမ် ရှိပြီ။ ကိုယ်နဲ့တွေ့တိုင်း အဲဒီကောင်မလေး က လင်းဖျစ္စာ တခမ်းတနား ပြုံးပြသွားလေ့ရှိပါတယ်။ သူနဲ့ကိုယ် လုံးဝ မသိပါဘူး။ အရင်တုန်းကလည်း သူ့ကို မမြင်ဖူးပါဘူး။

ဘာအထာလဲ ကလေးရယ်. . .။

ကိုယ့်မှာဖြင့်. . . အတွေးတွေက ကြွယ်လို့. . . .။

*

ရော်. . . ဆုံပြန်ပြီ

အစဉ်အလာမပျက် ပြုံးပြန်ပြီ။ ပြီးတော့ ရှက်ဝဲဝဲလေးနဲ့ အနေ ခက်နေပုံပဲ။ သူ့ရဲ့ အိုးတိုးအမ်းတမ်း ဟန်ပန်လေးကိုကြည့်ပြီး ကိုယ့်ရဲ့ ဘယ်ဘက်နှုတ်ခမ်းထောင့်စွန်း တွန့်ကွေးသွားမိတယ်။

ဒါကို ကောင်မလေးက ဘယ်လိုထင်သွားသလဲ မသိပါဘူး။ စကားပါ ပြောလာတယ်။

"နေ နေကောင်းလား"

"အဲ. . ."

လတ်လတ်ဆတ်ဆတ် မိုးမိုးမတ်မတ်ကြီးကို မြင်နေသားနဲ့ နေ ကောင်းလား အမေးခံလိုက်ရတော့ ကိုယ် နင်သွားတယ်။



"ကောင်း ကောင်းပါတယ်"

ကောင်မလေးရဲ့ ဆက်ဆံရေးကြောင့်လည်း ကိုယ့်အာရုံတွေက ဇဝေဇဝါ။

"ဒီက ညီမနဲ့ တို့က အရင်က သိကျွမ်းခဲ့ဖူးသလားဟင်။ စဉ်းစား မရလို့ပါ"

ကိုယ့်စကားအဆုံးမှာ ကောင်မလေးက ပြုံးတယ်။

"ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့။ ညီမလေးနဲ့ ကိုနဲ့အရင်က မသိ ကျွမ်းခဲ့ဖူးပါဘူး"

'ကို' ဆိုတဲ့ စကားသံက နားထဲမှာချိုသွားတယ်။

"ဒါဆို. . . ဟို. . . စိတ်မရှိနဲ့နော်။ ညီမလေးက ကိုယ်နဲ့တွေ့ရင် ဘာလို့ ပြုံးပြသွားရတာလဲဟင်"

'တို့' ဆိုတဲ့ ခုနကအသုံးအနှုန်းဘယ်ချောင်မှာ သွားပုန်းနေပြီလဲ မသိဘူး။

"ဒါကလေ. . . ပြောရရင် အရှည်ကြီးပဲ"

"ပြောပါ။ ကိုယ် စိတ်ဝင်စားပါတယ်"

"အဟဲ. . . ကို့ကို ညီမလေး ခင်ချင်လို့"

ကောင်မလေးက ရယ်ကျဲကျဲလေးနဲ့ ပြောတော့ ကိုယ့်ရင်ထဲမှာ အေးသွားတယ်။

"အဲဒါ ခင်လို့ရတယ် မဟုတ်လားဟင်"

"ရ ရပါတယ်။ ဒါပေမယ့် ဘာ ဘာကြောင့်ခင်ချင်ရတာလဲ"

"ကိုက ညီမလေးသိပ်ကြိုက်တဲ့ အဆိုတော်ဗညားခေါင် ဖြစ်နေ လို့ပေါ့"

"ဟင်"

ကိုယ် တော်တော်အံ့အားသင့်သွားမိတယ်။ အဆိုတော်ဆိုလို့ အထင်ကြီးသွားကြသေးသလား။ မှားလိမ့်မယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့တဲ့ တစ်နှစ်လောက်ကပေါ့။ ဟစ်ဟော့ဂီတ အရှိန်အဟုန် ပြင်းပြင်းလင်းလင်း စီးဆင်းနေချိန်မှာ ပေါ့ဂီတကို မြတ်နိုးခုံမင်တဲ့ ကိုယ်တို့ လူငယ်လက်သစ်တွေစုပြီး ကိုယ်ပိုင်ငွေနဲ့ ယုံကြည်အားသန်ရာ အနုပညာ သံစဉ်တွေကို စီးရီးတစ်ခွေအဖြစ် အသက်သွင်းခဲ့ကြတယ်။

ဒါပေမယ့် အဲဒီအသက်ဟာ ကြာကြာမခံလိုက်ဘူး။ ဖုတ်လိုက် ဖုတ်လိုက်နဲ့ ကချော်ကချွဲ့ရွေ့လျားရင်း ခဏလေးနဲ့ အသက်ပျောက်သွား တယ်။ ကိုယ်တို့အခွေ ရှုံးချက်က ဝက်ဝက်ကွဲပေါ့။

ဒါလောက်နဲ့တော့ အားမလျော့နိုင်ပါဘူး။ အောင်မြင်ကျော်ကြား မှ အနုပညာစစ်စစ် ဖြစ်တာမှ မဟုတ်တဲ။ ဒါပေမယ့် ကိုယ့်အနုပညာ ကိုတော့ အောင်မြင်ချင်တာပေါ့လေ။ ငွေကြေးဟာ အနုပညာရှင်တစ်ဦး အဖို့ ယုတ်ညံ့တဲ့ပစ္စည်းပါလို့ ဂျွန်လင်နွန်က ဆိုခဲ့ပေမယ့် ကိုယ်တို့မှာ ငွေ အလုံအလောက် မရှိတာကြောင့် အနုပညာအလုပ်တွေကို ထင်သလောက် ဆက်မလုပ်နိုင်ခဲ့ဘူး။

ရည်မှန်းချက်အတွက် လိုအပ်တဲ့ ရင်းနှီးပေးဆပ်မှုကတော့ ရှိစမြဲပါပဲ။ အဓိက ကိုယ့်ခံယူချက်အပေါ် ယုံကြည်ရဲရင့်ဖို့ပဲ လိုတာပါ။

မမှန်ကန်တဲ့အစဉ်အလာတွေကို ဆန့်ကျင်ချင်တဲ့ ကိုယ်ဟာ ရှေး လူကြီးတွေရဲ့ အဆုံးအမ၊ မိဘစကား၊ ဆရာစကားဆိုတာတွေကို သိပ် အရေးမထားဘူး။ ဘယ်အရာမဆို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆုံးဖြတ်ရ တာကိုဘဲ ကြိုက်တယ်။ မှားရင်ခံ၊ မှန်ရင်စံပေါ့။ သူများစကားကြီး နားထောင်ပြီး မှားတော့ ကိုယ်ဘဲခံရမှာ မတန်ဘူး။

ဒါကြောင့် ကိုယ်ဟာ မိဘတွေ သဘောမတူဘဲနဲ့ အနုပညာ အလုပ်ကို လုပ်ခဲ့တယ်။ လုပ်တော့ရှုံးတယ်။ ရှုံးတော့ မိဘတွေဆီ ငွေ ပြန်တောင်းတယ်။ တောင်းတော့ မိဘတွေက မပေးဘူး။ မပေးတော့ ဘော်ဒါတွေနဲ့ တိုင်ပင်တယ်။ ငွေထပ်စုမယ်။ ပြီးမှ နောက်တစ်ခွေ ထပ်လုပ်မယ်ပေါ့။



အဲဒီရည်ရွယ်ချက်နဲ့ နှလုံးသားရဲ့ ဆန့်ကျင်ဘက်ဆွဲအားရှိတဲ့ ရန်ကုန်မြေကို ခေတ္တစွန့်ခွာပြီး နယ်မှာ ကိုယ်စီးပွားရေးတွေ လုပ်နေတာ။

ကိုယ်တို့အခွေက ရန်ကုန်မှာတောင် မပေါက်ဘူး။ နယ်တွေမှာဆို ဝေးရော။ အဲဒီလို အခွေမျိုးထဲမှာပါဝင်ခဲ့တဲ့ မထင်မရှား အဆိုရှင် တစ် ယောက်ကို ဒီကောင်မလေးက သိနေတယ်ဆိုတော့ ကိုယ်အံ့ဩမိတယ် ပေါ့။

ဘာပဲဖြစ်ဖြစ်လေ. . . ဒါဟာ ကောင်မလေးနဲ့ ကိုယ့်ကြားမှာ လစ်လပ်နေတဲ့ ကွာဟမှုနယ်ပယ်ကို အမြန်ဆုံး နီးကပ်ပေးလိုက်ခြင်း တစ်ရပ်ပါပဲ။

အနုပညာသမားဆိုတာက ကိုယ်ဝါသနာပါရာ အနုပညာကို အလေးအမြတ် တန်ဖိုးထားသူဆိုရင် လိုလားတတ်ကြတာပဲ မဟုတ် လား။

*

“ကိုယ်တို့အခွေက အရမ်း လူသိနည်းပါတယ်။ ညီမလေးက ကိုယ့်ကို ဘယ်လိုလုပ်သိလဲ”

“မြရိပ်ညိုက ပွဲတစ်ပွဲမှာ ‘ချစ်ခွင့်’ဆိုတဲ့ သီချင်းလေးကို ကို တက် ဆိုသေးတယ်လေ။ အဲဒီကတည်းက ညီမလေးက ကို့ကိုသိနေတာ”

“ဪ”

မြရိပ်ညိုက show ပွဲတစ်ပွဲမှာ သစ္စာဝေရဲ့ ရင်းနှီးကျွမ်းဝင်မှုနဲ့ ကိုယ်တို့အဖွဲ့ သီဆိုခွင့်ရခဲ့တယ်။ တစ်ခါဆို တစ်ခါတည်းပါပဲ။

“ဒါဆို ညီမလေးက ရန်ကုန်ကပေါ့”

ကောင်မလေးက ခေါင်းညိတ်ပြတယ်။ နီကျင်ကျင်ဆံချည်မျှင် လေးတွေတောင် လှုပ်သွားတယ်။

“ဒီမြို့ကို ဘာလာလုပ်တာလဲ”

“အဘွားခေါ်လို့ အလည်လာတာ။ ဒီမှာက ပျင်းစရာကြီး ကိုရာ”

www.burmeseclassic.com

www.burmeseclassic.com



"နေကျင့်မရှိသေးသူတွေအတွက်ကတော့ ဒီလိုပါပဲ"

"အဖော်မရှိတော့ ပိုဆိုးတာပေါ့။ အဲ့ဒါကြောင့် ဒီနေ့ကစပြီး ညီမလေးကို့ကို အဖော်လုပ်မယ်နော်၊ အဆင်ပြေရဲ့လားဟင်"

"အဆင်ပြေပါတယ်ကွာ"

ကောင်မလေးနဲ့ ကိုယ် ဘာသာစကားချင်းဆက်စပ်လို့ ရသွားပါတယ်။ ဒီတော့လည်း သူ့အကြောင်းကိုယ့်အကြောင်း တစေ့တစောင်း ပြောဖြစ်ကြပြန်ရောပေါ့။

ရင်းနှီးမှုဟာ လျင်မြန်စွာသန့်မာလာရဲ့။

*

ဒီလိုနဲ့. . . ကိုယ့်ရဲ့ အချိန်တွေကို ကောင်မလေးက တီတီတာတာစကားသံလေးတွေနဲ့ ဆန်းကြယ်လာအောင် တန်ဆာဆင်ခြယ်သပေးပါတယ်။ တဖြည်းဖြည်း ကိုယ့်ထံပါးမှာ သူအနေများလာတယ်။

အလုပ်ချိန်တွေမှာတောင် တစ်ခါတစ်လေ ကိုယ့်ဘေးနားမှာ သူရှိနေတတ်တယ်။

ကိုယ်နေတဲ့အိမ်ကိုလည်း သူက ဝင်ချင်သလိုဝင် ထွက်ချင်သလိုထွက်ပဲ။ ဘယ်သူမှ ဂရုမစိုက်ဘူး။

တစ်နေ့. . . ကိုယ်နေ့လယ်စာ စားနေချိန်မှာ ကောင်မလေးရောက်လာတယ်။ ပန်းကန်လုံးလေးနဲ့ ထမင်းစားနေတဲ့ ကိုယ့်ကိုအထူးအဆန်းသဖွယ် ကြည့်ပြီး. . .

"ဟယ်. . . ကိုက ထမင်းစားတာ ပန်းကန်လုံးလေးနဲ့ စားတယ်"

"အင်းလေ"

"ပန်းကန်လုံးလေးနဲ့ စားတာနဲ့ ပန်းကန်ပြားနဲ့ စားတာ ဘာကွာလို့လဲ"

"ကွာတာပေါ့"

"ဘယ်လို ထူးခြားလို့လဲဟင်"



ကောင်မလေးက ကိုယ့်ကိုအထင်ကြီးလေးစားဟန်နဲ့ ကြည့်ပြီးမေးပါတယ်။ ကိုယ်ဖြေလိုက်တာကတော့ ရိုးရိုးလေးပါပဲ။

"ပန်းကန်လုံးလေးနဲ့စားတော့ ထမင်းခဏခဏ ထထည့်ရတာပေါ့ကွာ"

"ဟာ. . . ကိုကလည်း. . . ညီမလေးက အဟုတ်ကြီးထင်နေတာ"

ကောင်မလေးက ရိုးရှင်းစွာ ပြုံးရင်းပြောပါတယ်။ သူ့ပြုံးရင်ချိုမြမြနဲ့ သိပ်လှတာပဲ။ ရင်ထဲထိအောင် ရှတယ်။

'ဟက်' ခနဲပဲ. . .။

*

ကိုယ် သီချင်းရေးနေချိန်တွေလည်း ကောင်မလေး ရောက်လာတတ်တယ်။

ရေးလက်စ သီချင်းစာရွက်တွေကို ယူကြည့်ပြီး ဒီနေရာလေးမှာ ဟိုလိုလေး ရေးလိုက်ပါလား၊ ဒါလေးကို ဒီလိုပြင်လိုက်ပါလားနဲ့ ဆရာကြီးသိပ်လုပ်တာပဲ။

အဲ. . . အဟုတ်မှတ်ပြီး သူပြောသလို လုပ်ကြည့်မိရင် အဲ့ဒီသီချင်းလည်း ပျက်ကရောပဲ။

"ကို. . . အခု ဟစ်ဟော့သီချင်းတွေမှာ သီချင်းဟောင်းတွေကို ရပ်စ်စာသားတွေ ညှပ်ထည့်ပြီး ဆိုနေကြတယ်နော်"

"အင်း"

"တချို့ဆို ကဗျာတွေကိုတောင် ဆိုတယ်လေ။ မှန်လုံးကို စက္ကူကပ်တို့ ဘာတို့ပေါ့"

"ဟုတ်တယ်"

"ကိုလည်း အဲဒီလိုပဲ ဟိုကဗျာကို ရပ်စ်စာသားတွေ ညှပ်ထည့်ပြီး ဆိုပါလား"

www.burmeseclassic.com



ကောင်မလေးစကားကြောင့် ကိုယ် စိတ်ဝင်စားသွားတယ်။ အနုပညာအတွေးအခေါ်အသစ်များ ရမလားဆိုပြီးတော့ပေါ့။

ဘယ်သူကိုမဆို အထင်သေးလို့မရဘူးလေ။ ဒါကြောင့် ယုံစားအားကိုးစိတ်နဲ့ မေးလိုက်တယ်။

"ဘယ်ကဗျာကို ပြောတာလဲဟင်"

"ဟိုကဗျာလေ ကိုရဲ့။ ငါတို့ကြက်ဖနိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်၊ ငါတို့ကြက်ဖရှုံးရှုံး ကြေးဖလားနဲ့ ကြက်ချေးတုံး ဆိုတာလေ"

"အမ်"

လေပူဖောင်းကို အပ်တုံးတုံးနဲ့ အထိုးခံလိုက်ရသလိုပါပဲ။ မျှော်လင့်ထားသမျှ ရှုံးကျသွားတယ်။

"ဟုတ်တယ် ကိုရဲ့။ အဲဒီကဗျာကိုသာ ရပ်စ်စာသား ညှပ်ထည့်ပြီးတော့ ဆိုလိုက်ရင် အရမ်းပေါက်သွားမှာ"

မပေါက်ဘဲနဲ့ ဂေါက်နေတဲ့ကောင်လို့ အထင်ခံရရင်အခက်။

"ပြီးတော့ ရှိုးပွဲတွေမှာ တက်ဆိုရင်လေ... အနဂ္ဂလိုကျွန်တော်နဲ့ ဒါမျိုးလေး လိုက်လုပ်ကြည့်ပေးပါဆိုပြီး ကြက်ဖခွပ်တဲ့ပုံစံလေးလုပ်ပြလိုက်ရင် ပွဲသိမ်းပြီ"

ဘယ်လိုပွဲသိမ်းမလဲဆိုတာကတော့ ကြိုတွေးကြည့်ရုံနဲ့တင် အသည်းယားစရာပါပဲ။

"ညီမလေးပြောတာကို... ကို လုပ်မယ်မဟုတ်လားဟင်"

"အင်"

သူပြောသလိုသာဆိုရင် စင်ပေါ်မှာကွတတနဲ့ ခုန်ဆွခုန်ဆွလုပ်ပြီး "အိုး...ရက်စ်... ငါတို့ ကြက်ဖ...ရှိုး.... ရှိုး... နိုင်... နိုင်... ရွှေဖလားနဲ့ ကြက်သားကိုင်... ကမ်းမွန်...ကမ်းမွန်... ငါတို့ကြက်ဖ...ရက်စ်...ရက်စ်... ရှုံး...ရှုံး...ကြေးဖလားနဲ့ ...ရှိုး... ကြက်.. ချေးတုံး... ချေးတုံး... ချေးတုံး... ကမ်းမွန်... ချေးတုံး" လို့ ဆိုရမယ့်ပုံပါ။ တွေးရုံနဲ့တင် မစားသာလိုက်တာ။



"ပြောလေကိုရဲ့။ ညီမလေးပေးတဲ့အကြံအတိုင်း လုပ်မှာလားလို့..."

"အဲ... ဟို... ဟိုလေ... အဲ့ဒါက ဟစ်ဟော့လိုင်း။ ကိုယ်တို့က ပေါ့လိုင်း ညီမလေးရဲ့။ လိုင်းမတူဘူး။ အဲဒီစိတ်ကူးကို အသစ်အဆန်းတွေ လုပ်တတ်တဲ့ သားစိုးတို့ စိုင်းစိုင်းတို့နဲ့ တွေ့ရင် ပြောပေးမယ်နော် အဟဲ"

ကလိန်စေ့ပြီး ငြိမ်းဆင်လိုက်ရပါတယ်။ စကားလမ်းကြောင်းကိုလည်း လွှဲပစ်လိုက်တယ်။

"ညီမလေးက သီချင်းတွေကို တော်တော်ဝါသနာပါပုံ ရတယ်နော်"

"ဟာ...ပါတာပေါ့။ သိပ်ပါတာပေါ့"

"သီချင်းလည်း ဆိုတတ်မှာပေါ့နော်"

"ဟာ... ဘယ်လိုများ မေးလိုက်တာလဲ။ ဆိုတတ်တာပေါ့။ သိပ်ဆိုတတ်တာပေါ့"

"ဒါဆို ကိုယ့်ကို သီချင်းတစ်ပုဒ်လောက် ဆိုပြပါလား"

"ဟာ... ဆိုပြတာပေါ့။ သိပ်ဆိုပြတာပေါ့။ အဟမ်း... အဟမ်း..."

ကောင်မလေးက လည်ချောင်းကိုတောင် ရှင်းလိုက်ပါသေးတယ်။ ပြီးမှ သတိဆွဲပြီး အသံနေအသံထားနဲ့...

"ကမ္ဘာမကြေ.. မြန်မာပြည်... တို့ဘိုးဘွားအမွေ..."

"ဟာကွာ"

ကောင်မလေးက အဲဒီလိုလည်း ရုပ်တည်လေးနဲ့ နောက်တတ်ပါတယ်။ သူ့ကို ကြည့်လိုက်ရင် အမြဲတမ်း လန်းနေတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ့ အလန်းလေးကိုမြင်တိုင်း ကြိတ်နှမ်းနေရတာက ကိုယ်လေ. . . ကြာရင်တော့ဖြင့် ခက်ရချည်ရဲ့။

*

“ကို. . . ညီမလေးကို ဆိုင်ကယ်စီး သင်ပေးပါလားဟင်။ ရန်ကုန်မှာဆို ဆိုင်ကယ်မစီးရဘူး။ ညီမလေး ဆိုင်ကယ်အရမ်းစီးတတ်ချင်တာပဲ”

ဟန်ဆောင်ခြင်း ကင်းလွတ်ကာ ရှင်းရှင်းလေးနဲ့ သန့်နေတဲ့ ကောင်မလေးကို ကြည့်ရင်း ကိုယ်လန့်လာတယ်။ ကိုယ့်ရင်ထဲက ရင်းနှီးလိုမှုတွေဟာ သာမန်ထက် ကဲနေပြီလား. . .။

“ကို. . . ညီမလေးကို သင်ပေးပါနော်။ ညီမလေးမှာ ဆိုင်ကယ်စီးချင်လွန်းလို့ Game City ထဲသွားပြီး ခွရတာ ခဏခဏပဲ”

“အေးပါကွာ သင်ပေးပ့ါမယ်”

“တကယ်လား”

“တကယ်ပါဗျာ”

ကောင်မလေးရဲ့ ပျော်ရွှင်ခြင်းစက်ကွင်းထဲမှာ ကိုယ်လည်း မျောပါသွားတယ်။ ဟာမိုနီဖြစ်ပါရဲ့။

အဲဒီလိုနဲ့ပေါ့. . .

ကောင်မလေးကို ဆိုင်ကယ်စီးသင်ပေးလိုက်ပါတယ်။ ဆိုင်ကယ်စီးသင်တယ်ဆိုတာကလည်း စက်ဘီးစီးသင်ပေးသလို ဘေးကကိုင်၊ ကားမောင်းသင်ပေးသလို ဘေးကထိုင်ပြီး သင်ပေးလို့မှ မရတာ။ ဒီတော့ ကိုယ့်ရင်ခွင်ထဲ ကောင်မလေးခဏခဏရောက်ဖြစ်တာပေါ့။

နူးညံ့အိထွေးတဲ့ အထိအတွေ့တွေ ခလုတ်တိုက်တိုင်းမှာတော့ ကိုယ်သက်ပြင်းတွေကို အခါခါချလို့. . .။

ပျို့မျှစ်နုနယ်တဲ့ ကောင်မလေးရဲ့ အလှက ကိုယ့်ကို ထိရှတိုင်း မျက်မမြင်ဒဏ်ရာရိုင်းတွေက တိတ်တဆိတ်နှိပ်စက်တယ်။



ခက်တယ် ကလေးရယ်. . .။

*

တစ်နေ့မှာပေါ့. . . ကောင်မလေးက အဖြူရောင်ပန်းကန့်လန့်ကာ ခြားပြီး သူ့ရင်ခွင်ကို ခပ်ပါးပါးဖွင့်ပြခဲ့တယ်။

“မြန်မာပြည်မှာ မိန်းကလေးဖြစ်ရတာ မမိုက်ပါဘူး ကိုရာ”

ဒါကို ကိုယ်ကမှားယွင်းစွာ အနက်ဖွင့်ဆိုလိုက်မိပါတယ်။

“သူများနိုင်ငံတွေကို အထင်ကြီးခွင့်ရှိပါတယ် ညီမလေးရယ်။ ဒါပေမယ့် ကိုယ့်နိုင်ငံကိုတော့ အထင်မသေးသင့်ပါဘူး”

ဟုတ်တယ်လေ။

အခြားလူလက်ထဲက ပေါင်မုန့်ကို အားကျရင် ကိုယ့်လက်ထဲက ဂျုံမုန့်ကိုပဲ ပေါင်မုန့်ဖြစ်အောင် ကြိုးစားသင့်တယ်။ အောက်ကျနောက်ကျတော့ သွားပြီး တောင်းမစားသင့်ပါဘူး။ နည်းယူတာကတော့ တစ်မျိုးပေါ့။

“ညီမလေးက အဲဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး ကိုရယ်။ သူများနိုင်ငံတွေမှာဆိုရင် မိန်းကလေးက ချစ်နေရင်လည်း စပြောခွင့်ရှိတယ်လေ။ ညီမလေးတို့ကျတော့ အဲဒီလိုပြောခွင့်မရှိတော့ ခက်တယ် ကိုရယ်။ တချို့ကျတော့လည်းချစ်နေမှန်းသိလို တမင် ပဲများနေတာလား မသိပါဘူး”

ကောင်မလေးစကားကြောင့် ကိုယ့်စိတ်ထဲမှာ သရိုးသရီဖြစ်သွားတယ်။

“အစက ဒီမြို့မှာနေရတာ ပျင်းနေတာ။ အခုကျတော့လည်း ပြန်ရမှာကို ပျင်းနေပြန်ရော”

ခပ်စူးစူးအကြည့်တစ်ချက်နဲ့ ကောင်မလေးကပြောတော့ ကိုယ့်ရင်ထဲမှာ မောသွားတယ်။ ခရီးလွန်ခဲ့တဲ့ ရင်ဘတ်ကောက်ကြောင်းအတွက် ယောကျ်ားကောင်းတစ်ယောက်ရဲ့ သိက္ခာဆိုတာကြောင့် ကိုယ့်နှလုံးသားဟာ အလူးလူးအလိမ့်လိမ့်နဲ့. . .။

www.burmeseclassic.com

www.burmeseclassic.com



ဟူး. . . စိတ်မောတယ်ကွာ. . .။

*

တကယ်ဆိုရင် ငါရဲ့နှလုံးသားဟာ သူငယ်ချင်းတစ်ယောက်ကို စွဲစွဲလမ်းလမ်းချစ်မိသွားတာ ××× ရိုးသားလွန်းတဲ့ မင်းမျက်နှာလေးကို ဟန်ဆောင်ခြင်းကင်းမဲ့စွာ ဒီရင်မှာချစ်မိနေပြီ ××× သူငယ်ချင်း ××× ငါရဲ့ အပြစ်တွေကို ခွင့်လွှတ်ပေးနိုင်ရင်××× ငါ့အတွက် ××× ချစ်ခွင့်တစ်ခု လောက် ပေးသနားလှည့်ပါကွယ် ××× သူငယ်ချင်း ××× ငါ့ရဲ့အမှားတွေ ကို နားလည်ပေးနိုင်ရင် ××× ငါ့အတွက် ××× ချစ်ခွင့်တစ်ခုတော့ ပေးသနားလှည့်ပါကွာ ××× စိတ်မဆိုးဖို့ တောင်းပန်တယ် ××× ခွင့်လွှတ် ပါလို့ ပြောချင်သေး ××× ဒီရင်ထဲက မျိုသိပ်ထားတဲ့ခံစားချက်ကို နား လည်ပါကွယ် ×××

သီချင်းသံဆုံးတော့ ဂစ်တာလေးကို ဘေးချလိုက်တယ်။

ကောင်မလေးက အတင်းဆိုခိုင်းတာကြောင့် 'ချစ်ခွင့်' ဆိုတဲ့ သီချင်းလေးကို ကိုယ် မှန်ရီအေးစက်စွာ ဆိုညည်းပြလိုက်ရတာပါ။

"အဲဒီသီချင်းလေးက ကို ကိုယ်တိုင်ရေးပြီး ဆိုထားတာနော်"

"အင်း"

"ကိုတို့ကျတော့ မိုက်တယ်နော်။ ကိုယ့်ခံစားချက်ကို ဖွဲ့နွဲ့ ဖန်တီးပြီး တစ်ဖက်လူသိအောင် သွယ်ဝိုက်ပြောလို့ရတယ်။ ညီမလေး လည်း ညီမလေးရင်ထဲက ခံစားချက်ကို တစ်ဖက်လူသိအောင် သွယ်ဝိုက် ပြီး ပြောတတ်ချင်လိုက်တာ"

ရင်မောအောင် လုပ်လှချည်လား ကလေးရယ်. . .။

"အဲဒီသီချင်းက ကိုယ်တစ်ကယ် ခံစားပြီး ရေးထားတာလေးပေါ့ နော်"

ကိုယ်လေးတွဲစွာ ခေါင်းညိတ်ပြလိုက်ပါတယ်။

"ဒါဆို သီချင်းထဲက သူငယ်ချင်းမလေးက အခုထိရှိသေးလားဟင်"



ကောင်မလေးရဲ့မေးခွန်းက ကိုယ့်ကို ထိတ်လန့်သွားစေတယ်။ ဒါပေမယ့် တုန်လှုပ်မှုကို ကွယ်ဝှက်ပြီး ကြိုးစားဖြေလိုက်ပါတယ်။

"မရှိတော့ဘူး"

"ဟင်"

ကောင်မလေးမျက်နှာမှာ အံ့ဩဟန်တွေ လက်ဖြာသွားတယ်။

"ဒါ. . . ဒါဆို. . . သူ သူသေသွားတာလား"

"ဟုတ်တယ်။ သေသွားတာ။ အဲဒီ သီချင်းခွေလေး ထွက် ကတည်း က သူဟာ သူငယ်ချင်းဘဝက သေသွားတာ။ အခု. . ."

ကိုယ့်လျှာက နှေးတုံ့ခြောက်သွေ့နေသလိုပဲ။

"အခု. . . သူဟာ ကိုယ့်ချစ်သူ ဖြစ်နေပြီ"

"ဩော်"

ကောင်မလေးမျက်နှာ မှိုင်းပြာသွားတယ်။ ဟုတ်တယ်. . . ကိုယ့်မှာ ချစ်သူရှိနေတယ်။

အဲဒါကြောင့်ပါ ကလေးရယ်. . . .။

*

နောက်တစ်နေ့. . .

ဖုန်းမြည်သံကြားလို့ ကိုယ်သွားကိုင်လိုက်တယ်။

"ဟယ်လို"

"ကိုလား. . . ညီမလေးပါ"

"ဩော်. . . ညီမလေး. . . ပြောလေ. . ."

"ညီမလေး ရန်ကုန်ကို ပြန်တော့မယ် ကို"

"ဟင်. . ."

ရင်တစ်ခြမ်းက ကျဉ်တက်လျက်. . .။ ဆွေးမြည့်သွားသလို ပါပဲ။ ဒါပေမယ့် တားခွင့်မှ မရှိတာပဲလေ။

"ဘယ်တော့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ"

"ကိုယ် ကားဂိတ်ကို လိုက်ပို့ပေးမယ်လေ"

"နေပါစေတော့ ကိုရယ်။ ညီမလေးဖုန်းဆက်တာ ကားဂိတ်က ဆက်နေတာ။ အခုပဲ သွားတော့မှာ။ အဲဒါ ကို့ကို လှမ်းဖုန်းဆက်လိုက်တာ။ ကို. . . ဒါပဲနော်"

"နေ နေဦး။ ကိုယ့်ကို ညီမလေးရဲ့ လိပ်စာပေးခဲ့ဦးလေ"

"မလိုတော့ပါဘူး ကိုရယ်။ အားလုံးပြီးသွားပြီပဲဥစ္စာ။ ဟိုစကား လေးအတိုင်းပဲ. . . ကံမကုန်ရင်တော့ ပြန်ဆုံကြရမှာပေါ့လေ။ ညီမလေး ဖုန်းချလိုက်တော့မယ်နော်။ ဂွတ်ဘိုင် ကို"

ဂွတ်ဘိုင်တဲ့လား ကလေးရယ်. . .။ ရက်စက်လိုက်တာကွာ . . .။ ကိုယ့်ကိုခွင့်လွှတ်ပါ. . .။

ကောင်မလေးဖုန်းချသွားတော့ ကိုယ့်ရင်ထဲမှာလည်း နုံးကျသွား တယ်။ ကြေကွဲခြင်းမြားအစင်းစင်းနဲ့ပေါ့။

ရင်ဘက်ဟာ ဒဏ်ရာတွေနဲ့ ထုတ်ချင်းခတ်လို့. . .။

*

အဲခု. . . ကိုယ်ရန်ကုန်မြေကို ခြေပြန်ချမိပြီ။

အနုပညာအလုပ်တွေ ဆက်လုပ်မယ်ဆိုတဲ့ စိတ်ကူးတစ်ပွေ့ တစ်ပိုက်နဲ့အတူ နှလုံးသားအတွက် ယတိပြတ် ဆုံးဖြတ်ချက်တစ်ခုလည်း အခိုင်အမာ ပါလာပါသေးတယ်။

အဲဒီဆုံးဖြတ်ချက်ရဲ့ ပထမအဆင့်ကို ဒီနေ့ အကောင်အထည် ဖော်ရမှာ။ ဒုတိယအဆင့်ကို လှုပ်ရှားဖို့အတွက်လည်း ကောင်မလေးရဲ့ လိပ်စာကို သူ့အဘွားဆီသွားပြီး တောင်းယူလာခဲ့ပါတယ်။

ပထမအဆင့်ကို ဆောင်ရွက်ဖို့ ကိုယ့်ချစ်သူရှိရာ ထွက်လာခဲ့ တယ်။ ကိုယ်လာမယ်ဆိုတဲ့အကြောင်းကိုလည်း ဖုန်းနဲ့ ကြိုပြောထား ပြီးသား။ ကိုယ်လာမယ်ဆိုတော့ ချစ်သူအသံလေးက ရွှင်ပျလို့. . .။



ဪ. . သခါ်ရပေါ့လေ။

ချစ်သူရဲ့ အိမ်ထဲလှမ်းဝင်လိုက်တာနဲ့ လျှပ်ပန်းလျှပ်နွယ် အခက် အလက်တွေ ဆင်ယင် ချိတ်ဆွဲထားသလိုမျိုး၊ ကိုယ် လင်းဖြာပြာဝေ သွားတယ်။

"ဟော. . . ဗညားတောင်လာပြီ"

မျက်ဝန်းနှစ်စုံနဲ့ ကိုယ်ဆုံတယ်။ ချစ်သူက အပြုံးချိုချိုနဲ့ ဆီးကြို တယ်။ အဲဒီ့အပြုံးထက်လှတဲ့ အပြုံးမျိုး၊ ကိုယ် မြင်ခဲ့ဖူးတယ်လေ။

လုပ်ပြစမ်းပါဦး။ အခုမှ ဘာလို့ ငြိမ်သက်နေရတာလဲ. . .။

"ဗညား သူ့ကိုမှတ်မိတယ်မဟုတ်လား။ သူက သဥ္ဇာရဲ့ ညီမ ဝမ်းကွဲလေ"

စကားသံတွေ ဝဲပျံလာပုံက ကိုယ့်အတွက်တော့ ကျည်ဆန်တွေ လိုပါပဲ။ ပြောပါ. . . ဆက်ပြောပါ။ လုပ်ပါ. . . ကြိုက်သလို လုပ်ကြပါ။ ဒါပေမယ့် ကိုယ်က အရုပ်တစ်ရုပ်မှ မဟုတ်တာ. . .။

"သဥ္ဇာ့ကို စိတ်မဆိုးပါနဲ့နော်။ ညီမလေးကလည်း အဲဒီမြို့ကို အလည်သွားမှာနဲ့ ကြုံလို့ အခုလိုစမ်းသပ်ကြည့်ခိုင်းတာပါ။ ဗညားက တကယ် သစ္စာရှိတာပဲ"

အဲဒီစကားကို ကြားရတော့ ကိုယ် နာကျင်ရှက်ရွံ့သွားမိတယ်။

"ဗညားကို လေးစားစိတ်နဲ့ အရင်ကထက်အများကြီး ပိုချစ်သွား ပြီသိလား"

ဟုတ်ကဲ့. . . ချစ်ပါ. . . ရပါတယ်. .။ စိတ်ကြိုက်သာ ချစ်ပါ. . .။ ဒါပေမယ့် နှလုံးသားဆိုတာ ကစားစရာမှ မဟုတ်တာ. .။ ဟား. . . အခံရခက်လိုက်တာ. . .။

ခေါင်းငုံ့ထားတဲ့ ကောင်မလေးရဲ့ မျက်နှာဖူးဖူးလေး မော့လာ တယ်။ တောင်းပန်ခယမှုတွေနဲ့လား. . .။ သရော်လှောင်ပြောင်မှုတွေနဲ့ လား. .။

www.burmeseclassic.com

www.burmeseclassic.com



သိချင်စိတ်နဲ့ ကိုယ်စိုက်ကြည့်လိုက်တော့ အကြည့်ချင်းဆုံတယ်။ အဲဒီမှာ. . .

ကောင်မလေးရဲ့ မျက်ဝန်းတွေက ရီဝေလဲ့ပြာလို့. . .။

အို. . . ကိုယ်သိလိုက်ပြီ။

ချစ်သူရေ. . . . မင်းဝှက်တဲ့ စကားထာက ကိုယ်တို့နှစ်ဦးကို ခပ်နက်နက် စူးခွဲလေရဲ့။



# ယုန်ဖြူသို့ လွမ်းဆွတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဘဝရဲ့အချိန်တိုင်းမှာ ယစ်မူးစွာ တမ်းတရပါသော ယုန်ဖြူ. . .

နာရီလက်တံတွေကို လက်ဝဲရစ် ပြန်လှည့်လိုက်ရင် ပထမဆုံး ငါ့ အာရုံထဲကို ရဲဝံ့စွာ တိုးဝင်လာတာ နင်ပါ ယုန်ဖြူ။

ငါ ရှုံးသွပ်နက်ရှိုင်းစွာ ချစ်ခဲ့ရတဲ့ နီညိုရောင် ဆံနွယ်တွေ၊ မျက်ဝန်းညိုညို၊ နှာတံချွန်ချွန်၊ ပန်းသွေးရောင်ကြွနေတဲ့ နှင်းဆီငုံနှုတ်ခမ်းလေးနဲ့ အသားဖြူဖြူ ကောင်မလေးဟာ အမြဲ ငါ့နှလုံးသားကို စိုးမိုးထားခဲ့တယ်။

ငါအစွဲမက်ဆုံးက နင့်ရဲ့ ဘယ်ဘက်ပါးပြင်ပေါ်က ပြုံးလိုက်ရင် ခွက်ဝင်သွားတတ်တဲ့ ပါးချိုင့်လေးပေါ့။ ငယ်ငယ်ကတည်းက သွားအတူ၊ ကစားအတူ နေလာခဲ့တဲ့ ငါတို့ နှစ်ယောက်ရဲ့ သံယောဇဉ်ဟာ မှတ်ကျောက်အတင် လွတ်လိမ့်မယ်လို့ ငါ ယုံစားခဲ့မိတယ်။

တကယ်ပါ. . . နင်ဟာ ငါ့ရဲ့မနက်ဖြန်တွေကို ဆေးခြယ်ပေးခဲ့သူပါ ယုန်ဖြူရယ်။

ဂစ်တာတစ်လက်၊ စကိတ် (SKATE) တစ်စီးနဲ့ အချိန်တွေကို စားသုံးရင်း လမ်းပေါ်မှာ လေလွင့်နေသူဟာ ငါပါ ယုန်ဖြူ။ အရာရာကို ပေါ့ပေါ့တွေးပြီး ဂျစ်ကန်ကန် ညစ်ကျယ်ကျယ်နိုင်တဲ့ ကောင်လေးဟာ နင်တစ်ယောက်ကလွဲရင် ဘာကိုမှ အလေးအနက် မထားခဲ့ဘူးလေ။

ယုန်ဖြူရယ်. . . နင်က ငါ့ကို 'မောင် နင် စကိတ်မစီးပါနဲ့ လားဟာ အန္တရာယ်များပါတယ်' လို့ ပြောတော့ 'ဆောရီးပဲ ယုန်ဖြူ ငါ့ကိုချစ်ရင် ဒါကိုတော့ မတားပါနဲ့' လို့ ငါတောင်းဆိုဖူးတယ်နော်။



ခွင့်လွှတ်ပါ ယုန်ဖြူ။

ရှုပ်ထွေးနေတဲ့ ကားလမ်းပေါ်မှာ ကားတွေကို နောက်ကတွယ်ပြီး စကိတ် (SKATE) စီးရတဲ့ ရင်ခုန်ဖွယ်အရသာကို ငါ အရမ်းနှစ်ခြိုက်လို့ပါ။

ပြန်တွေးရင် တကယ်ဆွေးရတယ် ယုန်ဖြူ။

နေ့ဘက်တွေမှာ အမြဲမခွဲတဲ့ နင်နဲ့ငါဟာ ညဘက်တွေမှာလည်း ဖုန်းဆက် မပျက်ခဲ့ဘူးနော်။ နင်ဟာ ငါ့ကို တစ်ခါတစ်လေတော့ စိတ်ဒုက္ခရောက်အောင် လုပ်တတ်ပြန်တယ်။

မှတ်မိပါသေးတယ် ယုန်ဖြူ။

ည (၂)နာရီထိုးချိန်လောက်မှာ ငါ့ဆီကို နင် ဖုန်းဆက်တယ်လေ။ ဒီအချိန်မျိုးမှာ ငါ့ဆီဖုန်းဆက်တတ်တဲ့သူဟာ ငါ့အပေါ် နွဲ့ဆိုးဆိုး အနိုင်ယူတတ်တဲ့ ငါ့ရဲ့ချစ်သူ ယုန်ဖြူလေးဆိုတာ ငါသိလိုက်တာပေါ့။ ဖုန်းကို ကောက်ကိုင်လိုက်တာနဲ့ 'မောင်. . . ငါအိပ်မရလို့ သီချင်းဆိုပြီး ချော့သိပ်ပါ' တဲ့။

ကဲ. . . ဘယ်လောက်ဆိုးတဲ့ ညစ်စုတ်မလေးလဲ။

ဒါပေမယ့် နင့်ရဲ့စိတ်ကို ဖတ်တတ်တဲ့ ငါကတော့ နင် သိပ်ကြိုက်တဲ့ !You are not alone! သီချင်းကိုဆိုပြီး 'ကျေနပ်ပြီလား ယုန်ဖြူ' လို့ မေးလိုက်တော့ အိပ်ပျော်သွားတဲ့ နင့်ရဲ့ အသက်ရှူသံမှန်မှန်ကိုသာ ဖုန်းထဲကနေ ငါ ကြားလိုက်ရတယ်လေ။

သြော်. . . ယုန်ဖြူရယ်. . . ဒါတွေဟာ ငါ့ရင်ကို ကျွမ်းစေမယ့် အလွမ်းတွေရဲ့ ရှေ့ပြေးဖြစ်လိမ့်မယ်လို့ မတွေးမိခဲ့တာအမှန်ပါ။

ယုန်ဖြူရယ်. . . ငါသိပ်ချစ်တဲ့ နင်နဲ့ မထင်မှတ်ပါဘဲ ဝေးလွင့်ခဲ့ရတယ်နော်။

ဆယ်ကျော်သက်တွေမို့ မာနကို ရှေ့တန်းတင်ပြီး ဘာမဟုတ်တဲ့ ကိစ္စကို အရွဲ့တိုက်ခဲ့ကြလို့ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"မောင် အခုတလော ငါ့ကိုလိုက်နေတဲ့ကောင်က တော်တော်ချောတယ်တဲ့"

ဒါပေါ့လေ။ ငါလိုလမ်းပေါ်မှာ အချိန်ဖြုန်းနေတဲ့ နေလောင်အသားအရေနဲ့ ဂျလေဘီလူမျိုးထက်သာမှာပါ။

မခံချင်စိတ်နဲ့ -

"အဲဒီကောင်ကို သွားကြိုက်ပါလား"

လို့ ငါ ပြောတော့ -

"မောင် သူက နင့်ထက်အစစအရာရာ အများကြီးသာတယ်"

တဲ့လေ။

ငါ. . . ငါ. . . နာကျင်လိုက်တာ ယုန်ဖြူရယ်။

ငါ့စိတ်ထဲမှာ မျက်သွားတယ်။ 'ဒါဆို နင် ငါ့အနား ဘာလာရှုပ်နေတာလဲ။ ငါကလည်း နင့်လို ကောင်မလေးမျိုးဝေးသေး' လို့ ပြောလိုက်မိတယ်။ 'မောင် နင်တကယ် ပြောနေတာလား။ နင့်စကားကို မပြင်တော့ဘူးလား' လို့ နင်မေးသေးတယ်နော်။ ဒေါသထွက်နေတဲ့ ငါက 'မပြင်ဘူးဟေ့ လုံးဝပဲ' လို့ ပြန်ပြောတော့ 'ရတယ်လေ အဲဒီစကားကို မြဲမြဲမှတ်ထားပါ' ဆိုပြီး နင်လှည့်ထွက်သွားခဲ့တယ်လေ။

ဆုံမှတ်နဲ့ဝေးနေတဲ့ မျဉ်းပြိုင်နှစ်ကြောင်းရဲ့အကြောင်းကို တွေးမိတိုင်း နောင်တတွေနဲ့ ငါလောင်မြိုက်နေခဲ့တာပါ ယုန်ဖြူ။

မကြာပါဘူး။ ယုန်ဖြူနဲ့ ကောင်လေးတစ်ယောက် တွဲနေတယ်လို့ သူငယ်ချင်းတွေ လာပြောတယ်။ ငါလည်း မခံချင်စိတ်နဲ့ ငါ့သူငယ်ချင်း ကောင်မလေးတစ်ယောက်နဲ့ တွဲပြခဲ့တယ်။

ဒါတွေဟာ ဝေးလွင့်ခြင်းရဲ့ သင်္ကေတတွေမှန်း ငါမသိခဲ့ရိုးအမှန်ပါ ယုန်ဖြူ။

တစ်လလောက်ကြာတော့ နင်စိတ်ဆိုးပြေလောက်ပြီထင်လို့ နင့်ဆီ ငါလာခဲ့တယ်။



ဒါပေမယ့် ယုန်ဖြူရယ်. . . အလင်းမပြန်တဲ့ မှန်တစ်ချပ်ကြောင့် ငါကြေကွဲခဲ့ရတယ်လေ။

မှတ်မိဦးမှာပေါ့။

နင်ပြောခဲ့တဲ့စကား 'နင်နဲ့ငါ ဇာတ်လမ်း ပြီးသွားပြီ' တဲ့လေ။

ငါအရမ်းတုန်လှုပ်သွားတယ်။ 'မနောက်ပါနဲ့ ယုန်ဖြူရယ်' လို့ ငါပြောတော့ နင်က ငါသိပ်မြတ်နိုးတဲ့ ပါးချိုင့်လေးပေါ်အောင် မဲ့ပြုံး ပြုံးပြီး 'နင့်ကိုငါ အရင်တုန်းက ချစ်ခဲ့တယ်ဆိုတာ အနေနီးစပ်မှုကြောင့် ဖြစ်မှာပါ။ အခုမှ ငါ တကယ်အချစ်စစ်နဲ့ တွေ့တာ။ ပြီးတော့ နင့်လို ဘဝအာမခံချက်မရှိတဲ့ လမ်းပေါ်က တေလေတစ်ယောက်ထက် ငါ့ချစ်သူက အများကြီးသာတယ်' တဲ့လေ။

ရက်စက်လိုက်တာ ယုန်ဖြူရယ်။

ငါ့စကားတွေအတွက် ငါ့ကို ပြန်ကလဲ့စားချေလိုက်တာလား။

ယုန်ဖြူ. . . နင့်ဘဝမြင့်မားဖို့ နင်စိတ်ချမ်းသာဖို့ဆိုရင် ငါဆိုတဲ့ကောင်က ငါ့နှလုံးသားကို လှေကားထစ်လို အသုံးချပြီး နင်းသွားရင်တောင် ရင်နာနာနဲ့ ကျေနပ်နေမှာပါ။

ယုန်ဖြူ. . . ကမ္ဘာဦးအစမှာ အာဒမ်က တစ်ယောက်တည်းသော ဧဝကို သူ့အချစ်တွေပုံအပ်ပြီးချစ်ခဲ့သလို နင့်ကိုငါ ချစ်တာပါ။ အာဒမ်ဟာ သူ့ရဲ့ နံရိုးတစ်ချောင်း အနစ်နာအဆုံးရှုံးခံပြီး ဧဝဆိုတဲ့ ချစ်သူတစ်ယောက်ကို ဖန်ဆင်းစေခဲ့တယ်။

ချစ်ခြင်းရဲ့ဒဿနတွေ ငါ နားမလည်ပါဘူး။ ငါ သိနားလည်တာက နင်ပျော်ရွှင်စေဖို့ပါပဲ ယုန်ဖြူ။

အာဒမ်ရယ်. . . အသင်က နံရိုးတစ်ချောင်း ဆုံးရှုံးခဲ့ပေမယ့် နှလုံးသားတစ်ခုကို ပိုင်ဆိုင်ခွင့်ရခဲ့တယ်။ ငါ့မှာတော့ နှလုံးသားတစ်ခုလုံး စတေးခဲ့ရ ပေမယ့် ကြေကွဲခြင်းတွေ၊ လွမ်းဆွတ်ခြင်းတွေ၊ နာကျင်ခြင်းတွေ တစ်ပွေ့တစ်ပိုက်နဲ့ ကျေနပ်နေရတဲ့ကောင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အိမ်မက်ချိုတွေ တိုက်ကျွေးခဲ့ဖူးတဲ့ ငါ့နှလုံးသားရဲ့ ရင်ခွင်ဦး ယုန်ဖြူလေးရယ်. . . အချိန်တွေသာ ကြာညောင်းသွားပေမယ့် ငါ့ရဲ့လွမ်းဆွတ်ခြင်းတွေကတော့ နာရီလက်တံတွေနောက်ကို အပြေးလိုက်နေတုန်းပါပဲ. . .။

## ပဲပိနှင့် ယက်ကျိ

www.burmeseclassic.com

www.burmeseclassic.com

အမြွတ်နိုးဆုံးလေးရေ့ . .

အချိန်ကာလဆိုတာ စီဒီတစ်ချပ်လို ကိုယ် လိုချင်တဲ့သံစဉ်ကို စိတ်ကြိုက် နားဆင်ခွင့်ရမယ်ဆိုရင် ငါ ထပ်တလဲလဲ နားဆင်နေမယ့် တစ်ပုဒ်တည်းသော သံစဉ်ကတော့ နင်နဲ့အတူ ပျော်ရွှင်ခဲ့တဲ့ နေ့ရက်တွေပါပဲ။

ချောတယ် လှတယ် ဆိုတာထက် ချစ်စရာကောင်းပြီး စကားပြောရင် ချွဲချွဲနွဲ့နွဲ့ပြောတတ်တဲ့ နင့်ကို ငါက နာမည်ပြောင် 'ပက်ကျိ' လို့ ခေါ်တယ်လေ။ နင်ကတော့ ငါ့ကို ယောကျ်ားလေးဖြစ်ပြီးတော့ အပြောအဆို၊ အနေအထိုင်၊ အဝတ်အစားကအစ နေရာတကာမှာ သူများတွေထက် ပိုလွန်း၊ ကြီးကျယ်လွန်းတယ်ဆိုပြီး 'ပဲပိ' လို့ ခပ်ရွဲ့ရွဲ့ခေါ်ရဲ့။

ရန်ပွဲတိုင်းမှာ အမြဲလိုလိုပါတတ်လို့ ဆိုးသွမ်းလူငယ်အဖြစ် သတ်မှတ်ကြတဲ့ ငါ့ကို နင်က ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ပြန်ချစ်ခဲ့တဲ့အတွက် ငါလေ ကြည်နူးမှုတွေနဲ့ ပျော်ရွှင်ကျေနပ်နေခဲ့တာပါ။ အဲဒီအချိန်တုန်းက နင်နဲ့ငါရဲ့ အသက်ဟာ တစ်ဆယ့်ခြောက်နှစ် မပြည့်တပြည့်အရွယ်လေးတွေပေါ့။

အတန်းပညာတစ်ပိုင်းတစ်စနဲ့ ငါ့ကို ကျောင်းပြန်တက်ဖို့ နင်အမြဲပဲ တိုက်တွန်းခဲ့တယ်နော်။

တီရှပ်နဲ့ ဂျင်းနိပန်သာ အဝတ်များတဲ့ ငါ့ကို နင်က "ပဲပိ နင့်ကိုငါ ကျောင်းဝတ်စုံလေးနဲ့ မြင်ချင်လိုက်တာဟယ်။ နင် ကျောင်းပြန်တက်ပါနော်" လို့ ပြောတိုင်း ငါကလက်မခံဘဲ ငြင်းခဲ့တယ်။ "ဒီလိုဆိုရင် နင်



ရှပ်အင်္ကျီလေးတွေ ဝတ်ပါဟယ်။ နင်က ရှပ်အင်္ကျီအဖြူလေးနဲ့ ပုဆိုးလေး ဝတ်ထားရင် ပုံစံက သန့်ပြန့်ပြီး အရမ်းကြည့်လို့ကောင်းတာပဲ" လို့ နင်ပြောခဲ့တဲ့ စကားလေးတွေ ဒီကနေ့ထိတိုင် ငါ့နားမှာ ကြားယောင်နေဆဲပါ။

နင့်မိဘတွေ ငါ့အပေါ် အမြင်ကြည်လင်စေဖို့အတွက် ငါဟာ ရန်ဖြစ်တတ်တာကလွဲပြီးတော့ အရက်၊ ဆေးလိပ်၊ ကွမ်း၊ မိန်းကလေးတွေနဲ့ အရှုပ်အထွေး ကင်းပါတယ်ဆိုပြီး ငါ့ဘက်ကနေ ကာကွယ်ပြောဆိုပေးရတာလည်း အမောပဲမဟုတ်လား။

မိဘစကားကို အမြဲနားထောင်တဲ့ သမီး အလိမ္မာလေး နင်ဟာ တစ်ခါတစ်လေမှာ ငါအရက်သောက်တတ်တာကို သိသိကြီးနဲ့ လိမ်ပြောပေးခဲ့တယ်နော်။

နင့်ရဲ့မိဘတွေက ကိုယ်ပိုင်အရည်အချင်းမရှိဘဲ မိဘပိုက်ဆံဖြုန်းတီးနေတဲ့သူလို့ ပြစ်တင်ရှုတ်ချနေတဲ့ငါ့ကို "ပဲပိ နင့်ကိုငါ ယုံကြည်တယ်။ နင်ဟာ တစ်ချိန်ကြရင် အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်မှာပါ" လို့ အားပေးစကားမျိုးလည်း ပြောဖူးတယ်နော်။

ငါဟာ နင်နဲ့ပတ်သက်ရင် ထိရှလွယ်ပြီး သဝန်တိုတတ်လွန်းလို့ "ပက်ကျိ ငါကလွဲရင် နင်တခြားဘယ်သူစိမ်းယောကျ်ားလေးနဲ့မှ စကားမပြောရဘူး" လို့ ပြောလိုက်တော့ နင်က အလိုက်သိစွာနဲ့ ယောကျ်ားလေးသူငယ်ချင်းတွေတောင် မထားတော့ဘူးလေ။

ဂျစ်ကန်ကန် ကြွပ်ဆတ်ဆတ်နိုင်တဲ့ ငါဟာလည်း "ငါ့ကိုချစ်ရင် ရန်လုံးဝမဖြစ်ပါနဲ့ ပဲပိ" ဆိုတဲ့ နင့်ရဲ့ စကားကြောင့်ပဲ ရန်မဖြစ်တော့တဲ့အပြင် အရက်တောင်လုံးလုံး မသောက်တော့တဲ့အထိ စွန့်လွှတ်ခဲ့တယ်လေ။

ပက်ကျိရယ် . . . နင်ဟာ နင့်ရဲ့အဖြူရောင်ချစ်ခြင်းတွေနဲ့ ငါ့ကို စင်ကြယ်အောင် ဆေးကြောသန့်စင်ပေးခဲ့သူပါ။ နင်နဲ့ငါဟာ အသက်

www.burmeseclassic.com

www.burmeseclassic.com



အရွယ်ချင်း တူညီပေမယ့် အစအနောက်သန်ပြီး နွဲ့ဆိုးဆိုးတဲ့ ငါ့ကို နင်က အရမ်းသည်းခံတာပဲနော်။

တစ်နေ့လည်း ငါတို့နှစ်ယောက် ရခိုင်မုန့်တီ သွားသောက်ကြတော့ နင့်ရဲ့ပန်းကန်ထဲကို ငါက ငရုတ်သီးအစိမ်းမှုန့်တွေ အများကြီး ထည့်ပေးပြီး "ပက်ကျိ ငါ့ကိုတကယ်ချစ်ရင် အဲ့ဒါကို ကုန်အောင်သောက်" လို့ပြောတော့ အစပ်မစားနိုင်တဲ့ နင်ဟာ ကုန်အောင်သောက်ပစ်လိုက်တာ နှာသီးဖျားလေးတွေ နီရဲပြီးတော့ မျက်ရည်တွေ စီးကျလာတဲ့ အထိပဲလေ။

ဖေဖော်ဝါရီ (၁၄)ရက်နေ့ Valentine day မှာ ငါက နင့်ကို လက်ဆောင်ပေးဖို့ မေ့နေပေမယ့် နင်ကတော့ မုန့်ဖိုးတွေစုပြီး အဲဒီအချိန်က ငါကြိုက်တဲ့ Giordano တံဆိပ် အဝါရောင်တီရှပ်လေးကို !Forget me not! လို့ရေးထားတဲ့ ကဒ်လေးနဲ့အတူ ချော့ကလက်တွေပါတွဲလျက် ပေးခဲ့တယ်နော်။

အဲ့ဒီတော့မှ အစီအစဉ်မရှိတဲ့ ငါက အလှေကျပန်းရိုင်းလေး တစ်ပွင့်ကိုခူးပြီး ပြောင်ချော်ချော်နဲ့ နင့်ရဲ့ ဆံနွယ်ညိုတွေကြားမှာ တယုတယ ပန်ဆင်ပေးလိုက်တယ်လေ။

"ဒီပန်းလေးကိုပဲ ငါ့ရဲ့လက်ဆောင်အဖြစ် သတ်မှတ်ပေးပါ ပက်ကျိရယ်" လို့ ပြောတော့ နင်က "ရပါတယ် ပဲပိရယ် ဘာပဲဖြစ်ဖြစ် အရေးမကြီးပါဘူး။ နင့်ရဲ့လုပ်ရပ်တိုင်းဟာ ငါ့အတွက် အမှတ်တရ ဖြစ်နေမှာပါဟာ။ အဓိကအရေးကြီးတာက ငါ့အပေါ်မှာ နင်သစ္စာရှိစွာနဲ့ ထာဝရချစ်ဖို့ပါပဲ" ဆိုပြီး ပြောခဲ့တာ ငါအမှတ်ရဆဲပါ။

အဲ့ဒီနေ့မှာပဲ နင်နဲ့ငါဟာ သစ္စာကတိတွေ ထားခဲ့ကြတယ်လေ။ ငါတို့ချစ်သူနှစ်ဦး ကံအကြောင်းမလှလို့ မပေါင်းခဲ့ရရင် ဘယ်သူမှအိမ်ထောင်မပြုကြေး၊ တစ်သက်လုံး လူပျိုကြီး အပျိုကြီးဘဝနဲ့သာ တစ်ယောက်ကိုတစ်ယောက် သစ္စာမဖောက်ဘဲ နေသွားကြစတမ်း၊ အကယ်၍



များ တစ်ယောက်က ဒီသစ္စာကို ဖောက်ဖျက်ခဲ့ရင် ဘယ်ပုံဘယ်နည်းဖြစ်ပါစေဆိုပြီး စူးရှတဲ့ကျိန်စာတွေ ရွတ်ဆိုခဲ့ကြတာကိုလည်း ငါမမေ့သေးပါဘူး ပက်ကျိလေးရယ်။

မိုးရွာတဲ့အချိန်တွေမှာဆိုရင် နင်နဲ့ငါဟာ တိုင်ပင်မထားပါဘဲ အိမ်ကကိုယ်စီထွက်ပြီးတော့ ကားလမ်းမကြီးပေါ်မှာ စက်ဘီးလျှောက်စီးကြတယ်လေ။

တဖွဲဖွဲရွာနေတဲ့ မိုးရေစက်တွေထဲမှာ ငါတို့ချစ်သူနှစ်ဦးဟာ ချမ်းအေးရမှန်းမသိဘဲ စကားတွေ ပြောမကုန်နိုင်ကြဘူးနော်။ ကျယ်လောင်တဲ့ မိုးခြိမ်းသံတွေနဲ့ လျှပ်စီးတွေ ဝင်းလက်လာပြီဆိုရင်တော့ ကားလမ်းဘေးမှာပဲ စက်ဘီးကိုရပ်ပြီး နင်ဟာ ငါ့ရဲ့ရင်ခွင်ထဲကို အတင်းတိုးဝင်နေကြပေါ့။

ပက်ကျိရယ် . . . .။

နင်နဲ့ငါဟာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ကြတာပဲနော်။ ငါတို့နှစ်ယောက်ရဲ့အချစ်ဟာ အစွန်းအထင်း မရှိဘဲ ဖြူစင် အပြစ်ကင်းလွန်းပါတယ်။

ချစ်သက်တမ်းတစ်လျှောက်မှာလည်း စကားများ စိတ်ကောက်တာမျိုး လုံးဝ မရှိခဲ့ဘူး။ ငါတို့နှစ်ဦးဟာ တစ်ယောက်မျက်နှာကို တစ်ယောက်က အမြဲကြည့်နေပြီး တစ်ယောက်ရဲ့ လိုအပ်ချက်ကို တစ်ယောက်က ဖြည့်ဆည်းပေးဆပ်ဖို့ အသင့် စောင့်ဆိုင်းနေသလိုမျိုး ကိုယ့်ချစ်သူကို တစ်ပါးသူက စေ့စေ့ကြည့်ရင်တောင် မနာလိုတတ်သူတွေ မဟုတ်လား။

အချစ်ကြီးရင် အမျက်ကြီးတယ် . . . ဆိုတဲ့ ဝေါဟာရက ငါတို့ချစ်သူနှစ်ဦးအတွက်များ ပေါ်ပေါက်ခဲ့လေသလား . . .။

ငါ့ရဲ့သူငယ်ချင်းတွေက အချိုးကျနဲ့ တစ်ယောက်ချင်းစီ ပိုက်ဆံစုပြီး ကံစမ်းမဲဖောက်ကြတာ၊ မဲပေါက်တဲ့လူက ဆုငွေကိုရမှာဖြစ်ပြီး ကောင်

www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်ကို တစ်ပတ်တိတိလိုက်ပြီး ရည်းစားစကားပြောရမှာလေ။

ငါဟာ ငွေကိုမက်တာ မဟုတ်ပေမယ့် အစအနောက်သန်ပြီး ပျော်တတ်တဲ့ စရိုက်ကြောင့် ပြိုင်ပွဲမှာ ပါဝင်ဖြစ်ခဲ့တယ်။

ကံကြမ္မာရဲ့ ချောက်တွန်းမှုလို့ပဲ ပြောရမလား။ ငါ မဲပေါက်သွားတယ်။

ငါလည်း ကတိအတိုင်း သူငယ်ချင်းတွေ သတ်မှတ်ထားတဲ့ ကောင်မလေးကို အပျော်သဘောနဲ့ နောက်ပြောင်ပြီး တစ်ပတ်တိတိ ရည်စားစကား လိုက်ပြောခဲ့မိတယ်။

ပက်ကျိရယ် . . . ဒီကိစ္စ နင့်ကိုမပြောဖြစ်ခဲ့တာက ဘာမဟုတ်တာလေးနဲ့ နင်စိတ်ရှုပ်မှာစိုးလို့ပါ။

တစ်ပတ်ပြည့်ရင် ဒီကိစ္စဟာ ပြီးသွားလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့် ဆိုးရွားလွန်းခဲ့တာက အဲဒီကောင်မလေးဟာ နင်နဲ့ကျူရှင်မှာ ခင်ခဲ့တဲ့ (ငါမသိတဲ့) နင့်ရဲ့ သူငယ်ချင်းမလေး ဖြစ်နေတာပါပဲ။

ပက်ကျိရယ်. . . နင်နဲ့ငါဟာ တစ်ကြိမ် တစ်ခါတည်း အရှုံးအမှုံး စချစ်ဖူးကြတာပါ။

နင်ဟာ ပတ်ဝန်းကျင်ရဲ့ တိုက်ခိုက်မှုတွေကြားက ငါ့ကို ရဲဝံ့စွာ လက်တွဲပြခဲ့သူပါ။ ချစ်မြတ်နိုးလွန်းလို့ အရာရာ ချစ်သူအတွက် ပေးဆပ်ရင်း ကာကွယ်ပြောဆိုခဲ့သူပါ။

ဒီကြားထဲမှာ ငါက နင့်ဘက်မှာမရှိဘဲ တခြားကောင်မလေး တစ်ယောက်ကို နေ့တိုင်းလိုက် ရည်းစားစကားပြောနေတာ သိရတဲ့အပြင် အဲဒီကောင်မလေးကလည်း တခြားလူမဟုတ်ဘဲ နင့်ရဲ့ သူငယ်ချင်း ဖြစ်နေတော့ လူတကာရှေ့မှာ ငါ့အချစ်နဲ့ ပတ်သက်ရင် အမြဲတမ်း ဂုဏ်ယူဝင့်ကြွားနေတတ်တဲ့နင်ဟာ ရှက်စိတ်တွေ ဖုံးလွှမ်းပြီး နင့်နှလုံးသားဟာလည်း နာကျင်ခြင်းတွေနဲ့ ငါ့ကို မုန်းတီးသွားခဲ့တယ်လေ။



ငါလေ နင့်ကိုအဖြစ်အပျက်အကြောင်းစုံရှင်းပြဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပေမယ့် နင်ကတော့ နာကြည်းမှုတွေနဲ့ ငါ့ကိုလုံးဝအတွေ့မခံဘဲ ရှောင်ပုန်းနေခဲ့တယ်နော်။

သိပ်ချစ်ကြတဲ့ ငါတို့ချစ်သူနှစ်ဦးရဲ့ ချစ်ခြင်းတွေဟာ မထင်မှတ်ပါဘဲ ဘာမဟုတ်တဲ့ ကိစ္စလေးတစ်ခုအတွက်ကြောင့် အဆုံးသတ်ရမှာကို တွေးပြီး အချိန်တိုင်းမှာ ငါကြေကွဲနေရပါတယ်။

နေ့ဘက်တွေမှာ နင့်ကို စောင့်ကြည့်နေပေမယ့် တန်ပြန်အကြည့်တစ်ချက်နဲ့ အပြုံးတစ်ပွင့်တောင်မရခဲ့တဲ့ ငါဟာ ညဘက်တွေမှာလည်း နင်တို့အိမ်ရှေ့မှောင်ရိပ်ထဲကနေပြီး နင့်ရဲ့ပုံရိပ်ကို တိတ်တဆိတ် ချောင်းမြောင်းကြည့်နေကျပါ။

နင်က မျက်ကွယ်ပြုထားပေမယ့် ငါကတော့ နင် ပြန်လည်ကြည်ဖြူလာမယ့်နေ့ကို လွမ်းဆွေးမှုတွေနဲ့ စောင့်စားရင်း မျှော်လင့်နေတုန်းပါပဲ ပက်ကျိရယ်။

ပက်ကျိရယ်. . . နင်မရှိတဲ့ နေ့ရက်တွေဟာ ငါ့အတွက် အထီးကျန်ဆန်ပြီး ခြောက်ကပ်လွန်းလှပါတယ်။

နင်နဲ့ ဝေးနေရတဲ့ ငါ့ဘဝဟာ တောင်ပံကျိုးနေတဲ့ ငှက်တစ်ကောင်လိုပါပဲ။

တကယ်ပါ. . . နင်ဟာငါ့ရဲ့ အတောင်ပံတစ်စုံပါပဲ။

လောကကြီးထဲမှာ အားမာန်အပြည့်နဲ့ ဆက်လက်ပျံသန်းနိုင်ဖို့ နင်ရဲ့ ချစ်ခြင်းတွေနဲ့ ငါ့အတွက် တောင်ပံတစ်စုံ အမြန်ဆုံးဖန်ဆင်းပေးလှည့်ပါ ချစ်သူရယ်. . .။

စာကြွင်း. . .

မိုးရွာတဲ့အချိန်တွေတိုင်းမှာ ရန်ကုန်-ပြည် အဝေးပြေးကားလမ်းမကြီးပေါ်မှာ ရှပ်အင်္ကျီအဖြူရောင်လေးနဲ့ ပုဆိုးလေး ဝတ်ဆင်ထား

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ ကောင်လေးတစ်ယောက်ဟာ စက်ဘီးလေးတစ်စီးနဲ့အတူ အမြဲ ရှိနေတတ်ပါတယ်။

မိုးရေတွေနဲ့ မျက်ရည်တွေ ရောထွေး စပ်ယှက်နေတဲ့ ကောင်လေးရဲ့ မျက်နှာပြင်မှာတော့ မျက်ဝန်းလေးတစ်စုံက မျှော်လင့် ခြင်းများဖြင့် လင်းလက်တောက်ပလျက် . . .။

၂

မိုး

www.burmeseclassic.com

www.burmeseclassic.com

မိုး

ဟင်. . .

မိုး မိုး မိုးတွေရွာပြီ။

လေ လေ လေတွေလာပြီ။

သူ သူ သူမျှော်နေရှာပြီ။

တွေး. . . ငေး. . . ပြေး. . . ဟိုး အဝေး. . . .

*

မိုးစက်ကလေးများက ငွေမင်ရောင် အပ်ချောင်းလေးတွေပမာ မြေပြင်ထက် အလုအယက် ထိုးဆင်းဖြာကျလျက်။ အေးစိမ့်စိမ့်ဝန်းကျင် တစ်ခွင်က အလင်းယဲ့ယဲ့နဲ့ မှုန်ပျပျ။ ဒါကိုပဲကြည့်မဝ။

မိုးရွာချိန်မှာဆို မိုးကိုချစ်တဲ့ တို့က အရွက်အခက်တွေ အုံဆိုင်းယှက်ဖြာနေတဲ့ ကုက္ကိုပင်ကြီးအောက်က ခုံတန်းပြာလေးမှာ တစ်ကိုယ်တည်းထိုင်ပြီး အစင်းစင်းဝဲပျံကျနေတဲ့ မိုးဖွဲအမှုန်အမွှားလေးတွေကို ငေးကြည့်နေကျပေါ့။

အဲ့ဒီလို မိုးကိုချစ်တဲ့ တို့ဘဝထဲကို သူ ဝင်လာတာကလည်း မိုးလေးဖွဲဖွဲထဲမှာပါပဲ။

*

"ကျွတ်. . . ဒီထီးကလည်းနော်. . . ကြပ်လိုက်တာ လွန်ရော"

သံချေးကိုက်နေပုံရတဲ့ ထီးရိုးက တို့အင်အားကို တင်းခံနေချိန်မှာပေါ့။ အဲဒီမှာ သူ ရောက်လာတာ။



"ကျွန်တော် ကူညီပါရစေ"

မိုးသံကြားက ထွင်းဖောက် ဝင်ရောက်လာတဲ့ ရှတတအသံကြောင့် မော့ကြည့်မိတော့ ရိုးသန့်တဲ့ မျက်ဝန်းနက်တစ်စုံနဲ့ ရင်ဆိုင်လိုက်ရတယ်။

"ကူညီပါရစေ ဆိုတော့ ရှင်ကရဲလား"

"အဲ. . ."

တို့စကားကြောင့် သူကြောင်အသွားပုံက တိတ်တဆိတ် ဟာသတစ်ပုဒ်ပါပဲ။

"ဟို. . . ကျွန်တော်က ရဲတော့ မဟုတ်ပါဘူးဗျာ။ ဒါပေမယ့် တာဝန်သိပြည်သူတစ်ဦးအနေနဲ့ မိန်းကလေးတစ်ယောက်တည်း မိုးဖွဲတွေကြားထဲမှာ အခက်အခဲဖြစ်နေတာကို မကြည့်ရက်လို့ပါ"

"ဟွန်း. . . အပြောကတော့ ကောင်းတယ်။ ဒါဆိုလည်း ရော့"

ထီးကိုကမ်းပေးရင်း သူ့ကို သေချာကြည့်လိုက်တော့ မျက်နှာလေးက ကြည်စင်ဝင်းဖန့်ပြီး သန့်နေတာပဲ။

ခေါင်းဆောင်းမပါတာကြောင့် ရေစိုဆံပင်တွေကလည်း အချောင်းအချောင်းလေးတွေ ဖြစ်လို့. . .။

"ဒီမှာ ရပြီ"

သူလုပ်ပေးမှ ထီးရိုးက ချွတ်ရသွားတယ်။ လူက ပိန်ညှောင်ညှောင်ဆိုပေမယ့် အားတော့ရှိသား။

"သူများကိုသာ ကူညီပါရစေ လာလုပ်နေတယ်။ ရှင့်ကိုယ်ရှင်လည်း ပြန်ကြည့်ဦး။ မာလကီးယားနေဦးမယ်"

"ကိစ္စမရှိပါဘူးဗျာ။ ကျွန်တော်က မိုးကို ချစ်တယ်"

အို. . . ဘုရားရေ. . .။

သူ့စကားကြောင့် တို့မျက်နှာဟာ ရက်ငွေ့နဲ့နွေးသွားတယ်။ ဘာကြောင့်လဲဆိုတော့ တို့နာမည်က 'မိုး' လေ။

www.burmeseclassic.com



"မိုးက ချစ်စရာကောင်းတယ်ဗျာ။ မိုးကိုချစ်တာကြောင့် မိုးရွာချိန်တွေမှာဆို ကျွန်တော်လျှောက်သွားနေတတ်တယ်။ အဲဒါ တကယ့်ဖီလင်ပဲ"

တော်တော်ဆိုးတဲ့လူ။ မိုးကိုချစ်တဲ့အကြောင်းတွေ ထပ်နေတာပဲ။ ဟိုလိုလို ဒီလိုလိုနဲ့ဆိုတော့ ပြန်ပြောရအောင်လည်း အခက်လေ။ အင်း. . . ရင်တော့ ဖိုသား. . .။

"ကျွန်တော် ခင်ဗျားနဲ့ နောက်ထပ် အကြိမ်ပေါင်းမြောက်များစွာ ထပ်ဆုံချင်ပါသေးတယ်ဗျာ"

အယ်. . . လောဘကလည်း ကြီးလိုက်တာ. . . လူနဲ့မလိုက်ဘူး။

"မိုးရွာတဲ့ ညနေခင်းတွေမှာဆို ဟိုကုက္ကိုပင်အောက်က ထိုင်ခုံအပြာလေးမှာ ကျွန်မ ရှိတတ်ပါတယ်"

"ဟုတ်ကဲ့. . . သိပါတယ်။ ကျွန်တော် ငေးကြည့်နေကျပါ"

"ရှင်"

အိုး. . . ဒါဆို ဒင်းရဲ့ ကူညီပါရစေက အကြံအစည်ကြီးနဲ့ပေါ့။ ဘာမှ ပြန်မပြောနိုင်ခင်မှာပဲ. . .

"သွားဦးမယ်နော်။ နောက်မှ ပြန်ဆုံမယ်။ အခုလို ကူညီတဲ့အတွက် ကျေးဇူးပဲသိလား"

ဟယ်. . . ဟုတ်ပါရဲ့။ သူ့ကို ကျေးဇူးတင်စကားလေးတောင် မပြောလိုက်ရဘူး။ အင်း. . . နောက်တစ်ခါတွေ့မှပဲ ပြောတော့မယ်။

အဲဒီက စခဲ့ကြတာပေါ့လေ. . .။

*

အပြောကောင်းသလို အရောလည်းကောင်းတဲ့ သူဟာ တို့ရဲ့ မိုးဥတုလေးကို ဖြတ်သန်းသူအဖော် ဖြစ်လာခဲ့တယ်။ မိုးရွာချိန် ညနေခင်းတချို့ကို ထိုင်ခုံပြာလေးရဲ့ အစွန်းတစ်ဖက်တစ်ချက်စီမှာ အတူတကွ ပိုင်စိုးလို့ပေါ့။



"ကျွန်တော် အခုတလော အာတွေ ညောင်းလိုက်တာဗျာ"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားနဲ့ တွေ့ချင်တာကြောင့် မိုးရွာအောင် အချိန်တိုင်းမှာ ငရဲ့မင်းပရိတ်တွေချည်း နှင်းကန်ရွတ်နေရလို့လေ"

ဗုဒ္ဓေါ. . . ဒါဆို အခုတလော မိုးတွေ ရက်ဆက်ရွာနေတာ ဒင်းလက်ချက်ပေါ့။

"မိုးရွာနေချိန်တွေမှာ မိုးတစ်ယောက်တည်း ဒီမှာလာထိုင်နေတာ မကြောက်ဘူးလား"

"မကြောက်ပါဘူး။ ဘာကိုကြောက်ရမှာလဲ။ ကျွန်မအိမ်ကလည်း ဒီနားလေးတင်ပဲ ဥစ္စာ"

"မိုးက မိုးကို တော်တော်ချစ်တယ်နော်"

"ချစ်တာပေါ့"

"ကျွန်တော်လည်း မိုးကိုချစ်တယ်"

"ရှင်နော်. . . အူလည်လည် မလုပ်နဲ့"

"ဟုတ်ကဲ့"

သူ့ပြောလိုက်ရင်လည်း မခုပ်တတ်တဲ့ ကြောင်လေး အတိုင်းပဲ။ ဒါပေမယ့် သူ့အကြည့်တွေကြောင့် လက်သည်းဝှက်ထားမှန်းတော့ သိသာပါတယ်လေ။

"မိုး နာမည်ကို မိုးလို့ ဘာလို့ပေးထားတာလဲဟင်"

"ကျွန်မကို မိုးရွာနေချိန်မှာ မွေးလို့တဲ့"

"ကျွန်တော်နဲ့ တူလိုက်တာ"

"ရှင်ပြောတော့ ရှင်နာမည်က မိုးကြိုးဆို"

"အင်းလေ. . . ကျွန်တော့်ကို မွေးတော့ ခြံထဲက အုန်းပင်ကြီးကို မိုးကြိုးပစ်ချလို့တဲ့"

"ဩော်. . . ဩော်"

www.burmeseclassic.com



အခုမှ မိုးကြိုးနဲ့ မိုး လာတွေ့နေတာလေ။ အတွဲအစပ်ကတော့ လိုက်ထနေတာပဲ. . .

"မိုးက ဘာအလုပ်လုပ်လဲဟင်"

"သားသမီး ဝတ္ထုရားကျေပွန်အောင် ဆောင်ရွက်နေတာ"

"ဘယ်လို"

တို့ ကြီးကြီးကျယ်ကျယ်ပြောလိုက်တော့ သူ ဖိန့်သွားပုံပဲ။

"ဒီလိုလေ. . . မိဘတွေက မိဘဝတ္တရားနဲ့အညီ ရှာဖွေကျွေးမွေးနေချိန်မှာ ကျွန်မက သားသမီးဝတ္တရားကျေပွန်အောင် မိဘလုပ်စာ ထိုင်စားနေတာ"

သူများအထင်သေးသွားမလားဆိုပြီး ကြည့်မိတော့ သူ့မျက်နှာက ပကတိပါပဲ။

"မိုးမိဘတွေက ထိမ်းမြားခြင်းဝတ္တရားကို ဆောင်ရွက်ပေးတော့ မယ်ဆိုရင်တော့ ကျွန်တော့်ကိုပြောဦးနော်"

"အမယ်. . . အဲ့ဒါ ရှင်နဲ့ ဘာဆိုင်လို့လဲ"

စကားပြောရင်လည်း အထာတွေ၊ ပဏ္ဏာတွေ သိပ်လုပ်တာပဲ။

"ဒါနဲ့ရှင်ကရော ဘာအလုပ်လုပ်လဲ"

"ကုန်သည်လို့ပဲ ပြောရမှာပေါ့"

ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလုပ်နေတဲ့ သူ့ကို တို့ လေးစားသွား မိတယ်။

"ဘာကုန်သည်လဲဟင်"

"ကျွန်တော့်မှာ အသုံးအစွဲပြတ်လို့ ကုန်သွားရင် မိဘတွေဆီ ပြန်သယ်တာလေ"

"အယ်"

အတူတူနဲ့ အနူနူချည်းကိုများ ဟိတ်ကြီးဟန်ကြီးကလည်း လုပ်ပါ့။



"ဒါပေမယ့် အခုတော့ အလုပ်သစ်ပြောင်းလုပ်ဖို့ စဉ်းစားထား တယ်"

"ဘာအလုပ်လဲ"

"အလုပ်သစ်ပါဆိုမှ အလစ်သုတ်တာကို ပြောတာပေါ့။ လူတစ် ယောက်ရဲ့ နှလုံးသားထဲက အချစ်ကို အလစ်သုတ်မလို့ ကပ်ချောင်းနေ တာဗျ"

"ဟွန့်. . ."

ခံလိုက်ရပြန်ပြီ။ ပြောလိုက်ရင်လည်း အစောင်းအချိတ်လေး တွေနဲ့။ ပုံစံကိုက တကယ်အလစ်သုတ်မယ့်ရုပ်။

အဲဒီလိုမျိုးပေါ့. . . . သူက နိဒါန်းတွေပျိုးထားတာ. . .။

*

မိုးဖွဲဖွဲလေးရွာတဲ့ ညနေခင်းတစ်ခုမှာတော့ တို့ရှိရာထိုင်ခုံပြာ လေးဆီကို ကို့ရိုးကားရားဒီဇိုင်းကြီးနဲ့ သူရောက်လာတယ်။ ကို့ရိုး ကားရားလို့ တို့ပြောတာ လွန်သလား။

သူ့ကိုလည်း ကြည့်ဦးလေ. . .။

ဖန်စိမ်းစတိုင်လ်အပြည့် ဝတ်စားဆင်ယင်ထားတဲ့သူက အချွန် အတက်အခက်အလက်တွေနဲ့ ပုသိမ်ထီးပုံစံလိုလို ဘာလိုလို ရွက်ဖျင်ထီး အညိုရောင်ကြီးကို ဆောင်းလို့။ ကော့တော့ကော့တော့နဲ့။

"ရှင် ဘယ်လိုဖြစ်လာတာလဲ"

"ဘယ်လိုမှ မဖြစ်ပါဘူး။ နေကောင်းပါတယ်"

အမယ်လေးနော်. . . သူ့ကို စေတနာတွေရေစီးကမ်းပြိုလိုက် နေတယ်များ ထင်နေသလားမသိဘူး။

"ရှင့် ထီးကြီးကို ပြောနေတာ။ အဲ့ဒါ ဘာထီးကြီးလဲ"

"ဘုန်းကြီးဆောင်းတဲ့ ထီးလေ"

ဟယ်. . . အံ့ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီးတွေ ဆောင်းတဲ့ထီးက ရှင်နဲ့ဘာဆိုင်လို့ ရှင့်ခေါင်းပေါ် ရောက်နေရတာလဲ"

"ဩော်.. ဒါလား။ ဒါက ဆရာတော်ဘုရားကြီးက ဆောင်းဖို့ ပေးလိုက်လို့ ယူလာတာ"

"ဘယ်က ဆရာတော်ဘုရားကြီးလဲ "

"ဘုန်းကြီးကျောင်းက ဆရာတော်ဘုရားကြီးလေ "

"ရှင်က ဘယ့်နှယ့်ကြောင့် ဘုန်းကြီးကျောင်း ရောက်သွားရတာလဲ ဥပုသ်သွားစောင့်တာလား "

"ဟင့်အင်း... အိမ်မှာ ဟင်းမကောင်းလို့ ထမင်းသွားစားတာ"

ဟယ်... အံ့ရော... အံ့ရော...။ လမ်းသွားလမ်းလာတွေက ဘုန်းကြီးဆောင်းထီးကြီးဆောင်းပြီး ရပ်စကားပြောနေတဲ့ သူနဲ့တို့ကို ငေးကြည့်သွားကြတာကြောင့် တို့ ရှက်လာမိတယ်။ ဒင်းရုပ်ကတော့ ခပ်တည်တည်ပဲ။ အင်း... မျက်နှာပြောင်လိုက်တာ။

"ရှင်က ဒီထီးကြီးနဲ့ ကျွန်မဆီ ဘာလာလုပ်တာလဲ"

"သတိရလို့ လာတာပေါ့ဗျာ။ ကျွန်တော် ဘုန်းကြီးကျောင်းမှာ ဆွမ်းကျန် ဟင်းကျန်တွေ နင်းကန်စားပြီးတော့ အဆီရစ် အိပ်ပျော်သွားတာ။ အိပ်ရာကလည်း နိုးလာရော မိုးတွေရွာနေတာနဲ့ မိုးကို သတိရလို့ ထွက်လာတာ။ အဲဒီမှာ အဆောင်းမပါတာကြောင့် ဆရာတော်ဘုရားကြီးက ဒီထီးကိုဆောင်းဖို့ ခဏပေးလိုက်တာ"

အေးတိအေးစက်ပြောနေတဲ့ သူ့ကိုကြည့်ပြီး တို့ရဲ့ အရှက်တွေဟာ ဒေါသစွက်လာတယ်။

"ဘုန်းကြီးပေးတိုင်း ရှင်က ဆောင်းလာရသလား။ ကြည့်ရတာ အချိုးကိုမပြေဘူး"

ငေါက်ဆတ်ဆတ် တို့အသံကြောင့် ထင်ပါရဲ့။ သူ့မျက်နှာ တည်သွားတယ်။



"ဘုန်းကြီးဆောင်းတဲ့ထီးပဲဖြစ်ဖြစ်၊ လူဆောင်းတဲ့ထီးပဲဖြစ်ဖြစ်၊ ထီးဆိုတာ ဆောင်းဖို့ပဲလေ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့က အဓိကပါ။ ပဓာနဆန်တဲ့ သတ်မှတ်ချက်တွေကို ကျွန်တော် လုံးဝ ဂရုမစိုက်ဘူး"

"ဒါပေမယ့် ဒူးနေရာဒူး တော်နေရာတော်ဆိုတဲ့ စကားပုံတောင် ရှိသေးတာပဲ။ ဘယ်နေရာမဆို သူ့နေရာနဲ့သူမှ ကောင်းတာ။ ရှင် စကားကို ကပ်မပြောနဲ့ ကိုမိုးကြိုး"

တို့စကားဆုံးတော့ သူက မခိုးမခန့်ပြုံးတယ်။ ပြီးမှ...

"စကားကို ကပ်ပြောတာ မဟုတ်ပါဘူးဗျာ။ အမှန်တရားတွေကို ပြောနေတာပါ"

ပြောရင်းပဲ စကားဝိုင်းက တင်းမာလာတယ်။ တို့လည်း တော်တော်စိတ်တိုနေပြီ။

"တော်တော့ ကိုမိုးကြိုး။ ကျွန်မ ရှင်နဲ့ စကားဆက်ပြောချင်စိတ် ကုန်သွားပြီ"

"အဲ့လိုစကားမျိုးက စကားစစ်ထိုးပွဲမှာ တန်ပြန်ထိုးစစ် မဆင်နိုင်တဲ့လူတွေ သုံးနေကျ ဝါကျတွေပါ"

"ဘာ... ရှင်... ကျွတ်... တော်ပြီ... ကျွန်မ ရှင့်ကို သိပ်စိတ်ပျက်သွားပြီ"

ရှေ့ဆက် အချင်းမများချင်တာကြောင့် တို့ အဲဒီနေရာဆီက ထွက်လာခဲ့တယ်။ မိုးစက်ကလေးတွေရဲ့ အရသာကိုတောင် မခံစားအားပါဘူး။ ရင်ထဲမှာ တနုံ့နုံ့နဲ့...။

တစ်စုံတစ်ရာကို ဆုံးရှုံးရမှာ ကြောက်နေမိတာတော့ အမှန်ပါပဲ။

*

နောက်တစ်နေ့မှာ မိုးမရွာပါဘူး။ ဒါပေမယ့် ညနေခင်းမှာ ထိုင်ခုံပြာလေးဆီ တို့ရောက်နေမိတယ်။ မှောင်ရီဖြိုးဖျ အချိန်ထိ သူ ရောက်မလာဘူး။ အဲ့ဒါကြောင့် ထင်ပါရဲ့။ အိမ်ပြန်ချိန်မှာ စိတ်က နွမ်းလျလို့...။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ပတ်လောက်အကြာမှာ မိုးရွာပါတယ်။ အဲ့ဒီ ညနေခင်း ထိုင်ခုံပြာလေးဆီ တို့ရောက်တော့ ရင်ထဲမှာ အေးမြသွားတယ်။

“မိုး ကျွန်တော့်ကို စိတ်ဆိုးနေတုန်းပဲလား”

“ကျွန်မ စိတ်မဆိုးတတ်ပါဘူး။ ဒါပေမယ့် စိတ်မကောင်းတော့ ဖြစ်တတ်တယ်”

“ဒါဆို ကျွန်တော့်ကြောင့် မိုးစိတ်မကောင်းဖြစ်ရတယ်ပေါ့. . . ဟုတ်လား။ ဟိုတစ်နေ့က ကိစ္စအတွက် ကျွန်တော် တောင်းပန်ပါတယ်။ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုသလိုပဲ. . . တစ်ယောက်နဲ့တစ်ယောက် အတွေးအခေါ် ထင်မြင်ယူဆချက်ခြင်း ဘယ်တူနိုင်ပါ့မလဲ။ အဲ့ဒါကို အမှားအမှန် ငြင်းခုံခဲ့မိတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ”

ဒီလိုကျပြန်တော့လည်း သူ့မျက်နှာက လေးနက်တည်ကြည်လို့. . .။ သူက သူ့လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ထီးလေးကို ဖွင့်ပြီး တို့ခေါင်းပေါ်မှာ ဆောင်းပေးတယ်။

ထီးလေးက အပြာရောင်လွင်လွင်လေးနဲ့ လှလိုက်တာ. . .။

“မိုးရွာထဲမှာ စပြီး ခင်မင်ခွင့်ရခဲ့တဲ့ မိုးကို ကျွန်တော် ဒီထီးလေး အမှတ်တရ ပေးပါရစေ။ ကျွန်တော်ကို စိတ်မဆိုးတော့ဘူးဆိုရင် လက်ခံပါနော်”

သူက ထီးလေးကို ကမ်းပေးတော့ တို့ လိုလားစွာ ယူလိုက်ပါတယ်။ တို့ဆောင်းလာတဲ့ ထီးဟောင်းလေးကတော့ ခုံပြာလေးပေါ် ရောက်သွားတာပေါ့။

“ထီးဆိုတာ နေပူပူ မိုးရွာရွာ အုပ်မိုးကွယ်ကာပေးတဲ့အရာပါ။ အဲ့ဒီလိုပဲ ဒီထီးလေးနဲ့အတူ မိုးဘဝကို ထာဝရ အုပ်မိုးကွယ်ကာပေးခွင့်ရဖို့ တောင်းဆိုပါရစေ”

“ရှင် ဘာကိုဆိုလိုတာလဲ”

ရင်ခုန်သံ တဖျတ်ဖျတ်နဲ့ မေးလိုက်မိတယ်။



“မိုးကိုကြည့်ရင်းလေ. . . ကျွန်တော် ဖီးလ်တွေ သိပ်တက်တယ်ဗျာ”

“ရှင်”

“ဟုတ်တယ်ဗျ။ မိုးကို ကျွန်တော် အရမ်း ချစ်နေမိပြီ။ နယူတန်ရဲ့ နိယာမအရ မိုးလည်း ကျွန်တော့်ကို အခုချက်ချင်း ချစ်တယ်လို့ ပြန်ပြောပေးပါ”

“အို”

“အို မလုပ်နဲ့လေ။ ကျွန်တော်က မိုးရဲ့ သွေးအမျိုးအစားကို စစ်ဆေးနေတာမှ မဟုတ်တာ ကျွန်တော့်ကို ပြန်ချစ်ဖို့ပြောနေတာ”

ဟွန့်. . . လုပ်ပုံက သူ့ရှေ့မှာ အာမေဍိတ်သံတောင် မထွက်ရဲသလောက်ပဲ။

“ကိုမိုးကြိုးရယ်. . . ရှင့်ဥစ္စာက ဇွတ်ကြီးပါလား ”

“ဟုတ်တယ်။ ဇွတ်ကြီးပဲဗျာ။ ကျွန်တော့်မှာ အောင့်ထားရတာ မသက်သာတော့ဘူး။ မိုး ဒီထိုင်ခုံလေးမှာ ထိုင်နေတာကို အဝေးက ငေးပြီး ကျွန်တော် တစ်ဖက်သတ် ချစ်နေရတာ ကြာလှပြီ။ အခုတစ်ခါတော့ မိုးက ပြန်ချစ်ပေးဦးဗျာ”

“ကျွန်မကို စဉ်းစားခွင့်လေးတော့ ပေးသင့်တာပေါ့ရှင်”

“ဒါဆိုလည်းစဉ်းစားဗျာ ကျွန်တော် ထိုင်စောင့်နေမယ်”

သူက တကယ်ပဲ ခုံပြာပေါ်မှာ ထိုင်ချလိုက်တယ်။

“ဟယ်. . . အဲ့လို မလုပ်နဲ့လေ။ အခုချက်ချင်းကြီးတော့ ဘယ်စဉ်းစားလို့ရဦးမလဲ”

“ဒါဆို ဘယ်တော့ရမလဲ ပြော ”

ဓားပြတိုက်နေတဲ့အတိုင်းပါပဲလား. . .။

“နောက်တစ်ခါ မိုးရွာတဲ့ အချိန်ကျရင် ဒီနေရာလေးကပဲ စောင့်နေ။ အဲဒီကျမှ ကျွန်မ အဖြေပေးမယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟူး. . . ဒါဆို ငရဲ့မင်းပရိတ်ကို အာညောင်းအောင် ရွတ်ရဦးမှာပေါ့လေ"

သူ့ရဲ့ ညည်းတွားတွားစကားကြောင့် တို့ ရယ်ချင်သွားမိတယ်။ ဒါပေမယ့် လှောင်သလို ဖြစ်မှာစိုးတာကြောင့် မရယ်လိုက်ပါဘူး။ ကောင်းကင်ကြီးကို မော့ကြည့်တော့ လင်းရှင်းပြာလွင်လို့. . . မိုးရဲ့ အရိပ်အယောင်တွေက ကင်းပျောက်နေတယ်။

မိုးရယ်. . . ဘယ်တော့များမှ ရွာချလိုက်လေမလဲကွယ်. . .။

*

အိုး. . . မိုးတွေ ရွာလာပြီ။

ဒီအချိန်ဆို ခုံပြာလေးဆီမှာ သူစောင့်နေရှာရောပေါ့။ သူပေးထားတဲ့ ထီးလေးကို ဆောင်းပြီး တို့အိမ်က ထွက်လာခဲ့တယ်။

လေသံတွေက တဟူးဟူး. . . . မိုးသံတွေက တဝူးဝူး. . .။

"ဝုန်း "

ကျယ်လောင်တဲ့ အသံကြီးကို ကြားလိုက်ရတယ်။ ပြီးတော့ ပြင်းထန်တဲ့ လေတွန်းကန်အားနဲ့အတူ လက်ထဲက ထီးလေး လွင့်ထွက်သွားတယ်။

ထီးလေးဟာ လေနောက်ကို တလိမ့်လိမ့် လွင့်ပါပြီး လမ်းမတစ်နေရာကျမှ ရပ်သွားတယ်။ အဲဒီအချိန်မှာပဲ ကားတစ်စီးက ပြေးဝင်လာတယ်။

အို. . . ထီးလေးကို ကားတက်ကြိတ်တော့မယ်။ စိုးရိမ်စိတ်နဲ့ လမ်းတစ်ဖက်ကနေ ထီးလေးကို ပြေးဆွဲလိုက်တယ်။

အဲဒီအချိန်မှာဘဲ "ဝူး" ခနဲ. . .

"အို. . . အမေ့"

ခလုတ်ထိမှ အမိတမိတယ်။

ဟူး. . . တော်ပါသေးရဲ့။



ကားက တို့နောက်ကျောနားက သီသီလေးကပ်ပြီး ဖြတ်မောင်းသွားတယ်။ ခြေတစ်လှမ်းလောက်သာနောက်ကျရင် မတွေးရဲစရာပါပဲ။ ထီးလေးကို သေချာကြည့်လိုက်တော့. . .

"ဟယ်. . . ထီးလေးခရိုင်တွေ ကျိုးကုန်ပြီ"

ရင်ထဲမှာ မကောင်းတော့ဘူး။ ထီးလေးကို ဂရုတစိုက်ပိတ်ပြီး ရင်ခွင်ထဲမှာ တယုတယ ပွေ့ပိုက်ထားလိုက်တယ်။ သဲသဲမဲမဲ မိုးရေတွေက တို့ကိုယ်ပေါ်မှာ ရွဲရွဲစိုစိုမို့ လူကလည်း ခိုက်ခိုက်ကိုတုန်လို့. . .။

"ထီးလေးရယ်"

ဒီထီးလေးအကြောင်း သူ့ကို ဘယ်လိုပြောရပါ့မလဲ။ သူသာ သိရင်. . .။

အို. . . သူ့ဆီ သွားရဦးမှာပဲ။ သူ မျှော်နေလောက်ပြီ။ ခြေလှမ်းတွေကို ခုံပြာလေးဆီ ဦးတည်လိုက်တယ်။

"ဟယ်"

ခုံပြာလေး မရှိတော့ပါလား. . .။

"အို"

ခုံပြာလေးနေရာမှာ ကုက္ကိုင်းကြီးတစ်ကိုင်းက လဲပြိုကျလို့. . .။ ခုံပြာလေးကို ကုက္ကိုကိုင်းကြီး ပိနေပြီ။ ခုနကကြားလိုက်ရတဲ့ "ဝုန်း" ဆိုတဲ့ အသံကြီးက ဒီကလာတာပေါ့။

ဒါ. . . ဒါဆို. . . သူ. . . သူရော. . .။

ခုံပြာလေးဆီ ပြေးသွားလိုက်တယ်။ အနားရောက်တော့. . .

"အမယ်လေး. . . သွေး. . . သွေး. . . သွေးတွေနဲ့. . . "

မိုးသံလေသံတွေက ကြောက်မက်ဖွယ် ဆူညံပွက်လျက်. . .။

*

မိုး မိုး မိုးတွေ ရွာတာ

လေ လေ လေတွေလာတာ. . . .

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမှာ. . . သူ မျှော်နေရှာတာ. . .။

မိုးရေထဲမှာ စတွေ့ခဲ့တဲ့ သူနဲ့ တို့ဟာ မိုးရေထဲမှာပဲ. . . ခွဲ. . . ခွဲ. . . ခွဲ. . .။

အိုး. . . .။

မိုး မိုး မိုးတွေ ရွာပြီ။

လေ လေ လေတွေ လာပြီ။

သူ သူ သူမျှော်နေရှာပြီ။

၊၆

# လိပ်ပြာချိုးတဲ့ တောင်ပံ

www.burmeseclassic.com

www.burmeseclassic.com

(၁)

မင်းလေးဟာ
ကိုယ့်ရဲ့ ရင်ခုန်သံစည်းချက်တွေပေါ်မှာ
မနားတမ်း လှုပ်ဝဲကခုန်နေတဲ့
စကားပြောကောင်းသော လိပ်ပြာလေး တစ်ကောင်ပါ။

(၂)

မေလရဲ့ အနွေးပိုင်း မိုးတိမ်တွေဟာ ကောင်းကင်တစ်ခွင်မှာ ဝေမှိုင်းအုံ့ပျလို့. . .။ နာဂစ်မုန်တိုင်းရဲ့ချိုးဖဲ့မှုကြောင့် ငါ ရောက်ရှိနေတဲ့ ပန်းခြံလေးဟာ လှပဝေဆာမှုတွေ ယုတ်လျော့နေတယ်။ မြင်ကွင်းထဲမှာ တော့ ကြည်နူး ပျော်ရွှင်နေကြတဲ့ ချစ်သူစုံတွဲလေးတွေ။ ငါကတော့ တစ်ယောက်တည်းရယ်။

မုန်တိုင်းဒဏ်မှာ မပြိုမလဲ တည်ရှိနေဆဲ ခရေပင်အိုကြီးရဲ့ အမြစ် တွေပေါ် ငါ မှီထိုင်ချလိုက်တယ်။ ပြီးတော့ အိတ်ထဲကနေ ဖုန်းလေးကို ထုတ်ကိုင်လိုက်တယ်။ အဲဒီအခါ. . . နယ်ပယ်တစ်ခုက သိသာစွာ လစ်ဟာလို့. . . ။

လွမ်းလိုက်တာ လိပ်ပြာလေးရယ်. . .

"အလွမ်းဆိုတာ ပူလောင်တယ် ကိုကိုရဲ့။ သတိရတယ်ဆိုတာ လေးက အေးမြတယ်"



ဟုတ်တယ်။ မင်း ပြောဖူးသလိုပါပဲ။ အခုဆို မင်းကိုလွမ်းစိတ် ကြောင့် ငါ့မှာ ပူလောင်နေရတယ်။ ဒါပေမယ့် ခံစားမှုတွေက သတိရခြင်း မှာတင် ရပ်တန့်မနေတော့ ငါ ဘာများတတ်နိုင်မှာလဲ။ ငါ့အလွမ်းတွေဟာ မီးတောက်တစ်ခုဆိုရင် ငြိမ်းအေးဖြေဖျောက်စေနိုင်သူ တစ်ယောက်တည်း သော မင်းက ငါ့အတွက် ပျောက်ကွယ်ခဲ့ပြီလေ။

"ကိုကို့ကို ချစ်ရတာလေ ပူလောင်မှုတွေ မရှိဘူး ။ အေးချမ်းမှုကို ခံစားရတယ်။ ကိုကိုနဲ့ အရာရာကို အေးအတူ ပူအမျှ ခံစားချင်တယ်"

အတိတ်မှာ မင်းခဏခဏပြောတဲ့ အဲဒီစကားဟာ ငါ့စိတ်ကို မောင်းနှင်တဲ့ တွန်းအားတစ်ခုပေါ့။ အခုတော့ မင်းဟာ နာဂစ်ရဲ့ နောက် လိုက်အဖြစ်နဲ့ ငါ့ရင်က စိမ်းလန်းတဲ့ မျှော်လင့်ခြင်းတွေကို ဖြိုလှဲပစ်ခဲ့ တယ်။ ငါ မထင်ရက်ခဲ့ဘူး။ အကြီးအကျယ် သွေးပျက်သွားမိတယ်။ ဘယ်အရာမဆို အမြဲ ဖက်တွယ်မထားချင်တဲ့ ငြီးငွေ့လွယ်တဲ့ လူသား တစ်ယောက်ဖြစ်တဲ့ မင်းဟာတစ်ချိန်မှာ ငါ့ဘဝထဲက အလိုအလျောက် ရွေ့လျား ပျက်ပြက်သွားလိမ့်လို့တော့ အသိဉာဏ်အရ ငါ တွက်ဆခဲ့ဖူး ပါတယ်။

"တစ်ချိန်ကျရင် ကိုယ်နဲ့ ပတ်သက်ရတာ မင်း ပျင်းလာလိမ့်မယ်။ အဲဒီအခါကျရင် မင်းဟာ တခြားအသစ်တစ်ယောက် ထပ်ရှာလိမ့်မယ်။ ဒါမှမဟုတ် မင်းကိုချဉ်းကပ်လာတဲ့ တစ်ယောက်ယောက်ကို ရွေးချယ် လိမ့်မယ်။ သေချာတာကတော့ ကိုယ်ကို မင်းစွန့်ခွာသွားလိမ့်မယ်"

အဲဒီစကားကို ငါပြောတုန်းက မင်း လက်မခံခဲ့သလို မယုံကြည် ဟန်နဲ့ ငါ့ကိုတောင် အဖြစ်ဖို့ခဲ့သေးတယ်လေ။ ငါဟာ ပရောဟိတ် တစ်ယောက် မဟုတ်ပေမယ့် အခုတော့ ငါ့ရဲ့ ဟောပြောချက်တွေဟာ မှန်ခဲ့ပြီမို့လား. . .။ ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘာဝတရားတစ်ခု ဖြစ်ပေမယ့် မင်းရဲ့ ဥပေက္ခာဟာ ငါ့အပေါ်မှာ ဒီလောက်ထိ မြန်ဆန်ပြင်း ထန်စွာ ပြောင်းလဲလာခဲ့လိမ့်မယ်လို့ ကြိုတင်မတွေးဖြစ်ခဲ့ဘူး။ ဒါကို ငါ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အားနည်းချက်တစ်ခုလို့ သတ်မှတ်မယ်ဆိုရင်တောင် မင်းအပေါ်ထားတဲ့ ငါ့ရဲ့ သံယောဇဉ်မှာ ကြီးမားတဲ့ မျှော်လင့်ခြင်းတွေ ပါဝင်နေတယ်ဆိုတာ တော့ သတိထားကြည့်ရင် မင်းသိမှာပါ။ အဲဒီမျှော်လင့်ခြင်းတွေဟာ ထင်မှတ်မထားတဲ့ အလစ်အငိုက်မှာ တိုက်ခိုက်ခံလိုက်ရတာပေါ့။

"ကိုကို့. . . အနည်းဆုံး တစ်ရက်ခြားတစ်ခါတော့ တစ်ယောက်ကို တစ်ယောက် မဖြစ်မနေ ဖုန်းဆက်ကြမယ်နော်"

မင်း ပြဋ္ဌာန်းတဲ့ ဥပဒေကို စတင်ချိုးဖောက်သူဟာလည်း မင်းပဲ ဖြစ်တယ်။ သဘောထားကြီးသလိုနဲ့ မသိချင်ယောင်ဆောင်ပေးခဲ့ရတဲ့ နေ့ရက်တွေ့မှာ ငါဟာ အဆိပ်ဆူးတွေ ခင်းကျင်းထားတဲ့ ခရောင်းလမ်းတွေပေါ် ခြောက်ကပ်အက်ကွဲစွာ တစ်ကိုယ်တော် နင်းလျှောက်နေရတာပေါ့။ မင်းအတွက် နားလည်မှုနဲ့ ခွင့်လွှတ်ခြင်းဆိုတာတွေဟာ ငါ့အတွက်တော့ ကိုယ့်ကိုယ်ကို ပြန်လည်တုပ်မိနေတဲ့ အသက်ရှူကြပ်စရာကြိုးတွေပါပဲ။ အပေါ်ယံမှာ ရယ်သံတွေနဲ့ တန်ဆာဆင်ထားသူတစ်ယောက်ရဲ့ ရင်ဘတ်ထဲက ဆိုးဆိုးဝါးဝါး လောင်ကျွမ်းမှုတွေကို မင်းကတော့ သိရှာမှာမဟုတ်ပါဘူး။ အဲဒီကာလတွေဟာ မုန်တိုင်းကို ကြိုဆိုတဲ့ကာလတွေပါပဲ။

"ကိုကိုနဲ့ စကားပြောရရင် ကိုကို့အသံကြားနေရရင် ကိုကို့အချစ်ကို ယုံတယ်။ ကိုကိုနဲ့ စကားမပြောရရင် ကိုကို့အသံမကြားရရင် ကိုကိုချစ်တာ တကယ်မှဟုတ်ရဲ့လားလို့ တွေးပူမိတယ်"

မင်းရဲ့ နှုတ်ထွက်စကားမှန်သမျှကို ငါဟာ ရတနာမြေပုံတစ်ချပ်လို သိမ်းမှတ်ထားသူပါ။ ဒါကြောင့် မေလရဲ့ မိုးမရွာတဲ့ တစ်မနက်မှာ ငါ့ဆီ ဖုန်းမဆက်တာကြာပြီဖြစ်တဲ့ မင်းဆီကို တကူးတက အချိန်ယူပြီး ဖုန်းဆက်ခဲ့တယ်။ အဲဒီနေ့ဟာ ပြက္ခဒိန်စာမျက်နှာပေါ်မှာတော့ စနေလို့ အမည်တွင်တာပေါ့။ အဲဒီမနက်ရဲ့ ရာသီဥတုဟာ (တစ်ညနေလုံး မိုးရွာမှာ သူ မဟုတ်သလိုမျိုးနဲ့) သာယာနေတယ်။ အဲဒီမနက်အစောပိုင်းမှာ ခပ်ပျစ်ပျစ် လက်ဖက်ရည်ပေါ့စိမ့် တစ်ခွက်ကိုသောက်ရင်း နိုင်ငံတကာမှာ



လူအများ အပြားလက်ခံသုံးစွဲနေကြတဲ့ EDWARD DE BONO ရဲ့ ဒဿနဦးထုပ်ခြောက်လုံးနဲ့ ဖိနပ်ခြောက်ရန်ဟာ ငါ့ခေါင်းထဲ ရောက်နေတယ်။

ဦးထုပ်ခြောက်လုံးနဲ့ ဖိနပ်ခြောက်ရန်ကို ကပေါက်တိ ကပေါက်ချာအတွေးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင်း ငါတစ်ယောက်တည်း အလုပ်ရှုပ်နေတယ်။ နောက်တော့ ဦးနှောက်ခြောက်လာတာနဲ့ ဦးနှောက်ဆေးတဲ့အနေနဲ့ ဘာမှ မတွေးတော့ဘဲ လက်ဖက်ရည်ဆိုင်ထဲကနေ ငါ ထထွက်လာခဲ့တယ်။ မုန်တိုင်း ဝင်မွှေပြီးတဲ့နောက်ပိုင်း နေ့ရက်တွေမှာ မှိုင်းညို့အေးစက်နေတဲ့ ရာသီဥတုဟာ ဒီနေ့မနက်တော့ ထူးထူးခြားခြား သာယာနေတာ သတိပြုမိလိုက်တယ်။ ပြီးတော့ မင်းဆီငါ ဖုန်းဆက်တယ်။ အဲဒီအချိန်ထိတော့ ကြေးနန်းကြိုးနဲ့ လေလှိုင်းတွေက မင်းရဲ့ ဥပေက္ခာကို သယ်ဆောင်လာလိမ့်မယ်လို့ ဘယ်ထင်မိပါ့မလဲ။ ငါဟာ နုံအသူပါ လိပ်ပြာလေးရယ်. . .။

ဖုန်းဆက်တော့ တစ်ဖက်က ပြန်ပြောတယ်။

"သူမရှိဘူး" တဲ့. . .။

ငါ့အတွက် ထူးဆန်းသွားတယ်။ ဒီလိုနေ့ ဒီလိုအချိန်တွေ မင်းဘယ်မှသွားလေ့သွားထမရှိတာ မင်းအပြောအရ ငါသိနေတာပဲ။ ဒါပေမယ့် ပြောင်းလဲမှုတစ်ခုလို သဘောထားပြီး အချိန်အနည်းငယ်ကြာတဲ့ အခါမှာ ထပ်ခေါ်လိုက်ပြန်တယ်။ အဲဒီအခါမှာလည်း. . .

"အပြင်သွားတာ ပြန်မရောက်သေးဘူး" တဲ့. . .။

ဖြေကြားသူရဲ့အသံက တစ်မျိုးဖြစ်နေတယ်။ အဲဒီမှာ ငါ့သံသယစတော့တာပဲ။ ခက်တာက ဒီနေ့မှ ငါ့ရဲ့သတိရခြင်းတွေကလည်း ပိုပြီးတော့ သည်းထန်နေတယ်။ (အဲဒီအချိန်ထိ အလွမ်းဆိုတာကြီးက ပီပီပြင်ပြင် ရုပ်လုံးပေါ်မလာသေးဘူး) ငါဟာ စောင့်ဆိုင်းခြင်းမှာ စိတ်ရှည်ပစ်လိုက်တယ်။ အချိန်အတော်ကြာတော့ ရင်တထိတ်ထိတ်နဲ့ ဖုန်းထပ်ခေါ်လိုက်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို နှိပ်စက်မယ့် အဖြစ်မှန်ဟာ အဲဒီမှာ ပေါ်ပေါက်လာပါတော့တယ်။

"သူက မပြောချင်လို့တဲ့။ အဲဒါကြောင့် မရှိဘူးလို့ ပြောခိုင်းနေတာ။ ဘာမှန်းလည်းမသိဘူး။ ကြားကခေါ်ပေးရတဲ့ လူတောင် စိတ်တိုတယ်။ မပြောချင်ရင် အစကတည်းက ဖုန်းနံပါတ် ပေးမထားနဲ့ပေါ့"

ဒီလောက်ပါပဲ။ ဒီ့ထက်မပိုခဲ့ပါဘူး။ ဒါပေမယ့် ငါ့အတွက်တော့ ပြည့်စုံလုံလောက်သွားခဲ့တယ်။ ရက်စက်လိုက်တာလို့ ငါ မညည်းတွားဖြစ်ခဲ့ပါဘူး။ ဒါဟာ ရက်စက်မှုတစ်ခုမှ မဟုတ်တာ။ လူဆိုတာ မိမိရဲ့ စိတ်ကျေနပ်မှုကိုသာအဓိက ရှေ့တန်းတင်တတ်တဲ့၊ ခံစားမှုနောက်ကို ကောက်ကောက်ပါအောင် လိုက်တတ်တဲ့ သတ္တဝါမဟုတ်လား. . .။ ငါဟာလည်း လူပီသစွာ အသိဉာဏ်ရှိရှိနဲ့ မိုက်လုံးကြီးနေမိတယ်။ ဆင်ခြင်တုံတရားက ခွင့်လွှတ်နားလည်ပေးနိုင်ပေမယ့် နှလုံးသားမှာတော့ ဝုန်းဒိုင်းကျဲနေတယ်။ မုန်တိုင်းဟာ ငါ့အတွက် တစ်ကွက်စာ သီးသန့်တိုက်ခတ်လို့နေဆဲပါပဲ။

မေလ ၁၇ ရက် စနေနေ့. . .။ အဲဒီနေ့ဟာ ငါ့ရင်ထဲကို မီးလို ဝင်မွှေသွားတယ်။

နာဂစ်ရဲ့ ဂယက်တွေက လှိုင်းထနေတုန်း၊ မုန်တိုင်းရဲ့ ဆိုးကျိုးတွေကို လူထုက သုတ်သင်ဖယ်ရှားပစ်နေတုန်း၊ မငြိမ်သက်သေးတဲ့ လေတိုက်နှုန်းထဲမှာ လွင့်ပါလာတဲ့ မြတ်နိုးသူရဲ့ ဥပေက္ခာ။

လိပ်ပြာလေးရယ်. . . မင်းကိုငါ အပြစ်မတင်ရက်ပါဘူး။ မင်း ငါ့ကိုမုန်းတာမဟုတ်ဘူးလို့ ငါ ထင်ပါတယ်။ မင်း ငါ့ကို မချစ်တော့တာပါ။ အရင်လို ငါ့ဆီမှာ မင်း မသာယာတော့တာပါ။

ထားပါ. . .။ သွားပါ. . .။ တော်ရာမှာ မင်းပျော်ရာ ရှာပါ။ ဟောင်းနွမ်းရိုးအီစပြုနေတဲ့ ဒီကောင့်ရင်ကို ခြေစုံကန်ခဲ့ပါ။ ငါဟာ. . . အသံမပြည်ဘဲ ကျကွဲခဲ့ပေါ့။



"ကိုကို စိတ်ဆင်းရဲသွားမှာ တအားစိုးတယ်။ ပြီးတော့လေ ကိုကိုက တစ်ခုခုဆို စိတ်က အရမ်းထိခိုက်လွယ်တယ်။ အဲဒါကို နည်းနည်းထိန်းပေါ့"

ဘယ်လိုထိန်းရမှာလဲ. . .။ သင်ကြားပေးစမ်းပါဦး။ အခုအချိန်မှာ ဒဏ်ရာရနေတဲ့ သားရဲတစ်ကောင်လို ဆောက်တည်ရာ ကင်းမဲ့နေတဲ့ ငါဟာ ဘယ်လိုချည်နှောင်မှုမျိုးနဲ့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်စွမ်း ရှိမှာလဲ. . .။ ငါ့ကို စိတ်ဆင်းရဲမှာစိုးတယ်ဆိုတဲ့ မင်းကိုယ်တိုင်ကပဲ ငါ့ကို ချောက်နက်ထဲ တွန်းချခဲ့တာလေ။ ယုံကြည်စရာ ရှားပါးလွန်းတဲ့ လောကမှာ ဝမ်းနည်းလွယ်တဲ့ ခံစားမှုဝါဒီသမား ငါ့အတွက်တော့ ရင်ဆိုင်ရမယ့် အန္တရာယ်တွေ ပြည့်နှက်နေတာပဲ။

အခုဆို ငါ့ကြယ်စင်တွေ ပျက်သုဉ်းလို့ ငါ့ရဲ့စောင့်မျှော်ခြင်းနတ်သမီးလည်း ပျောက်ဆုံးခဲ့ပြီ။ ကြေကွဲခြင်းဆိုတဲ့ ကမ်းမမြင် လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ ငါဟာ သေလုမျောပါး ကူးခတ်နေရတယ်။ လူတစ်ကိုယ်လုံးလည်း မောဟိုက်တုန်ရီ. . . ရင်ဘတ်ထဲမှာ ဝေဒနာတွေက ပြွတ်သိပ်ညပ်လို့. . . နေရထိုင်ရတာ မွန်းကြပ်လိုက်တာ လိပ်ပြာလေးရယ်. . .။

"ယောကျ်ားလေးတစ်ယောက်တည်း နေတာဆိုတော့ စားရသောက်ရတာ ဘယ်အဆင်ပြေမလဲ။ ဘာပဲဖြစ်ဖြစ် အစားကို ပုံမှန်စားနော်။ စာရေးတာကိုလည်း အတိုင်းအတာလေးနဲ့ ရေးပေါ့။ အရမ်း အိပ်ရေးပျက် မခံနဲ့။ ကျန်းမာမှ ကိုကိုလုပ်ချင်တဲ့အလုပ်တွေကို လုပ်လို့ရမှာလေ"

အနုပညာဆိုတဲ့ ရူးသွပ်မှုတစ်ခုတည်းအတွက်နဲ့ ငါဟာ ငါတွယ်တာတဲ့မိသားစုနဲ့ ဇာတိမြေကို စွန့်ခွာပြီး သူစိမ်းတရံတွေကြားထဲမှာ လာရောက်ရှင်သန်နေတာပါ။ တစ်ယောက်တည်းသမားဖြစ်တဲ့ ငါ့အတွက်တော့ မင်းရဲ့ အကြင်နာစကားသံတွေဟာ အထီးကျန်ဆန်မှုကို ချေဖျက်

www.burmeseclassic.com



ပေးတဲ့ ဆေးဝါးတစ်လက်ပါပဲ။ အခုတော့ ငါရဲ့ နားဝင်ပီယံဖြစ်စဉ် တစ်ခုဟာ အနာတရနဲ့ ကြေမွစုတ်ပြဲခဲ့ပါပြီ။

တစ်ချိန်က မင်းပေးပို့ခဲ့တဲ့ ကြည်နူးစရာ လက်ဆောင်ပစ္စည်းလေးတွေဟာလည်း အခုအချိန်မှာတော့ ငါ့ဝိညာဉ်ကို ချောက်လှန့်တဲ့ တစ္ဆေတွေ ဖြစ်နေတယ်။

နွမ်းနယ်မောပမ်းမှုတွေနဲ့ ငါခန္ဓာကို အိပ်ရာပေါ် လှဲသိပ်ဖို့ပြင်တဲ့အခါ. . . မင်းကိုယ်သင်းရနံ့တွေ သုတ်လိမ်းထားတဲ့ မင်းရဲ့လက်ရာ ခေါင်းအုံးဖုံးကလေးက ကြိုဆိုနေတယ်။

အစာစားပြီးလို့ သွားတိုက်မယ်ပြင်တဲ့အခါ. . . မင်းပေးထားတဲ့ သုံးစွဲလက်စ သွားတိုက်ဆေးဗူးနဲ့ အပြာရင့်ရင့် သွားတိုက်တံကလေးက ကြိုဆိုနေတယ်။

မျက်နှာသစ်ပြီးလို့ မျက်နှာသုတ်မယ်ပြင်တဲ့အခါ. . . မင်းပေးထားတဲ့အဖြူရောင် မျက်နှာသုတ်ပဝါကလေးက ကြိုဆိုနေတယ်။

ဗိုက်ဆာလို့ စားစရာ ရှာဖွေကြည့်တဲ့အခါ. . . ဒီကနေ့အထိ မစားရက်လို့ ပလတ်စတစ်အိတ်အကြည်တစ်လုံးနဲ့ အလှသက်သက် ချိတ်ဆွဲထားတဲ့ မင်းရဲ့ မုန့်ထုပ်ကလေးတွေက ကြိုဆိုနေတယ်။

ရင်တစ်ခုလုံးဟာ ပြာကျမတတ် ခြစ်ခြစ်တောက် ပူလောင်လာလို့. . . ဝေဒနာတွေ သက်သာလိုသက်သာငြား ငါ ယုံကြည်အားသန်ရာ အနုပညာနဲ့ ဖြေဖျောက်ကုစားဖို့ပြင်တဲ့အခါ. . . စာရေးစားပွဲပေါ်မှာ မြင်လိုက်ရတာက. . . မင်းပေးထားတဲ့ ခဲတံလေး. . .။

ဖွဲ့စည်းပုံပျက်နေတဲ့ ငါ့ဝိညာဉ်ဟာ လွင့်ပြာတုန်ခါလာတယ်။ မင်းထားရစ်ခဲ့မယ့် တစ်နေ့မှာ ကျန်ရစ်သူတစ်ယောက်ရဲ့ လွမ်းချင်းတွေကို မင်းပေးထားတဲ့ ခဲတံလေးနဲ့ ရေးခြစ်ရလိမ့်မယ်လို့ အိပ်မက်အဖြစ်နဲ့တောင် ငါ မမြင်မက်ချင်ခဲ့တာ. . . အခုတော့ ငါ့ရဲ့ ကြောက်လှန့်မှုတွေဟာ တကယ်ပဲ အသက်ဝင်လာခဲ့ပါပြီ။



၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ နှစ်ဆယ့်နှစ်ရက်နေ့ည (၈း၄၀) ခန့်မှာ ချစ်သူတွေဖြစ်ခဲ့ကြတဲ့ မင်းနဲ့ငါဟာ ၂၀၀၈ ခုနှစ် မေလ ဆယ့်ခုနှစ်ရက်နေ့ မနက် (၉း၃၀) ခန့်မှာပဲ ကန့်လန့်ကာတစ်ခုရဲ့ တစ်ဖက်တစ်ချက်ဆီကို မသိမသာ ရောက်ရှိသွားခဲ့ကြတယ်။ ဒါဟာ အခြေအနေအရ ငါ့ရဲ့ကန့်သတ်ချက်တစ်ခုဖြစ်ပေမယ့် မင်းရဲ့လုပ်ဆောင်မှုတွေနဲ့သာ အဓိကသက်ဆိုင်တာပါ။

ငါဟာ ခံစားမှုအရာမှာ နူးညံ့သူတစ်ယောက် ဖြစ်ပေမယ့် ပျော့ညံ့သူတစ်ယောက် မဟုတ်တဲ့အတွက်ကြောင့် ယောကျာ်းတစ်ယောက်မှာ ရှိသင့်ရှိအပ်တဲ့ မာနမျိုးတော့ ငါ့မှာ အလိုအလျောက် ရှိနှင့်နေပြီးသားပါ။

ထိုက်သင့်လိုအပ်တဲ့ တောင်းခံမှုမျိုးကလွဲလို့ အောက်ကျို့ပြီးမှ ရလာမယ့် အချစ်တစ်ခုကို စစ်မှန်မှုလို့ ငါ ဘယ်တုန်းကမှ မယုံကြည်ခဲ့ဘူး။ ဒါကို မင်းနားလည်ဖို့တော့ လိုပါလိမ့်မယ်။

“လိပ်ပြာလေး. . .”

ငါ့ရဲ့အခေါ်အဝေါ်ကို သဘောကျနှစ်ခြိုက်တဲ့ မင်းဟာ အခုတော့ ငါရင်ခွင်ဆီကနေ ပျံသန်း ထွက်ခွာသွားခဲ့ပြီလေ။ မင်း ယုယစွာ စိုက်ပျိုး တပ်ဆင်ပေးခဲ့တဲ့ မျှော်လင့်ခြင်းတောင်ပံတွေကိုလည်း မင်းကိုယ်တိုင်ပဲ ရိုက်ချိုးသိမ်းယူသွားခဲ့တယ်။ လွတ်မြောက်ချင်တဲ့ မင်းကို ငါ မတားဆီးတော့ပါဘူး။

အခုဆို မင်းနဲ့ပက်သက်ခြင်းရဲ့ ရလဒ်အဖြစ် မင်းပေးထားတဲ့ အသုံးအဆောင်ပစ္စည်းလေးတွေရယ်၊ မင်းဓါတ်ပုံ ၂၄ ပုံရယ်၊ သေသပ်ဝိုင်းစက်တဲ့ မင်းလက်ရေးနဲ့ ရေးသားထားတဲ့ စာ ၂၁ စောင်ရယ်၊ မင်းရေးဆွဲပေးထားတဲ့ (ငါနဲ့မတူတဲ့) ငါ့ရဲ့ ပုံတူဆိုတဲ့ ခဲပန်းချီပုံလေးရယ်၊ နောင်နှစ်ပေါင်းများစွာတိုင်အောင် ငါ့နှလုံးသားမှာကြားယောင်နေဦးမယ့် မင်းအသံလေးတွေရယ်၊ ပျက်စီးခြင်းရဲ့ အပိုင်းအစအဖြစ် ကျိုးကြေသွား

www.burmeseclassic.com



တဲ့ ငါ့ရဲ့ တောင်ပံတွေနဲ့ ဆုံးရှုံးခြင်းရဲ့ သင်္ကေတတွေသာ ငါ့ဆီမှာ ကြွင်းကျန်ရစ်ခဲ့ပါတော့တယ်။

အရင်ကတည်းက တစ်ယောက်တည်းနေတဲ့ အိမ်ခန်းဟာ အခုမှ ကွက်လပ်တစ်ခု ဖြစ်နေသလို ခံစားရတယ်။ အစိမ်းရောင် လွှမ်းနေတဲ့ အခန်းတိုင်း အခန်းတိုင်းဟာ အလွမ်းရဲ့ လက်အောက်မှာ ကျရောက်နေတယ်။ ငါ တစ်ခုခုလုပ်ဖို့ ကြံရွယ်လိုက်တိုင်း မင်းရဲ့စက်ကွင်းက မလွတ်မြောက်နိုင်ဘူး ဖြစ်နေပါတယ်။ ဒါကြောင့် အပြင်ထွက်လာခဲ့တယ်။ အဲဒီတော့လည်း မင်းဟာ ငါ့စိတ်မှာ ရှိနေပြန်တာပဲ။ ဒီတော့မှ ထိတ်လန့်တကြား သတိပြုမိလိုက်ပါတယ်။ ငါဟာ ထွက်ပေါက်မဲ့တဲ့ လိပ်ပြာဝင်္ကဘာထဲမှာ ပိတ်မိနေပါပကောလား. . .။

"နှုတ်ဆက်တယ်ဆိုတာက ခွဲခွာခြင်း။ ကိုကို့ကို ဘယ်တော့မှ နှုတ်မဆက်ဘူး။ ကိုကိုက နှုတ်ဆက်ရမယ့်လူမှ မဟုတ်တာ။ တစ်ချိန်မှာ အတူတကွ ပေါင်းဆုံရမယ့် လူပဲဟာ. . ."

ငါ့ကို အကြိမ်ကြိမ်အခါခါ လေထုထဲ မြောက်တက်စေတဲ့ စကားလုံးချိုချိုတွေပါပဲ။ အခုအချိန်မှာတော့ ငါ့ကို မသေရုံတမယ် ညှဉ်းဆဲထိုးသတ်နေတဲ့ လက်နက်တွေ ဖြစ်သွားပြီ။ နှုတ်ဆက်လေ့မရှိတဲ့ မင်းဟာ နှုတ်ဆက်စကားမဆိုဘဲ ငါ့ကို တိတ်တိတ်ကလေး ချန်ထားရစ်ခဲ့တယ်။ မင်းရဲ့ မျက်ကွယ်ပြုမှုမှာ ငါဟာ ကြိုးဆွဲခံခဲ့ရတဲ့ အရုပ်တစ်ရုပ်ပေါ့။ အသည်းနာ ခံပြင်းစရာကောင်းလှပေမယ့် ငါ့ရဲ့ အသုံးမကျမှုတွေအတွက် ငါဟာ နောင်တမရနိုင်ဘူး ဖြစ်နေတယ်။ ဆက်ပြီးတော့လည်း တစ်ကိုယ်တော် မိုက်ရူးရဲဆန်နေတုန်းပဲ။ အဲဒီအတွက် အကျိုးခံစားခွင့် မရရှိဘူးဆိုရင်လည်း ခံစားမှုသက်သက်နဲ့ ရှင်သန်နေတာမို့ ငါ နောက်ဆုတ်ဖြစ်မှာ မဟုတ်ပါဘူး။

ပျော်ရွှင်စရာတွေ ပုံဖော်ပေးထားတဲ့ လိပ်ပြာသံစဉ်ဟာ တစ်ပိုင်းတစ်စနဲ့ ကျိုးပဲ့ခဲ့ပြီ။ အတူတကွ ပေါင်းဆုံကြမယ်ဆိုတဲ့ ရည်ရွယ်ချက်ဟာ



လည်း တစ်ခြမ်းပဲ့နေတဲ့ စွယ်တော်ရွက်လို အင်္ဂါမစုံစွာ ဆုံးပါးသွားခဲ့ရပါပြီ။ ဖြစ်ပျက်ခဲ့သမျှ အရာရာဟာ လေနဲ့လောင်းပြီး လေနဲ့လျော်တဲ့ ကစားပွဲတစ်ခုလိုပါပဲ။ အဲဒီကစားပွဲမှာ ခံစားမှုအစစ်ကို လောင်းကြေးတင်မိတဲ့ ငါကိုက ရှုံးတာပါ။ အခုတော့ နှလုံးသားခမျာ လောင်းမီးကျခဲ့ရပြီပေါ့။

"See You..."

ဖုန်းချခါနီးတိုင်း အပြန်အလှန် ပြောနေကျ ဝေါဟာရလေးကို ငါ့နှုတ်က တိုးဖွဖွ ရွတ်ဆိုလိုက်မိတယ်။ ပြီးတော့ နံပါတ်တစ်ခုမှ မနှိပ်ရသေးတဲ့ ဖုန်းလေးကို ပိတ်ပြီး အိတ်ထဲပြန်ထည့်လိုက်တယ်။ ရင်ထဲမှာတော့ တဆစ်ဆစ်နဲ့ပေါ့. . .။

ပူနွေးစွတ်စိုမှုနဲ့အတူ ငါ့ အမြင်တွေ ဝေဝါးလာတယ်။ ငါ့ရင်ခွင်ဟာ မုန်းတိုင်းဒဏ်သင့်ခဲ့တဲ့ မြို့ပျက်တစ်ခုလိုပါပဲ။ ဘာတစ်ခုမှ အထားအသို မမှန်တော့ဘူး။ တွေ့မြင်သမျှ အရာရာတိုင်းဟာလည်း ငါ့အတွက်တော့ အလွမ်းရဲ့အထောက်အကူပြုပစ္စည်းတွေသာ ဖြစ်နေပါတော့တယ်။ ငါဟာ ကယ်ဆယ်သူမဲ့နေတဲ့ ဒုက္ခသည်တစ်ဦးပါ လိပ်ပြာလေးရယ်. . .။

ကောင်းကင်ဆီကနေ မိုးဖွဲလေးတွေ ခုန်ဆင်းလာကြတယ်။ ချစ်သူစုံတွဲလေးတွေဟာ ထီးတစ်လက်တည်းရဲ့အောက်မှာ ပိုမိုနီးစပ်သွားကြတယ်။

တစ်ယောက်တည်းသမား ငါကတော့ ခရေပင်ကြီးအောက်ကနေ ထထွက်လာခဲ့ပါတယ်။ အဲဒီအခါ ငါ့ကိုယ်ပေါ် ခုန်ဆင်းလာကြတဲ့ မိုးရေစက်တွေနဲ့အတူ ငါ့မျက်ရည်တွေဟာ အလွယ်တကူပဲ ရောထွေးသွားပါတော့တယ်။

လိပ်ပြာလေးရယ်. . . ငါတို့အဖြစ်ကိုသာ အသေအချာသိရင် မင်းကိုဒီလောက်ထိစွဲလမ်းတကြီး ဖြစ်နေတဲ့ ငါကို အပြစ်တင်ကြလိမ့်မယ် ထင်ပါရဲ့။ ဒါပေမယ့် ငါ ဂရုမစိုက်ပါဘူး။ မင်းကိုငါ ဆက်ချစ်နေဦးမှာပါ။ ဟုတ်တယ်. . .။

www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ တစ်ခါမှ မတွေ့ဖူး မဆုံဖူးတဲ့ တယ်လီဖုန်းထဲက ကောင်မလေးကို ငါဟာ အရှူးအမူး ဆက်ချစ်နေဦးမှာပါ။ ဒါဟာ မသေချာမှုတွေ များပြားသော လောကမှာ နေထိုင်တဲ့ ငါ့ရဲ့ သေချာမှု သစ္စာတရားတစ်ခုပါပဲ။ မိုးက ပိုပြီးသည်းလာပါတယ်။ ပန်းခြံလေးဟာ မိုးရေစက်တွေကြောင့် အေးမြသွားပေမယ့် ငါကတော့ ပူလောင်နေဆဲ. . .။ နာတာရှည်မယ့် ဝေဒနာတွေ စိုစိုရွှဲရွှဲနဲ့ မိုးရွာထဲမှာ တစ်ကိုယ်တည်း လှမ်းလျှောက်လို့နေမြဲ. . .။

အင်း. . . အိမ်ပြန်ရောက်ရင်တော့ဖြင့် ရင်ကို ထွင်းပြီး ဒီအကြောင်းတွေကို လွမ်းချင်းတစ်ပုဒ်အဖြစ် အသက်သွင်းရပေဦးမယ်. . .။

(၃)

လိပ်ပြာလေးရေ. . .
ဘယ်ရာသီ သင်္ကြာရာဇ်မှာပဲဖြစ်ဖြစ်
ငါ့ရင်ဘတ်ကို တူးဆွတဲ့အခါ
တဆာဆာ အော်မြည်နေတဲ့
အက္ခရာတစ်ခု ထွက်ကျလာပါလိမ့်မယ်။
အဲ့ဒါ မင်းနာမည်ပါပဲ ။
"အချစ်" တဲ့. . .
အဲဒီဆက်သွယ်ချက်နဲ့ပဲ
ငါဟာ မင်းဆီမှာ တစ်ရစ်ပြီးတော့တစ်ရစ်
နစ်ပြီးရင်း နစ်နေခဲ့တယ်။
အခုတော့ဖြင့် ငါ့အိပ်မက်တွေဟာ
အပိုင်းပိုင်းအတစ်တစ် ခုတ်ထစ်ခံလိုက်ရပေါ့။

# ဝလုံးလေး

www.burmeseclassic.com

www.burmeseclassic.com

ဝင်းလက်သော လျှပ်စီးများဖြင့် မိုးအရမ်းရွာသည့် ညတစ်ည၌ ကျွန်တော်တစ်ယောက် လောကထဲ ရောက်ရှိလာခဲ့ပါသည်။

အနည်းငယ် အရွယ်ရောက်သည့်အခါ ကျောင်းဆိုတာ တက်ရပါသည်။ သို့ရာတွင် ဝလုံးလေးတွေ ရေးတတ်ချိန်မှာပင် ထိုကျောင်းမှ ထွက်ခဲ့ရသည်။

ဉာဏ်မမှီဆိုသော စကားလုံးအကြောင်းကို စဉ်းစား၍မရပါ။ ဦးခေါင်းတစ်ခုလုံး မှိုင်းထွေ မှုံဝေသွားတတ်လေသည်။

ဒီလိုနှင့်ပင်. . .

ကျွန်တော်၏ အရိုးအဆစ်များ ကြီးထွားလာပါသည်။ ကျွန်တော် လူလားမြောက်ပြီလား. . . .။

ဦးနှောက်ထဲတွင် သွေးရောက်နေ၍ အတွေးအခေါ်များမှာ အူဝဲအဆင့်သာသာပင်ရှိသည် ဆိုသောအသံများကိုတော့ဖြင့် ဘာသာမပြန်တတ်သေးပါ။

ကျွန်တော်တို့မြို့ကလေးသည် စက်ဘီးများဖြင့် ရှုပ်ထွေးနေတတ်ပါသည်။ ကျွန်တော်စက်ဘီး မစီးတတ်ပါ။

ဆိုင်ကယ်စီးသူ ပေါများပါသည်။ ကျွန်တော့်မှာ ဆိုင်ကယ်မရှိပါ။ သို့သော် စကိတ်ရှိပါသည်။ ထို့ကြောင့် စကိတ်စီးပါသည်။ စီးလည်းစီးတတ်ပါသည်။

ယနေ့. . . မှတ်သုန်လေ အားကောင်းမည်ဟု ကြားမိပါသည်။ အမှန်တရားဟု ထင်မှတ်ပါသည်။



အဝေးပြေးကားလမ်းမပေါ်တွင် ကျွန်တော် စကိတ်စီးနေစဉ် ရင်ဘတ်ကို လေပြင်းပြင်းတိုက်ခတ်သလိုမျိုး ခံစားရသည်။

တနင်္လာသားကျွန်တော်နှင့် ရာဟုသမီးမဟုတ်လောက်သော သူမသည် ကြာသပတေးနေ့နေညို့ချိန်တွင် စတင်ဆုံတွေ့ခဲ့ပါသည်။

ကျွန်တော်၏ စကိတ်မှာ အစိမ်းရောင် ဖြစ်၍ သူမ၏ ဆိုင်ကယ်မှာ အနီရောင်ရဲရဲ ဖြစ်လေသည်။ နှစ်ဦးစလုံး၏ အင်္ကျီမှာ အဝါရောင်ကိုယ်စီ ဖြစ်ကြ၏။

ကျွန်တော် အင်္ဂဝိဇ္ဇာ မတတ်ပါ။

သူမသည် ပန်းတစ်ပွင့်နှင့် အမျိုးတော်စပ်ပါသလား. . .။ အရမ်းလှပါသည်။ ကျွန်တော် အားပါးတရ ကြည့်ပစ်လိုက်ပါသည်။

အပိုစကား မဆိုပါ။ သူမ အလွန်စကားချိုပါသည်။

သူမနှင့် ကျွန်တော် ဘော်ဒါတွေ ဖြစ်သွားပြီဟု ဆိုပါသည်။ ကားလမ်းနံဘေးမှ အုတ်ခုံလေးပေါ်၌ ကျွန်တော်နှင့်သူမ ပါးစပ်မှ လေတွေထွက်ကာ စကားတွေ တသွတ်သွတ် ပွားများကြပါသည်။ အလွန်အမင်း အရသာရှိလှ၏။

အပြန်လမ်းတွင် သူမဆိုင်ကယ်မှာ ကျွန်တော်၏ စကိတ်ထက် ပိုမို မြန်ဆန်လေသည်။ အနည်းငယ်မျှ မအံ့သြမိပါ။ ဆိုင်ကယ်ဘီးသည် စကိတ်ဘီးထက် ပို၍ကြီးသောကြောင့် ဖြစ်ပါလိမ့်မည်။ ဟုတ်တယ်မလား. . .။

ကျွန်တော်သည် ညနေခင်းလေးများကို စောင့်မျှော်နေတတ်လေပြီ။ သူမနှင့် တွေ့ဆုံရန်အတွက်ဖြစ်ပါသည်။

မေမေ တန်ဖိုးထားသော ကြည်ပြာရောင် သစ်ခွပန်းလေးများကို အလစ် ခူးတတ်နေလေပြီ။ သူမကို ပေးရန်အတွက် ဖြစ်ပါသည်။

ပိုက်ဆံအိတ်ကို ဖေဖေ မသိအောင် နှိုက်တတ်နေလေပြီ။ သူမကို အချဉ်ထုပ်ကလေးများ ဝယ်ကျွေးရန်အတွက် ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညနေခင်း၌ သူမက အချဉ်ထုပ်ကလေးများအား နှစ်ခြိုက်စွာ စားသုံးပါသည်။ ကျွန်တော်က ညနေခင်း၌ သူမကြောင့် ချိုမြိန် ဖြစ်လေသည်။

သူမသည် ဆရာဝန်မကြီးဖြစ်ရန်အတွက် ပညာသင်ကြားနေသော နောက်ဆုံးနှစ်ကျောင်းသူဟု သိရပါသည်။ ဝန်ခံပါသည်။ ကျွန်တော် အရမ်း အထင်ကြီးသွားမိပါသည်။

သူမက ကျွန်တော့်ထက် အသက်သုံးနှစ်ပိုကြီးသည်ဟု ဆိုပါသည်။ မယုံပါ။ သူမ ကိုယ်လုံးသွယ်လျလျလေးမှာ ကျွန်တော်၏ ခန္ဓာကိုယ်ထက် သေးငယ်သည် မဟုတ်ပါလား. . .။

သူမသည် ပန်းချီပညာရှင်ကြီးပဲလား။

အလွန်ကြည့်ကောင်းသော အရုပ်ကလေးများ သူမ ရေးဆွဲပြတတ်ပါသည်။ အားကျစွာ ကျွန်တော်လည်း အရုပ် ရေးချင်လာမိပါသည်။

သူမသည် စိတ်ကို ဖတ်တတ်သော နတ်သမီးလေလား. . .။ သူမ စာအုပ်ထဲတွင် အရုပ်တစ်ရုပ် ရေးဆွဲပေးရန် ကျွန်တော့်အား တောင်းဆိုပါသည်။ ကျွန်တော် ပျော်ရွှင်စွာ စိတ်ကူးထဲမှရုပ်ပုံလှလှလေးအား ရေးဆွဲပြလိုက်ပါသည်။

သို့ရာတွင်. . . ထွက်ပေါ်လာသည်မှာ. . . ညီညာဝိုင်းစက်မှု မရှိသော ဝလုံးလေးတစ်လုံးသာ. . .။

သူမအလှတွင် အက်ဆစ်ဓာတ်တို့ အချိုးကျ ပါဝင်ပေါင်းစပ်ထားပေလိမ့်မည်။ ကျွန်တော်သည် တရွေ့ရွေ့ လိုက်စားခံရကာ သူမထံ ပျော်ဝင်ပါသည်။

သူမမျက်ဝန်းအကြည့်တွင် ညို့ဓာတ်အပြည့်ပါဝင်၏။ သူမ အပြုံးကြောင့် ကျွန်တော်၏ နှလုံးသွေးများ သာမန်ထက်ကဲ၍ လည်ပတ်သွားတတ်သည်မှာ အကြိမ်ကြိမ် အခါခါ။



တကယ်ပါ. . . သူမအသံ ဝဲရှုရှုလေးထဲ၌လည်း ပရိုတိန်းဓာတ် အပြည့် ပါဝင်ပါသည်။

ကျွန်တော့်တွင် ဝေဒနာတစ်ခုစွဲကပ်နေချေ၏။

အမည်တော့ မတပ်တတ်ပါ။

ကျွန်တော်၏ စကိတ်ကလေးကို အနီရောင်ဆိုင်ကယ်နှင့် ကောင်မလေး ဖြစ်စေလိုပါသည်။

အပေါင်းအသင်းမရှိသော ကျွန်တော်၏ကစားဖော် အမွေးပွ ဝက်ဝံရုပ်ကလေးအား ရုပ်ပုံလှလှလေးများ ရေးဆွဲတတ်သော ကောင်မလေးနှင့် လဲလှယ်လိုပါသည်။ ထိုအကြောင်းများကို သူမအား ပြန်ပြောပြသောအခါ "ရည်းစားစကား" ဟု အမည်သတ်မှတ်ပေးပါသည်။

တဆက်တည်းပင် "ဝလုံးလေး တစ်လုံးကိုပဲ ဝိုင်းအောင်ရေးပါ" ဟုပြောသည်။ သူမစကားကို ပါဠိဟု ကျွန်တော် မထင်မိပါ။

ဝလုံးလေးများ ဝိုင်းစက်စေရန် အသည်းအသန် ရေးကျင့်ကြိုးစားပါသည်။ ဝိုင်းစက်သောဝလုံးလေးများ ပိုင်ဆိုင်လျှင် သူမသည် ကျွန်တော်၏ ဆန္ဒများကို ဖြည့်ဆည်းပေးလိမ့်မည်ဟု ယုံကြည်နေမိပါသည်။

မျှော်လင့်ခြင်းများက တွန်းအားတစ်ခုပမာ တစ်ကိုယ်လုံးအား ဖြန့်ကျက်စီးမိုးလို့ထားသည်။

သေချာပိုင်နိုင်သော ညနေခင်းတစ်ခုတွင် သူမအား ဝလုံးလှလှလေးများ ရေးဆွဲပြမည်ဟု ကြွားလိုက်ပါသည်။ ထိုအခါ သူမက ပုံဆွဲစာအုပ်ကို ထုတ်၍ ပေးသည်။

နောက်. . . ဖိတ်စာကတ်စာစောင် ထပ်မံပေးပြန်သည်။ ဖိတ်စာပေါ်မှ စာလုံးများကို ကျွန်တော် မဖတ်တတ်ပါ။ သို့သော် နားလည်ပါသည်။ အသည်းနှစ်ထပ်ပုံပါရှိသော ထိုဖိတ်စာသည် မင်္ဂလာဆောင် ဖိတ်စာသာ ဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဂရုမထားပါ။ သူမအားကြည့်စေကာ ဝိုင်းစက်သော ဝလုံးလေး ရေးဆွဲပြလိုက်ပါသည်။ ထိုအချိန်မှာပင် သူမ ယောကျ်ားတစ်ယောက်နှင့် လက်ထပ်တော့မည်ဆိုသော အသံကိုကြားလိုက်ရသည်။

ရင်တစ်ခြမ်း၌ "ဒိန်း " ခနဲပါပဲ. . . ။ စူးနင့် ပူဆွေးသွား. . . ။

အတန်တန် ရေးကျင့်ထားသောဝလုံးလေးသည် တဆတ်ဆတ် တုန်ယင်နေသော လက်ချောင်းများကြောင့် တွန့်လိန်ပိန်ရှုံ့လျက်. . . ။ မျှော်လင့်ချက်တွေ အသက်မဲ့. . . ။ သူမက ကျွန်တော်နှင့် ညနေခင်း များကို ကျေးဇူးတင်ကြောင်း ပြောလေသည်။ အိပ်မက်ဆိုးမှ လန့်နိုး သကဲ့သို့ စူးစူးဝါးဝါး ခံစားရပါသည်။

စကားတွေ အများကြီး ပြောချင်လိုက်တာ. . . ။

သို့ပါသော်လည်း ခံစားနေရသော ဝေဒနာများ၏ အရင်းအမြစ် ကိုပင် မဖော်ကျူးတတ်သော ကျွန်တော်. . . ရှိုက်သံတစ်ချက်နှင့် မျက်ရည်စက်တွေသာ စစ်မှန်စွာ လွင့်ကြွေကျသွားခဲ့၏။

ဒါကို သူမက နည်းနည်းလေးမှ ဂရုမစိုက်ပါ။ လှည့်၍သာ ပြန်သွားခဲ့လေသည်။

ထိုညနေခင်းသည် နောက်ဆုံး ညနေခင်း ဖြစ်ပါသည်။

သူမတို့ မင်္ဂလာပွဲကို ကျွန်တော် မသွားပါ။ သွားလည်း မသွားဝံ့ ပါ။ သို့သော် စာတစ်လုံးမှ ရေးသားမထားသော လက်ဖွဲ့ဘူးကလေးကို ပေးပို့လိုက်ပါသည်။

ထိုလက်ဖွဲ့ဘူးကလေးသည် ကျွန်တော်၏ ဘဝ၊ အိပ်မက်၊ ခံစားချက်တို့ လွှမ်းခြုံရစ်သိုင်းနေပါလိမ့်မည်။

ထိုလက်ဖွဲ့ ဘူးကလေးထဲတွင် ဝိုင်းစက်လုံးဝန်းသော "ဝလုံး လေး" တစ်လုံး ပါဝင်ပါသည်။

၁၆

# ရင်ခွင်နတ်သမီး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငယ်စဉ်က ညတစ်ညဖြစ်သည်။ မိခင်ဖြစ်သူ၏ ရင်ခွင်မှာ နွဲ့မှီရင်း ဟန်ဆောင်ခြင်းကင်းပကာ မှုန်ကုပ်ကုပ်ဖြင့် လင်းလှနေသည့် ငွေမင်ရောင် ကောင်းကင်ကြီးကို မော့ကြည့်ဖြစ်လေသည်။

အဲဒီမှာပဲ ကစဉ့်ကလျား ချိတ်ဆွဲထားသည့် အလင်းခဲလေးများကို သွားတွေ့၏။ ဒါကြောင့်မို့ လိုချင်တပ်မက်စိတ်နှင့် တောင်းဆိုသမှု ပြုလိုက်ပါသည်။

"မေမေ. . . သားကို ဟိုပန်းတွေထဲက တစ်ပွင့်လောက် ခူးပေးပါ"

"ဘယ်မှာလဲ. . . သားရဲ့"

"ဟိုမှာလေ. . . အများကြီးပဲ"

ကောင်းကင်ကြီးကို လက်ညှိုးလေးထိုးကာ မပီကလာ ပီကလာနှင့် ကျွန်တော်ပြောတော့ မိခင်ဖြစ်သူက ရယ်ပါသည်။

"အဲ့ဒါ ပန်းပွင့်တွေ မဟုတ်ဘူး သားရဲ့။ ကြယ်လို့ ခေါ်တယ်။ သားက ကြယ်လိုချင်လို့လား"

"ဟုတ်ကဲ့ မေမေ။ သားကို အဲဒီကြယ်တွေ ခူးပေးစမ်းပါ"

မိခင်ဖြစ်သူသည် ရယ်ပြန်၏။

"ကြယ်ဆိုတာက ခူးယူလို့ မရဘူး သားရဲ့ အဲဒီကြယ်လေးတွေက နတ်သမီးလေးတွေ။ အဲဒီကြယ်လေးတွေ ကြွေကျတာက နတ်သမီးလေးတွေ နတ်သက်ကုန်လို့ လူ့ပြည်မှာ လူလာဖြစ်တာ။ အဲဒီ နတ်သမီးလေးတွေကနေ လူလာဖြစ်တဲ့ ကောင်မလေးတွေဟာ ရုပ်အဆင်းအင်္ဂါ



အပြစ်ပြောစရာ မရှိအောင် လှပတင့်တယ်ကြတယ်။ အဲဒီနတ်သမီးလေးရဲ့ ဖူးစာရှင် ဖြစ်ချင်ရင် ကြယ်ကြွေတာကို စောင့်ကြည့်ပြီး ကြယ် မြေမခခင်မှာ နတ်သမီးလေးနဲ့ ပေါင်းရဖို့ ဆုံးအောင်ဆုတောင်းရတယ်တဲ့။ သားလည်း ကြယ်စင်နတ်သမီးလေးကို လိုချင်ရင် အဲဒီလို ဆုတောင်းပေါ့"

မိခင်ဖြစ်သူပြောသော စကားတွေကြောင့် နောက်ညများ၌ ကျွန်တော်သည် ကောင်းကင်ပြင်ကြီးအား မော့ကြည့်ပြီး အလင်းခဲလေးတွေ ကြွေကျအလာကို ငေးမျှော်စောင့်စားလို့ နေမိပါသည်။ နတ်သမီးလေးတွေ အများကြီးလိုချင်တာကြောင့် အလင်းခဲလေးတွေ တစ်ပြိုင်နက်တည်း အများကြီး ကြွေကျလာပါစေဟုလည်း ဆုတောင်းမိလေ၏။

ကပိုကယို တွဲလဲခိုနေသည့် အလင်းခဲလေးများကို ငေးစိုက်ကြည့်တတ်လာသည့် ကျွန်တော်သည် သာယာသော လမိုက်ညတွေကို ပို၍ပင် မက်မောလာမိတော့၏။

အလင်းခဲလေးများသည် တစ်ခုနှင့်တစ်ခု အရွယ်အစားမတူညီကြချေ။ ဒီလိုဆိုလျှင် နတ်သမီးလေးများသည်လည်း အသေးအကြီး တူညီကြမှာ မဟုတ်လောက်ဘူးဟု ကျွန်တော် တွေးထင်မိပါသည်။

တစ်ညမှာတော့. . .

ကျွန်တော် မျှော်တလင့်လင့် စောင့်ကြည့်နေစဉ်မှာပဲ အလင်းခဲအသေးစားလေးတစ်ခု သွေးရူးသွေးတမ်း လွင့်စင်ပြုတ်ကျလာတာကို တွေ့မြင်လိုက်ရသည်။ ထို့ကြောင့်ပင် ကျွန်တော်သည်လည်း စီစဉ်တကျမရှိသောဆုတောင်းကို သွက်သွက်လက်လက်ပဲ ရွတ်ဆိုချလိုက်ပါတော့၏။

"သားသားကြီးလာရင် သားသားနဲ့ အဲဒီနတ်သမီး ညားပါစေ"

*

အလင်းခဲကြွေချိန်မှာ ဆုတောင်းပြီးကတည်းက အလင်းခဲနတ်သမီးလေးကသာ ကျွန်တော့်အာရုံကို အမြဲလိုပဲစိုးမိုးထားခဲ့သည်။ အရွယ်

www.burmeseclassic.com

www.burmeseclassic.com



တူကောင်မလေးတွေကို တွေ့ရင်လည်း ကျွန်တော်၏ဖူးစာရှင် နတ်သမီးလေးများ ဖြစ်လေမလားဆိုပြီး(ကလေးစိတ်နှင့်) စူးစမ်းသမှု ပြုမိပါသည်။

“သဲသဲ. . . နင်ကကြယ်လားဟင်”

“ဟင့်အင်း”

“ထိုက်. . . နင်ကော ကြယ်လား”

“နိုး”

“ထက်. . . နင်ကကော ကြယ်လားဟင်”

“ကြယ်ဘူးဟ”

ကလေးချင်းဖြစ်၍ တော်နေပါသေးသည်။

*

ဤသို့ဖြင့် ကျွန်တော် ကြီးလာလေသည်။ ကျွန်တော်သည် အရွယ်ရောက်တာနှင့် (လူပျိုဖြစ်လာတော့ပေါ့) စိတ်ကူးတွေ ရင်ဝယ်ပိုက်ပြီး နတ်သမီးလေးကို လိုက်ရှာသည်။ မြင်မြင်သမျှ ချောချောလှလှကောင်မလေးတိုင်းကို ဖူးစာရှင်အမှတ်နှင့် တကူးတက လေ့လာစူးစမ်းရတာလည်း အမောတကောပါပဲ။

ကျွန်တော်သည် ကိုယ်ပိုင်အားလပ်ချိန်များကို နတ်သမီးရှာဖွေရေးအတွက်သာ ကုန်ဆုံးစေခဲ့ပါသည်။ ကျွန်တော့်အဖြစ်က မျက်ကန်းကိုစုံထောက်လုပ်ခိုင်းတာထက်ပင် ဆိုး၏။ ဘယ်ဆီဘယ်ဝယ်က ဘယ်သူဘယ်ဝါမှန်းရေရာသေချာစွာ မသိပါဘဲ နှလုံးသားထက်က စွဲလန်းခြင်းအက္ခရာတွေနှင့်သာ လမ်းညွှန်မြေပုံလုပ်ပြီး ရှာဖွေနေရတာမဟုတ်လား။

ရင်ခွင်က ဝရမ်းထုတ်ထားသည့် တောင့်တောင့်တတ မျှော်လင့်ချက်တွေကြောင့် ထင်ရာရမ်းတုတ်ပြီး နတ်သမီးရှာဖွေပွဲ ဆင်နွှဲနေသော ကျွန်တော်သည် လွဲချော်မှုတွေအတော်များများနှင့် ရင်ဆိုင်ကြုံဆုံခဲ့ပါသည်။ ဖူးစာရှင် နတ်သမီးလေးအထင်နှင့် ကျွန်တော် ရင်ခွင်ထဲ ဖြားယောင်းသိမ်းသွင်းခဲ့သူတွေသည် အနေကြာတော့မှ ဖူးစာရှင်နတ်သမီးလေးမဟုတ်ဘဲ အတုယောင်တွေဆိုတာ သိလာရ၏။ သိတာနှင့် တစ်ပြိုင်နက်တည်း သူတို့ကို ကျွန်တော် ခွာထုတ်ပစ်လိုက်လေသည်။



တကယ်တော့ သူတို့ကို နာကျင်စေလိုသောဆန္ဒ ကျွန်တော့်မှာ လုံးဝမရှိပါ။ ဒါပေမယ့်လို့ သူတို့အားလုံး ကျွန်တော့်ကို မုန်းသွားကြသည်။

သူတို့က ကျွန်တော့်ကို စာနာစိတ်မရှိဘူးဟု ပြောကြ၏။

ရက်စက်သူဟု သမုတ်ကြ၏။

အသည်းစားဘီလူးဟုလည်း ဂုဏ်ပုဒ်တပ်ကြ၏။

သူတို့အားလုံး ကျွန်တော်အတွက်ပေးသော ဆုလာဘ်ကျိန်စာကတော့ တစ်မျိုးတစ်စားထဲပါပဲ။

“ရှင် တစ်နေ့မှာ ကျွန်မတို့ခံစားရသလို ပြန်ခံစားရပါစေ” တဲ့။

သူတို့ဘာပြောပြော ကျွန်တော် ဂရုမစိုက်ခဲ့ပါ။ အတုအယောင်ဖြစ်သော သူတို့က ကျွန်တော့်အတွက် အရေးမှမပါတာ။ ကျွန်တော့် အတွက် အရေးပါတာက အစစ်အမှန်ဖြစ်သော ကြယ်စင်နတ်သမီးလေးသာ. . .။

ကျွန်တော့်အား ငယ်စဉ်ကတည်းက စိုးမိုးထားတာက ကြယ်စင်နတ်သမီးလေး ဖြစ်၏။ ကျွန်တော်စွဲလမ်းမြတ်နိုးတာက ကြယ်စင်နတ်သမီးလေး ဖြစ်၏။ ကျွန်တော် အသည်းအသန်ရှာဖွေနေတာက ကြယ်စင်နတ်သမီးလေးဖြစ်၏။

ကြယ်စင်နတ်သမီးလေးသည်. . . ကျွန်တော်၏ ရင်တစ်ခြမ်း၊ ကျွန်တော်၏ နံရိုးတစ်ချောင်း၊ လိုအပ်နေသော ကျွန်တော်၏ ခန္ဓာတစ်ဝက်၊ အာသာမက်မက်နှင့် ရှင်သန်နေသော ကျွန်တော်၏ နေ့ရက်တွေက ကြယ်စင်နတ်သမီးလေးအတွက်ပါ။ ရှူးတယ်နော်. . .။

*

လမသာသော ညတစ်ညတွင် ပီပြင်သောအိပ်မက်တစ်ခုကို ကျွန်တော် မြင်မက်ပါ၏။ လင်းလက်သော ထက်ကောင်းကင်ဆီမှ

www.burmeseclassic.com

www.burmeseclassic.com



အလင်းခဲလေးတစ်ခုသည် ငိုင်တိုင်တိုင်နှင့် ခြေဆင်းထိုင်နေသော ကျွန်တော်၏ ရှေ့မှောက်ကို ထိုးဆင်းကျရောက်လို့လာသည်။ အံ့အားတသင့်နှင့် ကျွန်တော်ငုတ်တုပ် မေ့ပြီး မင်သက်စွာ တွေတွေကြီး စိုက်ကြည့်လိုက်မိပါသည်။ ကြည့်နေခိုက်မှာပဲ အလင်းခဲလေးက အပိုင်းအစတွေ ဖြစ်ပွားလေ၏။

ထိုသို့ အပိုင်းအစဖြစ်ပွားသွားသော အလင်းအမှုန်အမွှားတွေ ကြားကနေ လှပစွာသော နတ်သမီးလေးတစ်ပါး ပေါ်ထွက်လာလေသည်။ ကျွန်တော် ရင်ထဲမှာ အေးခနဲတွေ နွေးခနဲတွေ ဖြစ်ပွားပြီး နတ်သမီးလေးကို ပြေး၍ဖက်လိုက်သည်။ သို့ပေမယ့်လို့ လမ်းခုလတ်မှာပဲ တစ်စုံတစ်ခုနှင့် ထိခိုက်မိပြီး လူက ဟပ်ထိုးလဲကျသွားတော့၏။

အဲဒီအချိန်မှာပဲ ကျွန်တော် လန့်နိုးသွားခဲ့လေသည်။ ဆင်ခြင်ကြည့်တော့ ကျွန်တော်၏ ခန္ဓာကိုယ်သည် ခုတင်အောက်သို့ ပြုတ်ကျလို့ရောက်ရှိနေပါပြီ။

BURMESE CLASSIC .com

*

အိပ်မက်မက်ပြီး နောက်တစ်ရက်၏ ဆောင်းပီသလွန်းသော နံနက်ခင်းတွင်ဖြစ်သည်။ ကျွန်တော်သည် မြေနီလမ်းလေးထက်၌ လမ်းသလားနေလျက် ရှိလေ၏။

အဲဒီမှာပဲ ငွေရောင်နှင်းခါးတွေ ကြားထဲကနေ ဝိုးတဝါး ပေါ်ထွက်လာသော ဒြပ်ဝတ္ထုတစ်ခုကြောင့် ကျွန်တော်၏ နဗ်ကြောတွေ တုန်ခါပြီး အေးချမ်းနေသော ခန္ဓာသည် အနွေးဓာတ်တွေ လွှမ်းဖြာ ဖြာသွားလေသည်။

ဆန့်ကျင်ဘက်အရပ်ဆီ လျှောက်လှမ်းနေရာမှ ခြေဦးတည်ရာကို ပြောင်းလဲပစ်လိုက်တော့၏။ သက်ဝင်လှုပ်ရှားလျက်ရှိသော ချစ်စရာ အစိုင်အခဲလေးနောက်ကို စိတ်အလိုဆန္ဒအရ ကျွန်တော် သိုသိုသိပ်သိပ်ပဲ လျှောက်လိုက်နေမိသည်။ နေမင်း၏အဆင်းကြောင့် နှင်းခါးတွေ ပါးလျ



ပြေလျော့လာလေလေ၊ ကျွန်တော်၏ ရင်ခုန်နှုန်းတွေ ပိုမို လျင်မြန်လာလေလေပါပဲ။

ထူးဆန်းလိုက်တာ. . .။

အိပ်မက်ထဲက ကြယ်စင်နတ်သမီးလေးကို အပြင်လောကမှာ တကယ်တွေ့လိုက်ရတာကြောင့် ကျွန်တော် အံ့သြဝမ်းသာတွေ ဖြစ်နေမိ၏။ နွဲ့နှောင်းပြေပြစ်စွာ လျှောက်လှမ်းနေသော ကောင်မငယ်လေး၏ မျက်နှာပြင်မှာ စွဲမက်ဖွယ်အကောင်းဆုံးကတော့ ဓားထက်ထက်နှင့် အနုစိတ်မွှန်းထားသလို သွေးရောင်စိုလက်နေသည့် နှုတ်ခမ်းပါးရဲရဲလေးပါပဲ။ ပြစ်မျိုးမှည့်မထင်ဆိုတာ ဘာကိုပြောတာမှန်း ရေရေရာရာ မသိသေးသူ ကျွန်တော်သည် ကောင်မငယ်လေးအား မြင်လိုက်ရချိန်မှာပဲ အဲဒီဝေါဟာရကို ခံစားယုံကြည်လို့ ရသွားခဲ့၏။

ဆောင်းနံနက်ခင်းမှာ တစိမ့်စိမ့် ခံစားချက်တွေ ရောယှက်နေသည့် ကျွန်တော်သည် ကောင်မငယ်လေး၏နောက်မှ တကောက်ကောက်လိုက်ရင်း ကာယကံရှင်မသိသော ကိုယ်ရံတော် မှော်တော်ငေး ဖြစ်နေတာပေါ့။ ကျွန်တော်၏စိတ်နှလုံးတွေသည် အမြစ်မှဆွဲနှုတ်တာခံလိုက်ရသကဲ့သို့ သတိလက်လွတ်ဖြစ်ပြီး ကျွန်တော်၏ မျက်လုံးတွေကလည်း ကောင်မငယ်လေးဆီမှာသာ တွယ်ကပ်ငြိစွန်းနေပါတော့သည်။

ကောင်မငယ်လေးကို တရှိုက်မက်မက်ငေးရင်း ကျွန်တော်၏ စိတ်ကူးတွေ ဖူးပွင့်ဝေဆာလာပါသည်။ မအူမလည်သလိုဟန်မျိုးနှင့် ကုပ်ကမြင်းလုပ်ပြီး မှော်တော်ငေးဇာတ်ထုပ်ကြီးကို မကချင်တော့တာကြောင့် ကောင်မငယ်လေးထံပါး ကျွန်တော်ချဉ်းကပ်လို့သွားလိုက်ပါ၏။

“ဟိတ်. . . ဟိတ်. . . ခဏလေး”

ကောင်မငယ်လေးက သမင်လည်ပြန် လှည့်၍ကြည့်သည်။

“ဘာလဲဟင်”

လူကလှပသလို အသံကလည်း သာယာပါပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ရင်ဘတ်ထဲ၌ ရင်ခုန်သံတွေသည် သွက်သွက်ညံ သွားလေ၏။

“ဟိုလေ. . . ဟိုဒင်း. . . မင်း. . . မင်းလေးက ကြယ် ကြယ် လားဟင်”

“ရှင်”

“ဩော်. . . ကိုယ် ကိုယ်က မင်းကို. . . ဟိုဒင်း ကြယ်. . . ကြယ်လားလို့ပါ။ သိချင်လို့ပါ”

“အို”

ကောင်မလေး၏မျက်နှာပြင်သည် ရဲခနဲပဲ ဖြစ်သွား၏။

ပြီး. . . ကျွန်တော့်ကို စူးစူးဝါးဝါး တစ်ချက်ကြည့်သည်။ နောက်. . . လှစ်ခနဲပဲ ပြေးထွက်သွားလေသည်။

ဒီတော့မှ အခြေအနေမှန်ကို တွက်ဆမိပြီး ကျွန်တော်လည်း အားနာသွားပါတော့၏။

ဒီပါးစပ်နှယ်. . . ခက်တော့တာပဲ. . .

ဘာပဲပြောပြော ကျွန်တော် ပျော်ပါသည်။

နှလုံးသားက အသိတရားနှင့် အိပ်မက်နိမိတ်ပုံကြောင့် ကောင်မလေးသည် ကျွန်တော် ရှာဖွေနေသည့် ကျွန်တော်၏ စစ်မှန်သော နတ်သမီးလေးဆိုတာ တပ်အပ်သေချာ သိလိုက်ရသောကြောင့် ဖြစ်၏။

*

နောက်ထပ် နံနက်ခင်းတွေမှာပေါ့။ မြေနီလမ်းလေးထက်မှ ကျွန်တော် စောင့်မျှော်နေပေမယ့် နတ်သမီးလေး ရောက်မလာတော့ပါ။ သဲလွန်စတစိုးတစိတောင် ချန်မထားရစ်ခဲ့ဘဲ နတ်သမီးလေးခြေရာ ပျောက်သွားသည်။

လန့်သွားပုံပါပဲ။ ကျွန်တော်ကတော့ ငယ်စဉ်က တောင်းဆုကို ယုံကြည်မှုအပြည့်နှင့် အချိန်တန်ရင် နတ်သမီးလေးသည် ကျွန်တော်၏

BURMESE CLASSIC .com



ဖူးစာရှင် ဖြစ်ကို ဖြစ်လာမှာပဲဟု ယူဆကာ စောင့်မျှော်နေမိပါသည်။ ဘယ်ဆီဘယ်ဝယ် သုတ်ချေတင်သွားမှန်း မသိသူကို ကျွန်တော် ဘယ်လိုများ ရှာဖွေရမှာလဲ. . .။

နတ်သမီးလေးနှင့် ပြန်ဆုံဖို့အရေးကို တလွမ်းတဆွေး စောင့်စားနေမိတာ၊ ရာသီတွေပြောင်း၍ နှစ်တွေသာ ကြာရှည်ဟောင်းလာသည်။

ဖော်ကွာဝေးအဖြစ်မှ ကျွန်တော်သည် ကျွတ်တန်းဝင်ခွင့် မရသေးပါ။

ဘယ်ခေတ်ကျတော့မှ ဖူးစာရှင်နတ်သမီးလေးနှင့် ကျွန်တော် ပေါင်းဖက်ခွင့်ရမှာလဲ. . .။

ဒီလိုနှင့်ပင်. . . တရိရိဖြင့် အချိန်တွေသာ ရင့်အိုလာ၏။ သဘာဝ၏ အလှည့်အပြောင်း ဆောင်းသုံးဆောင်း လဲလှယ်ပြီးသည် အထိ နတ်သမီးလေးကို ကျွန်တော် မမေ့ဖျောက်နိုင်သေးပါ။

အမြန်လာပါတော့ နတ်သမီးလေးရယ်. . .။

ဒီလူလည်း အရိုးရင့်နေပါပြီ. . .။

ဝေ့သီမှုန်ရီနေသော ဆောင်းတစ်မနက်မှာ ဖြစ်သည်။ နှင်းရည်တွေ စွန်းထင်းလျက်ရှိသော လမ်းနီနီကလေးထက်တွင် ကျွန်တော် လမ်းလျှောက်ထွက်ဖြစ်သည်။

အဲဒီမှာပဲ မြူမှုန်တွေ ခြုံရုံလျက် တလှုပ်လှုပ် ရွေ့လျားနေသော ပုံရိပ်တစ်ခုကို သွား၍တွေ့၏။

လျှပ်စစ်နှင့် အတို့ခံလိုက်ရသလိုမျိုး ကျွန်တော် ထွန့်ထွန့်လူး လှုပ်ရမ်းသွားရလေသည်။

အို. . . ဘုရားရေ. . .

တွေ့ပါပြီ. . . ကျွန်တော်ရဲ့ နတ်သမီးလေးကို ပြန်တွေ့ပါပြီ။

“ဟူး. . .”

သက်ပြင်း အထွေးလိုက် အပုံလိုက်ချမိ၏။

www.burmeseclassic.com

www.burmeseclassic.com



နတ်သမီးလေး၏ အပြင်အဆင်က အစစ်အမှန်မို့ ယုံမှတ်ကာ အိပ်သွန်ဖာမှောက် ပုံအပ်ထားသည့် ကျွန်တော်၏ နှလုံးသားကို ကြေကွဲခြင်းတွေနှင့်သာ တစ်သက်စာ ဂျိုးကပ်သွားစေခဲ့ပါသည်။

ဆုတောင်းပဲ မှားတာလား. . .၊ ကျိန်စာပဲ သင့်တာလား. . .၊ ဘယ်လိုဘယ်အကြောင်းကြောင့်လဲတော့ မသိပါ။ ငယ်စဉ်ဘဝ ကြယ်ကြွေညတစ်ညက ကျွန်တော်၏ ဆုတောင်းမပြည့်တာကတော့ သိပ်ကို သေချာသွားပါပြီ။

ငယ်စဉ်ကတည်းက နှစ်ရှည်လများ တည်ဆောက်လာခဲ့သည့် မျှော်လင့်ချက်ပန်းတိုင်ကြီး လဲပြိုသွားတာကြောင့် နာကျင်ခံခက်စိတ်နှင့် ကျွန်တော် တောက်တစ်ချက် ခေါက်ရင်း ငိုမဲ့မဲ့ ညည်းတွားလိုက်မိပါတော့သည်။

“ တောက်. . . နတ်သမီးလေးတောင် ဗိုက်ပူနေပြီကိုး ”

ဤတွင် သံဝေဂလည်း ရမိလေ၏။

# စိတ်ကူးအိပ်မက် မျှော်လင့်ချက်

www.burmeseclassic.com

www.burmeseclassic.com

မြို့တော်အင်္ဂါရပ်များစုံလင်စွာဖြင့် နေချင်စဖွယ် တင့်တယ်လှပသော မြို့ငယ်လေးတစ်မြို့တွင် လတ်ဆတ်သော လူငယ်ဆန်မှုတို့ဖြင့် ရှင်သန်နေကြသည့် လူငယ်လေးသုံးယောက် ရှိပါသည်။

သံယောဇဉ်၏ခက်ဆစ်ကို ရေရာစွာ မဖွင့်ဆိုတတ်သော်ငြား လည်း သူတို့သုံးယောက် အတွဲညီလျက် ပေါင်းဖက်နေကြသည်မှာ အမှန်ပင်။ သူတို့သုံးယောက်အား လူအများစုက သိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေဟု သတ်မှတ်ကြသည်။

ထိုသူငယ်ချင်း သုံးယောက်ထဲမှ အသက်အကြီးဆုံး ကောင်လေးက "မျှော်လင့်ချက်" ဆန်၍ ဒုတိယကောင်လေးက "စိတ်ကူး" ဆန်ကာ အငယ်ဆုံးကောင်လေးက "အိပ်မက်" ဆန်၏။

အသက်အကြီးဆုံးကောင်လေးက တစ်နေ့ သူ့မိဘ စီစဉ်ပေးသည့် လုပ်ငန်းကိုလုပ်မည်ဆိုသော မျှော်လင့်ချက်ဖြင့် ယခုအချိန်မှာ လွတ်လပ်ပေါ့ပါးစွာ ရှင်သန်နေသူဖြစ်သည်။ ဒုတိယကောင်လေးက အလုပ်လုပ်ချင်စိတ်ရှိပေမယ့် သူနှင့် ကိုက်ညီမည့် အလုပ်ကို စိတ်ကူးဖြင့် ရွေးချယ်ရင်း စိတ်ကူးထဲမှ ရုန်းမထွက်နိုင်သေးသူဖြစ်သည်။ အသက်အငယ်ဆုံးကောင်လေးက လက်ရှိ သူလုပ်နေရသည့် အလုပ်ကိုသာ အကောင်းဆုံးဖြစ်အောင် ကြိုးစားနေသူဖြစ်သည်။ ထိုကောင်လေးသည် ဘယ်ကိစ္စတွင်မဆို ဖြစ်ပျက်နေစဉ်မှာ သူတစ်ပါးထက် ပိုမိုရှုံးသွပ်လေ့ရှိပေမယ့် ပြီးပြတ်သွားတာနှင့် အိပ်မက်တစ်ခုပမာ လွယ်လွယ်ကူကူ မေ့ပစ်တတ်သောကြောင့် သူ့ကို အိပ်မက်ဆန်သူဟု ပြောကြ၏။



သူတို့သုံးယောက်သည် စရိုက်လက္ခဏာချင်း ကွာဟသကဲ့သို့ အသွင်သဏ္ဌာန်ချင်းလည်း မတူညီကြချေ။ မျှော်လင့်ချက်ဆန်သူက အရပ်ရှည်၍ စိတ်ကူးဆန်သူက အရပ်ပုပြီး အိပ်မက်ဆန်သူကတော့ အလယ်အလတ်။ အသားရောင်တွင်လည်း မျှော်လင့်ချက်ဆန်သူက ညို၍ စိတ်ကူးဆန်သူကဖြူကာ အိပ်မက်ဆန်သူကတော့ အလယ်အလတ်သာ။ မျှော်လင့်ချက်ဆန်သူက ပိန်၍ စိတ်ကူးဆန်သူက ဝကာ အိပ်မက်ဆန်သူကတော့ မပိန်မဝပင်ဖြစ်သည်။

သူတို့သုံးယောက်တွင် မျှော်လင့်ချက်ဆန်သူက ယောကျ်ားဆန်ဆန် ကြည့်ကောင်းပြီး စိတ်ကူးဆန်သူက မိန်းမချောချော၍ အိပ်မက်ဆန်သူကတော့ သာမန်ပင်။ စိတ်ကူးဆန်သူသည် အမြဲစမတ်ကျအောင် ပြင်ဆင်နေထိုင်လေ့ရှိပြီး အိပ်မက်ဆန်သူမှာ အခါများစွာ သပ်ရပ်အောင် နေလေ့ရှိပေမယ့် တစ်ခါတစ်ရံတွင် ဖြစ်သလိုပင် နေတတ်ကာ မျှော်လင့်ချက်ဆန်သူကတော့ ကပိုကရို အနေဆုံးဖြစ်သည်။

သူတို့သုံးယောက်ထဲတွင် မျှော်လင့်ချက်ဆန်သော လူငယ်မှာ အားနာတတ်ပြီး သူတစ်ပါးအား အလွန် ကူညီသူဖြစ်သည်။ သူသည် သိမ်ငယ်စိတ်ဖြင့် သူ့ထက်သာသူများကို ပေါင်းပြီး ဂုဏ်ယူတတ်၏။ စိတ်ကူးဆန်သောလူငယ်က အပေါင်းအသင်းမင်ပေမယ့် ကိုယ်ကျိုးကို နည်းနည်းမှ အနာမခံသူ ဖြစ်သည်။ ပြဿနာတစ်ခုဖြစ်လာလျှင် သူသာ အမှန်ဟု ကောက်ချက်ချတတ်၏။ အိပ်မက်ဆန်သောလူငယ်ကတော့ သူ တတ်နိုင်သည့်အတိုင်းအတာအထိသာ သူတစ်ပါးကို ကူညီသူဖြစ်သည်။ သူ မတတ်နိုင်ပါက အပြတ်ငြင်းပယ်ပစ်တတ်သည်။

သူတို့သုံးယောက်သည် ပေတရာပေါ်မှာ မိုင်ချီသောလမ်းတွေ လျှောက်ခဲ့ကြသည်။ လမ်းဘေးပလက်ဖောင်းပေါ်မှာ ဂစ်တာတွေ ခေါက်ခဲ့ကြသည်။ သုံးယောက်ထိုင်စကားပြောရင်း မိုးလင်းခဲ့ဖူးသည့် ညပေါင်းများစွာလည်း ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သုံးယောက်သည် အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်ပေမယ့် လူတိုင်းတွင် မိမိတို့၏ အစိတ်ပိုင်းတချို့အား လျှို့ဝှက်တတ်သည့် အကျင့် ရှိသည်ကို သဘောပေါက်သဖြင့် တစ်ယောက်အကြောင်းကို တစ်ယောက် မစပ်စု မစွက်ဖက်ဘဲ အကန့်ကိုယ်စီဖြင့်သာ နေကြသည်။

သူတို့သည် လူတစ်ယောက်၏တန်ဖိုးကို ဘယ်လိုပေတံမျိုးနှင့်မှ တိုင်းတာ၍ မရနိုင်မှန်း သိသောကြောင့် တစ်ယောက်ကိုတစ်ယောက် လေးစားစွာ ဆက်ဆံကြသည်။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် နားလည်ကြသည်။ ထိုနားလည်မှုကြောင့်ပင် အများတကာ အားကျရလောက်အောင် သူတို့၏ ပတ်သက်မှုက ခိုင်မြဲနေခြင်းဖြစ်၏။

သူတို့သုံးယောက်သည် အသွင်အပြင်အနေအထား ခြားနားသော်လည်း သန့်စင်သက်ဝင်စွာ တွယ်ငင်နှောင်ဖွဲ့နေသူတွေ ဖြစ်သည်။ သုံးယောက်စလုံးတွင် ကိုယ်စီကိုယ်ငှ အပေါင်းအသင်းတွေ ရှိကြပေမယ့် အဓိကအားဖြင့်တော့ သူတို့သာ တွဲကြသည်။ သူတို့သုံးယောက်သည် ငယ်စဉ်ကတည်းက တွဲဖက်လာကြသည့် ငယ်သူငယ်ချင်းများ မဟုတ်ကြပါ။ သူတို့၏ ပတ်သက်ခြင်းက ဟိုက္ကူကဗျာတစ်ပုဒ်ကဲ့သို့ ရိုးရှင်း လှပ၏။

*

လွန်ခဲ့သော သုံးနှစ်ခန့်ကပေါ့။ ဤမြို့နယ်လေး၌ ကြက်ပျံမကျ စည်ကားလှသည့်ပွဲတော်တစ်ခု ဖြစ်ခဲ့သည်။ ထိုပွဲတော် နောက်ဆုံးညတွင် ပွဲတော်မှ မွန်းကြပ်ဆူညံမှုများနှင့် ကင်းဝေးရာ လမ်းဘေးအုတ်ခုံပုံလေး တစ်ခု၌ ကောင်လေးတစ်ယောက်သည် အေးဆေးသက်သာထိုင်၍ လမိုက်ည၏ကြယ်ဖြူတွေကို နှစ်ခြိုက်စွာ ငေးမော့ကြည့်နေ၏။ ထိုကောင်လေးမှာ အိပ်မက်ဆန်သော လူငယ် ဖြစ်ပါသည်။

အချိန်အနည်းငယ်လင့်လာသောအခါ သူ ထိုင်နေရာ အုတ်ခုံပုံလေးဆီသို့ ဂစ်တာတစ်လက်ကို ထမ်း၍ကောင်လေးတစ်ယောက် ရောက်လာ၏။ ထိုကောင်လေးမှာ စိတ်ကူးဆန်သော လူငယ်ဖြစ်လေသည်။



သူတို့နှစ်ယောက်သည် အုတ်ခုံပုံလေး၏ အစွန်းတစ်ဖက်စီတွင် စကားမပြောဘဲ ထိုင်နေဖြစ်ကြသည်။ စိတ်ကူးဆန်သော လူငယ်က ဂစ်တာကို ဖွဖွတီး၍ သီချင်းတစ်ပုဒ်ကို တိုးသက်စွာညည်းသည်။ ဒါကို အိပ်မက်ဆန်သောလူငယ်က ညနှင့်တွဲဖက်၍ တိတ်တဆိတ်ခံစားနေ၏။

လရောင်ကင်းသည့် ည၌၏အပိုင်းအခြားတစ်နေရာသည် နီယွန်မီးရောင်တို့ဖြင့် လင်းနေလျက် ပွဲတော်မှအသံသဲ့သဲ့နှင့် ဂစ်တာ လက်ခတ်သံမှန်မှန်သာ ပျံ့လွင့်နေ၏။ မကြာခင်မှာပဲ ဂစ်တာကို မက်မောသော ကောင်လေးတစ်ယောက်ကလည်း ဂစ်တာသံကို မှန်းဆ၍သွားရေစာတွေ တသွတ်သွတ်စားရင်း ထိုနေရာသို့ ရောက်လာပြန်၏။ ထိုကောင်လေးမှာ မျှော်လင့်ချက်ဆန်သောလူငယ်ဖြစ်သည်။

နှုတ်သွက်သည့် မျှော်လင့်ချက်ဆန်သော လူငယ်ရောက်လာပြီး စကားဆိုမှ အခြားနှစ်ယောက်ကလည်း စကားစပြောကြသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အိပ်မက်ဆန်သောလူငယ်နှင့် စိတ်ကူးဆန်သောလူငယ်တွင် သိသာသောမာနရှိကြောင်း ပေါ်လွင်နေ၏။

မာနဆိုသည်မှာ အခြေအနေ အချိန်အခါအလိုက် အနည်းနှင့်အများသာ ကွဲပြား၍ လူတိုင်းတွင်တော့ ကိုယ်စီရှိကြစမြဲပင်။ မျှော်လင့်ချက်ဆန်သော လူငယ်ကတော့ သူ့မာနကို သေသပ်ကျနစွာ ဖုံးကွယ်ထားတတ်တာဖြစ်သည်။ တကယ်တော့ မာန ဆိုတာကလည်း လိုအပ်သောအခါတွင် ထုတ်နှုတ်သုံးစွဲမှသာ အကျိုးရှိသည့်အရာ ဖြစ်ပါသည်။

သူတို့သုံးယောက်သည် အုတ်ခုံပုံလေးမှာ မျှဝေထိုင်ရင်း သီချင်းတွေဆိုကြသည်။ စကားဖောင်ဖွဲ့ကြသည်။

သူတို့ သိရှိ တွေးတောမိသလောက် လောကသဘာဝ၊ ကွဲပြားသော ဘုရားသခင်ခွဲခြားမှု၊ လူတို့၏ စိတ်၊ ဂီတ၏သဘောတရား၊ သံစဉ်စီးဆင်းမှု ရစ်သမ်တွေအကြောင်း ပြောကြသည်။ ထိုမှတစ်ဆင့် စကားဝိုင်းပီပြင်လာတာနှင့် လူငယ်တို့၏ အကျင့်အတိုင်း ကိုယ်ပြောချင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာကိုသာ အားသန်စွာ ဆက်လက် ပြောကြ ဆိုကြပြန်သည်။

ညဥ့်ယံ၏ ပြောင်းလဲမှုနှင့်လိုက်၍ သူတို့၏ ရင်းနှီးမှုကလည်း ရင့်သန်လာ၏။ ထိုညက သူတို့သုံးယောက်စလုံး တစ်ရေးလေးတောင် မမှေးဖြစ်လိုက်ကြပါ။

လူငယ်တို့၏ ခင်မင်မှုက ဆန်းကြယ်၏။ အရက်တစ်လုံး၊ စကားတစ်ဝိုင်း၊ ရန်ပွဲတစ်ပွဲနှင့်ပင် ငယ်ပေါင်းကြီးဖော်တွေကဲ့သို့ အကျွမ်းတဝင်ဖြစ်သွားတတ်၏။

သူတို့သုံးယောက်အရင်းနှီးဆုံးသူငယ်ချင်းတွေ ဖြစ်သွားစေဖို့ အတွက်လည်း ညတစ်ညတည်းဖြင့် လုံလောက်ခဲ့ကြပါသည်။

*

နားလည်မှုဖြင့် တွယ်တာနေကြသော သူတို့သူငယ်ချင်းသုံးယောက်၏ ပတ်သက်မှုသည် ထာဝရ အေးငြိမ်းနေလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့ြငား မထင်မှတ်သောဝဲဂယက်လေးက သူတို့သုံးယောက်ကြားတွင် ဝင်ရောက်လှုပ်ခတ်သွား၏။

တစ်နေ့မှာ အိပ်မက်ဆန်သောလူငယ်က လျှို့ဝှက်ထားသော သူ့ချစ်သူကောင်မလေးကို ခေါ်ဆောင်လာပြီး သူငယ်ချင်းနှစ်ယောက်နှင့် မိတ်ဆက်ပေးသည်။ ထိုကောင်မလေး၏ ပြည့်စုံခြင်းအလှက ရိုးသန့်စွာ ထည်ဝါတောက်ပ၏။

သူတို့သုံးယောက်တွင် မျှော်လင့်ချက်ဆန်သောလူငယ်မှာ ချစ်သူရှိ၍ စိတ်ကူးဆန်သောလူငယ်မှာတော့ စိတ်ကူးဖြင့် ရွေးချယ်ရာမှ တိုးမတက်သောကြောင့် ချစ်သူမရှိချေ။ အိပ်မက်ဆန်သောလူငယ်ကတော့ ယခုမှ သူ့ချစ်သူကို ပွဲထုတ်ပြလိုက်တာဖြစ်သည်။

ရက်ကာလအတန်ကြာသောအခါ အိပ်မက်ဆန်သောလူငယ်သည် မမျှော်လင့်သောပြဿနာကို ရင်ဆိုင်လိုက်ရ၏။ ပြဿနာမှာ သူ့



ချစ်သူကို စိတ်ကူးဆန်သောလူငယ်က တိတ်တဆိတ် ချစ်ခွင့်ပန်နေခြင်းပါပဲ။ ထိုကိစ္စကို မယုံကြည်ချင်ပေမယ့် သူ့ချစ်သူကိုယ်တိုင်က ပြန်ပြောပြတာမို့ လက်ခံလိုက်ရသည်။

ထိုပြဿနာကို အိပ်မက်ဆန်သော လူငယ်သည် ဘယ်လိုကိုင်တွယ် ဖြေရှင်းရမှန်းမသိဖြစ်သွား၏။ တချို့တစ်လေသော ပြဿနာတို့တွင် ကျားကစားသကဲ့သို့ အပြင်လူက ပိုမြင်တတ်သည်ဆိုသောအချက်ကို သူ တွေးမိလိုက်သဖြင့် မျှော်လင့်ချက်ဆန်သော လူငယ်ထံသွားကာ ပြဿနာကို ဖွင့်ဟလိုက်၏။ သို့သော် မျှော်လင့်ချက်ဆန်သော လူငယ်ထံမှ အံ့ဩဟန်မှတစ်ပါး ကျေနပ်လောက်သော အဖြေစကားကို မကြားခဲ့ရချေ။

တစ်နေ့တစ်ကြိမ် ပုံမှန်ဆုံဖြစ်ကြသည့် သူတို့သုံးယောက်သည် အစဉ်အလာပျက်လာ၏။ စိတ်ကူးဆန်သောလူငယ်ကလည်း သူငယ်ချင်းနှစ်ယောက်ကို ရှောင်နေပြီး ကောင်မလေးထံမှ အချစ်ကို ရရန်သာ အတွင်တွင်ကြိုးပမ်းနေသည်။ ကောင်မလေးကလည်း ကိစ္စမှန်သမျှကို သူမချစ်သူအား ပြန်ပြောပြသည်။ ထိုအကြောင်းများကို ကြားသိရတိုင်း အိပ်မက်ဆန်သော လူငယ်မှာ နာကျင်ခံခက်ဖြစ်ရ၏။

မကြာခင်မှာပင် စိတ်ကူးဆန်သော လူငယ်သည် အချစ်ဆုံးသူငယ်ချင်း၏ချစ်သူကို ကြာခိုသော ကြာကူလီကောင်အဖြစ် လူငယ်တွေကြားမှာ ရစရာမရှိအောင် နာမည်ပျက်ကာ သတင်းပြန့်နှံ့သွား၏။

ထိုသတင်းများကို ကြားတော့ အိပ်မက်ဆန်သော လူငယ်မှာ အံ့ဩသွားသည်။ ထိုသတင်းကို သူဖြန့်တာမဟုတ်။ သူငယ်ချင်း၏ ဂုဏ်သိက္ခာအတွက် ထိုကိစ္စကို သူကိုယ်တိုင် လျှို့ဝှက်ထားသလို ချစ်သူကိုလည်း နှုတ်ပိတ်ထားတာဖြစ်သည်။ မကျေနပ်စိတ်ဖြင့် သူ လိုက်လံစုံစမ်းကြည့်တော့ ထိုသတင်းကိုဖြန့်သူမှာ မျှော်လင့်ချက်ဆန်သော လူငယ်ဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ထပ်ဆင့် အံ့သြရပြန်သည်။ ဘာကြောင့်များ ဒီလိုလုပ်တာ ပါလိမ့် ဆိုသော အတွေးလှိုင်းတို့ဖြင့် သူ့စိတ်တွေ နောက်ကျိသွားသည်။

ဤပြဿနာ၏အပြင်လူဟု ထင်မှတ်ထားသည့် မျှော်လင့်ချက် ဆန်သောလူငယ်သည်လည်း အတွင်းလူစစ်စစ် ဖြစ်နေချေပြီ။

ဤသို့ဖြင့် သူတို့သုံးယောက်မှာ တစ်ယောက်နှင့်တစ်ယောက် မတွေ့ဆုံဖြစ်ကြတော့ပါ။ အပေါင်းအသင်းများက အထင်သေး ရွံရှာစိတ်ဖြင့် ဝိုင်းပယ်ခံထားရသည့် စိတ်ကူးဆန်သော လူငယ်မှာ ရှက်စိတ်ကြောင့် အပြင်မထွက်တော့ဘဲ အထီးကျန်ဆန်မှုကို ဂစ်တာတစ်လက်နှင့်သာ အဖော်ပြုနေ၏။ မျှော်လင့်ချက်ဆန်သောလူငယ်ကတော့ သတင်းတွေကို လိုက်ဖြန့်မြဲဖြန့်နေဆဲ။ အိပ်မက်ဆန်သော လူငယ်ကလည်း သူ့အလုပ်ထဲမှာသာ စိတ်ကို နှစ်ထားရင်း ပြဿနာကို ဖြေရှင်းရန် နည်းလမ်းရှာဖွေနေပါ၏။

တစ်ချိန်တုန်းက ထိုင်ခုံအပဲ့လေးမှာ မျှဝေထိုင်ခဲ့ကြသော သူတို့ သူငယ်ချင်းသုံးယောက်သည် ကောင်မလေးတစ်ယောက်ကြောင့် မထင်မှတ်စွာ ကွဲကွာသွားကြလေသည်။ တစ်ယောက်ကိုတစ်ယောက် နားလည်မှုရှိကြသော သူတို့သူငယ်ချင်းသုံးယောက်အဖွဲ့လေး ပြိုကွဲသွားတော့ အားလုံးအံ့အားသင့်ကြ၏။ တကယ်တော့ နားလည်မှုဆိုတာ ကိုယ့်အတ္တနှင့်ယှဉ်လာလျှင် ကွယ်ပျောက်သွားတတ်သည့်အရာမျိုးသာ ဖြစ်လေသည်။

အိပ်မက်ဆန်သောလူငယ်မှာ ပြဿနာကို တအုံနွေးနွေးဖြင့် ပစ်မထားချင်ပေ။ လူတွေက သူ့ကို မျှဝေခံစားနားလည်ပေးနိုင်သူဟူ၍ ချီးကျူးကြသော်ငြားလည်း ဤအဖြစ်အပျက်က သူ မရင့်ကျက်သေးကြောင်း လှစ်ဖော်ပြသလိုက်သကဲ့သို့ရှိ၏။ ရင်ရင်းပူဆွာမို့ သူအဖြေရှာဖို့ ခက်ခဲနေပါသည်။

ဘယ်တော့မဆို စိတ်ကူးဖြင့် ရွေးချယ်ရာမှ အဆင့်မတက်သည့် စိတ်ကူးဆန်သောသူငယ်ချင်းမှာ သူ့ချစ်သူကိုမှ လက်တွေ့အကောင်



အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပထမဆုံး ပွင့်အန်ထွက်လာသည့် ထိုအချစ်ကို သူ အပြစ်ယူသင့်ပါသလား. . . . ။

မျှော်လင့်ချက်ဆန်သော သူငယ်ချင်းကလည်း ဘာသဘောနှင့် ကိုယ့်သူငယ်ချင်းမကောင်းကြောင်းတွေ လျှောက်ကြေငြာနေရပါသနည်း။ လူငယ်တကာ အားကျသည့်သူတို့အဖွဲ့လေးကို လူအများကဲ့ရဲ့စရာဖြစ်အောင် လုပ်နေခြင်း၏ နောက်ဆုံးမျှော်လင့်ချက်က ဘာလဲ. . . ။

သူတို့နှစ်ယောက်နေရာတွင် ဝင်၍ အဖက်ဖက်က တွေးတော စဉ်းစားခံစားကြည့်လိုက်သည်။

ထိုအလစ်အငိုက်မှာပင် အိပ်မက်ဆန်သောလူငယ်သည် သူ လုံးဝ တွေးထင်မထားသော ရှုထောင့်မှ ထိုးနှက်ခြင်းကို ခံလိုက်ရလေသည်။ သူ စိတ်ချယုံကြည်ထားသော ချစ်သူက သူ့ကိုစွန့်ခွာသွားခြင်းပင်။ အကြောင်းပြချက်က သူ့တွင် သူမအပြင် အခြားချစ်သူတစ်ယောက် ရှိနေသေးကြောင်း သတင်းအတိအကျ သိလိုက်ရသောကြောင့်ဟု ဆိုသည်။ သူမဘက်က ဖြူစင်သလောက် သူ့ဘက်က မဖြူစင်သဖြင့် စက်ဆုပ်ရွံရှာကာ နာကြည်းမုန်းတီးသွားခြင်းသာ ဖြစ်သည်။

အိပ်မက်ဆန်သောလူငယ်သည် သိပ်သည်းမှုများဖြင့် နာကျင်ထိရှသွားသည်။ ထိုသတင်းမှာ အမှန်မဟုတ်ပါ။ ချစ်သူအား မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသော အမှန်တရားကိုလည်း သူ ပြောမပြလိုက်တော့ပါ။ လောကမှာရှင်းခါမှ ပိုရှုပ်သွားမည့် အရာတွေရှိသေးကြောင်းလည်း သူ သိသွား၏။ ယခုအချိန်မှာ အရာအားလုံးကို သူကောင်းစွာ နားလည်သဘောပေါက်သွားလေပြီ။

ဘယ်ကိစ္စမဆို ပြီးပြတ်သွားတာနှင့် အိပ်မက်တစ်ခုလို မေ့ပစ်တတ်သည်ဟု လူတွေပြောကြသောသူသည် ဤကိစ္စကိုလည်း အိပ်မက်တစ်ခုကဲ့သို့ အလွယ်တကူ မေ့ပစ်လိုက်နိုင်သည့်ပမာ လူတွေရှေ့မှာ ဟန်ဆောင်ပြရဦးမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆန်သော လူငယ်သည် သူတို့သူငယ်ချင်းသုံးယောက် စုံညီအောင် ဖန်တီး၍ပြဿနာကို မျက်နှာချင်းဆိုင် ရှင်းလေသည်။

ဤတွင် စိတ်ကူးဆန်သော လူငယ်က သူ့အမှားကို ဝန်ခံသည်။ သူသည် ကောင်မလေးကို ချစ်စိတ်ကြောင့် သူငယ်ချင်းစည်းဘောင်အား ချိုးဖောက်ပြီး မဆင်မခြင်ချစ်ခွင့်ပန်မိသည့်အတွက် ခွင့်လွှတ်ရန် တောင်းပန်၏။ နောက်နောင် ဤကဲ့သို့ မပြုလုပ်တော့ပါဟုလည်း ကတိပေးသည်။

မျှော်လင့်ချက်ဆန်သောလူငယ်ကိုလည်း ဘာကြောင့် ကိုယ့်သူငယ်ချင်းအရင်းအချာ၏ မကောင်းကြောင်းကို လူတကာ လိုက်ပြောရတာလဲဟု မေးတော့ ရှက်စိတ်ပေါ်လာပြီး နောင်တရစေချင်လို့ပါဟု ဖြေလေသည်။

ထိုအဖြေကို ကျန်နှစ်ယောက်စလုံးက မယုံကြည်ကြပါ။ သို့ရာတွင် စိတ်ကူးဆန်သော လူငယ်က ကိုယ့်အမှားနှင့်ကိုယ်မို့ ငြိမ်နေခြင်းဖြစ်သလို အိပ်မက်ဆန်သောလူငယ်ကလည်း "မိန်းမတစ်ယောက်ကြောင့်" ဆိုသော ခေါင်းစဉ်အောက်မှ သူနှင့်သူတို့အဖွဲ့လေး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းရန် အတွက် ငြိမ်နေခြင်းဖြစ်သည်။

နောက်တော့ အိပ်မက်ဆန်သော လူငယ်က "သူငယ်ချင်းတွေဖြစ်နေမှတော့ ကိုယ့်သူငယ်ချင်းရဲ့ အားနည်းချို့ယွင်းချက်ကို အပြစ်မတင်ဘဲ နားလည်ခွင့် လွှတ်ပေးရမှာပေါ့" ဟု ပြောပြီး သူတို့သုံးယောက် အရင်လိုပင် ပြန်နေကြရန် ဆုံးဖြတ်လိုက်လေသည်။

ဤသို့ဖြင့် သူတို့သူငယ်ချင်းသုံးယောက် ပြန်လည်ပေါင်းစည်းသွားကြသည်။ သို့သော် သူတို့သုံးယောက်ကြားတွင် အက်ကြောင်းတစ်ခု စွဲထင်ကျန်ရစ်ခဲ့၏။

ထိုအက်ကြောင်းမှာ **သံသယ** ဖြစ်ပါသည်။

## ပန်းနုရောင်စဉ် လွှမ်းဖြာဆဲ ခရမ်းပြာအလင်္ကာ

www.burmeseclassic.com

www.burmeseclassic.com

ရှည်လျားသောညတာကြား နိုးတစ်ဝက် အိပ်တစ်ဝက်နှင့် ဘယ်ညာလူးလွန့်နေခဲ့သည့် မိုင်သည် နှိုးစက်၏ အကူအညီမလိုဘဲ စိတ်နှလုံး၏ နှိုးဆော်မှုကြောင့် နိုးထလာလေသည်။ မိုင့်အတွက်တော့ အလုပ်နှင့်ကင်းပြတ်နေသော ညတာတိုင်းသည် အတွေးတို့ကြောင့် ရှည်လျားနေတတ်သည်မှာ ကြာလှပါပြီ။

နိုးတာနှင့် တစ်ပြိုင်နက် တပ်လှန့်လိုက်သောအသိကြောင့် ခံစားမှုတံခါးတို့ ဟင်းလင်းပွင့်သွား၏။ နက်ရှိုင်းဆွတ်ပျံ့မှုများစွာ ရစ်သိုင်းခြုံနေသော နေ့တစ်နေ့၏ နံနက်ခင်းသည် သာမန်အမြင်အားဖြင့် ပြောပလောက်အောင် ထူးခြား ဆန်းပြားခြင်း မရှိသော်ငြား မိုင့်နှလုံးသား၏ အမြင်အာရုံတွင်မတော့ အရာရာသည် ဆန်းကြယ်ခမ်းနားလှစွာ လွှမ်းမိုးလို့ထား၏။ ဖေဖော်ဝါရီသည် ဆောင်းကို အသက်ဝင်စေနိုင်စွမ်း ရှိတုန်းပါပဲ။ တစ်စတစ်စနှင့် ဆွဲထုတ်ခြင်း ခံနေရသော နှင်းတို့ကလည်း လက်ကျန်အင်အားကို အစွမ်းကုန် သွန်းလောင်းပြနေကြ၏။

ဖေဖော်ဝါရီ၏သတိပေးသံကြားကတည်းက မိုင်သည် ရွက်ကြွေတော၌ ချစ်သူနှင့်အတူ ပြန်လမ်းလျှောက်နေမိသည်။ ဒီနေ့ ဒီရက်ကို ရသပေါင်းစုံလင်စွာဖြင့် မိုင် စောင့်မျှော်နေခဲ့တာပါ။ အခုတော့ နေသစ်ကလေးက ငွေနှင်းမှုန်တွေ ဝေဖြာနေသော နံနက်ခင်းလေးဖြင့် မိုင်၏ ရှေ့တော်မှောက်ကို ရောက်ရှိလာခဲ့ချေပြီ။

အခြားကာလတွေမှာ သတိရသော်ငြားလည်း အလုပ်ကိစ္စတာဝန်တွေနှင့်မို့ လစ်လျူရှုထားရသော ချစ်သူကို ဒီနေ့ ဒီရက်မှာတော့ဖြင့်



ဘယ်လိုအင်အားနှင့်မှ မိုင် မျက်ကွယ်ပြုထားနိုင်စွမ်း မရှိပါ။ ယခုအချိန်ဆို ချစ်သူကလည်း မိုင့်ကို စောင့်မျှော်နေမှာ အသေအချာပါပဲ။

ဒါကြောင့်မို့လည်း မိုင် မမေ့မလျော့ဘဲ ချစ်သူရှိရာ အရပ်ဒေသဆီသို့ တစ်ကိုယ်တည်း ထွက်လာခဲ့တာပေါ့။ ဒီနေ့ ဒီရက်မှာ ကျန်တာအားလုံးကို မေ့ဖျောက်ထားလိုက်ကာ ချစ်သူထံ၌သာ မိုင်၏ ကိုယ်စိတ်နှလုံး အလုံးစုံကို နှစ်မြှုပ်ထားလိုက်ပါသည်။

ချစ်သူရှိရာဆီ မိုင် သွားလေပြီ။ မိုင်၏လက်ထဲတွင် ခရမ်းရောင်ပန်းစည်းလေး တစ်ခု၊ ချောကလက်ပြားလေး တစ်တောင့်၊ ကဒ်ကလေး တစ်ကဒ်။

ဒီအချိန်မှာ မိုင့်ကို မြင်လျှင် ချစ်သူလည်း နှစ်လိုစွာ ကြည်နူးချမ်းမြေ့သွားမှာပါပဲလေ။

ဘာကြောင့်လဲဆိုတော့. . . ဒီနေ့က ဖေဖော်ဝါရီ ဆယ့်လေးရက်နေ့. . . ။

ထို့ထက် ပိုမိုလေးနက်စွာ ဆိုရလျှင် "ချစ်သူများနေ့"

*

ကောင်းကင်ကြီး၏အစလို မိုင်တို့ချစ်သူနှစ်ဦး၏ အချစ်မွေးဖွားလာပုံကို ဆုပ်ကိုင်ယူငင်ပြ၍ မရနိုင်ပါ။ တိုင်းတာရန်ခက်ခဲသော သံယောဇဉ်ကြိုးတို့သည် မပီကလာစကားတွေ ရေရွတ်နေစဉ်ကတည်းက နှစ်ဦးသားရင်တွင်းမှာ ပျော်ဝင်လို့နေပါပြီ။

အဖြူရောင်သွေးချိုတို့အား အလဲအလှယ် သောက်စို့ခဲ့ရသည်ကလည်း သွေးစကား၏ နှောင်ဖွဲ့မှုတစ်ရပ်ပေလားမသိ။ အိမ်ချင်းကပ်လျက် အကျွမ်းတဝင်ရှိလွန်းသော နှစ်ဖက်မိဘတို့ကြောင့် ခြံစည်းရိုးတို့သည်လည်း အတားအဆီးမဖြစ်ခဲ့ပါချေ။

မိုင်တို့မြို့ကလေးသည် ရောဝတီအားကိုးဖြင့် ရှင်သန်နေရလေ၏။ မစည်ကားလှသော မြို့ငယ်လေးရှိ ကလေးငယ်များအတွက်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဧရာဝတီသည်သာ ကစားဖော်ကစားဖက် ဖြစ်နေ၏။ ကလေးငယ်များနှင့် ဧရာဝတီသည် အချိန်ရာသီမရွေး နွေးထွေးစွာရှိလှပေသည်။

ဧရာဝတီ၏ သဲသောင်ပြင်ပြန့်ပြန့်ထက်တွင် ပြေးလွှားဆော့ကစားရင်း ကုန်လွန်ခဲ့ရသော နွေရာသီညနေခင်းလေးများက ချိုလွင်လှပ၏။ သဲပြင်နုနု အေးအေးလေးတွေပေါ် ခြေဗလာဖြင့် လမ်းလျှောက်ရသော အရသာကို မိုင် အလွန်ပဲနှစ်သက်သည်။

မိုးရာသီဆိုပါက ဧရာဝတီသည် သူမနိုင်တော့သည့် ရေအလျှဉ်ကို မြို့လေးထံ သွန်အန်ထုတ်ပစ်နေကျ။ မြစ်ကမ်းပါးယံ၌ သစ်ပင်ငယ်ဟူ၍ မရှိချေ။ ကြီးမားသော သစ်ပင်ကြီးများသည်လည်း ပင်စည်လုံးပတ်တစ်ဝက်လောက်မှာ ရေအောက်ရောက်နေတတ်ပြီး ဝေဖြာနေသော အကိုင်းအခက်များကိုသာ မှိုပွင့်စိမ်းကြီးသဖွယ် မြင်တွေ့နေရပါ၏။

ထိုအကိုင်းအခက်များပေါ်သို့ မိုင်၏ချစ်သူက ခရာခဲဆစ်တက်၍ မြူးတူးစွာ ဆော့ကစားတတ်လေသည်။ ချစ်သူသည် ဖျံတစ်ကောင်ပမာ ရေကူးကျွမ်းကျင်ကာ မျောက်တစ်ကောင်ကဲ့သို့လည်း သစ်ပင်တက်တတ်၏။

ဧရာဝတီမြစ်ကြီးနှင့် နီးကပ်စွာနေထိုင်သော မိုင်ကတော့ဖြင့် ဧရာဝတီကိုမှ မညှာမတာ သူတစ်ပါး လှောင်ပြောင်ချင်စရာကောင်းလောက်အောင်ပင် ရေ လုံးဝ မကူးတတ်ချေ။ ရေထဲဆင်းရမည်ဆိုပါက အလိုလို ကြောက်လန့်နေတတ်၏။

မြူနှင်းတို့ ဖွေးဖွေးဖြူနေသော ဆောင်းရာသီနံနက်ခင်းတိုင်းမှာလည်း မိုင်တို့ချစ်သူနှစ်ဦးသည် ဧရာဝတီ၏မြစ်ကမ်းပါးယံပေါ်တွင် လမ်းထလျှောက်ရင်း လတ်ဆတ်ကြည်စင်သော လေညှင်းလေးတွေကို တစ်ဝကြီး ရှူရှိုက်နေကျ ဖြစ်သည်။ ကတ္တရာလမ်းမရှိသော မြို့ငယ်လေး၏ မြေနီလမ်း များထက်တွင်လည်း မိုင်တို့နှစ်ဦး၏ ခြေရာများ ထပ်လောရိုက်လျက်ရှိပါ၏။



ကမ်းပါးယံပေါ်မှ ဧရာဝတီရေပြင်ပေါ်သို့ ထိုးထွက်နေသော ခါးကိုင်းကိုင်းသစ်ပင်အိုကြီး၏ ကျောပေါ်တွင် နှစ်ဦးသားထိုင်၍ စကားပြောဖြစ်ကြသည့် လသာညကလေးများကလည်း မမေ့ချင်စရာပါ။ ကောင်းကင်ထက်မှ လမင်းကြီးနှင့် ဧရာဝတီရေပြင်ထက်မှ လမင်းကြီးတွင် ဘယ်လမင်းက ပိုကြီးသလဲဆိုတာ မိုင်တို့နှစ်ဦး အပြိုင်အဆိုင် ငြင်းခုန်ခဲ့ကြဖူးသည်။

မိုင်၏ချစ်သူသည် သူတို့ကောင်လေးတွေ အချင်းချင်းလေး စစ်တိုက်တမ်း ကစားရသည်ကိုလည်း အလွန် ဝါသနာပါ၏။ ကွဲဂျိုကို ဂွလုပ်ပြီး သားရေမျှော့ကြိုးဖြင့်ချည်ကာ လောက်စာအိမ်တပ်၍ ပြုလုပ်ထားသည့်လေးခွနှင့် ရောင်စုံဖန်လုံးလေးများသည် ချစ်သူ၏ ကျောင်းလွယ်အိတ်အတွင်း၌ အမြဲလိုပါရှိတတ်၏။ လောက်စာအိမ်ထဲသို့ ဖန်လုံးလေး ထည့်ပစ်လျှင် သားရေမျှော့အားကောင်းလျှင် ကောင်းသလို ဆွဲအားကောင်းလျှင်ကောင်းသလောက် ပြေး၍ လူကိုထိပါကလည်း အလွန်နာ၏။

မိုင်၏ချစ်သူသည် ထိုလေးခွသရမ်းမှုကြောင့် ပြဿနာခဏခဏတက်၏။ ချစ်သူမှာ ဒဏ်ရာတွေရလာလျှင် မိုင်က ဖုန်မှုန့်ကို တံတွေးဖြင့်ရောနယ်ပြီး လိမ်းပေးလေ့ရှိသည်။ ချစ်သူ၏ လက်တည့်စမ်းခံရသည့် အရာများကလည်း မနည်းလှပါ။ ချစ်သူလက်တည့်စမ်းသမျှ အခံရဆုံးမှာ သူလုပ်သမျှ ငြိမ်ခံတတ်သော ဧရာဝတီကမ်းနဖူးမှ သစ်ပင်ကြီးများသာ ဖြစ်သည်။

မိုင်တို့နှစ်ဦးသည် လွန်စွာ အတွဲညီ၏။ ချစ်သူက မိုင်အဖော်ရအောင်မိန်းကလေးတွေ ကစားသလို ကစားပေးသကဲ့သို့ မိုင်ကလည်း ယောကျ်ားလေးများကဲ့သို့ ကစားပေး၏။ ငှက်ပျောရွက်တွေ အုန်းလက်တွေကို မြင်းလုပ်စီး၍ စစ်တိုက်တမ်းလည်း ကစားကြသည်။ ဝွေးတောက်နွယ်ကြိုးကြီးများရှိရာ သို့သွားကာ မျောက်တွေပမာ ဒန်းလုပ်စီးကြသည်။

www.burmeseclassic.com



ဝါးနက်ဝါးပင်ငယ်များကိုခုတ်ပြီး ဘောင်ဘောင်လုပ်ဆော့ကြသည်။ စက်ဘီးခွေအဟောင်းများအား တုတ်တံလေးဖြင့် လှိမ့်ကာ ခွေလှိမ့်တမ်းလည်း ကစားကြသည်။ ဝါးများ၊ သက်ကယ်များဖြင့်လည်း အိမ်သေးသေးလေးကို နှစ်ဦးအတူ ဆောက်လုပ်ကြသည်။ အိုးခွက်ကလေးများနှင့် ထမင်းချက်တမ်း ဟင်းချက်တမ်းလည်း ကစားကြသည်။

တစ်နေ့မှာ မိုင်က တကယ်မီးမွှေးပြီး အုန်းမှုတ်ခွက်ဖြင့် ထမင်းချက်လေရာ အုန်းမှုတ်ခွက်သာမကဘဲ မိုင်တို့ဆောက်ထားသော အိမ်ပိစိကွေးလေးကိုပါ မီးစွဲလောင်သွား၏။ အနီးပတ်ဝန်းကျင်၌ အခြားလောင်စာမရှိသောကြောင့်သာ တော်သွားသည်ဟု ဆိုရမည်။ ထိုနေ့က မိုင်တို့ နှစ်ဦးစလုံး တင်ပါးတွင် အချိုးရာထင်ကျန်သည်အထိ အရိုက်ခံလိုက်ရလေ၏။

မိုင်တို့နှစ်ဦးသည် စပါးစိုက်ခင်းများရှိရာသို့ သွား၍ စပါးပင်မှ စပါးနှံပေါက်စ, စပါးဖုံးစိမ့်စိမ့်လေးများကို နှုတ်စားလေ့ရှိ၏။ ကြံစိုက်ချိန်များ၌လည်း ကြံခင်းဆီသွားကာ ချိုအီလှသော ကြံဝါကြီးများကို ချိုးစားကြသည်။ ချစ်သူက ကြံပင်နုလေးများကို မီးဖုတ်ပြီးဖောင်းခနဲ အသံကျယ်ကြီးမြည်အောင် မြေပြင်နှင့် လွှဲရိုက်ပြတတ်ပါသည်။

ဖရဲသီးပေါ်ချိန်ဆိုလျှင်လည်း ခြံရှင်အလစ်ချောင်း၍ ဖရဲသီးများကို ခိုးဆွတ်ကာ စားနေကျဖြစ်သည်။ ခြံစောင့်မြင်သွား၍ လိုက်လျှင် မိုင်က ဖရဲသီးကို ပိုက်ပြေးပြီး ချစ်သူက လက်စွဲတော်လေးခွဖြင့် ပြန်ပစ်လေ့ရှိသည်။ ရလာသောဖရဲသီးအား လမ်း၌ပင် လေးခွနှင့် ရိုက်ခွဲ၍ သွားဖြင့်ခြစ်စားကြ၏။ သခွားသီးပေါ်ချိန်ဆိုပါကလည်း မိုင်တို့က အလွတ်မပေးချေ။ အိမ်မှ ထန်းလျက်ခဲများကို ကြွပ်ကြွပ်အိတ်ဖြင့် ထည့်ယူကာ သခွားခြံသို့သွားပြီး အလစ်ခိုး ခူးစားနေကျပင်။

တစ်ကြိမ်တွင်လည်း မိုင်က တီဗွီထဲကလို ဘဲကင်စားချင်တယ်ဟု ပူဆာသောကြောင့် ချစ်သူက ကမ်းစပ်၌တွေ့သော ဘဲတစ်ကောင်ကို လေးခွဖြင့်ပစ်၍ ပုဆိုးစလွယ်သိုင်းနှင့် ကွယ်ကာ အိမ်သို့ယူလာ၏။ ဘဲကို



အမွေးနှုတ်ပြီး ရင်ကိုမခွဲ ကလီစာတွေမထုတ်ဘဲနှင့် ရွှံ့ဖြင့်အုံကာ မီးဖုတ်၍ နှစ်ဦးသား စားကြလေသည်။ နောက်တော့ ဘဲပိုင်ရှင်သိသွားသဖြင့် မိဘတွေက အလျော်ပေးလိုက်ရ၏။

မိုင်တို့နှစ်ဦးက အားလပ်တာနှင့် မြစ်ကမ်းပါးသို့သာ သွားကြသည်။ ကမ်းပါးယံတစ်လျှောက်ရှိ သဲကျင်းလေးများထဲ၌ ခိုအောင်းနေသော ပိုးကောင်သေးသေးလေးများကို ဆံချည်မျှင်ဖြင့် အပေါ်ရောက်အောင် မျှားကြ၏။ ထိုအခါများတွင် တစ်ဦးဆံပင်ကို တစ်ဦးအလုအယက် နှုတ်ယူကြသည်။ ပိုးကောင်ပိစိလေးများ ဆံချည်မျှင်ထိပ်ဖျားအား ကိုက်လျက် ပါလာလျှင် မိုင်တို့ပျော်ရွှင်စွာ အော်ဟစ်ကြလေသည်။

ချစ်သူက ဂဏန်းကောင်များကို မြင်ပါက အတင်းလိုက်ဖမ်းပြီး နှစ်ဦးအတူ မီးဖုတ်စားကြ၏။ မီးဖုတ်ထားသော ဂဏန်းလက်မကို မိုင်အလွန်ကြိုက်သည်။ တစ်ခါက သေနေသော ဂဏန်းတစ်ကောင်၏လက်မကို ဖွဲ့ယူ၍ မိုင် ကစားနေရင်း ထိုဂဏန်းလက်မက မိုင်၏လက်ညှိုးကို ညှပ်လိုက်သည်မှာ ပြတ်ထွက်လုမတတ်ပင်။ ချစ်သူက အပြေးလာပြီး ဂဏန်းလက်မကို သွားဖြင့် ကြေမွအောင် ကိုက်ပစ်လိုက်မှ ညှပ်အားလျော့သွား၍ သက်သာရာရ၏။

ပန်းနုရောင်ဘောလုံးပန်းကလေးများပွင့်သော ထိကရုန်းပင်လေးများကိုလည်း မိုင်ချစ်သည်။ ပါးစပ်က အိပ်တော့ အိပ်တော့ဟု ပြောပြီး လက်ဖြင့် ထိလိုက်တာနှင့် မျက်လွှာချ၍ အိပ်သွားကြသော ထိကရုန်းပင် ညိုစိမ်းစိမ်းလေးများကို ဆူးရှိပေမယ့် မိုင်မကြောက်။ မြက်ပင်ကို ကွင်းလျှောကြိုးကွင်းသေးသေးလေးလုပ်၍ ထိကရုန်းပင်လေးများ၏ ထိပ်ဖျားကိုချိုးလိုက်လျှင် ထွက်လာသည့် အစေးနှင့်တို့ပြီး လေဖြင့်မှုတ်လိုက်ပါက လှပသော ပူဖောင်းငယ်လေးများစွာ ဖြစ်ပေါ်လာလေ့ရှိသည်။ မိုင်တို့နှစ်ဦးသည် ထိုသို့ ထိကရုန်းအစေးဖြင့် ပူဖောင်းလေးတွေ လုပ်မှုတ်ကာ အလုံးအရေအတွက် ပြိုင်တတ်သေး၏။

www.burmeseclassic.com

www.burmeseclassic.com



သွားရေစာ ရှားပါးလှသော မြို့လေး၌ တစ်ဆိုင်တည်းသာရှိသည့် ဝက်သားတုတ်ထိုးနှင့် ဆန်ခေါက်ဆွဲသည် မိုင်တို့နှစ်ဦးစလုံး၏ အကြိုက်ဆုံး အစားအစာဖြစ်သည်။ ညနေတစောင်းဆိုလျှင် နှစ်ဦးသား စကျင်ကျောက်ခဲလေးများဖြင့် ရှုံးသူက မုန့်ကျွေးကြေး စုံမ ဖွက်ကြ၏။ နှစ်ဦးစလုံးထံ၌ ပိုက်ဆံမရှိသောအခါများတွင် နှစ်ဦးသား ညာတာပါတေးဖြင့် ပတ်ချွဲနပ်ချွဲလုပ်၍ ကိုယ့်မိဘထံမှ ပိုက်ဆံကို ရအောင် ပြိုင်ယူကြသည်၊ ပြီးလျှင် ဘယ်သူက ပိုများသလဲ ဆိုတာကိုလည်း ပြိုင်တတ်ပါသေး၏။

မိုင်တို့မြို့လေး၌ မူလတန်းကျောင်းသာ ရှိသောကြောင့် လေးတန်းအောင်တာနှင့် မြစ်တစ်ဖက်ကမ်းရှိ အခြားမြို့သို့သွား၍ မိုင်တို့နှစ်ဦး ကျောင်းတက်ရ၏။ အကြိုအပို့လုပ်ပေးသည့် မော်တော်လေးထက်တွင် ရေကြောက်သော မိုင်သည် ချစ်သူလက်ကို တင်းတင်းဆုပ်လျက် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကျောင်းသွားကျောင်းပြန်ရသည်။ မိုင်၏ အချစ်တော် ရေသရဲလေးကတော့ ရေနှင့်တွေ့တိုင်း ရွှင်မြူးနေတတ်လေသည်။ ချစ်သူသည် ရေပြင်ထက်တွင် ပက်လက်လှန်၍ အိပ်လျက် ရေကူးပြတတ်သလို အချိန်ကြာမြင့်စွာလည်း ရေငုပ်နိုင်၏။

ချစ်သူဘဝမရောက်မီကတည်းက တစ်ဦးကိုတစ်ဦး မြတ်နိုးတွယ်တာနေကြသော မိုင်တို့နှစ်ဦးသည် နှစ်ဖက်မိဘ၊ ဆွေမျိုး၊ သူငယ်ချင်းတို့၏ သဘောတူကြည်ဖြူစွာ ကျီစယ်နောက်ပြောင် တွန်းအားပေးမှုတို့ကြောင့် အတိအလင်းချစ်သူတွေ ဖြစ်သွားခဲ့ကြတာပါ။ ချစ်သူတွေ ဖြစ်သွားပြီဆိုသော အသိကလွဲ၍ မိုင်တို့နှစ်ဦးကြားတွင် အခေါ်အဝေါ် အပြောအဆိုတွေကအစ ဘာမှမပြောင်းလဲ။

အဲ. . . တစ်ခါတစ်ရံ ယုယစွာ ထွေးပွေ့နမ်းရှိုက်မှု တချို့ တစ်လေက လွဲလို့ပေါ့။ ထိုသို့ အဖက်ဖက်မှ အတားအဆီးတို့ ကင်းမဲ့နေသည့်ကြားကတောင် နယ်ကျှံဖို့ မကြိုးစားသည့် ချစ်သူ၏ခိုင်တည်



သောစိတ်ဓာတ်သည် မိုင့်အတွက် ဝံ့ကြွားစရာ ဂုဏ်ပုဒ်တစ်ခု ဖြစ်လာသည်။

ကမ်းနဖူးမြေမြင့်ထက်မှ ထုံးစေတီလေးထံတော်ပါးတွင် မိုင်တို့ချစ်သူနှစ်ဦး ဆုမွန်တွေ တောင်းခြွေကြဖူးသည်။ နှစ်ဦးသားအတူတကွ တစ်နှစ်သုံး တိုင်ပုင်ရိုက်၍ ညီညာသောအသံသာသာ ပေါ်ထွက်လာစေရန်လည်း ခေါင်းလောင်းထိုးကြသည်၊ စေတီအနီးရှိ အမြစ်တွေ ဖာလန်ကျဲနေသော ညောင်ပင်အိုကြီး၌လည်း ညောင်ကိုင်းများကို ထောက်ကြ၏။ ညောင်ကိုင်းထောက်လျှင် အသက်ရှည်တယ်ဆိုတာ ဟုတ်ပါသလား. . .။

ချစ်သူတို့၏ ချစ်သူများနေ့ကို ရောက်တိုင်းမိုင်တို့ ချစ်သူနှစ်ဦးသည် ပန်းစည်းပေးနေကျ၊ ချောကလက်လေးတွေ တစ်ယောက်တစ်လှည့်စီ ခွံ့ကျွေးနေကျဖြစ်သည်။ ပန်းရိုင်းလေးများအား သားရေကွင်းနှင့် ပတ်ချည်ထားသော ပန်းစည်းလေးများဖြင့်ပင် အပြန်အလှန် လဲလှယ်ကြ၏။

မြို့ငယ်လေးတွင် Valentine Card ဝယ်မရသောကြောင့် အဖြူဆွတ်ဆွတ် စာရွက်ပေါ်တွင် ဆုတောင်းကိုရေးပြီး အမှတ်တရပေးကြသည်။

မြို့ငယ်လေး၌ ရှိနေချိန် မိုင်တို့ချစ်သူနှစ်ဦး၏ အစဉ်အလာသည် နှစ်စဉ် ချစ်သူများနေ့တိုင်း မပျက်မကွက်ခဲ့ပေ။ ဧရာဝတီသည်လည်း ချစ်သူများနေ့ဆိုပါက မိုင်တို့နှစ်ဦး၏ အတိုင်တည်ခံပြီး ဖြစ်နေရ၏။

ဆယ်တန်းအောင်သောအခါ ဝါသနာပါရာ အားသန်ရာကိုယ်စီဖြင့် မိုင်တို့နှစ်ဦး တစ်နယ်စီ ဝေးလွင့်သွားခဲ့ရသည်။ ချစ်သူက စစ်တက္ကသိုလ် တက်နေချိန်တွင် မိုင်ကလည်း ဆေးတက္ကသိုလ် တက်နေရ၏။ ချစ်သူနှင့်ခွဲခွာနေရသော်ငြားလည်း မိုင်ကျောင်းတက်ရသည့်နေရာ၌ ဧရာဝတီရှိနေသဖြင့် အဖော်ပြု၍ ရနေသေးသည်။ အားလပ်ချိန်နည်းပါး

www.burmeseclassic.com

www.burmeseclassic.com



လှသည့်ကြားမှ ဧရာဝတီထဲတော်ပါးသွား၍ ချစ်သူကို အလွမ်းဖြေ၍ လေသည်။

သတိတရပါးလိုက်သောစာချွန်လွှာနှင့် ဓာတ်ပုံတို့ကို ကြည့်၍ မနက်ဖြန်တွေအတွက် အားသစ်လောင်းနေရ၏။ အားလပ်ရက်များ မတိုက်ဆိုင်မှုကြောင့် မတွေ့ရသောအချိန်များမှာ များပြားလှပေသည်။ ချစ်သူများနေ့ကို ရောက်လျှင်တော့ မိုင်တို့ချစ်သူနှစ်ဦးသည် အမှတ်တရ ကဒ်နှင့် လက်ဆောင် ပစ္စည်းလေးများ အပြန်အလှန် ပေးပို့ကြသည်။ ကြေးနန်းကြိုးမှတဆင့် တောင်းဆုကိုခြွေကာ မှာတမ်းတို့လည်း ဝေဖြာ နေပါ၏။

ခဏတာ ပြန်လည်ဆုံတွေ့ကြချိန်တွင် ချစ်သူ၏သဏ္ဍာန်က တည်ကြည်ရင့်ကျက်ခြင်းအသွင်ကို ဖော်ဆောင်လို့နေပါသည်။ အပြောင်း အလဲတွေ ကြားမှာ ပျော်ရွှင်မှု၏အရသာကို မိုင်တို့နှစ်ဦး ကျေနပ်အားရ အောင်ပင် မခံစားလိုက်ရပါ။

အတူတကွ ဆုံတွေ့ခွင့်ရသော ရက်အပိုင်းအခြားလေးများမှာ စက္ကန့်လက်တံတစ်ချက် ရွေ့လျားလှုပ်ခတ်လိုက်သလိုပါပဲ။ အဆုံးမသတ် သေးသော ကိုယ်စီအရေးအတွက် ယုံကြည်မှုသစ္စာဖြင့် တုပ်နှောင်ကာ မတူညီစွာ ခရီးနှင်ရပြန်သည်။ တိုင်းပြည်၏ သားကောင်း၊ အနာဂတ်၏ ရတနာမြတ်တွေဖြစ်ရန်အတွက် နီးကပ်စွာ တွယ်ဖက်ထားလိုစိတ်ကို ခေတ္တသိုဝှက်ထားလိုက်ရ၏။

မိုင်၏စိတ်ကူး၌ ဘဝသည် စီစဉ်တကျအတွေးတို့ဖြင့် ခမ်းနား တောက်ပနေပါသည်။ တစ်ဆောင်းပြောင်းချိန်မှာ မြို့ငယ်လေးသို့ မိုင်က ခြေချခွင့်ရသော်ငြားလည်း ချစ်သူကတော့ ရောက်မလာနိုင်ရှာသေး။

မိုင်သည် ဝေးကွာခြင်းကို မျှော်လင့်ချက်တို့ဖြင့် အချိုသပ်ထား လိုက်သည်။ လွင့်မျောနေသော စိတ်ကူးတိမ်စိုင်တိမ်မျှင်တွေကြားတွင် မိုင် လိုက်လံ လှည့်လည်ကြည့်ဖူးသည်။





လောကတစ်ခွင်သည် ပန်းနုရောင်စဉ်တို့ ကျဲဖြန့်ချထားပြီး လှပစွာနူးညံ့ သက်ဝင် လှုပ်ရှားနေ၏။ စွယ်တော်ရွက်နွယ်သော ရင် တစ်ခြမ်းသည် ပျိုမြစ်နုနယ်စွာဖြင့် ဖန်တစ်ရာတေနေသော အတွေးလှိုင်း များကြားတွင် လှုပ်ရှားမှုတိုင်း သစ်နေသည်။

သို့ပါသော်လည်း မထင်မှတ်ပါပဲ တိမ်ဆိုင်တွေ ပျက်သုဉ်းသွား သည်။ ကိုယ့်အရှုံးကိုသာ အနာကျင်ဆုံးဟု ထင်မှတ်ကြသော အတ္တသား ကောင်တစ်ဦး ပီသစွာ မိုင်သည်လည်း သွေးမဲ့ဒဏ်ရာများဖြင့် ထိရှပဲ့ကြွေ သွားခဲ့ရသည်။ ခံယူချက်ကိုယ်စီဖြင့် မပျော်ပါပဲ နွံနေရသောပွဲတွင် တော ကြောင်တစ်ကောင်၏ အနုမြူကျည်တစ်တောင့်က မိုင့်နှလုံးသား၏ ရေသောက်မြစ်ကို ဖြတ်တောက်ပစ်လိုက်၏။

နလန်ထူနိုင်အောင် ကြိုးစား၍ နှစ်သိမ့်မှုအနေဖြင့် မိုင် တတ်စွမ်း သလောက် လူသားတို့ရှင်သန်နိုင်ရန် စွမ်းဆောင်ပေးရင်း ကိုယ့်ကိုယ်ကိုယ် လည်း ပြန်လည်ကုသနေရသည်။ အထီးကျန်လွမ်းမောသော စိတ်တို့ ကတော့ မိုင့်ကို တရစပ် နှိပ်စက်လျက်ရှိပေသည်။

အချိန်ကာလ၏ ပြောင်းလဲခြင်းနှင့်လိုက်၍ လည်ပတ်မှုတိုင်း၌ ခရမ်းပြာရိပ်များ လွှမ်းမိုးထားသော ပန်းနုရောင်စဉ်တို့က မပုပ်မသိုးဘဲ မိုင်နှင့် တစ်သားထဲ ကပ်ပါလျက် စဉ်ဆက်မပြတ်သော နွေးထွေးမှုကိုတော့ ဆောင်ကြဉ်းပေးနေပါ၏။

မိုင့်ချစ်ခြင်းမေတ္တာတွေက မပျက်မပြယ် သစ္စာရှိနေဆဲပါပဲ ချစ်သူ ရယ်. . . ။

*

အို. . .

ချစ်သူနှင့် မိုင်တွေ့လေပြီ။ မိုင်သည် ချစ်သူကို ပန်းစည်းလေး ပေးလိုက်သည်။ ချောကလက်ပြားလေးကို အခွံခွာ၍ ကျွေးလိုက်သည်။ ကဒ်ကလေးကို ကိုင်ကာ ဆုတောင်းတစ်ခုကို ရွတ်ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုင်၏ မျက်ဝန်းအစုံမှ မျက်ရည်ဥတို့ တလိမ့်လိမ့်ကြွေကာ ကျလာ၏။

ဆို့နင့်လှိုက်တက်လာသောစိတ်အဟုန်ကြောင့် အငမ်းမရရှူ[illegible] ချစ်သူကို မိုင်တင်းတင်းကြပ်ကြပ် ပွေ့ဖက်လိုက်လေသည်။

မိုင် ပွေ့ဖက်ထားသော အုတ်ဂူဖြူဖြူလေးကတော့ ဆိတ်ငြိမ်မှု[illegible] ဖြင့် မိုင်ပြုသမျှကို ခံယူနေလျက်. . .။

# စိတ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်. . . ။

အမှုန်အမွှားတွေ တဖွားဖွား။

ဘယ်သွားနေသလဲ။ ပြန်လာစမ်း။

လတ်ဆတ်သော လေနုအေးက နှာသီးဖျားအဝလေးကို ကလူကျီစယ်သွား။ ဝင်သက်. . . ။

ဟောင်းနွမ်းသော လေနွေးနွေးက နှာသီးဖျားအဝလေးကို တို့ထိသွား။ ထွက်သက်. . . . ။

စိတ်အာရုံ စုစည်းမှု. . . ။

မှနေသာအာရုံ၏ ရှင်းသန့်တည်ငြိမ်မှု. . . . ။

သမာဓိ။

"နန္ဒရေ နန္ဒ"

အာရုံတွေ ကစဉ့်ကလျား လွတ်ထွက်သွားသည်။ ဖြစ်ပေါ်လာသော အလိုမကျမှုကို ဆင်ခြင်မှုအသိဖြင့် ထိန်းချုပ်လိုက်၏။

"နန္ဒရေ"

"လာပြီဗျို့"

အိမ်တံခါးကို ဖွင့်လိုက်သောအခါ မိဘတွေရှိစဉ်က သူတို့အိမ်မှာ အလုပ်လုပ်သည့် ကိုတင်မြင့်အား ပြာပြာသလဲအမူအယာဖြင့် တွေ့မြင်လိုက်ရသည်။

"နန္ဒ. . . လုပ်စမ်းပါဦးကွာ"

"ဘာဖြစ်လို့လဲ"



"ငါ့မိန်းမ မနက်ကတည်းက ဗိုက်နာနေတာ အခုထိ မီးမဖွားနိုင်ဘူး ဖြစ်နေလို့ကွ။ အဲဒါ မင်းကို လာခေါ်တာ"

"ဩော်"

"နန္ဒ. . . မြန်မြန်လုပ်ပါကွာ။ အရမ်းအရေးကြီးနေလို့"

ကိုယ့်အတွက်ဆိုရင် အလျှင်မလိုတာ ဘယ်သူများရှိလို့လဲ. . . ။ နားလည်မှုအသိဖြင့် အဝတ်ပင်မလဲတော့ပဲ လိုက်လာခဲ့သည်။

ကိုတင်မြင့်အိမ်သို့ရောက်သောအခါ မီးနေခန်းထဲမှ အော်ဟစ်ညည်းညူသံများအား အတိုင်းသား ကြားနေရသည်။ ဆန္ဒင်းနံ့စိမ်းရှင်ရှင်ကလည်း ရီဝေဖွယ်ပျံ့သင်းနေ၏။

ဝါးကြမ်းခင်းထားသော အိမ်လေးပေါ် သူအသာအယာလှမ်းတက်လိုက်သည်။ ရောက်ရှိနေကြသော အမျိုးသမီးကြီးငယ်တွေကမနည်းလှ။ လက်သည်ဒေါ်လုံးလည်း ပျာများနေပြီ။ ငွေကြေးတတ်နိုင်သူတွေသာ ဆိုပါက ယခုအချိန်ဆို ခေတ်မီဆေးရုံ၊ ဆေးခန်းကြီးတွေဆီ ရောက်ရှိနေလောက်ပြီ။

အခုတော့ ရေတိမ်တိမ်မှာ နစ်နေသူတွေမို့ ကောက်ရိုးနွယ်တစ်မျှင်သဖွယ် သူ့ကို လာအားကိုးတာပေါ့။

"ကိုတင်မြင့်. . . ကျွန်တော့်ကို ရေသန့်သန့်တစ်ခွက်လောက်"

ကိုတင်မြင့် ခပ်လာပေးသော ရေခွက်ကို ကိုင်ပြီး ဘုရားကျောင်းဆောင်ရှေ့သို့ သူ သွားလိုက်သည်။

မြတ်စွာဘုရား ရုပ်ပွားတော်မြတ်အား ရိုသေစွာ ကန်တော့ပြီး ရေခွက်ကိုကိုင်လျက် အင်္ဂုလိမာလသုတ်ကို ခုနစ်ခေါက် ရွတ်ဆိုလိုက်သည်။ ထို့နောက် ဘုရား၌ သစ္စာဆို၏။

"ဘုရားတပည့်တော်သည် သိတတ်သောအရွယ်မှစ၍ ယနေ့၌ အချိန်အထိ ငါးပါးသော သီလတော်မြတ်အား မကျိုးမပေါက် စောင့်ထိန်းခဲ့ပါသည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် မီးမဖွားနိုင်သော အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးသည် ဤပရိတ်ရေအားသောက်သုံးပြီးသည်နှင့် လွယ်ကူချောမွေ့စွာ မီးဖွားနိုင်ပါစေသား အရှင်ဘုရား"

သစ္စာဆိုပြီးသည်နှင့် ရေခွက်ကို ကိုတင်မြင့်ထံ ကမ်းပေးလိုက်သည်။

"ကိုတင်မြင့်. . . ဒီရေကို အဝတ်တန်းတွေနဲ့ ယုတ်ညံ့နိမ့်ကျတဲ့ ပစ္စည်းတွေရှိတဲ့အောက်က မယူဘဲ တခြားနေရာက ယူသွားပြီး ခင်ဗျား မိန်းမကို တိုက်လိုက်ပါ"

ကိုတင်မြင့်က ရေခွက်ကို ယူပြီးထွက်သွား၏။ များမကြာမီ၌ မီးနေခန်းထဲမှ စိတ်မချမ်းမြေ့ဖွယ်ရာ အော်ဟစ်ညည်းတွားသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။ ထိုအသံများ တိတ်သွားချိန်မှာတော့. . .

"မွေးပြီတော့ မွေးပြီ။ မိန်းကလေးဟေ့"

လက်သည်ဒေါ်လုံးက အော်ပြောသံကို ကြားလိုက်ရသည်။ မီးနေခန်းအပြင်မှ ကိုတင်မြင့်သည်လည်း ပျော်ရွှင်မြူးတူးစွာဖြင့် စွေ့စွေ့ ခုန်နေ၏။

"နန္ဒရယ်. . . ကျေးဇူးပါပဲကွာ"

"ကျွန်တော့်ကို ကျေးဇူးမတင်ပါနဲ့ဗျာ။ ဘုရားသခင်ကိုသာ ကျေးဇူးတင်ပါ"

တဖွဖွပြောနေသော ကိုတင်မြင့်၏ ကျေးဇူးတင်စကားအား တုံ့ပြန်ကာ သူ တတ်သိသလောက် ကလေး၏ဇာတာကို တွက်ချက်ပေးပြီးမှ ထိုအိမ်က ပြန်လာခဲ့လေသည်။

မိမိအိမ်သို့ ပြန်ရောက်သည်အထိ မီးနေသည့်အမျိုးသမီး၏ အော်ဟစ်ညည်းညူသံများက အာရုံမှာ လွှမ်းမိုးနေဆဲ. . .။

ဘယ်မှာလဲ. . . ဘယ်မှာလဲ. . . ?

*





"မောင် ဘာသဘောနဲ့ ဒီစကားကို ပြောရတာလဲ"

"ရှေ့မဆက်ချင်တော့လို့ပေါ့ သိင်္ဂီရယ်။ ဒီလောက်ပဲ ပြောပါရစေကွာ"

"မောင်လို လူမျိုးတစ်ယောက်ရဲ့ နှုတ်ဖျားက ဒီလိုစကားမျိုးကြားရတာ သိင်္ဂီဖြင့် သိပ်အံ့ဩမိတယ်"

"သိပ်မအံ့ဩပါနဲ့ သိင်္ဂီ။ နည်းနည်းပဲ အံ့ဩပါ။ ရှေ့ဆက်ရမယ့် ဘဝလမ်းမှာ ဒီထက်အံ့ဩစရာတွေ အများကြီးကျန်ပါသေးတယ်"

ကော်ဖီကိုပင် အရသာခံကာ မသောက်နိုင်ပါ။ တစ်ဖက်ဝိုင်းမှ အသံများကိုသာ သူမ နားစွင့်နေမိသည်။

"စိတ်ချပါ။ ဒီနေ့ ဒီအချိန်ကစပြီး မေသိင်္ဂီနဲ့ နန္ဒဟာ ချစ်သူတွေ လုံးဝမဟုတ်တော့ဘူးလို့ မှတ်လိုက်ပါတော့"

ကော်ဖီဆိုင်ထဲမှ 'မေသိင်္ဂီ' ဆိုသော အမျိုးသမီးထွက်သွားသည်။ ယောကျ်ားလေးဘက်မှ စ၍ ဖြတ်တာခံရသော ခံစားချက်ကို မိန်းမသားချင်းမို့ သူမစာနာသနားမိသည်။

'နန္ဒ' ဆိုသော အမည်ကိုလည်း သေချာစွာ မှတ်သားပြီး အမြင်ကတ်စွာဖြင့် ထိုလူ၏ မျက်နှာကို လှမ်းကြည့်လိုက်သည်။ ထိုအခါ သူမကို စိုက်ကြည့်နေသော စူးလက်သည့်အကြည့်အား ရင်ဆိုင်လိုက်ရ၏။

"ခင်ဗျားနားရွက်တွေကို ပြန်ခေါက်သိမ်းလိုက်ဦး။ ကျွန်တော်တို့ ဝိုင်းထိ ရောက်နေတယ်။ တက်နင်းမိမှာစိုးလို့ ပြောတာနော် "

"ဟင်. . . "

ပြောပြီးတာနှင့် ကျသင့်ငွေကို ရှင်းကာ ထိုလူ ထွက်သွားသည်။ သူမသာ အံ့ဩမင်သက်လျက် ကျန်ရစ်ခဲ့၏။

ဘယ်လိုလူပါလိမ့်. . .။

*

"အား. . . ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"မမ အရမ်း နာနေသလားဟင် "

ချွေးဒီးဒီးကျလျက် မချိမဆန့် ညည်းညူနေသော အစ်မ(ဝမ်းကွဲ) ဖြစ်သူကို ကြည့်ရင်း သူမ သနားလာသည်။ အစ်မ ဗိုက်နာနေသည် ဆိုသဖြင့် မနက်ကတည်းက ဒီအိမ်မှာ သူမရောက်နေတာဖြစ်သည်။

"အမယ်လေး အမေရဲ့။ ဗိုက်ထဲက အရမ်းလှုပ်နေတယ်။ န လိုက်တာ"

"မွေးခါနီးမို့လို့ပါ ညီမလေးရယ်။ ခဏလေး ကြိတ်မှိတ်နေလိုက် ပါ"

သားဖွားဆရာမက နှစ်သိမ့်ရှာသည်။ အရေးထဲကျမှ အန်တီမြ ကလည်း သားဖွားဆရာမတစ်ယောက်လုံး ရှိနေပါလျက်နှင့် ဆရာလေးကို သွားခေါ်ဦးမည် ဆိုပြီး ထွက်သွားသည်။

ခဏအကြာ သူမ အခန်းအပြင် ထွက်လိုက်ချိန်မှာပဲ အန်တီမြ ပြန်ရောက်လာသည်။

"ဆရာလေး ထိုင်ဦးနော်"

သူမ အံ့အားသင့်သွားသည်။ အန်တီမြပြောသော ဆရာလေး ဆိုတာကို သူမက မယ်သီလရှင်ဟု ထင်ထားတာ။ အခုတော့ ဖွားသီလရှင် မဟုတ်ဘဲ လူရွယ်တစ်ဦး ဖြစ်နေသည်။ ထို့ပြင် ထိုလူမှာ 'နန္ဒ' ဆိုသူ ဖြစ်နေသောကြောင့် သူမ ပိုမိုအံ့အားသင့်သွားခြင်း ဖြစ်သည်။

အန်တီမြကတော့ ထိုလူကို လေးလေးစားစား ဆက်ဆံနေတာ တွေ့ရသည်။ ထိုလူက အန်တီမြထံမှ ရေတစ်ခွက်တောင်းယူပြီး ဘုရား ကျောင်းဆောင်ရှေ့မှာ ကွတကွတဖြင့် အလုပ်ရှုပ်နေ၏။ ထိုလူ့ကို သူမ ဘယ်လိုမှ အထင်ကြီး၍ မရပါ။

မိန်းကလေး တစ်ယောက်ကို စာနာခြင်း ကင်းမဲ့စွာဖြင့် တစ်ဖက် သတ် ဖြတ်သွားသူက အခုလိုမျိုးတွေ လုပ်နေတာ မြင်ရတော့ သူမ စိတ်ထဲမှ ရွတ်ချနေမိသည်။





"အန်တီမြ. . . ဘယ်က ပေါက်လွတ်ပဲစားကို ခေါ်လာတာလဲ"

"ဟဲ့. . . လိုင်းသီတာ. . . နင် ဆရာလေးကို ဘယ်လိုပြော လိုက်တာလဲ။ ကြားသွားမှဖြင့်ကွယ်. . . ဒီဆရာလေးက အရမ်းစွမ်းတာ ဟဲ့။ ငါ့မျက်မြင်ကိုယ်တွေ့ပဲ"

"ဘယ်လိုတွေများ စွမ်းလို့လဲ အန်တီမြရဲ့"

သူမက ရွဲ့ပြီး မေးလိုက်တာပါ။ ဒါကို အန်တီမြက အတည်ဖြေ သည်။

"ဆရာလေးက ငယ်ငယ်လေးကတည်းက စွမ်းတာ။ သူ ငယ်ငယ် တုန်းကဆို တခြားမြို့က လူတွေတောင် သူ့ဆီ ဆေးလာကုကြတယ်။ အာစက် လျှာစက်ရှိတယ်ပဲ ပြောရမှာပေါ့။ ရောဂါသည်တွေကို သူက သူ့လက် ကလေးတဲ့တွေးစွတ်ပြီး သပ်ချပေးလိုက်တာ။ အဲ့ဒါဆို ကောင်းသွားရော"

"ဟင်. . . ရှုံစရာကြီး"

သွားပုံမှန် မတိုက်သူဆိုပါက အာပုတ်စော် နံလိုက်မည့် ဖြစ်ခြင်း။

ခဏကြာတော့ ထိုလူပေးသော ရေခွက်ကို အန်တီမြက ယူပြီး အစ်မကို သွားတိုက်လေသည်။ မီးမဖွားနိုင်ရသည့်ကြားထဲ ဆီးသွားချင် လာပါက တစ်ဒုက္ခဟုပင် သူမ တွေးမိလိုက်၏။

တိုက်ဆိုင်မှုပေလားတော့ မသိ။ ထိုလူပေးသော ရေကိုသောက် ပြီး မကြာမီတွင် အစ်မသည် ကလေးကို အောင်မြင်စွာ မွေးဖွားနိုင်ခဲ့၏။

"ယောက်ျားလေးဟေ့ ယောက်ျားလေး။ ဖြူဖြူဖွေးဖွေး ချစ်စရာ ကြီး"

အဖေမရှိတော့သည့် အသစ်စက်စက်တူလေးကို သူမ သနား မိပြန်သည်။ အန်တီမြကတော့ သူသားအရွယ်ကို ဆရာလေး ဆရာလေး နှင့် ပါးစပ်ကမချ။ ဟိုင်တီကလည်း နားအရသာခံကောင်းနေပုံရသည်။

"ဆရာလေးရယ်. . . လက်စလေးနဲ့ ကလေးရဲ့ ဇာတာလေး တွက်ချက်ပေးခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို မြင်ပေမယ့် မှတ်မိဟန်လည်းမပြ။ မမှတ်မိဟန်လည်း မပြ။ ပုံမှန်အတိုင်းပင်။ သူက စာရွက်နှင့် ဘောလ်ပင်တောင်း၍ ဟိုလျှောက်ခြစ် ဒီလျှောက်ခြစ် လုပ်ပြီးမှ. . .

"အင်း. . . ကလေးက ကျွားဇာတာရှင်လေးဗျ။ နှစ်ဆယ့်နှစ်ရက်မှာမွေးတာဆိုတော့ လေးဂဏန်းသမားပေါ့။ ပညာနတ်ဘုရား အီရာ စိုးမိုးတဲ့ မကာရရာသီမှာ ဖွားမြင်သူလေး ဖြစ်တာကြောင့် ဉာဏ်ပညာ ထက်မြက်မှာတော့ သေချာတယ်။ ဉာဏ်ကောင်းသူတွေဖြစ်ပေမယ့် မကာရ ရာသီဖွားတွေရဲ့ ပညာရေးလမ်းခရီးကတော့ မချောမွေ့တတ်ဘူး။ သူဟာ လူအများကြီးနဲ့ နေရတာထက်စာရင် တစ်ယောက်တည်းနေရတာကို ပိုနှစ်သက်လိမ့်မယ်။ အေးတိအေးစက်လို့ ထင်ရပေမယ့် ဇွဲသိပ်ကြီးမယ့် ကလေးပါ ။ တစ်ခုရှိတာက သူက သူများတွေအပေါ် ဘယ်လောက်ပဲကောင်းကောင်း သူ့အပေါ် ပြန်ကောင်းတဲ့ လူကတော့ အင်မတန် ရှားပါလိမ့်မယ်။ ဒါက မကာရရာသီဖွားတွေရဲ့ ထုံးစံပဲ"

"အဲဒီ မကာရဆိုတာ ဘာလဲဟင်"

"အင်"

ပြောရင်းတန်းလန်း အန်တီမြက ဖြတ်မေးလိုက်သဖြင့် သူ တွေဝေသွားသည်။

"အဲ. . မကာရကို အန်တီမသိရင် တစ်နည်းပြောပြမယ်။ အထွန်းဖွားဆိုတာကိုတော့ အန်တီ သိမှာပေါ့။ အထွန်းဖွားမြင် ကျော်ဇောထင် မြန်ခွင်ပြည်တစ်လွှား ဆိုတဲ့ အထွန်းဖွားလေ"

"ကြားဖူးပါတယ်ကွယ်"

သူက အန်တီမြအား ကလေးအကြောင်းတွေကို ဆက်လက်ပြောပြနေသည်။ စုံတာတော့ အစုံပါပဲ ။

"ဒါက ကျွန်တော်သိသလောက် ပြောပြနေတာပါ။ တခြား ဆရာသမားတွေဆီကိုလည်း သွားမေးဦးပေါ့။ ကလေးက နုသေးတာကြောင့်



အခု လောလောဆယ်မှာတော့ အင်္ဂါရုပ်ဖတ်နည်းနဲ့ ပြောလို့မကောင်းသေးဘူး"

"အင်္ဂါရုပ်ဖတ်တယ်ဆိုတာက ဘယ်လိုဥစ္စာမျိုးလဲကွဲ့"

"အင်္ဂါရုပ်ဖတ် အတတ်ပညာဆိုတာက လူတစ်ယောက်ကို သူ့ရဲ့ ရုပ်ရည်ကို ကြည့်ပြီး ဟောတာကို ပြောတာပါ။ ဥပမာ အန်တီ့ကို ပြောရရင် အန်တီဟာ မိဘတွေချန်ထားခဲ့တဲ့အမွေတွေနဲ့ လင်ယောကျ်ားရဲ့ ရှာဖွေကျွေးမွေးမှုအောက်မှာပဲ အေးအေးဆေးဆေး နေလာရခဲ့ရတဲ့သူ ဖြစ်လိမ့်မယ်။ ကိုယ်တိုင် အပင်ပန်းခံပြီး ရှာဖွေရှန်းကန်ခဲ့ရပုံ မပေါ်ဘူး"

ဟော. . . အန်တီမြ အပျင်းကြီးတာတွေ ပေါ်ကုန်ပြီ။

"ဟုတ်လိုက်တာကွယ်။ ဘာကို ကြည့်ပြီး ဒီလို ပြောနိုင်တာလဲဟင်"

"ခြုံပြီးကြည့်ရတာပေါ့ အန်တီရယ်။ အသိသာဆုံးကတော့ အန်တီရဲ့ နားရွက်ပေါ့။ ပြီးတော့ အန်တီ့လည်ပင်းကို ကြည့်ပြီး ပြောရရင် အန်တီဟာ စိတ်ရင်းကောင်းပြီး ပေးကမ်းစွန့်ကြဲတတ်သူ တစ်ယောက်မှန်းလည်း သိသာပါတယ် "

"ဟယ်. . . မှန်လိုက်တာကွယ်"

"နန္ဒ" ဆိုသူနှင့် အန်တီမြ ပြောဆိုနေသော စကားများကို နားထောင်ပြီး သူ့ကို သူမ ရိုန်လာသည်။ သူက အန်တီမြမေးသမျှကို စိတ်ရှည်လက်ရှည် ဖြေပေးပြီးမှ ပြန်သွားလေသည်။

သူပြန်သွားသော အခါ အန်တီမြမှာ တဖွဖွဖြင့် ချီးကျူး၍ မဆုံးတော့။ မှန်လိုက်တာတွေ၊ တော်လိုက်တာတွေ ထပ်နေတာပဲ။

အမြင်တောင် ကတ်လာသည်။

ဘယ်သူ့ကိုမှန်းတော့ မသိ။

*

"ဟယ်. . . ဒီမှာ ပိုက်ဆံအိတ်တစ်လုံးပါလား"

www.burmeseclassic.com



ဘုရားကျောင်းဆောင်ရှေ့၌ တွေ့သည့်ပိုက်ဆံအိတ်ကို သူမ ကောက်ယူပြီး ဖွင့်ကြည့်လိုက်တော့ 'နန္ဒသူ' ဟူသောအမည်ဖြင့် လိပ်စာ တစ်ခုအား ရေးထားသည်ကို တွေ့လိုက်ရသည်။

"ဟိုလူ ထွက်ကျကျန်ခဲ့တာထင်တယ်. . ."

စိတ်ကူးတော့ကောင်းသားပဲ။ ပိုက်ဆံအိတ်ထဲမှာ လိပ်စာပါတော့ ကောက်ရသူက (ပြန်ပေးချင်ရင်) ပြန်ပေး၍ရတာပေါ့။

အိတ်အတွင်း သူမ စပ်စုကြည့်လိုက်သည်။

ပိုက်ဆံတွေအပြင် စာရွက်ဖြူနွမ်းနွမ်းလေးတစ်ရွက်ကို တွေ့သဖြင့် ထုတ်ယူလိုက်သည်။ ညီညာသပ်ရပ်သည့် လက်ရေးတို့ဖြင့် ရေးထားတာကြာပြီဖြစ်ပုံရသော စာများကိုလည်း သူမ စိတ်ဝင်တစား ဖတ်ကြည့်လိုက်၏။

**"ကျွန်ုပ်၏ ပိုက်ဆံအိတ်အား ကျွန်ုပ် ခွင့်ပြုချက်မရဘဲ စပ်စုသူ၊ ယူငင်သူသည် ယခုဘဝသာမက နိဗ္ဗာန်မရောက်မီ ကြားကာလဘဝများထိ တိုင်အောင် ယောကျ်ားဖြစ်ပါက ကျွန်ုပ်၏ကျေးကျွန်၊ မိန်းမဖြစ်ပါက ကျွန်ုပ်၏ မယားဖြစ်ပါစေသား...**

**နန္ဒ"**

"ဟယ်. . သွားပါပြီဟယ်။ ငါကိုက ရှည်တာပါဟယ်"

စာကိုဖတ်ပြီး သူမ မျက်လုံးပြူးသွားသည်။ အခုမှ မထူးတော့။ လက်လွန်သွားပြီပဲဥစ္စာ။ ကျိန်စာမသင့်ပါစေနဲ့ဟုသာ မအီမလည်ကြီးဖြင့် ဆုတောင်းရပေတော့မည်။

အန်တီမြကိုလည်း ဒီပိုက်ဆံအိတ်အကြောင်း မပြောပြတော့ဘဲ ထိုလူ့အိမ်သို့ သူမကိုယ်တိုင် သွားပို့ပေးရန်သာ ဆုံးဖြတ်လိုက်၏။

*

"ကိုနန္ဒ. . . ကိုနန္ဒ"

ပြန်ထူးသံ မကြားရ။



အိမ်တံခါးကြီးကတော့ ဖွင့်လျက်သား။

"ကိုနန္ဒ. . . ကိုနန္ဒ ရှိပါသလားရှင့်"

"ရှိလောက်ပါတယ်။ ဝင်ချင်ရင် ဝင်ခဲ့လေ။ တံခါးဖွင့်ထားသားပဲ"

"အဲ. . ."

သူမအိမ်ထဲ ဝင်သွားတော့ စာအုပ်တစ်အုပ်ကို ထိုင်ဖတ်နေသော နန္ဒအား အခန့်သား တွေ့လိုက်ရသည်။ တော်တော်နောက်တဲ့ လူပဲ. . .။

"ခင်ဗျားပိုက်ဆံအိတ် လာပေးတာလား"

"ဟုတ်တယ်"

"ကျွန်တော်လည်း ပိုက်ဆံအိတ်ကျန်ခဲ့မှန်း သိကတည်းက တစ်ယောက်ယောက်တော့ လာပေးမှာပဲဆိုပြီး အိမ်တံခါးကို ဖွင့်ထားတာဗျ"

"ဟင်"

တကယ်အပျင်းကြီးတဲ့လူပဲ. . .။ ကိုယ့်ပိုက်ဆံအိတ်ကျန်ခဲ့တာ သိပါလျက်နှင့် ပြန်လာမယူဘဲ လာပေးမည့်သူကို တံခါးဖွင့်ပြီး စောင့်နေသတဲ့။

"ထိုင်ချင်ရင် ထိုင်ဦးလေ"

"အင်"

သူမနည်းနည်းတော့ တင်းသွားသည်။

"ရှင်ဘယ်လိုလူလဲ။ ခုနကတည်း ဝင်ချင်ရင်ဝင်ခဲ့တဲ့။ အခုလည်း ထိုင်ချင်ရင်ထိုင်ဦးလေတဲ့။ ကိုယ့်ပိုက်ဆံအိတ်ပြန်လာပေးတဲ့လူကို ဝင်ခဲ့ပါတို့ ထိုင်ပါဦးတို့မရှိဘူး။ ရော့. . . ဒီမှာ ရှင့်ပိုက်ဆံအိတ်"

ပိုက်ဆံအိတ်ကို သူမကမ်းပေးတော့ နန္ဒက ထယူရင်း စကားပြန်ပြောသည်။

"ကျွန်တော်က ခင်ဗျားမဝင်ချင် မထိုင်ချင်တာကြီးကို အတင်းဝင်ခိုင်းထိုင်ခိုင်းသလို ဖြစ်မှာစိုးလို့ပါဗျာ။ ကဲ. . . ဒါဆိုလည်း ထိုင်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



သူပြောတော့လည်း ဟုတ်သလိုလိုပါပဲ။ သူမ ထိုင်ခုံတစ်လုံးမှာ အသာအယာ ဝင်ထိုင်လိုက်သည်။

"အင်း. . . ခင်ဗျားကလည်း မိန်းမလှတစ်ယောက်ပါပဲလား"

နန္ဒစကားကြောင့် သူမစိတ်ထဲတွင် ပိုက်ဆံအိတ်အတွင်းမှ ကျိန်စာကြီးကို သတိရပြီး ကျောရိုးတစ်လျှောက် စိမ့်သွားသည်။

အခုအချိန်ဆို ဒီလူ့မှာ ကျေးကျွန်တွေ၊ မယားတွေ ဘယ်လောက်တောင်များ ရနေပါလိမ့်. . . .။ သူမကကော နံပါတ် ဘယ်လောက်မှာလဲ. . .။

တွေးရင်း အသည်းယားလာ၏။

"ခင်ဗျားဆံပင်တွေကို တစ်ချက်လောက် နောက်ဘက်သိမ်းပေးပါလား"

"ဘာလုပ်မလို့လဲ"

"ခင်ဗျားနားရွက်ကို ကြည့်ချင်လို့ပါ"

အန်တီမြတုန်းကလို အင်္ဂါရုပ်ဖတ်နည်းဖြင့် ကြည့်ဟောပေးမလို့ ဖြစ်ရမည်။ သူမနားရွက်တွေပေါ်အောင် ဆံပင်တွေကို နောက်ဘက်သို့ လှန်သိမ်းပေးလိုက်၏။

"ခေါင်းလေးတစ်ချက်မော့ပါဦး"

သူမ ခေါင်းမော့ပေးလိုက်တော့ နန္ဒက သူမ လည်ပင်းကို ကြည့်ပြန်သည်။

ခေါင်းတညိတ်ညိတ်နှင့်။ ဟုတ်တော့ဟုတ်နေပြီ။

"လျှာလေးတစ်ချက် ထုတ်ပြပါဦး"

သူမ လျှာထုတ်ပြလိုက်သည်။

သူ့ကို ပြောင်ပြသလို ဖြစ်နေတာကိုတော့ အားနာသား။

"ထပ်ပြီး ဆန့်ထုတ်လို့ရသေးလား"

"ရရရှူး. . . ရာရေရှုံးရဲ"



မရတော့ဘူး၊ ဒါ အရှည်ဆုံးပဲဟု ပြောလိုက်တာပါ။ လျှာထုတ်နေရင်း ပြောရတော့ စကားက မပီခြင်းဖြစ်သည်။

"ခင်ဗျားလျှာက အနေတော်ပါပဲ။ ဒါကြောင့်လည်း စကားကို သွက်သွက်လက်လက် ပြောနိုင်တာပေါ့"

"ရာ. . . အဲ. . . ဘာ"

လျှာပြွတ်ခနဲ ပြန်ဝင်သွားသည်။

"သြော်. . . ခင်ဗျား နားရွက်ရှည်တာကို မြင်ဖူးလို့ လျှာလည်း ရှည်လားလို့ ကြည့်တာပါ"

ဒါဆို သူမကို သူမှတ်မိနေတာ သေချာပြီ။

"ရှင် ဘာသဘောနဲ့ ကျွန်မလျှာကို ကြည့်တာလဲ"

"ဒါက ဒီလိုပါ။ တစ်ချို့လူတွေက စကားများတဲ့လူတွေ၊ စပ်စုတဲ့လူတွေကိုဆိုရင် လျှာရှည်တယ်လို့ ပြောကြလို့ပါ။ ကျွန်တော် တွေးကြည့်မိတော့ လျှာရှည်တဲ့လူတွေက ဘယ်နှယ့်လုပ်ပြီး စကားကို များများ သွက်သွက်ပြောနိုင်မှာလဲဗျ။ လျှာကြီးသယ်ရတာနဲ့တင် လေးနေမှာ။ လျှာ အရမ်းရှည်ရင် စကားတောင်ပြောနိုင်မှာ မဟုတ်ဘူးလေ။ အဲဒီအတွေး မှန်မမှန်သိချင်လို့ ခင်ဗျားကို လျှာထုတ်ခိုင်းပြီး ကြည့်မိတာပါ"

"အမ်"

လျှာကြည့်ချင်တာများ ကိုယ့်လျှာကိုယ်တော့ မှန်ထဲပြန်မကြည့်ဘဲ သူများလျှာကိုမှ ထုတ်ပြခိုင်းသည်။ တော်တော်ကို မဟုတ်တဲ့လူ. . .။

သူမကို စပ်စုတတ်သူဟု စောင်းပြောချင်တာလည်း ဖြစ်နိုင်သည်။

"ဒါဆို ရှင် ကျွန်မ နားရွက်တွေ လည်ပင်းတွေကို ကြည့်တာက ကော ဘာသဘောလဲ"

"ချေး ရှိမရှိ သိချင်လို့ပါ"

"ဘာ. . . ဘာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ။ တချို့ မိန်းကလေးတွေက အမှတ်တမဲ့ကြည့်ရင်တော့ လှတပတနဲ့ သန့်သန့်ရှင်းရှင်းလေးတွေပါပဲ။ သေချာ ကြည့်လိုက်ရင်တော့ လည်ပင်းမှာ ဂျီးအရစ်တွေ၊ နားထဲမှာ နဖာချေးတွေနဲ့ဗျ။ အရမ်း ရွံစရာ ကောင်းတာ။ အဲဒါကြောင့် ခင်ဗျားကလည်း လှတပတလေး ဆိုတော့ ဘယ်လိုနေမလဲ ဆိုပြီး ကြည့်မိတာပါ"

"အင်"

သူမပင် ကိုယ့်ကိုကိုယ် စိတ်မလုံဖြစ်သွား၏။ အခုမှ စစ်ဆေးရေးမှူးနှင့် လာတွေ့နေသည်။

"ဒါဆို . . . ဒါဆို ရှင်ကျွန်မကို အင်္ဂါရုပ်ဖတ်နည်းနဲ့ ဟောပေးမလို့ ကြည့်နေတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး။ ခင်ဗျားကို ကျွန်တော် အဲဒီလို ပြောမိလို့လား"

သွားပါပြီ . . .။

သူမကတော့ အင်္ဂါရုပ်ဖတ်နည်းဖြင့် ကြည့်နေတာ မှတ်ပြီး နားရွက်တွေ လှန်ပြ၊ ခေါင်းတွေ မော့ပြ၊ လျှာတွေ ထုတ်ပြလိုက်ရတာ . . .။

တွေးရင်း ရှက်တောင် ရှက်လာသည်။

တော်တော်ဆိုးတဲ့ လူပဲ။

"ခင်ဗျားက အဲဒီပညာတွေကို စိတ်ဝင်စားလို့လား"

"မိန်းကလေးပဲ ဥစ္စာ။ စိတ်ဝင်စားတာပေါ့ရှင်"

"ဒါဆို ခင်ဗျား မွေးသက္ကရာဇ် ပြော"

"၁၉၈၂ ခုနှစ် မေလ ၂၄ ရက်"

နန္ဒက စဉ်းစားဟန် ပြုလိုက်သေးသည်။ ပြီးမှ . . .

"ခင်ဗျားက ခွေးဇာတာရှင်ပဲဗျ"

"ရှင်"

"ပြီးတော့ မေထုန်ဖွား"

"အို"



"ဘာလဲ . . . မယုံလို့လား။ ကြိုက်တဲ့ဆရာဆီ သွားမေး။ ၁၉၈၂ မေလ ၂၄ မှာမွေးတဲ့ ခင်ဗျားဟာ ခွေးဇာတာရှင် မေထုန်ဖွား စစ်စစ်ပဲ။ ပြီးတော့ ခင်ဗျားက ခြောက်ဂဏန်းသမားဆိုတော့ . . ."

"တော် တော်ပါတော့ရှင်။ ဒီလောက်ဆို ရပါပြီ။ ယုံလည်း ယုံပါပြီ"

ကြားရတာ နားရှက်စရာတွေချည်းပါပဲ။ ဒါတောင် တော်သလင်းလတို့၊ ပြာသိုလတို့မှာ မွေးတာ မဟုတ်၍တော်သွားသေးသည်။

"ဒါနဲ့ နေစမ်းပါဦး။ ရှင်ကကော ဘာဇာတာရှင်လည်း"

"နဂါး"

ဟွန့် . . . သူကျတော့ နဂါးတဲ့။ သူများကျတော့ ခွေးတဲ့။ တော်တော် မတရားတဲ့လူ . . .။

"နန္ဒရေ . . . နန္ဒ . . ."

"ဝင်ချင်ရင် ဝင်လာခဲ့လေ"

ဧည့်သည်တွေ ရောက်လာသဖြင့် သူမလည်း နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ စိတ်ထဲမှာတော့ သိပ်မကြည်လင်။ အမေ့ကိုသာ အပြစ်တင်ချင်နေမိသည်။

မွေးမှမွေးတတ်ပလေ အမေရယ် . . . ခွေးဇာတာရှင် မေထုန်ဖွားတဲ့လေ . . .။

*

ကော်ဖီဆိုင်ထဲသို့ သူမ ဝင်သွားသောအခါ "မေသိင်္ဂီ" ဆိုသော အမျိုးသမီးအား တစ်ယောက်တည်း ငူငိုင်ငိုင် ထိုင်နေတာကို တွေ့လိုက်ရသည်။ ဝေဒနာတွေကို လာဖြေသိမ့်နေတာ ထင်ပါရဲ့။

စိတ်၏ စေခိုင်းမှုဖြင့် သူမခြေထောက်တို့က ထိုစားပွဲဆီ ရောက်သွားသည်။

"ကျွန်မ ထိုင်မယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



မေသိဂီက သူမကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်ပါသေးသည်။ ပြီးမှ. . .

"ထိုင်ပါ"

မေသိဂီနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် သူမ ဝင်ထိုင်လိုက်သည်။ စိတ်မချမ်းမြေ့ပုံပေါက်နေပေမယ့် တော်တော်လှတဲ့မိန်းမတစ်ယောက်ပဲ။

"ရှင် ကိုနန္ဒကို သတိရနေတာလား"

မေသိဂီက သူမကို အံ့သြဟန်ဖြင့် စိုက်ကြည့်သည်။

"ရှင်က ဒီအကြောင်းတွေကို ဘယ်လိုလုပ် သိနေတာလဲ"

"ရှင်တို့နှစ်ယောက် လမ်းခွဲတဲ့နေ့က ဒီခုံလေးရဲ့ ဟိုဘက်က ခုံမှာ ထိုင်နေတာ ကျွန်မလေ"

"ဩော်. . . ရှင်နဲ့ သူကကော တော်တော်ရင်းနှီးလား"

"မရင်းနှီးပါဘူး။ ကျွန်မက ကိုနန္ဒကို စိတ်ဝင်စားနေသူတစ်ယောက်ပါ"

"ရှင်"

ဟယ်. . . စကားပြော လောသွားပြီ။

"ဒီလိုပါ. . . ကျွန်မက ကိုနန္ဒရဲ့ biography ကို ဆိုလိုတာပါ"

"ဩော်"

ဒီတော့မှ မရွှေချောက သက်ပြင်းချသည်။ သံယောဇဉ် မပြတ်နိုင်သေးမှန်း သိသာလှ၏။

"ဟုတ်ပါတယ်။ သူဟာ စိတ်ဝင်စားဖို့ကောင်းတဲ့ လူတစ်ယောက်ပါ။ သူနဲ့ပတ်သက်ပြီး ခုအချိန်မှာ ကျွန်မ အသိချင်ဆုံးနဲ့ စိတ်အဝင်စားဆုံးအချက်ကတော့ သူ ကျွန်မကို ဘာကြောင့် ဖြတ်သွားတာလဲ ဆိုတာကိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူနဲ့ကျွန်မဟာ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတဲ့ ချစ်သူတွေမို့လို့ပါ။ ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာပြဿနာမှလည်း မရှိခဲ့ဘူးလေ "



မေသိဂီက ရင်တွင်းမှ လှိုက်တက်လာသော ကြေကွဲသံဖြင့် ပြောနေသည်။ မေသိဂီပြောသည့် စကားများက သူမအား စွဲထင်သွားစေ၏။

နန္ဒက မေသိဂီကို ဘာကြောင့် အဆက်ဖြတ်ပစ်လိုက်ရတာလဲ. .။ ထိုအဖြေကို သူမလည်း သိချင်လာမိသည်။

*

ပဟေဠိတို့ကို ပေါ်ပေါက်စေသူ နန္ဒ၏ နေအိမ်သို့ သူမနောက်တစ်ကြိမ် ရောက်ရပြန်ပါပြီ။ ဒီတစ်ကြိမ်မှာတော့ အိမ်တံခါးက စေ့ပိတ်ထားသည်။ ခြံဝင်းတစ်ခုလုံးက တိတ်ဆိတ်ငြိမ်သက်ခြင်းတို့ မင်းမူကြီးစိုးနေ ၏။ လူမှ ရှိပါ့မလား. . .။

"ကိုနန္ဒ. . . ကိုနန္ဒ. . . "

အိမ်တံခါး ပွင့်သွားသည်။

"ဩော်. . . ခင်ဗျားကိုး။ ကျွန်တော်လည်း ပိုက်ဆံအိတ် မပျောက်ပါဘူး။ ဘာလာလုပ်တာလဲ"

"ကျွန်မ ကိုနန္ဒကို မေးစရာရှိလို့ပါ"

"ဒါဆိုလည်း လာဗျာ။ ကျွန်တော်တို့ အပြင်မှာပဲ ထိုင်စကားပြောရအောင်"

ခြံဝင်းထဲမှ စီခင်းထားသော သစ်တုံးတစ်တုံးပေါ်၌ နန္ဒက သွားထိုင်သည်။ ဒါကြောင့် သူမလည်း မလှမ်းမကမ်း သစ်တုံးပေါ်၌ ထိုင်လိုက်၏။

"ကဲ. . . ဘာမေးမှာလဲ။ မေး"

"ရှင် မေသိဂီကို ဘာကြောင့် အဆက်ဖြတ်ပစ်လိုက်တာလဲ"

နန္ဒမျက်နှာက ထင်မှတ်မထားသော မေးခွန်းအား ကြားလိုက်ရသကဲ့သို့ တွေသွားသည်။

"ဒီကိစ္စကို ခင်ဗျားက ဘာကြောင့် သိချင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စကို သိချင်တာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး ကိုနန္ဒ။ မေသီဂီလည်း ရှင့်ရဲ့ အဖြေကို သိချင်နေတာ။ သူနဲ့ကျွန်မ ဆုံပြီးပြီ။ အခုဆိုရင် ဘာအကြောင်းပြချက်မှ မရှိဘဲ ချစ်သူရဲ့ စွန့်ပစ်ခြင်းကို ခံလိုက်ရတာကြောင့် သူ့အရမ်း နာကျင်မွန်းကြပ်နေတယ်။ အပြစ်ဒဏ်ခံရသူ တစ်ယောက်အနေနဲ့ ဘာကြောင့် အပြစ်ပေးခံရသလဲ ဆိုတာကိုတော့ သိခွင့် ရှိသင့်ပါတယ်ရှင်"

နန္ဒမျက်နှာက ညှိုးရော်သွားသည်။

"သူ့မှာ ဘာအပြစ်မှ မရှိပါဘူးဗျာ"

"ဒါဆိုရင် ဘာကြောင့် ရှင် သူ့ကို ဖြတ်ပစ်ရတာလဲ"

"အကြောင်းရှိလို့ပါ"

"အဲဒီအကြောင်းက ဘာလဲ"

သူမက နန္ဒမျက်နှာကိုကြည့်၍ မေးတော့ နန္ဒ အကြည့်တို့က အဝေးသို့ ဝေးသွားလေသည်။

"ယောကျ်ားတစ်ယောက်ဟာ သူ လက်မထပ်နိုင်တဲ့ မိန်းမတစ်ယောက်ကို ချစ်သူအဖြစ်နဲ့ဆက်ပြီး လက်မတွဲသင့်ဘူးလို့ ထင်လို့ပါ"

"ရှင် မေသီဂီကို လက်မထပ်နိုင်ဘူးဆိုတဲ့ သဘောလား"

"မေသီဂီကိုမှ မဟုတ်ပါဘူး။ တခြား ဘယ်အမျိုးသမီးကိုမှလည်း ကျွန်တော် လက်ထပ်ဖြစ်မှာ မဟုတ်ဘူး"

"ဟင်. . . ဘာလို့လဲ"

"အိမ်ထောင်ပြုခြင်းဆိုတာကြီးကို ကျွန်တော် ရွံမုန်းသွားမိလို့ပါ"

"ဘယ်လို"

သူမ ကြောင်သွားသည်။ နန္ဒက တည်ငြိမ်စွာဖြင့်. . .

"အိမ်ထောင်သည်ယောကျ်ားတစ်ယောက်ရဲ့ စိုးရိမ်ပူပန်မှုတွေ၊ ကိုယ်ဝန်ဆောင်မိန်းမရဲ့ ပင်ပန်းဆင်းရဲမှုတွေကို မြင်တွေ့ကြားသိပြီးကတည်းက အဲဒီအတွေး ကျွန်တော့်ခေါင်းထဲရောက်လာတာ။ အိမ်ထောင်



သည်တွေရဲ့ တာဝန်ဝတ္တရားတွေကို တွေးပြီး ကျွန်တော်ရင်တွေ မောလာတယ်။ ဘယ်မှာလဲ. . . ပျော်ရွှင်မှုစစ်စစ်ဆိုတာ. . ."

"အဲဒီလိုအတွေးမျိုးသာ ရှင့်အဖေနဲ့အမေမှာရှိခဲ့ရင် ရှင် လူဖြစ်လာမှာ မဟုတ်ဘူးနော် ကိုနန္ဒ"

"ဟုတ်ပါတယ်။ ဒါပေမယ့် အစဉ်အလာတွေ နောက်ကို လျှောက်လိုက်ဖို့ ကျွန်တော် စိတ်မဝင်စားဘူး။ ကန်တော့ပါရဲ့ဗျာ. . မျက်ကန်းတွေ သွားတဲ့နောက်ကို မျက်လုံးကောင်းတဲ့လူတွေက လျှောက်လိုက်ပြီး မျက်ကန်းတွေ ချောက်ထဲချော်ကျတာနဲ့ မျက်လုံးကောင်းတဲ့ လူတွေကကော လိုက်ခုန်ချရတော့မှာလား။ ကျွန်တော့်အဖေနဲ့ အမေကိုပဲ ကြည့်လေ. . . သူတို့ဟာ အိမ်ထောင့်တာဝန်တွေ၊ သားသမီးတွေအပေါ် ပူပင်သောကတွေနဲ့ ပင်ပင်ပန်းပန်း ရုန်းကန်ရှာဖွေရင်း သေသာသွားကြတယ်။ စစ်မှန်တဲ့ ပျော်ရွှင်မှုကို မခံစားရဘူး။ ငြိမ်းချမ်းမှုဆိုတဲ့အရသာကို သူတို့ သိမသွားကြဘူး။ ပူလောင်ပြီး မတည်မြဲတဲ့ ပျော်ရွှင်မှုအတုအယောင်တွေကို သာယာနေသရွေ့ကတော့ စစ်မှန်တဲ့ ငြိမ်းချမ်းမှုကို ရှာမတွေ့မှာ သေချာတယ်။ အခု ကျွန်တော်ရှာဖွေနေတာက ငြိမ်းချမ်းမှုပဲ"

"ဒီလောက်တောင် ငြိမ်းချမ်းချင်နေရင်လည်း ရှင် ဘုန်းကြီးဝင်ဝတ်လိုက်ပါလား"

သူမက ခပ်ငေါ့ငေါ့ပြောတော့ နန္ဒကပြုံးသည်။

"ကျွန်တော် ဝတ်ပါသေးတယ်။ တစ်ချို့လူတွေက သက်သာချင်ရင် ဘုန်းကြီးဝတ်ကြဆိုပြီး စကားကိုမစူးစမ်း၊ မဆင်ခြင်ဘဲ ပြောလေ့ရှိပါတယ်။ ဒီစကားဟာ ရေသာခို အချောင်လိုက်ချင်သူတွေအတွက်တော့ မှန်ရင်မှန်ပါလိမ့်မယ်။ တကယ် ကျင့်ကြံအားထုတ်တဲ့ပုဂ္ဂိုလ်တွေကိုတော့ စော်ကားလိုက်တာပါပဲ။ သံဃာတော်တွေအဖို့ ဝိနည်းတော်နဲ့အညီ နေထိုင်ရတာ အရမ်းကို တင်းကြပ်ခက်ခဲလွန်းပါတယ်။ အရမ်းလည်း ပင်ပန်းဆင်းရဲပါတယ်။ အဲဒီလို ဝိနည်းနဲ့အညီ မနေနိုင်တာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအရေတော်ကို လိမ်ညာပြီးမခြုံချင်လို့ ကျွန်တော် ပြန်ထွက်လာတာပါ။ ပါရမီနည်းတယ်လို့ပဲ ဆိုရမှာပေါ့လေ။ ဒါပေမယ့် ဘယ်နေရာမဆို စိတ်သာ အဓိကဆိုတဲ့အချက်ကို ကျွန်တော်ဆင်ခြင်သုံးသပ်မိသွားတယ်။ ဒါကြောင့် ကျွန်တော်ဟာ ငြိမ်းချမ်းမှု လမ်းစဉ်ကို ဆက်လိုက်နေတာ"

"ဒါဆို ရှင်ရဲ့ ငြိမ်းချမ်းလိုမှုအတွက် မေသိဂီကို စွန့်လွှတ်ခဲ့တာပေါ့လေ ဟုတ်လား"

သူမမေးတော့ နန္ဒက ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ်။ ဒါပေမယ့် မေသိဂီတစ်ယောက်တည်းကို မဟုတ်ပါဘူး။ တခြားအပေါင်းအသင်း သူငယ်ချင်းတွေကိုလည်း ပါ,ပါသေးတယ်။ သူတို့ကို စွန့်လွှတ်လိုက်တာက ကျွန်တော် လူအများကြီးနဲ့ မဆက်ဆံချင်တော့လို့ပါ။ လူဆယ်ယောက်နဲ့ဆက်ဆံရင် ဆယ်ယောက်ရဲ့ အပူတွေက ကျွန်တော့်ကို ကူးစက်တယ်။ ငါးယောက်ကို ဆက်ဆံရင် ငါးယောက်ရဲ့အပူတွေက ကျွန်တော့်ကိုကူးစက်တယ်။ ဒါကြောင့် အပူတွေ နည်းနိုင်သမျှ နည်းအောင် ကျွန်တော့်ပတ်ဝန်းကျင်ကို ကျဉ်းသထက် ကျဉ်းလာအောင် လုပ်နေတာ"

"ဒါဆိုရင်တော့ ရှင်ဟာ အတ္တသမားသက်သက်ပဲ ကိုနန္ဒ။ ရှင့်လုပ်ရပ်တွေက တဖက်သတ်ဆန်လွန်းနေပြီ"

"အတ္တမဆန်တဲ့လူ ဘယ်သူများရှိလို့လဲဗျာ။ အတ္တမဆန်ပါဘူးဆိုတဲ့လူကို ကျွန်တော့်ဆီခေါ်လာခဲ့စမ်းပါ။ တစ်ထိုင်တည်းနဲ့ အဲဒီလူရဲ့ အတ္တပေါ်လွင်အောင် လုပ်ပြပါ့မယ်။ ကျွန်တော့်အယူအဆ လုပ်ဆောင်ချက်တွေဟာ လူမှုရေးစည်းဘောင်အမြင်အရ ကြည့်ရင်တော့ ဆန့်ကျင်ဘက်ဖြစ်နေပါလိမ့် မယ်။ ဒါပေမယ့် ကျွန်တော် ဂရုမစိုက်ပါဘူး။ မြတ်စွာဘုရားသခင်တောင်မှ သူတောင်းစားနဲ့ အနှိုင်းခံရသေးတာပဲ မဟုတ်လား။ ကျွန်တော်က ကြီးကျယ်ထည်ဝါသူမဟုတ်တာကြောင့် အခြားလူတွေအတွက်တော့ ထိုက်သင့်တဲ့ ကူညီမှုကလွဲလို့ ထူးထူးခြားခြား စွမ်းဆောင်



မပေးနိုင်ပါဘူး။ ကျွန်တော့်ကို သူတို့တွေ ကြိုက်သလို ပြောကြပါစေ။ ကျွန်တော် ဂရုမစိုက်ပါဘူး။ ကျွန်တော်က အမှန်တရားကို ရှာဖွေနေတာမှ မဟုတ်တာ။ စိတ်ငြိမ်းချမ်းမှုကို ရှာဖွေနေတာလေ။ ကျွန်တော်က မတတ်နိုင်တာကြီးကို အထင်ကြီးအောင် ညာဝါမလုပ်ဘဲ တတ်နိုင်သလောက်ကိုသာ အကောင်းဆုံး လုပ်ပြချင်တဲ့လူပါ"

ကြားရတာတွေက သူမအတွက်တော့ အထူးအဆန်းတွေချည်းဖြစ်နေသည်။ နန္ဒက သူမကိုကြည့်ကာ. . .

"ကျွန်တော်လေ့လာထားတဲ့ စိတ်ငြိမ်းချမ်းမှုလမ်းစဉ်ရဲ့ သဘောတရားကို ခင်ဗျားနားလည်အောင် နည်းနည်းပြောပြမယ်။ ခင်ဗျားဟာ ကျွန်တော် မြင်ဖူးသမျှမိန်းမတွေထဲမှာ အလှဆုံးပဲလို့ ပြောလိုက်ရင် ခင်ဗျား စိတ်ချမ်းသာသွားမှာပဲ။ ဟုတ်တယ်မလား"

သူမ ရိုးသားစွာ ခေါင်းညိတ်ပြလိုက်သည်။ ဒါ သဘာဝပဲလေ။ နန္ဒက. . .

"ဒါပေမယ့် ဒီစကားဟာ အမှန်မဟုတ်ဘူးဗျ"

"ရှင်"

"ဟုတ်တယ်လေ။ ကျွန်တော်မြင်ဖူးသူတွေထဲမှာ ခင်ဗျားထက်လှတာတွေရှိသေးသလို ခင်ဗျားထက်ရုပ်ဆိုးတာတွေလည်း ရှိတယ်လေ။ အဲဒီအချက်ကို အခြေခံပြီး ကျွန်တော်တွေးမိတာက စိတ်ချမ်းသာမှုဟာ အမှန်တရားနဲ့မဆိုင်ဘူးဆိုတဲ့ အချက်ပဲ။ ဒါကို ခင်ဗျားလက်ခံသလား"

"ဟုတ်ကဲ့"

သေချာစဉ်းစားပြီးမှ သူမအဖြေပေးလိုက်တာဖြစ်သည်။

"ဒီအတွေးအခေါ်ရဲ့လမ်းစကို ရှင်ဘယ်က ဘယ်လိုရလိုက်တာလဲ"

"ဆိုကရေတီးတို့ ပလေတိုလို့ လူသိများတဲ့ အရစ္စတိုကလိတို့ ခေတ်တုန်းက ပေါ်ပေါက်ခဲ့ဖူးတဲ့ သရေစီမေကပ် အယူအဆက ရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"သရေစီမေကပ် အယူအဆဆိုတာ ဘယ်လိုမျိုးလဲ"

"သရေစီမေကပ်အယူအဆဆိုတာက မတရားတာက တရားတာထက် ကောင်းတယ်ဆိုတဲ့ အယူအဆပါ။ ကျွန်တော် တွေးထားတဲ့ ဥပမာနဲ့ ပြောရမယ်ဆိုရင်. . . ကျွန်တော်ဟာ ခင်ဗျားဆီကနေ ပိုက်ဆံတစ်သိန်းကို မနက်ဖြန်ပြန်ပေးပါ့မယ်ဆိုပြီး ယူသွားမယ်။ ခင်ဗျားကလည်း မနက်ဖြန်မှာ လူတစ်ယောက်ကို အဲဒီပိုက်ဆံပေးစရာရှိတယ်။ ဒါပေမယ့် ကျွန်တော့်အပေါ် ယုံကြည်မှုနဲ့ ပေးလိုက်တာ။ ဒါကို ကျွန်တော်က ပြန်လာမပေးတော့ဘူး။ အဲဒီကိစ္စမှာဆိုရင် ခင်ဗျားက တရားတယ်။ ကျွန်တော်က မတရားဘူး။ ဒါပေမယ့်လို့ ကျွန်တော်က မတရားမှုနဲ့ အသာရလိုက်လို့ အကျိုးဖြစ်ထွန်းပြီး စိတ်ချမ်းသာရပေမယ့် တရားသူခင်ဗျားကတော့ နစ်နာဆုံးရှုံးခံလိုက်ရတာကြောင့် အကျိုးယုတ်ပြီး စိတ်ဆင်းရဲရတယ်။ ဒါဟာ အနာဂတ်ဘဝကို မေ့ထားပြီး ပစ္စုပ္ပန်ဘဝရဲ့ မှားယွင်းနေတဲ့ အမှန်တရားကို သိသိသာသာဖွင့်ပြလိုက်တဲ့ အယူအဆတစ်ခုပဲ။ ဒီအယူအဆက အစွန်းတော့ ရောက်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ အဲဒီအယူအဆကို ဆင့်ပွားတွေးတောပြီး စိတ်ချမ်းသာမှုလမ်းစကို တွေ့ရှိခဲ့တယ်။

အဲဒီလမ်းစကို အခြေတည်ပြီး ပုထုဇဉ်တစ်ယောက်အနေနဲ့ အတတ်နိုင်ဆုံး ငြိမ်းချမ်းအောင် ဆက်ကြိုးစားဖို့ ကျွန်တော် ဆုံးဖြတ်ထားပါတယ်"

နန္ဒ၏ ပြတ်သားခိုင်မာနေသောအမူအယာကြောင့် သူမ သက်ပြင်း ဖွဖွချလိုက်မိသည်။

"ဒီလိုဆို မေသိင်္ဂီက သနားစရာလေးပေါ့ရှင်"

"မတတ်နိုင်ဘူးလေ။ တချို့ကိစ္စတွေမှာ တစ်ဖက်မှာ ပြည့်ဖို့ တစ်ဖက်က ဖဲ့ပေးလိုက်ရတာတွေ အများကြီးပါ။ ဒီလောကကြီးထဲမှာ နေထိုင်နေကြတဲ့ လူတွေဟာ စိတ်မဆင်းရဲရမှာတွေကို စိတ်ဆင်းရဲ မပူပင်



ရမှာတွေကိုကျတော့ပူပင်ပြီး စိတ်ချမ်းသာမှုစစ်စစ်ဆိုတာကိုတော့ မေ့လျော့နေကြတယ်။

အတုအယောင်တွေကြားထဲမှာ ပျော်မွေ့နေပြီး စစ်မှန်တဲ့ ငြိမ်းချမ်းမှုကို ရှာဖွေဖို့ သူတို့မစဉ်းစားကြဘူး"

လေးနက်တည်ကြည်စွာပြောနေသော နန္ဒကိုကြည့်ရင်း ပိုက်ဆံအိတ်ထဲမှ စာရွက်ကိစ္စကို သူမသတိရမိလိုက်သည်။

"ဒါနဲ့ ရှင့်ကို တစ်ခုမေးရဦးမယ်"

"ဘာလဲ. . . . မေးလေ. . ."

"ဟိုဥစ္စာ. . . ရှင့်ပိုက်ဆံအိတ်ထဲက ရေးထားတဲ့ ကျိန်စာကလေ. . . အဲဒါ. . ."

သူမစကားမဆုံးခင် နန္ဒက ရယ်လေသည်။

"အဲဒီစာက ရေးထားတာကြာပါပြီဗျာ။ အရင်က ကျွန်တော့်သူငယ်ချင်းတွေ ကျွန်တော့်ပိုက်ဆံအိတ်ကို နှိုက်လွန်းအားကြီးလို့ နောက်ပြီး ရေးထည့်ထားတာပါ။ ဘာဆန္ဒမှ မပါ,ပါဘူး။ ဆန္ဒမပါရင် ကျိန်စာဆိုတာ မသင့်ပါဘူးဗျာ။ အဲ. . . ဆန္ဒသန်ရင်တော့ မေတ္တာတောင် စူးတယ်ဗျ"

ဒီတော့မှ သူမစိတ်ထဲ လိပ်ခဲတည်းလည်းဖြစ်နေတာ ပေါ့ပါးသွားသည်။ မေသိင်္ဂီ၏ ကိုယ်စားလှယ်အနေနှင့်ကတော့ဖြင့် မပေါ့ပါးနိုင်သေးပါ။

"ကိုနန္ဒ. . . ရှင်တစ်သက်လုံး ဒီလိုပဲနေတော့မယ်ပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်။ ကျွန်တော့်ခံယူချက်ကို ပျက်သုဉ်းစေမယ့် အကြောင်းအရာတွေ ပေါ်မလာဘူးဆိုရင်ပေါ့လေ"

"ရှင့်ခံယူချက်ကို ပျက်သုဉ်းစေမယ့် အကြောင်းအရာတွေဆိုတာက ဘာတွေလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအကြောင်းအရာဆိုတဲ့ခေါင်းစဉ်အောက်မှာ ခင်ဗျားလို သိပ်လှတဲ့မိန်းမတွေလည်း ပါတယ်။ ဒါကြောင့်. . . ခင်ဗျားသိချင်တာလည်း သိရပြီပဲဥစ္စာ။ ပြန်ပါတော့ဗျာ"

အိမ်ရှင်က ပေါ်တင်ကြီးနှင်လွှတ်နေသဖြင့်သာ သူမပြန်လာခဲ့ရသည်။ သိချင်တာတွေက တပုံတပင်နှင့် အမျှင်မပြတ်ချင်သေးပါ။

အပြန်လမ်းတစ်လျှောက်မှာတော့ အာရုံတွေထွေပြားလျက် အတွေးများဝေ့သီပွားနေ၏။

နန္ဒ၏ လုပ်ဆောင်ပုံက သာမန်ထက် ကဲနေပြီလား. . .။

သူ့အနေအထားက မှန်ကန်ပါရဲ့လား. . .။

ဒါဆို. . . .

ဘယ်မှာလဲ. . . ငြိမ်းချမ်းမှု

ဘယ်မှာလဲ. . . . ပျော်ရွှင်မှုစစ်စစ်ဆိုတာ

ဘယ်မှာလဲ. . .

? ? ?

? ?

?

# အသည်းကွဲသာရဲ့ အလွမ်း

www.burmeseclassic.com

www.burmeseclassic.com



လေပြည်က ထင်းရှူးရနံ့ ဆွတ်ပျံ့နေသည်။ မြင်ကွင်းက မြူနှင်းဖွဲ့တွေကြားမှာ ကဗျာဆန်နေပါ၏။ ယူရိုဟန်နှင့် မြို့ငယ်လေးက စူးရှသောမာကျူရီ မီးရောင်အောက်မှာ ဝိုးတဝါး အိပ်မောကျလျက် ရှိလေသည်။

ကလောမြို့လေးသည် အရင်တစ်ခေါက် ရောက်တုန်းက အတိုင်းပင်။ ဘာမှ ထူးထူးခြားခြား မပြောင်းလဲ။ စိုပြည်စိမ်းလန်း လှပမှုတွေက မှုန်ရီအေးစိမ့်စွာဖြင့် လတ်ဆတ်နေမြဲ။

ရင်ခုန်သံတွေ သဲသဲမဲမဲနှင့် အဝေးပြေး ကားကြီးပေါ်မှ ဆင်းပြီးသည်နှင့် တစ်ပြိုင်နက် စားသောက်ဆိုင်လေး တစ်ဆိုင်ရှိရာနေရာသို့ လှမ်းကြည့်လိုက်မိ၏။ ညရောင်အောက်တွင် ဆိုင်လေးက မှောင်နေသည်။ ဒီအချိန်ဆို ဓနုမမကြီး အိပ်ရာထက်မှာ ကွေးကောင်းတုန်းပဲ ရှိဦးမှာပေါ့။

တစ်နှစ်လောက်ကြာခဲ့ပြီမို့ ယခုအချိန်ပြန်တွေ့လျှင် ကျွန်တော့်ကို ဓနုမမကြီး မှတ်မိပါတော့မလား မသိ။

အရင်တစ်ခေါက် ဒီမြို့လေးကို ကျွန်တော် လာစဉ်တုန်းက ထိုဆိုင်မှ သံဘူးဘီယာများ၊ ဝိုင်ပုလင်းများကို ဝယ်ယူသုံးစွဲနေကျ။ အိမ်ကို ဖုန်းပြန်ဆက်လျှင်လည်း ထိုဆိုင်မှ ဖုန်းကိုသာ အသုံးများ၏။ အဲဒီတုန်းကတော့ တော်တော်ရင်းနှီးခဲ့ကြသည်။

ဓနုမမကြီးသည် ကျွန်တော်နှင့် သစ္စာ၏ အကြောင်းအရာများကိုလည်း စိတ်ဝင်စားပေးနိုင်စွမ်းရှိသူ ဖြစ်လေသည်။

"အဲဒီကောင်မလေးက အရင်တုန်းက ရည်းစားတွေ ဘာတွေ လုံးဝထားတာ မဟုတ်ဘူး။ တကယ့် ရိုးရိုးအေးအေးလေး။ လိုက်တဲ့လူတွေတော့ ပေါတယ်။ ဒါပေမယ့် ဘယ်သူမှ မရကြဘူး။ ခဏအလည်လာတဲ့ တစ်နယ်သား မင်းနဲ့ကျမှ ကြွေသွားတာ ကောင်လေးရေ။ ငါဖြင့် တကယ်အံ့သြတယ်။ ဗမာလေးက တော်တော်အချူကောင်းပုံ ရတယ်နော့"

ထိုကဲ့သို့ပင် ပြုံးစစနှင့် ကျွန်တော့်ကို ခင်မင်စွာ ကလိတတ်၏။ သစ္စာ၏ အကြောင်းများကို သိလိုဇောဖြင့် ကျွန်တော် မေးတိုင်းလည်း စိတ်ရှည်လက်ရှည် ပြောပြတတ်၏။

"ဒီမြို့မှာတော့ ပန်သစ္စာကို မသိတဲ့လူ မရှိလောက်အောင်ပါပဲ။ သူက အရမ်းလှတယ်လေ"

သိပ်မကျယ်ဝန်းသော ကလောမြို့လေး၏ စရိုက်စုံ၊ ဘာသာစုံ၊ လူမျိုးစုံ၊ ဘဝစုံသော လူများကြားမှာ ပါးအို့နီနီလေးဖြင့် သစ္စာ၏အလှကသိသာစွာ လင်းလက်တောက်ပလွန်းနေတာ အမှန်ပါ။

ထိုသို့သော မြို့၏ ကျက်သရေဆောင် အလှမကို၌လေးအတွက်လည်း ဓနုမမကြီးက စိုးရိမ်စွာ စိတ်ပူပင်တတ်ပါသေးသည်။

"ကောင်လေး. . . မင်း ပန်သစ္စာကို တကယ်ချစ်တာကော ဟုတ်ရဲ့လား။ မင်း သူ့ကို တကယ်ကော လက်ထပ်ယူမှာလား"

"သစ္စာကို ကျွန်တော် တကယ်ချစ်တာပါ မကြီးရယ်။ ဒါပေမယ့် သူ့ကို ကျွန်တော် ဘယ်တော့မှ လက်ထပ်ဖြစ်မှာတော့ မဟုတ်ဘူး"

တစ်ပါးသူ နားလည်ရန် ခက်ခဲသော ထိုစကားကို ဓနုမမကြီး ဘဝင်မကျခဲ့မှန်း ကျွန်တော် ရိပ်စားမိပါသည်။

"မင်းတို့ မြေပြန့်သားတွေက အပြောကောင်းသလို ကြောက်စရာလည်း ကောင်းတယ်။ ငါတို့မြို့မှာ မြေပြန့်သားတွေနဲ့ ပတ်သက်ပြီး နာကြည်းစရာ သာဓကတွေ အများကြီး ရှိခဲ့ဖူးတယ်။

ငါ့ရဲ့ မိတ်ဆွေလေးကြောင့်တော့ ကလောမှာ ရင်နင့်စရာဇာတ်လမ်းတစ်ပုဒ် ထပ်မတိုးပါစေနဲ့။ မင်းကိုလည်း ဗီလိန်တစ်ယောက်အဖြစ် ငါ မမြင်ချင်ဘူး ကောင်လေး"

www.burmeseclassic.com

www.burmeseclassic.com



ခနုမမကြီး၏ သတိပေးမှုဆန်သော စကားသံများကို ယနေ့ အချိန်ထိ ကျွန်တော် အမှတ်ရမိနေဆဲပါပဲ။

*

ကျွန်တော်နှင့် အသက်သိပ်မကွာသော အစ်မဝမ်းကွဲဖြစ်သူ သဲမြတ်နိုးတို့ မိသားစုထံသို့ အလည်သွားရင်း သစ္စာနှင့်တွေ့တာ ဖြစ်သည်။

အရာရာသည် အမည်နာမ သတ်မှတ်ရန် ခက်ခဲသော အခြေအနေတစ်ရပ် ဖြစ်၏။

ကလောကို ကျွန်တော်ရောက်သောအခါ အစ်မဖြစ်သူ သဲမြတ်နိုးက ချစ်စရာကောင်းသော သူ့သူငယ်ချင်းမလေး ပန်သစ္စာနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသဖြင့် ကျွန်တော်တို့ချင်း သိကျွမ်းခဲ့ကြ၏။

ကိုယ့်ခံယူချက်နှင့် ကိုယ်မို့ မိန်းကလေးများနှင့် ပတ်သက်လျှင် အမြဲ ဆင်ခြင်နေထိုင်လေ့ရှိသော ကျွန်တော်သည် သစ္စာနှင့်တွေ့သော အခါတွင် ထိန်းချုပ်နိုင်စွမ်းတို့ ကင်းမဲ့သွားရသည်။ မြင်မြင်ချင်းပင် သစ္စာအပေါ် ကျွန်တော်၏ စိတ်နှလုံးတို့ ညွတ်တိမ်းယိုင်ဆင်းခဲ့၏။ မြင်တွေ့ဖန်များလာသည်နှင့်အမျှ သံယောဇဉ်တို့က တစ်စထက်တစ်စ ခွန်အားကောင်းလာကာ မျှိုသိပ်နိုင်မှု စွမ်းရည်တို့ ပြိုလဲသွားလေတော့၏။

မိန်းကလေးများနှင့် ပတ်သက်လျှင် အတွေ့အကြုံမရှိဘဲ နှုတ်နည်းသော ကျွန်တော်သည် ပုံမှန်မဆန်သည့် ပရမ်းပတာ ခံစားချက်များကို အစ်မဖြစ်သူ သဲမြတ်နိုးအား ပြောပြလိုက်မိသည်။ ထိုအခါ အသည်းအသန် ဖြစ်နေသော ကျွန်တော့်ပုံစံကိုကြည့်ပြီး သဲမြတ်နိုးပင် အံ့အားတသင့် ဖြစ်ခဲ့၏။

သဲမြတ်နိုး အံ့အားတသင့်ဖြစ်တာ သိပ်တော့ မလွန်ပါ။ တကယ်ဆန်းနေတာက ကျွန်တော်သာဖြစ်သည်။ ကျွန်တော်၏ ဘဝတွင် မိန်းကလေး တစ်ယောက်ကို စတင် စိတ်ဝင်စားမိသည်မှာ ဒါ ပထမဦးဆုံး



အကြိမ် ဖြစ်သည်ကိုး။ သစ္စာနှင့်တွေ့မှ ကျွန်တော်၏ ရင်ခွင်အရိုင်းက မုန်တိုင်း ဝင်မွှေတာ ခံလိုက်ရသကဲ့သို့ ခံစားမှုတွေ ကစဉ့်ကလျားကဲ့ပြန့်သွားတာ ဖြစ်သည်။

သို့ပါသော်လည်း ထိုခံစားမှုများကို ကိုယ်တိုင် မပြောရဲသဖြင့် သဲမြတ်နိုးမှ တဆင့် သစ္စာအား ချစ်ခွင့်ပန်ခဲ့ရသည်။

ထိုနောက်ပိုင်းနေ့ရက်တွေမှာ ယောကျ်ားလေး ဖြစ်ပါလျက်နှင့် ကျွန်တော်သည် မျက်နှာပူ၍ သစ္စာကို ရှောင်နေမိသေး၏။ သစ္စာ စိတ်ဆိုးမှာကိုလည်း တိတ်တဆိတ် ကြောက်လန့်နေမိပါသည်။ မထိန်းသိမ်းနိုင်တော့၍သာ ဖွင့်ဟလိုက်ရတာ။ မျှော်လင့်ချက်ဆိုတာ မရဲတရဲဖြင့် စိုးတထိတ်ထိတ် ရှိလှ၏။

သစ္စာ၏အဖြေကိုလည်း သုံးရက်မြောက်သောနေ့တွင် သဲမြတ်နိုးမှတဆင့်ပင် ပြန်ရခဲ့တာဖြစ်သည်။ သစ္စာထံမှ "ချစ်တယ်" ဆိုသော အဖြေစကားကို သဲမြတ်နိုး သယ်ဆောင်လာစဉ်က ကျွန်တော် မယုံရဲနိုင်အောင် ဖြစ်ခဲ့ရသည်။

ကလောပန်းခြံလေးထဲမှာ သစ္စာ၏ နှုတ်ဖျားမှ "သွေးကို သစ္စာ တကယ် ချစ်ပါတယ်" ဆိုသော ဝဲတဲတဲ ရှုတတ အသံလေးကို ကိုယ်တိုင် ကြားလိုက်ရတော့မှ ကျွန်တော် ယုံကြည်ကာ အပျော်ကြီး ပျော်မိလေသည်။

အများအားဖြင့် ခပ်တည်တည်နေလေ့ရှိသော ကျွန်တော်သည် ထိုနေ့က အပျော်လွန်ကာ ကလေးမြွေးရဖြစ်နေပြီး မြက်စားနေသော နွားတစ်ကောင်ကို သွားစမိ၍ (အကျႌအနီရောင်လည်း ဝတ်ထားသော) ကျွန်တော့်ကို နွားလိုက်ဝှေ့သဖြင့် ပန်းခြံထဲမှာ မျက်ကလူးဆန်ပျာ ပတ်ပြေးရသေး၏။

ဒီလိုနှင့်ပင် စိန်ပန်းပြာတွေ ခင်းကျင်းထားသော လမ်းတွေပေါ်မှာ လျှောက်ရင်း. . . ချစ်စရာကောင်းသော ပန်းချယ်ရီတွေကို ကောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း. . . ကျွန်တော်နှင့် သစ္စာသည် လှပကြည်နူးစွာ ချစ်ရည်လူးခဲ့ကြပါသည်။

စိမ်းလန်းသော ကလောပန်းခြံလေးက ကျွန်တော်တို့နှစ်ယောက် ဆုံတွေ့နေကျ နေရာလေး ဖြစ်သည်။ ပန်းခြံလေးအတွင်းမှာ ကလေးလေးတွေလို ပြေးတမ်း လိုက်တမ်း ကစားကြ၏။ မြက်ခင်းပြင်ထက်တွင် ထိုင်ပြီး ချောကလက်ပြားလေးတွေကို တစ်ယောက်တစ်လှည့်စီ ခွံကျွေးကြ၏။

သစ္စာ ဒန်းစီးလျှင် ကျွန်တော် အရမ်းလွှဲပေးပါက "သွေး. . . ဖြည်းဖြည်းလွှဲ။ အသည်းအေးတယ်။ သစ္စာကြောက်တယ်။ တော်တော့. . . ရပ်ပါတော့. . ." ဟု အသံလေးတိမ်ဝင်သွားသည်အထိ မပီကလာ ပီကလာဖြင့် အော်တတ်၏။

ကျွန်တော်စီးသောအခါတွင် သစ္စာက "သွေးကို ဂလဲ့စားချေရမယ်" ဆိုပြီး အရမ်းလွှဲလေရာ ကျွန်တော်က မအော်လျှင် မကျေနပ်။

"သွေး ဘာလို့ မအော်တာလဲ။ ကြောက်ပြီးအော်လေ။ သစ္စာတုန်းက ကြောက်လို့ အော်လိုက်ရတာ။ သူ့အလှည့်ကျတော့ စီးကောင်းနေတယ်ထင်တယ် ငြိမ်ငြိမ်လေး ထိုင်စီးနေတယ်။ မရဘူး. . . အော်ရမယ်။ သွေးနော်. . . အော်ဆိုအော်"

ထိုအခါတွင် သစ္စာ စိတ်ကျေနပ်စေရန် ကျွန်တော်ငယ်သံပါအောင် အော်ပြရ၏။

အဲဒီလိုဆိုပါက သစ္စာသည် ခုန်ဆွခုန်ဆွလေး လုပ်၍ သဘောတွေ ကျနေတတ်သည်။

ပန်းခြံထဲမှ ဝါးပင်လေးများအနီးရှိ ကျွန်တော်တို့နှစ်ယောက် ထိုင်နေကျ ထိုင်ခုံလေး၏ နောက်မှီတွင်လည်း Correction Pen ဖြင့် "သွေးသစ်ညို+ပန်သစ္စာ" ဟု ရေးပြီး လက်မှတ်ထိုးကြသည်။

"သစ္စာကို သွေး ဘယ်လိုဖြစ်ပြီး ချစ်သွားတာလဲဟင်"



"မြင်မြင်ချင်း ချစ်သွားတာ။ ချစ်တာမှ အရူးအမူးကြီးကို ချစ်မိသွားတာ၊ သစ္စာကကော ကိုယ့်ကို ဘယ်လိုကနေ ချစ်သွားတာလဲဟင်"

"အဲ့ဒါတော့ မပြောတတ်ဘူး။ သူ့ဟာသူ ချစ်တယ်ဆိုတဲ့ စိတ်က အလိုအလျောက် ဖြစ်ပေါ်လာတာပဲလေ"

သစ္စာသည် ဟန်မဆောင်တတ်သော ရိုးရှင်းသူလေး ဖြစ်သည်။ ထိုဂုဏ်ဒြပ်တို့ကြောင့်လည်း သစ္စာကို ကျွန်တော် ပိုမို ငြိတွယ်မိတာပါ။

ကျွန်တော်က လူအများစု မတွေးတာမျိုးတွေကို တွေးတတ်ပြီး အလွန်တရာ ဇီဇာကြောင်လွန်းသူဟု သူငယ်ချင်းတွေက ပြောကြသည်။ သူတို့ပြောတာ ဟုတ်မှန်သည်ဟူ၍လည်း ကိုယ့်ကိုယ်ကိုယ် ပြန်လည်သုံးသပ်မိပါသည်။

ကျွန်တော်နှင့်သစ္စာ ချစ်သူတွေဖြစ်သွားကြတော့ သူငယ်ချင်းတွေ စနောက်ပြောဆိုတာကို သတိရပြီး ပြုံးမိသေးသည်။

"ငသွေးရေ. . . . လောကကြီးနဲ့ ဆန့်ကျင်ဘက် ပြောဆိုတွေးတော နေထိုင်တတ်တဲ့ မင်းဟာ မိန်းမရရင်တောင်မှ လောကနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ကလောကမိန်းမနဲ့ ရလိမ့်မယ်ကွ"

ယခုအချိန်မှာ လောကနှင့် ဆန့်ကျင်ဘက်ဟု သူငယ်ချင်းတွေ နောက်ပြောင်ပြောဆိုလေ့ရှိသော ကလောမှ အရမ်းလှပပြီး တအားချစ်စရာကောင်းသည့် ကောင်မလေးတစ်ယောက်နှင့် ကျွန်တော် ချစ်သူတွေ ဖြစ်နေပါပြီ။

သို့သော် သူငယ်ချင်းတွေ ပြောဆိုသလိုမျိုး ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်ကြောင်းကိုတော့ ကျွန်တော်သာ သိပါသည်။

*

ဟိုတုန်းက မဂ္ဂဇင်းဖတ်လျှင် ကဗျာ စာမျက်နှာများကို ကျော်ဖတ်လေ့ရှိသည်ဟု ဆိုသော သစ္စာသည် ကျွန်တော်ရေးသော ကဗျာများကို စိတ်ပါဝင်စားစွာ ဖတ်တတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရေးသော အက်ဆေး၊ ဆောင်းပါး၊ ဝတ္ထုတိုနှင့်ကဗျာများပါရှိသော မဂ္ဂဇင်းများကိုလည်း ရှာဖွေဝယ်ယူပြီး အမှတ်တရ သိမ်းဆည်းထားတတ်၏။

“သွေး စာတွေကဗျာတွေ ရေးတယ်ဆိုတာ သစ္စာကို ဘာလို့ မပြောတာလဲ။ အခုတောင်မှ သဲသဲ ပြောပြလို့ သစ္စာသိရတာ။ သွေးက စာရေးဆရာကြီးဆိုတာ လျှို့ထားတာပေါ့လေ ဟုတ်လား”

“ကိုယ်က စာရေးဆရာ မဟုတ်ပါဘူးကွာ။ ဝါသနာရှင် စာရေးသူအဆင့်ပဲ ရှိပါသေးတယ်။ ကိုယ် စာရေးတာကိုလည်း ဘယ်သူ့မှ ပြောမထားဘူး။ အစ်မဖြစ်တဲ့ သဲမြတ်နိုးတောင်မှ မထင်မှတ်ဘဲ သူ့ဟာသူ သိသွားတာ။ သူငယ်ချင်းတွေတောင် မသိကြဘူး။ ကိုယ့်ရဲ့ စာတွေကို ဖတ်တဲ့အခါမှာ ကိုယ်ရေးတာမှန်းသိပြီး လူရင်းမို့ အားပေးတာမျိုး မလိုချင်ဘူး။ ကိုယ့်ကိုသိလို့ ချီးကျူးတာထက် ကိုယ်ရေးတဲ့ စာလေးတွေကို နှစ်ခြိုက်လို့ အားပေးတာမျိုးကိုပဲ လိုချင်တာ”

ထိုကဲ့သို့သော အယူအဆများကြောင့် သဲမြတ်နိုးက ကျွန်တော့်အား ‘အတွေးကြောင်’ ဟု နောက်ပြောင်လေ့ရှိသည်။

“သစ္စာကတော့ သွေးရဲ့စာတွေကို ဖတ်ဖူးသမျှ အကုန်ကြိုက်တာပဲ”

“အရေးထဲ ပေါက်တူး ပေါက်နေပြန်ပါပြီ။ ချောကလက် အဝယ်ကျွေးပါ့မယ်ဗျာ”

ကျွန်တော်နှင့် သစ္စာသည် ချောကလက် အရမ်းကြိုက်တာချင်းလည်း တူ၏။

“ပေါက်တူးပေါက်တယ်ဆိုတာ ဘာကိုပြောတာလဲဟင်”

“ကိုယ့်ဘက်ကိုယ်ယက်တာကို ပြောတာလေကွာ. . . ရှမ်းဗရုတ်မလေးရဲ့”

“သွေးဟာလေ. . . ကပ်သီးကပ်ဖဲ့ သိပ်အပြောတတ်တာပဲ”



သစ္စာသည် ရှမ်း၊ ဗမာ၊ တရုတ် သွေးသုံးမျိုးစပ်သူဖြစ်၏။ ကျွန်တော်က သူမအား “ရှမ်း ဗမာ တရုတ်သုံးမျိုးစပ်ဆိုတော့ ရှမ်းဗရုတ်လေးပေါ့” ဟုပြောလျှင် လက်သီးဆုပ်ဖြူဖြူနုနုလေးဖြင့် ကျွန်တော့်ရင်ဘတ်ကို ရှက်ရမ်းရမ်းကာ ထုတတ်သည်။

နူးညံ့သူလေး သစ္စာသည် မရေရာသေးသော ကျွန်တော်၏ ဝါသနာကိုလည်း အလေးအနက်ထားသည်။ ယုံကြည်မှုတိုးပွားစေရန် အားပေးစကားများလည်း ပြောလေ့ရှိပါသည်။

“သွေး ကြိုးစားနော်။ သွေး ကြိုးစားရင် တစ်နေ့မှာ အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာတစ်ယောက် ဖြစ်မှာပါ”

“ကျော်ကြားမှုကိုတော့ ကိုယ် သိပ်မမက်မောပါဘူး။ ဒါပေမယ့် အောင်မြင်ချင်တယ်။ ကိုယ့်ရဲ့စာတွေကို စာဖတ်သူတွေ အသိအမှတ်ပြုတာ ခံချင်တယ်”

“သွေး ဘယ်လိုကြောင့် စာရေးတာကို ဝါသနာပါသွားတာလဲဟင်”

“ဝါသနာဆိုတာ ဗီဇလိုမျိုးပဲ မွေးကတည်းက ပါလာပြီးသားလို့ ကိုယ်ထင်တယ်။ ကိုယ် အမှန်တကယ် ဝါသနာပါတဲ့ အရာဆိုရင် ဘယ်လိုမှ ဖျောက်ဖျက်လို့ မရနိုင်ပါဘူး။ စာရေးချင်စိတ်တွေ ထကြွလာတာကတော့ ကိုယ့်ရဲ့ဆန့်ကျင်ဘက် စိတ်နှစ်ခုကြောင့်ပဲ”

“ဘယ်လိုဆန့်ကျင်ဘက်စိတ်လဲ သွေးရဲ့။ သစ္စာ နားရှင်းအောင် ပြောပြလေ”

“ဒီလိုကွာ. . . ကိုယ့်မှာက ဟုတ်တာတွေ ပြောဆိုလုပ်ကိုင်ချင်တဲ့စိတ်နဲ့ မဟုတ်တာတွေ ပြောဆိုလုပ်ကိုင်ချင်တဲ့စိတ်ဆိုပြီး ဆန့်ကျင်ဘက်စိတ်နှစ်မျိုးရှိတယ်။ မလုပ်သင့်တာတွေဆိုရင် လုပ်ချင်ပေမယ့် မလုပ်မိအောင် ထိန်းချုပ်ထားရတယ်လေ။ တစ်ခါတစ်ခါ အရမ်းပြောချင်တဲ့ စကားတွေရှိပေမယ့် လူ့စည်းဘောင်ထဲမှာမို့ မပြောသင့်လို့ ထိန်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ထားရတာတွေလည်း ရှိတယ်။ ဂုဏ်သိက္ခာအရေခွံနဲ့ ဖုံးကွယ်ထားပြီး ကွယ်ရာမှာ မဟုတ်တာ လုပ်နေတဲ့ လူတွေ၊ အပြောတစ်မျိုး အလုပ်တစ်မျိုး လုပ်နေကြတဲ့ လူတွေ၊ ကိုယ့်ဘက်ကိုသာ သိပြီးသူများဘက်ကို မကြည့်တတ်တဲ့လူတွေ၊ ပြောရရင် အများကြီးပါလေ။

အဲဒီလို ပုံမကျတာတွေ၊ မတရားမှုတွေနဲ့ စီရင်မှု မမျှတတဲ့ လောကကြီးကို ပိုးစိုးပက်စက် အရွဲ့တိုက်ပစ်ချင်မိတယ်။ အဲဒီလို စိတ်တွေ ခံစားချက်တွေနဲ့ အပြင်မှာ ကိုယ် ပြောချင်လုပ်ချင်ပါလျက် ပြောခွင့်လုပ်ခွင့် မရတာတွေကို စာရွက်ပေါ်မှာ ဖွင့်ချပြီး ဇာတ်ကောင်တွေဆီမှာ ထည့်ပြီးတော့ သူတို့ကို လုပ်ခိုင်းလိုက်တယ်။

အနုပညာကို မြတ်နိုးသူတစ်ယောက်ဟာ သူ ဝါသနာပါတဲ့ အနုပညာကို ဖန်တီးနေရရင် စိတ်ဖြေနေရသလိုပါပဲ။ အရာအားလုံးထက် ကိုယ့်အနုပညာအပေါ်မှာသာ အာရုံဝင်စားပြီး နစ်မျောပျော်ဝင်နေတတ်တာမျိုးပေါ့။ ပြီးတော့ အနုပညာဆိုတာ သမရိုးကျ အလုပ်တစ်ခု မဟုတ်ဘူး။ ရှင်သန်နေဆဲ နှလုံးသားထဲက ခံစားမှုအရိုင်းတုံးတွေကို ဦးနှောက်အကူအညီယူပြီး ပင်ပန်းတကြီး ထုဆစ်ဖန်တီးရတဲ့ သိမ်မွေ့မှုပဲ"

ဝါသနာမတူပေမယ့် တစ်ယောက်ခံစားမှုကို တစ်ယောက်က နားလည်စွာ မျှဝေယူရင်း ကျွန်တော်တို့ချစ်သူနှစ်ဦး၏ စကားဝိုင်းလေးများမှာ အမြဲတမ်း စိုပြေလန်းဆန်းနေတတ်ပါသည်။

*

"ဟိုတုန်းက ကလောမှာ ရင်နင့်စရာဇာတ်လမ်းလေးတွေ ရှိခဲ့ဖူးတယ် သွေးရဲ့။ တစ်ခါက လူကြီးတွေ သဘောမတူတဲ့ ကောင်လေးနဲ့ ကောင်မလေးဟာ ချိန်းတွေ့ရင်း လူကြီးတွေသိသွားလို့ ကြောက်ပြီး နှစ်ယောက်အတူ ချောက်ထဲခုန်ချပြီး သတ်သေသွားဖူးတယ်။

ပြီးတော့ မြေပြန့်က လူတစ်ယောက်က သူ့မှာ မိန်းမနဲ့ သားသမီးတွေ ရှိပါလျက်နဲ့ လူပျိုလူလွတ်ဟန်ဆောင်ပြီး ကလောက ကောင်မလေးကို လိမ်ညာ လက်ထပ်ခဲ့တယ်။ နောက် သူ့ရဲ့ မယားကြီးက လိုက်လာခေါ်တော့ ပြန်ပါသွားတယ်။ ကောင်မလေးခမျာ ဗိုက်တစ်လုံးနဲ့ ကျန်ခဲ့တာကြောင့် ရှက်လို့ အဆိပ်သောက်သေသွားတယ်။



ပြီးတော့ မြေပြန့်က ကောင်လေးတစ်ယောက်နဲ့ ဒီက ကောင်မလေးတစ်ယောက် ချစ်သူတွေဖြစ်ပြီး လွန်လွန်ကျူးကျူးတွေ ဖြစ်ခဲ့တယ်။ ကောင်လေးက ခဏဆိုပြီး ပြန်သွားတာ ပြန်မလာတော့လို့ ကောင်မလေးဟာ ကြိုးဆွဲချပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေသွားရှာတယ်။

ပြီးတော့ မြေပြန့်က လူတွေက ဒီက ကောင်မလေးတွေကို ကျောရရုံအပျော်ကြံပြီးမှ ထားသွားကြတာတွေ အများကြီးပဲ"

"ကိုယ်က သစ္စာကို အရိုးခံအတိုင်းပဲ ဖြူဖြူစင်စင်နဲ့ အစစ်အမှန် ချစ်တာပါ"

"သွေးကိုတော့ သစ္စာ စိတ်ထဲကကို ယုံပြီးသားပါ။ ဘာကြောင့်လဲတော့ မပြောတတ်ဘူး။ အရမ်းချစ်နေမိလို့ ထင်ပါရဲ့နော်"

သစ္စာသည် အဖြူရောင်လေး ဖြစ်သည်။ ထိုအဖြူရောင်လေးသည် ကျွန်တော့်ကြောင့် အစွန်းအထင်းတို့ဖြင့် ညစ်ပေသွားမှာကို မရှုစိမ့်စွာ စိုးထိတ်မိပါ၏။

ကျွန်တော်သည် ဘဝတစ်လျှောက်လုံး အိမ်ထောင်မပြုဘဲ နေသွားမည်ဟု ဆုံးဖြတ်ထားကြောင်း ပြောပြလိုက်သောအခါ သစ္စာ နားမလည်နိုင်အောင် ဖြစ်ခဲ့သည်။

"ကိုယ့်ကို နားလည်ပေးပါနော်။ သစ္စာကို ကိုယ်အရမ်းကြီးကို တကယ်ချစ်တာပါ။ ဒါပေမယ့် သစ္စာနဲ့ မတွေ့ခင်ကတည်းက ကိုယ် အိမ်ထောင်မပြုဘူးလို့ ဆုံးဖြတ်ထားတယ်။ ဘာကြောင့်လဲဆိုတာ သေချာတော့ ရှင်းမပြတတ်ဘူး။ ဘဝမှာ ကိုယ်တစ်ယောက်တည်းပဲ ဖြတ်သန်းချင်တယ်။ ကိုယ် ဝါသနာပါတဲ့ အနုပညာကို အနှောင်အဖွဲ့ကင်းကင်းနဲ့ စိတ်နှစ်ပြီး လုပ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်မပြုလိုသောစိတ်က ကျွန်တော်တွင် သန္နေတည်နေသည်မှာ ကြာပါပြီ။ ကျွန်တော့်မှာ ညီမလေးတစ်ယောက်ရှိ၏။ ကျွန်တော်၏ မိဘနှစ်ပါးသည် ကျွန်တော်တို့ ဒီအသက်အရွယ် ရောက်သည့်တိုင်အောင် လူပင်ပန်း စိတ်ပင်ပန်းဖြင့် ရှာဖွေကျွေးမွေးပြုစု စောင့်ရှောက်ခဲ့သည်။

ယခုအချိန်တွင် မိဘနှစ်ပါးကို တစ်လှည့်အနားပေးပြီး ညီမငယ်လေး ဘဝရှေ့ရေးအတွက် ကျွန်တော် ဦးဆောင်ဦးရွက်ပြုကာ မိသားစုတာဝန်ကို ပခုံးလွှဲပြောင်းယူသင့်ပြီဟု ထင်မိသည်။

အချို့သော ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းတွေထဲကလိုမျိုး မိသားစုအတွက် အနစ်နာခံကာ ကိုယ်ကျိုးကို ရင်နာနာဖြင့် စွန့်လွှတ် စတေးပစ်သော လူများလိုတော့ မဟုတ်။ ကျွန်တော်ကိုယ်၌ကိုက ကျဉ်းကြပ်သည့် အိမ်ထောင်သည် ဘဝကို မနှစ်မြို့ခြင်းဖြစ်သည်။ လွတ်လပ်သည့်ဘဝနှင့် ကျွန်တော် မြတ်နိုးခုံမင်သော အနုပညာတစ်ခုထဲထဲ၌သာ အာရုံတို့ကို လုံးဝဥဿုံ နှစ်မြှုပ်ထားလို၏။

ဒီကိစ္စသည် စိတ်ကူးယဉ်ဆန်ပြီး စာပေကို မြတ်နိုးလွန်းသော စိတ်ခံစားချက်၏ စိုးမိုးချယ်လှယ်မှုကြောင့်သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်၏ ဇီဇာကြောင်မှုဟုလည်း ဆိုနိုင်၏။ လူတိုင်းမှာ (အထူးသဖြင့် အနုပညာကို ချစ်သောသူများမှာ) ဇီဇာကြောင်မှု တစ်ယောက်တစ်မျိုးစီတော့ ရှိကြပါလိမ့်မည်။

အစပထမတွင် သစ္စာသည် ကျွန်တော့်အား အထင်လွဲမှားသလို ဖြစ်သွားသေးသော်လည်း နောက်တော့ (ချစ်စိတ်ကြောင့်ထင်) နားလည်ပေးနိုင်ခဲ့၏။ တစ်ဖက်သတ်ဆန်ခြင်းကို ရွံမုန်းသော ကျွန်တော်က သစ္စာကို လွတ်လပ်သော ရွေးချယ်ပိုင်ခွင့်ပေးပေမယ့် သစ္စာ၏သစ္စာတရားက ကျွန်တော့်အပေါ်မှာသာ မြဲမြဲလျက် ရှိသည်။ ကျွန်တော်က အိမ်ထောင်ပြုခွင့် ပေးသော်လည်း သစ္စာက ငြင်းပယ်သည်။



"သစ္စာကို မိဘတွေက အတင်းအိမ်ထောင်ချပေးရင် ဘယ်လိုလုပ်မလဲ"

"အမယ်. . . ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ်ပဲဥစ္စာ။ ယူချင်မှ ဖြစ်တာပါနော်။ သစ္စာတို့ တောင်ပေါ်သူတွေက အချစ်ကြီးသလို ကတိပေးပြီးရင်လည်း ဘယ်တော့မှ မဖျက်ဘူး"

ကျွန်တော်နှင့် သစ္စာသည် နားလည်မှု အပေးအယူတည့်စွာဖြင့် နှစ်ဦးစလုံး အိမ်ထောင်မပြုဘဲ တစ်သက်လုံး ချစ်သူဘဝဖြင့်သာ ရာသက်ပန်နေထိုင်သွားကြရန် ကတိသစ္စာ ပြုခဲ့ကြသည်။ အနည်းဆုံး တစ်နှစ်မှာတစ်ခါတော့ တွေ့ဆုံရန် တိုင်ပင်ခဲ့၏။

"ကိုယ်က ချစ်သူကို ချစ်သူဘဝမှာပဲ ထားချင်တာ။ အိမ်ထောင်သည် ဇနီးမယားဘဝ ရောက်သွားရင် ချစ်သူဘဝကလို စိတ်မျိုးနဲ့ ချစ်နိုင်မှာမဟုတ်တာ သေချာတယ်။ ဘယ်လိုမှ တူညီနိုင်မှာမဟုတ်ဘူး။ ချစ်သူဆိုတဲ့ ခေါင်းစဉ်အောက်က ပတ်သက်မှုလေးကိုပဲ ကိုယ် မြတ်နိုးတန်ဖိုးထားတယ်။ အဲဒီချစ်သူဆိုတဲ့ ပတ်သက်မှုလေးနဲ့ပဲ ကိုယ်တို့နှစ်ယောက်တစ်သက်လုံး နေသွားကြရအောင်နော်"

"သွေးရဲ့အပြောတွေက သိပ်ဆန်းလွန်းနေတာပဲ။ ဘာပဲဖြစ်ဖြစ် သွေးနှုတ်ဖျားက ထွက်လာတဲ့ စကားတွေတိုင်းကို သစ္စာက အမိန့်တစ်ခုလို့ နာခံပြီးသားပါ။ သွေးသာ အောင်မြင်တဲ့ စာရေးဆရာကြီးဖြစ်အောင် ကြိုးစားသိလား။ သစ္စာက သွေးရဲ့စာလေးတွေကိုဖတ်ပြီး အဝေးကနေအမြဲ အားပေးနေမယ်နော်"

သစ္စာသည် ကျွန်တော့်အပေါ်တွင် ဩချယူရလောက်အောင် ကောင်းပါသည်။

မိန်းမသားတစ်ယောက်အနေနှင့် အဆုံးစွန်ထိ နားလည် အပေးနိုင်ဆုံးသော သစ္စာလိုချစ်သူမျိုးကို ကျွန်တော့်ဘဝမှာ နောက်ထပ်တစ်ယောက် လိုက်ရှာလျှင်ပင် ရနိုင်တော့မည်မထင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားဖြစ်သော သစ္စာဘက်ကိုလည်း ကျွန်တော် ထည့်တွေးမိပါသည်။ သို့ရာတွင် ဆန္ဒနှင့် အသိတရားဆိုတာက ကွာခြားလွန်းလှပါ၏။

*

"သွေး. . . ဟိုးမှာ မြင်နေရတာ ကလောသျှီးချင်း တွေ့လား"

အနိမ့်ပိုင်းထဲမှ ကလောသျှီးချင်းလေးကို အထက်စီးလမ်းပေါ်က မှုန်ပျပျမြင်နေရသည်။

"ကလောသျှီးချင်းလေးက ချစ်စရာလေး။ လှတယ်နော်။ ကိုယ်တောင် နေချင်စိတ် ပေါက်လာပြီ"

"ဟာ. . . သွေး. . အဲဒီလို မပြောကောင်းဘူးလေ။ မပြောရဘူး"

"တကယ်ပြောတာ သစ္စာရဲ့။ ကိုယ် သေရင် အေးချမ်းတဲ့ ဒီကလောမြို့လေးမှာပဲ သေချင်တယ်။ ကိုယ့်ရဲ့ခန္ဓာကိုယ်ကိုလည်း ကလောသျှီးချင်းလေးထဲမှာပဲ မြှုပ်နှံချင်တယ်"

"သွေးရယ်. . . အဲဒီလိုတွေ မပြောပါနဲ့လားကွယ်။ သွေးသာ သေသွားရင် သစ္စာလည်း လိုက်သေသွားမှာ"

ကျွန်တော် တကယ်ပဲ အခုချက်ချင်း သေဆုံးသွားတော့မည့်အတိုင်း သစ္စာမျက်နှာက တုန်လှုပ်ပျက်ယွင်းနေသည်။ ကျွန်တော်ကလည်း အတည်ပြောနေတာပါ။

"ကိုယ်နဲ့သစ္စာ သေရင် ကလောသျှီးချင်းလေးထဲမှာပဲ ဘေးချင်းယှဉ်လျက် အတူတူနေကြမယ်လေ. . . နော်. . ."

"အင်းပါလေ. . . သွေး သဘောအတိုင်းပါပဲ"

အစ်မဖြစ်သူ သဲမြတ်နိုးအား ကျွန်တော်တို့နှစ်ယောက် သေဆုံးလျှင် ကလောသျှီးချင်းအတွင်းမှာပင် ဘေးချင်းယှဉ်လျက် မြှုပ်နှံပေးရန် ပြောသောအခါ သူက အပြောင်အပြက်တစ်ခုပမာ သဘောထားကာ ဟက်ဟက်ပက်ပက် ရယ်ပွဲဖွဲ့ခဲ့သည်။



"အသက်ရှင်လျက်မှာကျတော့ အတူတူမနေကြဘဲနဲ့ သေမှပဲ ဘေးချင်းယှဉ်ပြီး အတူတူ နေချင်ကြသတဲ့လား။ နင်တို့နှစ်ယောက်စလုံးဟာ တကယ့်ဂေါက်သီးတွေပဲ"

"မလှောင်ပါနဲ့ဟာ။ ငါတို့ တကယ်ပြောနေတာပါ"

"ဟုတ်တယ် သဲသဲ။ တကယ်ပြောနေတာ"

မျက်နှာတည်နှင့် ကျွန်တော်တို့နှစ်ယောက် အမူအယာကြောင့် သဲမြတ်နိုးအလေးအနက်ထားကာ ယုံကြည်လက်ခံသွားသည်။

ကျွန်တော်တို့နှစ်ယောက် သေဆုံးချိန်မှာ သူ သက်ရှိထင်ရှားရှိနေသေးပါက ကျွန်တော်တို့၏ဆန္ဒကို သူကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဟု ပြောပြီး သူ မရှိလောက်တော့လျှင်လည်း ဆွေမျိုးရင်းချာများကို သေချာမှာကြားခဲ့မည့်အကြောင်း ကျိန်ဆို၍ ကတိပေးခဲ့၏။

ပေးဆပ်ခြင်းကြီးမားပြီး အဖြည့်ခံဘဝဖြင့်သာ တင်းတိမ်ရောင့်ရဲနေရသည့် သစ္စာအတွက် သဲမြတ်နိုးပင် မခံမရပ်နိုင် ဖြစ်ခဲ့သည်။

"သစ္စာနဲ့ပတ်သက်ပြီး နင့် ခံယူချက်ကို မပြင်တော့ဘူးလားသွေး။ ပြင်သင့်တယ်လို့ ငါပြောချင်တယ်။ ဒီတစ်ခါ နင် ဇီဇာကြောင်တာက လွန်လွန်းအားကြီးတယ်ဟာ"

သဲမြတ်နိုးကြားက ဝင်ပြောပေမယ့် ကျွန်တော်သည် ခိုင်မာသောဆုံးဖြတ်ချက်ဖြင့် ရင့်သန်နေ၏။ အချိန်တွေ အရမ်းကြာလျှင် မလိုလားသော အခြေအနေတွေက မဖိတ်ခေါ်ပါဘဲ အလိုအလျောက် ဝင်ရောက်လာနိုင်တာမို့ တစ်နေ့မှာတော့ ညှိုသည်ပီသစွာ ကျွန်တော် ကျင့်ကြံလိုက်ရပါသည်။

"သွေးအားရင် အားသလို သစ္စာဆီကို ခဏခဏ လာလည်ရမယ်နော်။ သစ္စာကို မမေ့မသွားရဘူးနော်"

ကျွန်တော်ပြန်ခါနီးတွင် အသံလေးတွေတုန်ယင်ကာ မျက်ရည်ဝဲဝဲနှင့်စကားတွေ အထပ်ထပ်မှာကြားနေသော သစ္စာ၏ မျက်နှာလေးက

www.burmeseclassic.com

www.burmeseclassic.com



ဆွေးမြေ့ရိပ်တို့ လွှမ်းခြုံ ရစ်သိုင်းနေလေသည်။ သို့ပါသော်လည်း မခွဲနိုင် မခွာရက်နှင့်ပင် နှုတ်ဆက်ကာ ကျွန်တော် ပြန်လာခဲ့ရ၏။

*

ယခု ကလောမြို့ကလေးကို ကျွန်တော် နောက်တစ်ခေါက် ထပ်ရောက်လာပြန်ပါပြီ။ လူချင်းမတွေ့ရသော်ငြားလည်း ကျွန်တော်နှင့် သစ္စာ အဆက်အသွယ် မပြတ်ခဲ့ပါ။ စာတစ်ခါ ဖုန်းတစ်လှည့်နှင့် အဆက်အသွယ် ရှိ၏။

ဒီကြားထဲမှာ ကျွန်တော်သည် စီးပွားရေးဘက်မှာရော စာပေဘက်မှာပါ သိသိသာသာ ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိသေးပါ။ စမ်းတဝါးဝါးဖြင့် လေ့လာစူးစမ်းရင်းသာ အချိန်တွေကုန်သွားသည်။ အမှန်အတိုင်းပြောရလျှင် ပျင်းရိနေတာလည်း ပါ၏။ ကျွန်တော်သည် စိတ်ကူးတွေက ကြီးကျယ်ထည်ဝါသလောက် လက်တွေ့မှာတော့ အကောင်အထည်ပေါ်လာအောင် မစွမ်းဆောင်နိုင်သည့် ခပ်ညံ့ညံ့လူသားတစ်ယောက်သာဖြစ်သည်။

တစ်နေ့မှာတော့ "ငသွေး. . . နင် ကလောကို မဖြစ်မနေ ချက်ချင်းလာခဲ့ပါ။ အရေးကြီးတယ်။ ငါ နောက်နေတာ မဟုတ်ဘူးနော်" ဆိုသော သဲမြတ်နိုးထံမှ ဖုန်းဝင်လာသဖြင့် ကျွန်တော် ထွက်လာခဲ့တာဖြစ်သည်။

ရန်ကုန်-ပြည်အဝေးပြေး ကားလမ်းပေါ်ရှိ ကျွန်တော်တို့မြို့ငယ်လေးမှ ကလောသို့ လာရသည်က သိပ်တာ့မလွယ်ကူလှ။ ပထမဆုံး ရန်ကုန်သို့ ရောက်အောင် သွားရသေးသည်။

ရန်ကုန် အောင်မင်္ဂလာ အဝေးပြေးကားဝင်းထဲ ရောက်တော့ နာမည်ကျော် တောင်ကြီး တန်ဆောင်တိုင် ပွဲတော်ရက်နီးကပ်နေသောကြောင့် ကားလက်မှတ်က ချက်ချင်းမရ။ ကြုံရာ အလယ်ခုံကျတော့လည်း ကျွန်တော်က မစီးချင်။ ခရီးဝေးသွားတိုင်း ဘေးခုံရမှ စိတ်တိုင်းကျသည်။



ဒါလည်း ကျွန်တော်၏ ဇီဇာကြောင်ခြင်း တစ်မျိုးပင် ဖြစ်သည်။ လိုချင်သော ကားလက်မှတ်ကို စောင့်ရင်း ရန်ကုန်မှာ ကျွန်တော် သောင်တင်နေသေး၏။

ရင်းနှီးသော စာပေလောကသားများနှင့် ဝါသနာထုံသော စာပေအကြောင်းများ ပြောဆိုဆွေးနွေးမှတ်သားရင်းဖြင့်ပင် အချိန်တွေကို ကုန်ဆုံးစေခဲ့သည်။ ထို့ကြောင့် သဲမြတ်နိုး ဖုန်းဆက်ပြီး ခြောက်ရက်မြောက်သောနေ့မှ ကျွန်တော် ကလောသို့ရောက်သည်။

ချမ်းအေးလွန်းသောမြို့လေးတွင် ချစ်သူရှိသည်ဆိုသောအသိဖြင့် ကျွန်တော့်ရင်ခွင်ဝယ် နှစ်လိုဖွယ်ရာ နွေးထွေးချိုမြနေ၏။ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသော နှင်းတောထဲတွင် ချစ်သူလက်ကို ဆွဲကိုင်ပြီး လမ်းလျှောက်ချင်စိတ်ပေါ်လာကာ သစ္စာအား ချက်ချင်းလက်ငင်းပင် တွေ့မြင်ချင်လာသည်။

အရိုးကွဲမတတ် ထုံကျင်ချမ်းစက်နေသော ကျွန်တော်သည် မှုန်တိမှုန်ဝါးအာရုံဦးမှာ နှင်းခါးတွေကို အဖော်ပြုပြီး သဲမြတ်နိုးတို့အိမ်သို့ ရောက်သွား၏။

အိပ်မှုန်စုံဝါးပုံစံဖြင့် တံခါးလာဖွင့်ပေးသည့် သဲမြတ်နိုး၏ ကြိုဆိုပုံက ဖော်ရွေဟန်ပျောက်နေသလို ထင်မိသည်။

"ကိုယ့်ချစ်သူကိုတောင် နောက်ဆုံးအချိန်မှာ မြင်တွေ့နှုတ်ဆက်ခွင့်မရလိုက်ရှာတဲ့ နင့်အတွက် ငါစိတ်မကောင်းပါဘူး ငသွေး"

သဲမြတ်နိုးစကားကို ကျွန်တော် ဘယ်လိုအဓိပ္ပာယ် ဖော်ရမှန်းမသိ။

"သစ္စာဆုံးသွားတာ သုံးရက်ရှိပြီ"

"ဘာ. . ."

ခိုက်ခိုက်တုန်အောင် အေးနေသည့်ကြားက ကျွန်တော့် တစ်ကိုယ်လုံး မီးတို့ဖြင့် လောင်မြိုက်သွားသကဲ့သို့ ခံစားလိုက်ရသည်။

www.burmeseclassic.com



မယုံကြည်ခြင်းများစွာဖြင့် စိတ်နှလုံးတို့လည်း သွက်သွက်ခါ လှုပ်ရမ်းသွား၏။

"ဒါ နောက်စရာ မဟုတ်ပါဘူးဟာ။ နင် နောက်နေတာ မဟုတ်လားဟင်"

"ငါနောက်နေတာမဟုတ်ဘူး ငသွေး။ တကယ်ပြောနေတာ"

ဆက်ပြောလာသော သဲမြတ်နိုး၏ စကားသံများကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့် ကျွန်တော့်ရင်ထဲမှာ ပြင်းပြဆူပွက်နေ၏။ အဖြစ်အပျက်ကိုတော့ နားလည်သလိုရှိသည်။

သစ္စာကို သူမ၏မိဘတွေက အိမ်ထောင်ချပေးရန် စီစဉ်တော့ သစ္စာက လက်မခံ။

မိဘတွေကလည်း တစ်ဦးတည်းသောသမီးမို့ နောင်ရေး စိတ်အေးရစေရန် အိမ်ထောင်မပြုဘဲတော့ မနေရဟု ဆိုသည်။ သူတို့ ပေးစားသူနှင့် မယူချင်ပါကလည်း သစ္စာ နှစ်သက်သဘောကျသူနှင့် သဘောတူမည်ဖြစ်သည်။

သို့သော် သစ္စာက ဘယ်လိုပြောပြော လက်မခံသဖြင့် လူကြီးတွေက အတင်းအကြပ် စီစဉ်ကြသည်။ ထိုအခါ သစ္စာသည် ကျွန်တော့်အပေါ်ထားရှိသော သစ္စာတရားကို အသက်နှင့် လဲလှယ်ကာ သက်သေထူပြသသွားသည်။

သစ္စာကို ဆေးရုံတင်ထားချိန်တွင် သဲမြတ်နိုးက ကျွန်တော့်အား ဖုန်းဆက်ခေါ်တာ ဖြစ်သည်။

အဖြစ်မှန်ကို မပြောခဲ့တာက ကျွန်တော် စိတ်ပူပြီး အလောတကြီးလုပ်လျှင် တစ်ခုခု ကသိကအောက်ဖြစ်မှာ စိုးရိမ်သောကြောင့်ဟု ဆိုသည်။

ကျွန်တော်သာ ရရာကြုံရာဖြင့်လာလျှင် ကျွန်တော့်အပေါ်ထားရှိသော ချစ်ခြင်းမေတ္တာအား အသက်နှင့်လဲလှယ်ကာ စောင့်ထိန်းသွား





သည့် အချစ်သူရဲကောင်းမလေး၏ နောက်ဆုံးထွက်သက်ကို မှီဦးမှာ ဖြစ်သည်။

အခုတော့ ကျွန်တော့်အတွက် ရဲရင့်ပြခဲ့သောချစ်သူကို နှစ်သိမ့်အားပေးမှု မပြုလိုက်နိုင်သလို မြင်တွေ့နှုတ်ဆက်ခွင့်ပင် မရလိုက်ရှာ။ သစ္စာသည် သေဆုံးခါနီးအချိန်တွေမှာ ကျွန်တော့်ကို ဘယ်လောက်တောင် မျှော်လင့် တောင့်တနေရှာမလဲ. . .။ ကျွန်တော့်ကို ပြောဆိုမှာကြားချင်သော စကားတွေ သူ့ရင်မှာ ပြည့်သိပ်နေမှာ သေချာသည်။ သစ္စာသည် နာမည်နှင့်လိုက်အောင် ကျွန်တော့်အပေါ်မှာ သစ္စာရှိသူ ဖြစ်သည်။

ကျွန်တော်၏ ဇီဇာကြောင်မှု၊ ဇီဇာချဲ့မှုများကြောင့် ဘယ်တော့မှ အစားပြန်ရမှာမဟုတ်သော ချစ်သူကို ဆုံးရှုံးခဲ့ရသည့်အပြင် ချစ်သူ၏ နောက်ဆုံးခရီးကိုတောင်မှ လိုက်ပါ ပို့ဆောင်နိုင်ခြင်း မရှိခဲ့သည့်အဖြစ်. . .။ ယူကြုံးမရခြင်းများက ကျွန်တော်အား အပြင်းအထန်ထိုးနှက် တိုက်ခိုက်ကြလေ၏။

"နင် သိပ်အတ္တဆန်တယ် ငသွေး။ နင်ဟာ နင်ဖြစ်ချင်တာနဲ့ နင့်ဘက်ကိုပဲ ကြည့်တယ်။ သစ္စာကတော့ အဲဒီလိုမဟုတ်ဘူး။ သူ အကြပ်အတည်းကြားမှာ ဒုက္ခရောက်နေတာတောင်မှ နင် စာရေးနေရင် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ အဖြစ်မှန်ကို ဖုံးဖိထားတာ။ မျှော်လင့်ချက်မရှိမှန်း သိလျက်နဲ့တောင် သူဟာ နင်နဲ့ပတ်သက်ရင် အရာရာကို အလေးအနက်ထားတယ်။ သစ္စာဟာ သူ့ဘဝမှာ နင်တစ်ယောက်တည်းကိုပဲ အရူးအမူးနဲ့ စွဲစွဲလမ်းလမ်းချစ်ခဲ့တာ။ အခုတော့ သူ့အချစ်ကို အသက်နဲ့လဲပြီး သက်သေပြသွားပြီ"

သူငယ်ချင်းဘက်က နာနေသော အစ်မဖြစ်သူ၏ ခပ်ရင့်ရင့်စကားလုံးများကို ကျွန်တော် မတုံ့ပြန်နိုင်ခဲ့ပါ။

"သစ္စာဟာ ဝေဒနာကို အသည်းအသန် ခံစားနေရချိန်မှာတောင်မှ နင်မရောက်သေးဘူးလားဆိုပြီး တဖွဖွမေးနေတာ။ သူက နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းတွေ့ချင်နေတာ။ နောက်ဆုံးထွက်သက်အထိ သူဟာ နင့်ကို မျှော်လင့်နေတာ။ သစ္စာက နင့်ကို ဘာမှာသွားသလဲသိလား ငသွေး။ သစ္စာက သူ့နှလုံးသားနဲ့ သူ့ဘဝစတေးခဲ့ရတဲ့ နင့်ရဲ့ဝါသနာကို အောင်မြင်အောင် ကြိုးစားပါလို့ မှာသွားတာ ငသွေးရဲ့. . .”

ငိုရှိုက်သံတွေ ရောထွေးနေသော သဲမြတ်နိုး၏ စကားကြောင့် ကျွန်တော့်ရင်ဘတ်ထဲမှာ တုန်ခါသွားသည်။

သစ္စာသည် နောက်ဆုံး အချိန်အပိုင်း အခြားလေးမှာပင် ကျွန်တော့်ကို ကောင်းစေချင်သော ဆန္ဒဖြင့် ရှင်သန်သွားသူပါလား. . .။

သစ္စာ၏ဘဝတွင် ကျွန်တော်တစ်ယောက်တည်းကိုသာ ချစ်ခဲ့သလိုပင် ကျွန်တော်၏ဘဝမှာလည်း သစ္စာတစ်ယောက်တည်းကိုသာ ချစ်မိသွားတာပါ။ နောက်နောင်လည်း သစ္စာတစ်ယောက်တည်းကိုပဲ စွဲမြဲစွာ ဆက်ချစ်နေဦးမှာပါ။

ဒါသည် မှန်သောသစ္စာစကားသာ ဖြစ်၏။

ကလောသချိုင်းသို့သွားကာ သစ္စာ၏အုတ်ဂူလေးပေါ်တွင် သူမကြိုက်သော ချယ်ရီပန်းလေးများကဲဖြန့်ပေးရင်း ကျွန်တော် ရင်ကွဲမတတ်ခံစားနေရသည်။ ဒီသချိုင်းအတွင်းမှာ ဘေးချင်းယှဉ်လျက် မြှုပ်နှံမည်ဟု အတူတူ ပြောခဲ့ကြရာ. . . အခုတော့ ချစ်သူက ဦးစွာအလျင်သွားလေပြီ။

ကျွန်တော်ကတော့ ချစ်သူနောက်ကို ဘယ်တော့ လိုက်ရမှာပါလိမ့်. . .။

*

“ကောင်လေးရေ. . . ကလောမှာ ရင့်နင့်စရာ ဇာတ်လမ်းလေး တစ်ပုဒ်တော့ ထပ်တိုးသွားပြန်ပြီပေါ့”

ခနုမမကြီး၏ စကားသံက ကျွန်တော်၏နားစည်ဝမှ ဝင်ရောက်ပြီး နှလုံးသားကို ဆွဲယူရမ်းခါနေသလိုမျိုး အခံရခက်လှန်းလှသည်။ ဒါဆို ဒီဇာတ်လမ်းမှာ ကျွန်တော်က ဗီလိန်လား. . .။



နာကျင်မှုတို့ဖြင့် ကိုယ့်ကိုယ်ကို ဖြေသိမ့်နိုင်အောင် မနည်းကြိုးစားနေရသည်။ သစ္စာနှင့်အတူတကွ ပျော်ရွှင်ကြည်နူးစွာ သွားလာနေထိုင်ခဲ့သည့် နေရာတွေကို ရောက်တိုင်း ဘဝတစ်ပါးမှ သစ္စာကိုသာ ပြင်းပြင်းပြပြ သတိရမိသည်။

ထိုအခါမျိုးတွင် ညာတာခြင်း ကင်းမဲ့သော အလွမ်းတို့က ကျွန်တော့်အား သည်းသည်းထန်ထန် နှိပ်စက်လေ့ရှိ၏။

ဗုဒ္ဓဘာသာဝင်ဖြစ်သော သစ္စာ၏ရက်လည်ဆွမ်းသွတ်အပြီးတွင် ကျွန်တော် ကလောမှ ပြန်လာခဲ့သည်။

အသည်းကွဲ လွမ်းဆွေးနေရုံ သက်သက်ဖြင့်သာ ကျွန်တော့်၏အချိန်များကို မဖြုန်းတီးပစ်လိုပါ။

ချစ်သောသစ္စာကြောင့် ရရှိလာသည့် အလွမ်းများသည် ကျွန်တော်၏ ဘဝလမ်းအတွက် ဆူးငြောင့်ခလုတ် အနှောင့်အယှက်သဖွယ် အဖြစ်မခံနိုင်ပါ။

ထို အလွမ်းများအား ထုဆစ်ပုံသွင်း၍ အနုပညာ တစ်ရပ်အဖြစ် ဖန်တီးပြီး ကျွန်တော်ဝါသနာပါသလို သစ္စာလည်း ဖြစ်စေချင်သည့် အောင်မြင်သော အနုပညာသမားတစ်ယောက် ဖြစ်ရန်အတွက် တွန်းအားတစ်ခုပမာ ရယူပြီး ကြိုးစားရပေဦးမည်။

ကလောမြို့ သချိုင်းလေးအတွင်းမှ ချစ်သူပန်သစ္စာ၏ အုတ်ဂူလေးဘေးနားကပ်လျက် မြေကွက်လပ်တွင်. . . ကျွန်တော်၏ ခန္ဓာ (သို့မဟုတ်) အရိုးပြာအိုးလေးနေရာယူခိုအောင်းမည့် နေ့တစ်နေ့ကိုတော့. . . အလွမ်းတွေ ရင်ဝယ်ပိုက်ကာ စိတ်ဖြေ ဖန်ဆင်းသီကုံးထားသည့် စာပေအနုပညာများကြားမှာ စိတ်နှစ်ပြီး စောင့်မျှော်ရင်း. . . ကျွန်တော်တစ်ယောက် လောကကြီးထဲမှာ ဆက်လက် ရှင်သန်နေထိုင်သွားရဦးမှာပါ. . .။

*

www.burmeseclassic.com

www.burmeseclassic.com



ချစ်သော. . . သစ္စာ. . .

ကောင်းရာဘုံဘဝမှာသာ ပျော်ပိုက်နေပါ. . ကိုယ့်အတွက်တော့ စိတ်မပူလိုက်ပါနဲ့. . . အစွဲအလမ်းကြီးတဲ့ ကိုယ့်ရင်ဘတ်ထဲက. . တစ်သီးစား နှလုံးသားကို ထုဆစ်ပြီး. . . ဝါသနာနဲ့လှော်ခတ်ကာ. . ညဏ်မဏ္ဍိုင်နဲ့ ပဲ့ကိုင်လို့. . အိပ်မက်တွေ တကယ်ဖြစ်လာဖို့. . . ကိုယ်ကြိုးစားမှာပါ သစ္စာရယ်. . .။

ကိုယ် တကယ်ကြိုးစားမှာပါ. . . . !!!

# တေလေမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ရဲ့ ကလေးငယ်ဘဝညတွေဟာ အိပ်ယာဝင်ပုံပြင်များစွာနဲ့ ရှင်ပျော်လှပခဲ့ပါတယ်။ အဘိုးနဲ့အဘွား တစ်ယောက်တစ်လှည့်စီ ပြောပြနေကျ ပုံပြင်တွေဟာ အမျိုးအမည်စုံလင်စွာ အများကြီးပါ။

အဲဒီ ပုံပြင်ပေါင်းများစွာထဲကမှ ကျွန်တော့်အား အဖမ်းစားနိုင်ဆုံးကတော့ ထိတ်လန့်မှုရသကို ပေးစွမ်းနိုင်တဲ့ စုန်းကဝေပုံပြင်တွေပါပဲ။

တံမြက်စည်းကို ကောင်းကင်မှာ ပျံတက်သွားအောင် မန်းမှုတ်စီးတတ်သလို၊ တစ်ဖက်သားကို သူတို့ပညာနဲ့ပြုစားတတ်ပြီး. . . ခေါင်းကို ထမိနဲ့ ခြုံလိုက်ရင် လဒဖြစ်သွားကြတယ်ဆိုတဲ့ စုန်းကဝေတွေအကြောင်း ပြောပြတိုင်း ကြက်သီးတဖြန်းဖြန်းထနေသည့် ကြားကတောင် နားမထောင်ဘဲ မနေနိုင်တဲ့အထိ ကျွန်တော်စိတ်ဝင်စားမိပါတယ်။

စုန်းကဝေပုံပြင် နားထောင်ပြီး အိပ်ပျော်သွားတဲ့ ညအိပ်မက်တွေထဲမှာ ကျွန်တော်ဟာ စုန်းကဝေတွေနဲ့ အပေါင်းအသင်းတွေ ဖြစ်နေတတ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တံမြက်စည်းပျံကြီးကို ခွစီးပြီး ရင်ထဲမှာ အေးခနဲ. . . နွေးခနဲ. . . လှိုက်ဖိုမိန်းမောမှုတွေနဲ့ အရောင်စုံ တိမ်လိပ်တိမ်မျှင်တွေကြား အထက်ကောင်းကင်လေထုထဲ. . . လူးလားပျံဝဲနေလို့ပေါ့။

အိပ်မက်က နိုးလာတဲ့အခါ ကျွန်တော်ဟာ အိပ်မက်ထဲက တံမြက်စည်းပျံကြီးနဲ့ အဖော်စုန်းကဝေတွေကို တမ်းတပြီး ဝမ်းပမ်းတနည်း ရှိုက်ကြီးတငင် ငိုကြွေးတော့တာပါပဲ။ တကယ့်ပြင်ပ လောကကြီးထဲမှာ



စုန်းကဝေအစစ်တွေနဲ့ ဆုံတွေ့ချင်လာသည်အထိ ကျွန်တော်ဟာ စုန်းကဝေတွေကို စွဲလမ်းတကြီး ဖြစ်လာမိတယ်။

ပုံပြင်တွေရဲ့ အာဏာစက်ဟာ ကလေးငယ်တွေအတွက် သိပ်ကို ထိရောက်လှပါတယ်။

*

ကျွန်တော် ငယ်ငယ်က နောက်ထပ် စိတ်ဝင်စားတာ တစ်ခုကတော့. . . များသောအားဖြင့် လူကြီးတွေပါးစပ်ဖျားမှာ သုံးနှုန်းကျတဲ့ ကျေးစွပ်ကောင်ဆိုသော ဝေါဟာရပါပဲ။

ကျေးစွပ်ကောင်ဆိုတာ ဘာလဲ. . . ပါဝါရိန်းဂျားလို စွမ်းအားရှင်လား. . .။ နွားလို ဂျိုနဲ့လား. . .။ ဆင်လို နှာမောင်းကြီးနဲ့လား. . .။ ခွေးလို ဟောင်တတ်သလား. . .။ ကြောင်လို 'ညောင်' တတ်သလား. . .။ ဆိတ်လိုမျိုး တပဲပဲဘဲလား. . . ပေါ့။

ကျွန်တော် တွေးတာပေါ့လေ။

မသိလို့ လူကြီးတွေမေးရင်လည်း 'ကလေးက ကလေးလိုနေ' ဆိုတော့ ကလေးလိုပဲ (ဟုတ်သော်ရှိ မဟုတ်သော်ရှိ) မျက်လုံးလေး ကလယ်ကလယ်နဲ့ ဟိုကြည့်ဒီကြည့်လုပ်ပြီး အူလည်လည်လေး နေရပါတယ်။

ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ကျေးစွပ်ကောင်က အမြစ်စွဲနေတယ်။ အဲဒီကောင် ဘာကောင်လဲဆိုတာ အရမ်း သိချင်နေတယ်။ ကျွန်တော် ကြီးလာရင် ကျေးစွပ်ကောင်ကို ပုဇဉ်းဖမ်းတဲ့ ပင့်ကူမျှင်ကွင်းနဲ့ အုပ်ဖမ်းပြီး ရုံသွင်းပြစားဖို့တောင် ရည်မှန်းထားပါတယ်။

ဒင်းလာပစေဦးပေါ့လေ။ အရမ်းကိုတွေ့ချင်နေတာ။ ဘယ်လို ကောင်စားမျိုးလည်းဆိုတာ အရမ်းကိုသိချင်နေတာ။ ရွစိရွစိကို ဖြစ်လို့. . .။

လူ့စိတ်ဆိုတာကလည်း အခက်သား။

www.burmeseclassic.com



သိချင်တာကို မသိရလေ. . . သိချင်စိတ်က ပိုကြီးလေလေပဲ မဟုတ်လား။

*

ကျွန်တော် ငယ်ငယ်က စိတ်ဝင်စားတဲ့နောက်တစ်ခုကတော့ တေလေ ဆိုတာပါပဲ။

ကျွန်တော့် အစ်ကိုဝမ်းကွဲတစ်ယောက်ကို လူတွေက 'တေလေ' လို့ပြောတယ်။ သူကတော့ သူ့ကိုယ်သူ ဂေါ်လီလုပ်တာ. . . တဲ့။

ဂေါ်လီဆိုတာ ကျွန်တော် ကစားနေကျမို့ သိပါတယ်။ ဒါပေမယ့် တေလေဆိုတာကိုတော့ သိပ်မရှင်းဘူး။

တေလေဆိုတဲ့ ကျွန်တော့်အစ်ကိုဝမ်းကွဲကတော့ အရပ်ကြီး လန်ဘား။ လူက ပိန်ညှောင်ညှောင်။ မျက်နှာမှာ ဝက်ခြံတွေက ပဲဟင်းအိုးထဲ နှမ်း လက်တစ်ဆုပ် ပစ်ထည့်ထားသလိုမျိုး ထူလပျစ်။ ဝတ်လိုက်ရင်လည်း ဘာတွေမှန်းမသိဘူး။ တစ်ကိုယ်လုံး ရှုပ်ယှက်ခတ်နေတာပဲ။ ပြီးတော့. . . သူက ရန်လည်း ခဏခဏဖြစ်တယ်။ နေတော့လည်း အဖွဲ့နဲ့နေတာ။ အင်အားကလည်း တောင့်တယ်။

သူ့ကြောင့်လို့ပဲ ပြောရမှာပေါ့။ တေလေဆိုတာကိုတော့ ငယ်ငယ်ကတည်းက ကျွန်တော် နည်းနည်းသိသွားတယ်။

ဪ. . . တေလေဆိုတာ ငါ့အစ်ကိုပါလား. . ဆိုပြီးတော့ပေါ့လေ။

*

အဲဒီလိုမျိုး. . . ကျွန်တော်စိတ်ဝင်စားတဲ့ တေလေ၊ ကဝေ၊ ကျေးစွပ်ကောင်ဆိုတာတွေနဲ့ အပြင်လောကမှာ မျက်မြင်ကိုယ်တွေ့ရင်ဆိုင်ကြုံဆုံလိုက်ရပါတယ်။

အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော့်ဘဝရဲ့ စက်ဆုပ်ဖွယ်ကာလများလို့ ဆိုရင်လည်း မမှားပါဘူး။



ပြန်ပြောပြရရင်တော့ တော်တော်ခါးလိမ့်မယ်။

အမာရွတ်ကို ပြန်ဆွဲခွာရတာ

**အား**. . . နာလည်းနာရဲ့။

ကျွန်တော် အရမ်းတွေ့ချင်လှပါတယ်ဆိုတဲ့ စုန်းကဝေတစ်ဦးနဲ့ ဆယ်ကျော်သက် လူငယ်ပေါက်စအရွယ်မှာ တွေ့လိုက်ရပါတယ်။

ကျွန်တော်တွေ့ရတဲ့ စုန်းကဝေမယ်ကတော့ တံမျက်စည်းပျံကြီးကို ခွစီးပြဖို့နေနေသာသာ တံမျက်စည်းနဲ့ အမှိုက်သိမ်းတာတောင် တစ်ခါမှ မမြင်ဖူးပါဘူး။ ထမိန့် ခေါင်းမြီးခြုံပြီး လဒ လုပ်မပြပေမယ့် ထမီ ခဏခဏပြင်ဝတ်တာကိုတော့ ကျွန်တော် သတိထားမိပါတယ်။ ဒါပေမယ့် အဲဒါ စုန်းကဝေပဲလို့ ကျွန်တော် တထစ်ချ ယုံကြည်ပစ်လိုက်တယ်။

ဘာကြောင့်လဲဆိုတော့. . . သိသာစေတဲ့အချက်က လူတစ်ဖက်သားကို ပညာတွေနဲ့ ညှို့မြူပြီး ရူးနှမ်းခမမ်း ပြုစားတတ်တာကြောင့်ပါပဲ။

တွေ့တွေ့ချင်းမှာ စုန်းကဝေမှန်း မသိနိုင်လောက်အောင် သူမှာ ရင့်နေတဲ့ သူ့ပညာအမြင့်စားတွေနဲ့ ဟန်ဆောင်ကွယ်ဝှက်ထားပါတယ်။ သူဟာ စုန်းကဝေဆိုတာ သိလိုက်ချိန်မှာတော့ ကျွန်တော်ဟာ သူ့ရဲ့ဖမ်းစားမှုစက်ကွင်းထဲမှာ ရောက်ရှိနေတဲ့ သားကောင်ဖြစ်နေပါပြီ။

စုန်းကဝေဆိုတာ ကြောက်စရာကောင်းမှန်း သွေးပျောက်ဒဏ်ရာများစွာကို ပွေ့ပိုက်လျက် ဆင်ခြင်တုံတရားနဲ့ ကျွန်တော်သတိထားမိလိုက်ပါတယ်။ ဒါပေမယ်လို့ ကျွန်တော်ဟာ နောက်ဆုတ်ဖို့မစဉ်းစားဘဲ ပေတေခံကာ ရှေ့ကိုသာ ဆက်တိုးပစ်လိုက်တယ်။

ဘာဖြစ်လို့လဲဆိုတော့. . .

စုန်းကဝေတွေကို မော့်ဆရာနိုင်သလို. . သူမကို ကျွန်တော် အနိုင်ယူချင်လို့ပါပဲ။

*

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမြီးမခြုံဘဲ ဦးထုပ်ဆောင်းလာတဲ့ ကဝေမယ်ဟာ ကျွန်တော်တို့အိမ်က အလုပ်ရုံမှာ အလုပ်လာလုပ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့. . တစ်အိမ်ကျော်မှာနေသော ကျွန်တော်ရဲ့ အစ်မဝမ်းကွဲတော်စပ်သူအား အဖော်ပြုပြီး ကျွန်တော့်ထံသို့ ဆိုက်ကပ်လာခဲ့တာဖြစ်ပါတယ်။

တစ်ခါတစ်ရံမှသာ အိမ်ကပ်တဲ့ ကျွန်တော်နဲ့ ကဝေမယ်ရဲ့ စတင်ပတ်သက်မှုဟာ လေးဖက်လေးနံတွင် အညိုရောင်မှန်ချပ်ကြီးတွေ ကာရံထားသည့် ကျွန်တော်တို့အိမ်ရှေ့က ကာရာအိုကေ အခန်းကျဉ်း ငယ်လေးအတွင်းမှာပါ။ သီချင်းလာဆိုသော သူတို့ကို သီချင်းဖွင့်ပေးနေကျ လူနဲ့ ထားရစ်ခဲ့ပြီး ကျွန်တော် ခြေဦးတည့်ရာ ထွက်လာခဲ့လိုက်တယ်။ သူတစ်ပါး သီချင်းဆိုတာ ထိုင်စောင့်ပြီး ဖွင့်ပေးရမယ့်အလုပ်ကို ကျွန်တော် အာရုံမလာပါဘူး။ အပျင်းကြီးတယ်လို့ စွပ်စွဲချင်ရင်လည်း ဖြစ်ပါတယ်။ ပိုနေမြဲကျားနေမြဲ အေးဆေးပါပဲ။

ရှင်းသန့်တည်ငြိမ်စွာ ရိုးသားတဲ့ ကျွန်တော့်အစ်မဖြစ်သူရဲ့ အလုကို ကဝေမယ်ဟာ အတူတကွကျောင်းနေစဉ် ကာလတစ်လျှောက်လုံး ယှဉ်ပြိုင်လာသည့်ကြားက အလဲမထိုးနိုင်ခဲ့ဘူးဆိုတာ ကဝေမယ်ကို မမြင်ဖူးခင်ကတည်းက ကျောင်းဝန်းသတင်းများမှ ကြားဖူးနားဝ ရှိပြီးသားပါ။ (ကဝေမယ်ကိုတော့ လူနဲ့နာမည်တွဲပြီး အရင်က သိမထားပါဘူး)

အပြင်ထွက်လာတဲ့ကျွန်တော်ဟာ အနက်ထည်စက်ဘီးငယ်ကို ရွှေ့လျားရုံတွန်းပြီး လွတ်လပ်စွာ လမ်းလျှောက်နေမိတယ်။ စက်ဘီးက ဘာမှမဖြစ်ပါဘူး။ အဲ့ဒါ ကျွန်တော့်အကျင့်ပါ။ မြေသားပေါ် (ဖိနပ်စီးထားတဲ့) ခြေဖဝါးနဲ့ စည်းချက်ညီညီနင်းပြီး လမ်းလျှောက်ရတာကို ကျွန်တော် သိပ်ခုံမင်ပါတယ်။ အအိပ်အစား လမ်းသလားဆိုသည့် အရေးသုံးပါးအား လက်ကိုင်ထားကျင့်ကြံနေတဲ့ ကျွန်တော့်ဂျင်းဘောင်းဘီ ညစ်ထေးထေးတွေရဲ့အောက်နားစ မှန်သမျှဟာလည်း ဖန်တစ်ရာတေနေသော လေလွင့်မှုတွေကြောင့် စုတ်ပြတ်သတ်လျက် ဖွာလန်ကျဲနေပါပြီ။



အလျင်လိုသည့်အခါတွေမှသာ ကျွန်တော်ဟာ အနက်ထည်စက်ဘီးငယ်ကို အသုံးပြုလေ့ရှိပါတယ်။ အနက်ထည်စက်ဘီးဟာ ကျွန်တော်ရဲ့ သမိုင်းမှန်ကို တွင်ကျန်စေမယ့် တိုက်ပွဲဖော်လက်နက်တို့ထားသိုရာ ဌာနတစ်ခုဆိုရင်လည်း မမှားပါဘူး။ ကလေးအထာပေါ့လေ။

စက်ဘီးငယ်ရဲ့ ထိုင်ခုံမှာ ချည်နှောင်ထားတဲ့ စတီးကြိုးရှည်ဟာ အရေးကြုံလာရင် အလျှင်မြန်ဆုံး ဖြုတ်ယူဝှေ့ရမ်းလိုက်တာနဲ့ ကျွန်တော့်ခန္ဓာကို လုံခြုံစွာ ကာကွယ်မှု ပေးစွမ်းနေကျပါ။ စက်ဘီးငယ်၏ ဘယ်ညာလက်ကိုင်စွပ်နှစ်ဖက်ကို ဆွဲထုတ်လိုက်တာနှင့် ဓားပါးတစ်လက်နဲ့ ချွန်မြတဲ့ ဆူးတစ်ချောင်း ပေါ်ပေါက်လာတော့တာပါပဲ။ အဲဒီလက်နက်ငယ်တွေဟာ ကျွန်တော်ရဲ့အရေပြားထက်မှာ ဖြစ်ပေါ်လာနိုင်တဲ့ သေရာပါ အမာရွတ်ကြီးတွေကို ရှောင်ကွင်းသွားစေအောင် အကူအညီ ပေးဆောင်ကြပါတယ်။

မြေပြင်ကသိုဏ်းရှုနေသလိုပုံမျိုးနဲ့ ဟိုဒီတွေးရင်း လမ်းလျှောက်နေတဲ့ ကျွန်တော့်နောက်ကို ကဝေမယ်တို့ သုံးယောက် စက်ဘီးနှစ်စီးဖြင့် ရောက်လာပါတယ်။ ကဝေမယ်ရဲ့ ဖိတ်ခေါ်မှုကြောင့် အစ်မဖြစ်သူအား တင်ပြီး သူတို့သွားရာကို ကျွန်တော် လိုက်ပါပို့ဆောင်ပေးရတယ်။

လမ်းတစ်လျှောက်လုံး မရပ်နားတာကတော့ ကဝေမယ်ရဲ့ ပါးစပ်ဖျားပါပဲ။ မိတ်ဆက်စကားအဆုံးမှာ ကျွန်တော် သူ့ကိုမသိကြောင်း အရိုးခံအတိုင်း ဝန်ခံမိတော့ အလှောင်ခံထိသွားတဲ့ လူတစ်ယောက်ပမာဖြစ်သွားပါတယ်။ ကျွန်တော်အားလည်း ညံ့သေးတာပဲလို့ ပြောရဲ့။

ဟုတ်တော့လည်း အဟုတ်သား။ သူ နာရင်လည်းပဲ နာသွားရှာမှာပါ။ ကျွန်တော်တို့မြို့ကျဉ်းလေးမှာ ဆေးကျောင်းတက်နေသူဆိုရင် တော်တော် ထင်ပေါ်ကြပါတယ်။

သူ့အလှနဲ့ ပတ်သက်ပြီး မာန်တက်နေတဲ့ ကဝေမယ်ဆိုရင် သူကိုယ်သူ ပိုလို့တောင် အထင်ရှိနေမှာပေါ့။ ကိုယ်နဲ့ မသက်ဆိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းဆိုရင် နားစွင့်လေ့တောင်မရှိတဲ့ ကျွန်တော်ကတော့ တော်တန်ရုံကိစ္စတွေဆို ဘာမှကို မသိပါဘူး။

ကဝေမယ်ဟာ ကျွန်တော့် ကိုယ်ရေးကိုယ်တာတွေကိုလည်း နိုက်နိုက်ချွတ်ချွတ် စပ်စုပြန်ပါတယ်။ ကျောင်းနေစဉ်ကာလတစ်လျှောက်၌ ရည်မွန်သော ကျောင်းသားလူရည်ချွန်တစ်ဦးအဖြစ် ကောင်းသော ဂုဏ်သတင်းများနှင့် အထိုက်အလျောက် ကျော်ကြားခဲ့တဲ့ ကျွန်တော်ရဲ့ နှစ်နဲ့ချီပြီး ပျောက်ကွယ်ငုံ့လျှိုးသွားသောအချိန်ကာလမှာ ပြတ်တောက်နေသည့် လစ်ဟာမှု ကွင်းဆက်တွေကို ကဝေမယ် စိတ်ဝင်စားနေပုံပြပါတယ်။

ဟိုအရင်က ကျောင်းသားလူငယ် ကျွန်တော်နဲ့ အခုတွေ့နေရတဲ့ တေလေဟန်အပြည့်နဲ့ ကျွန်တော်ရဲ့ခြားနားခြင်းက သူ့အတွက် ပဟေဠိတစ်ပုဒ် ဖြစ်နေပုံပါပဲ။ ကျွန်တော်လည်း သူစပ်စုရကျိုးနပ်အောင် အနည်းအပါး ပြောပြလိုက်ပါတယ်။ ဒါပေမယ်လို့ ဂုတ်ဖဲ့တစ်ချပ်ရဲ့ မြုပ်ကွက်တွေတော့ မပါဘူးပေါ့လေ။

ကဝေမယ်တို့က ဆရာတစ်ဦးအိမ်ကို သွားကြတာပါ။ သူတို့သွားမယ့် ဆရာရဲ့ အိမ်ရှေ့ကို လိုက်ပို့ပေးပြီးတော့. . . အခြားနေရာတစ်ခုဆီ ကျွန်တော် ထွက်သွားလိုက်တယ်။ သူတို့တတွေ ခေါ်ပေမယ့် ဆရာရဲ့အိမ်ထဲကို ကျွန်တော် လိုက်မဝင်ခဲ့ဘူး။ ဘာကြောင့်လည်းဆိုတော့. . . ဆရာနဲ့ မျက်နှာချင်း မဆိုင်ချင် (မဆိုင်ဝံ့) လို့ပါ။

ကျွန်တော်ဟာ ဦးတည်ရာမဲ့ လမ်းတွေလျှောက်ရင်း ကျူရှင်တွေ သင်တန်းတွေကို တွေ့ရင် ခပ်တည်တည်နဲ့ ဝင်ထိုင်နေတတ်ပါတယ်။ ဆရာတွေ သင်တာကို လိုက်မှတ်ချင်တဲ့အခါ လိုက်မှတ်ပြီး မမှတ်ချင်တဲ့အခါမှာလည်း ကိုယ်နေချင်သလိုပဲ နေလိုက်တယ်။ ဆရာတွေမေးတာကိုလည်း ဖြေချင်တဲ့အခါမှာဖြေပြီး မဖြေချင်တဲ့အခါ မဖြေပါဘူး။ လကုန်ခါနီးလို့ လခတောင်းပြီဆိုရင်တော့ အဲဒီနေ့ကစပြီး အဲဒီနေရာကို ကျွန်တော် ထပ်မသွားတော့ပါဘူး။ အဟဲ. . .။



အဲဒီလိုပုံမျိုးနဲ့ ကျွန်တော် တက်ခဲ့တဲ့ ကျူရှင်တွေ သင်တန်းတွေ မနည်းလေးတော့ များပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်ဟာ ကျောင်းတော်ကြီးရဲ့ တရားဝင် စာမေးပွဲတွေကို သွားမဖြေသလို ကျောင်းဝင်းအတွင်းကိုလည်း ခြေမချခဲ့ပါဘူး။

လူသားတွေအပေါ်မှာ မေတ္တာစေတနာထားပြီး ပညာအဖြာဖြာ ပေးဝေငှခဲ့ပေမယ့် လူသားတွေရဲ့ သစ္စာမဲ့စွာ ဒုက္ခဆိုးကျိုးပေးမှုများကိုသာ တန်ပြန်လိုက်ရတဲ့ မက်ဆိုပိုတေးမီးယား တောင်ကြားရှိ ပင်လယ်ရေပြင်တွင် နေထိုင်သော အတတ်ပညာ အသိပညာ ဉာဏ်ပညာတို့၏ နတ်ဘုရား အီရာ စိုးမိုးသည့် နက္ခတ်ရာသီချိန်ခါ၌ မွေးဖွားလာသော ကျွန်တော်ရဲ့ ရှင်သန်ခြင်းတစ်လျှောက်ဟာ သမရိုးကျ မဆန်ခဲ့ပါဘူး။

ရွှေ့လျားမှုတွေကလည်း ပုံသေမခြဘဲ ချားရဟတ်လိုသာ လည်ပတ်နေလေရဲ့။

ကလေးအရွယ် ကာလအပိုင်းအခြား တစ်ခုမှာ ကျွန်တော်ရဲ့ လက်နှစ်ဖက်ဟာ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ခဲ့ဖူးပါတယ်။ ပထမဦးဆုံး နှစ်နဲ့ချီပြီး နာမကျန်းဖြစ်နေတဲ့ မိခင်ရဲ့ လက်ချောင်းတွေဟာ ကျွန်တော်ရဲ့သစ္စာအစွမ်းနှင့် ကုသပေးမှုကြောင့် အမြစ်ပြတ် ပျောက်ကင်းသွားခဲ့ပါတယ်။ (ဝမ်းသာပီတိဖြင့် ပြန်လည်ပေးအပ်တဲ့ မိခင်ရဲ့ ဆုလာဘ်ရွှေဆွဲကြိုးလေးဟာ နောင်တစ်ချိန်မှာ ကျွန်တော်ရဲ့ မျက်မှန်ကြိုးလေးဖြစ်သွားပါတယ်) ဒီလိုပဲ လူတချို့ရဲ့ ရောဂါဘယတွေဟာလည်း ဘုရားပေးသော ကျွန်တော်ရဲ့ လက်အစုံကြောင့် ကင်းပသွားကြတယ်။ ဒါပေမယ့် ထိုအာနိသင်တွေဟာ မသမာတဲ့ အမှောင့်ပယောဂတွေကြောင့် ကာလရှည်ကြာစွာ မတည်တံ့လိုက်နိုင်ပါဘူး။ (ကိုယ်တိုင်က မူမမှန်တာတွေလည်း ပါမှာပေါ့လေ)

ကျောင်းသားငယ်ဘဝမှာ ကျွန်တော်ဟာ ရသမျှ (အားလုံးနီးပါး) မုန့်ဖိုးငွေလေးနဲ့ နွမ်းပါးတဲ့ အတန်းဖော် အတူထိုင် ကျောင်းသားတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ ပညာရေးကို ပါရမီ ဖြည့်ပေးခဲ့ပါတယ်။ (အဲဒီကျောင်းသားဟာ ကိုယ်ပိုင်အားထုတ်မှု မရှိဘဲ ကျွန်တော် တွက်ပြီးသား ပုစ္ဆာတွေကိုလည်း အမြဲလို အသင့်ကူးချနေကျပါ)

ကျောင်းမှာ ဆရာတွေက ကျောင်းသားတွေကို ကြီးလာရင် ဘာလုပ်မှာလဲလို့မေးတိုင်း ကျွန်တော်က ဘာအဖြေမှမပေးခဲ့ဘူး။ ဖြစ်မလာသေးခင် သိဝှက်ထားတတ်တာ ကျွန်တော်ရဲ့ ငယ်ငယ်ကတည်းက အကျင့်ပါ။ (ကျွန်တော် ရိုသေလေးစားတဲ့ ဆရာမတစ်ဦးကတော့ ကျွန်တော့်ကို သရုပ်ဆောင်၊ ဒါမှမဟုတ် စာရေးဆရာလုပ်စားဖို့ ကောင်းတယ်လို့ မှတ်ချက်ချဖူးပါတယ်။ ကျောင်းရဲ့ ကျပန်းစကားပြောပြိုင်ပွဲ၊ စကားရည်လုပွဲ၊ ကဗျာလက်ာစပ်ဆိုမှု၊ စာစီစာကုံးအက်ဆေး ရေးသားမှုတွေမှာ ကျွန်တော်ဟာ ထင်ပေါ်သူတစ်ယောက် ဖြစ်ခဲ့သလို မဟော်သဓာဇာတ်ထုပ်ကို တင်ဆက်ကပြတိုင်းမှာလည်း ကျွန်တော့်ကို အကောင်းဆုံး သရုပ်ဆောင်နိုင်သူအဖြစ် အားလုံးကပဲ တစ်စိတ်တစ်ဝမ်းတည်း ဝိုင်းဝန်းသတ်မှတ်ခဲ့ကြပါရဲ့)။

ကျွန်တော့်ရဲ့ ငယ်အိပ်မက်ကို ပြောပြလိုက်ရင် ရယ်သံတွေ ဆူညံသွားနိုင်ပါတယ်။ အဲဒီလိုရယ်သံတွေဟာ စိတ်ဓာတ်ခွန်အားအတွက် ဆူးငြောင့်ခလုတ်တွေ ဖြစ်စေနိုင်တာကြောင့် ရေမငုံဘဲ ကျွန်တော် နှုတ်ပိတ်ခဲ့တာပါ။ (အခုအချိန်မှာ ပြောပြရင်လည်း ခပ်ညံ့ညံ့ဟာသတစ်ပုဒ်လောက်တောင်မှ မထိရောက်နိုင်တာမို့ ဆက်လက် နှုတ်ပိတ်ပါရစေ. . .)

ဒီလိုနဲ့ ကျွန်တော်ရဲ့ ကျောင်းသားငယ်ဘဝဟာ တိတ်တဆိတ် မျှော်မှန်းတဲ့ ပန်းတိုင်ကို ရည်ရွယ်စိတ်ကူးလျက် ကြိုးစားရင်း ဝင်းလဲ့လင်းတောက်စွာ ခမ်းနားလှပနေခဲ့တာပါ။ တတ်သိလိုစိတ်ကြောင့် မဆင်ခြင်မိတဲ့ စူးစမ်းလေ့လာမှုနောက်ကို မလိုက်နိုင်သည့် ကျန်းမာရေးက ကျွန်တော့်အတွက် ဒုက္ခတစ်ခု ဖြစ်လာပါတယ်။ စနစ်တကျစစ်ဆေးသမှု မပြုလုပ်ဘဲ အထင်တစ်ခုတည်းနှင့် ကုသလိုက်တဲ့ သမားကြောင်တစ်ဦး



လက်ချက်ကြောင့် ကျွန်တော်ရဲ့အမြင်နဲ့ အာရုံကြောတွေဟာ ဆိုးရွားစွာ ပျက်စီးသွားခဲ့ရတယ်။ (ဒါလည်း ဝဋ်ကြွေးပဲ ထင်ပါရဲ့)

ဂျင်မပေါက်တတ်တဲ့ ကျွန်တော်ဟာ ဝါသနာပါတဲ့ စွန်လွှတ်ခွင့်ကိုလည်း မရတော့ပါဘူး။

အားမာန်တင်းပြီး မလျော့သောဇွဲလုံ့လ ဝီရိယတို့ဖြင့် ... အားမာန်တင်းပြီး မလျော့သောဇွဲလုံ့လ ဝိုးတဝါးအမြင်တွေနဲ့ ကျွန်တော်ရဲ့ ကျောင်းတက်ရက်တွေကို သက္ကရာဇ်တစ်ခုပြီးတစ်ခုတိုင်တဲ့ အထိ ပင်ပန်းတကြီး ဆက်ခဲ့ပါသေးတယ်။ မျက်လုံးကျန်းမာရေး ဆိုးရွားနေချိန်မှာဆိုရင် အလင်းရောင်သဲ့သဲ့မြင်တာနဲ့ မျက်စိပေါက်ကြီးငယ်ကျပါတယ်။ အဲဒီအခါတွေတုန်းက မျက်လုံးအစုံကို ဖျတ်ခနဲဖွင့်လိုက်၊ လက်ကလေးနဲ့ ပြန်ကွယ်လိုက်နဲ့ပဲ ကျောင်းလွယ်အိတ်ကို မနိုင့်တနိုင် လွယ်ရင်း မျက်ရည်စိုရွှဲရွှဲနဲ့ ကျောင်းကိုရောက်အောင် ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ပြီး သွားရပါတယ်။ မိဘတွေသိရင် ပိုစိတ်မကောင်းဖြစ်မှာစိုးလို့ ကျွန်တော် ကွယ်ဝှက် ဖုံးဖိထားခဲ့တယ်။

ရွယ်တူတွေကြား အောက်ကျ နောက်ကျခယပြီး ကျွန်တော့်ရဲ့ ဗလာစာအုပ်ထဲ စာတွေရောက်လာဖို့ အရှက်မဲ့လောက်အောင် ကျိုးနွံစွာ စတောင်းပေးဆပ်ခဲ့ရတာပါ။ အာစရိယဂုဏ်ပုဒ်နှင့် မထိုက်တန်တဲ့ ဆရာမ တစ်ယောက်က (သူ့သမီးရဲ့ စာပြိုင်ဘက်) ကျွန်တော့်ကို စတိတ်ခုံပေါ် တင်ပြီး လှောင်သံတွေနဲ့ မွန်းကြပ် ပေကျံသွားအောင် သရော်မှုတွေဟာ အသည်းနာ ခံပြင်းစရာပါပဲ။ နဂိုကတည်းက မနာလိုဝန်တိုမှုတွေ ထားနေတဲ့ ဘေးနားက အဖော်တွေကလည်း ခြွင်းချက်နဲ့ နိမ့်ကျချိန်မှာ တွဲကူဖေးမမှုမရှိဘဲ အငြိုးတကြီးလှုံတံတွေနဲ့ ဝိုင်းစိုက်ကြပြန်တယ်။

အဆိုးဆုံးကတော့ ကျွန်တော့်ထောက်ပံ့မှုနဲ့ ကျောင်းသားတစ်ယောက် ဆက်လက်ဖြစ်ခွင့်ရနေသူရဲ့ ကျေးဇူးကန်းမှုတွေပါပဲ။ ပညာနဲ့ ပတ်သက်ရင် ဝပ်တွားဖို့ ဝန်မလေးတဲ့ ကျွန်တော်ရဲ့ အားနည်းချက်ကို အခွင့်ကောင်းတစ်ခုလို အသုံးချလိုက်တာပါ။ အရင်ကတည်းက စေတနာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပေးနေတဲ့ငွေကြေးကို စာအကြောင်းပန်းပြကာ အဖွဲ့လူစုအားကိုးနဲ့ နိုင်လိုမင်းထက် အကြမ်းဖက်ပြီး ဆထက်ထမ်းပိုး မတန်မဆ တိုးလို့ တောင်းလာပါတယ်။ သူတို့ လိုချင်သလောက် ငွေမရတဲ့နေ့တွေမှာ အနှိပ်စက်ခံဘဝကို ကြောက်လန့်စိတ်နဲ့ ကျွန်တော်ဟာ ညတွေမှာ အိမ်တွင်းသူခိုးလေး ဖြစ်လာရပါတယ်။

အမှတ်ရတိုင်း ရင်ဟာ ပြင်းထန်စွာ နာနင့်ရရဲ့။

မေ့မရဆုံးကတော့ မဖြစ်မနေ လိုအပ်နေသော အရေးကြောင့် မူကြိုကျောင်းသူညီမငယ်လေးရဲ့ ဆယ်တန်လေးတွေနဲ့ ရာတန်လေးတွေကို ကျစ်ကျစ်လျစ်လျစ်လိပ် စုသိမ်းထားတဲ့ ကတ္တီပါအိတ်အပြာလေးအား ပေးလိုက်ရသည့်အဖြစ်ပါပဲ။

သူ သိပ်ချစ်သော ပိုက်ဆံအိတ်လေးနဲ့ မိဘပေးတဲ့မုန့်ဖိုးတွေကို မစားရက်မသောက်ရက် လများစွာ စုထားတဲ့ ငွေလေးတွေအား မက်မောနှမြောစိတ်ကြောင့် ရှိုက်ကြီးတငင်ငိုကြွေးရင်း တစ်အိမ်လုံးအနှံ့ လိုက်လံရှာဖွေနေသော ညီမငယ်လေးပုံသဏ္ဍာန်ကို ပြန်မြင်ယောင်တွေးတောမိတိုင်း စိတ်နှလုံး ဖရိုဖရဲနဲ့. . . အခုအချိန်ထိ. . . ကျွန်တော် မျက်ရည်ကျမိတုန်းပါပဲ။

ကျောင်းသင်ပုန်းက ဆရာတွေရေးပြတဲ့စာတွေကို မမြင်ရသော ကျွန်တော်ဟာ တစ်မျိုးကြံကာ မျက်မှန်အားကိုးနဲ့ ရှင်သန်တိုးဖို့ စိတ်မာန်တင်းလိုက်ပြန်ပါတယ်။ ဒါပေမယ့်လည်း မမျှတတဲ့ လူစုအင်အားနဲ့ မျက်မှန်လေးဟာ အသိမ်းခံလိုက်ရပါတယ်။ မျက်မှန်လေးကိုပြန်ရဖို့ ပေးအပ်လိုက်ရတာတွေဆိုတာ အများကြီးပါ။ သူတို့ အလိုပြည့်ချိန်ခဏမှာ ပြန်ရပေမယ့် လိုအပ်ချက်တွေရှိလာတိုင်း မျက်မှန်လေးဟာ အဖွက်ခံ ပြန်ဖြစ်သွားတာပါပဲ။

ဒါတွေအားလုံးကိုလည်း သူတို့ရဲ့ ခြိမ်းခြောက်မှုကြောင့် ဘယ်သူ့မှ ပြန်မပြောဝံ့ခဲ့ပါဘူး။ (အဲဒီအပြစ်တွေရဲ့ တန်ပြန်တွန်းကန်မှုကြောင့်



နောင်တစ်ချိန်မှာ ကျွန်တော်ဟာ ရက်စက်တတ်သူ၊ အမြိုးကြီးသူအဖြစ် နာမည်ကြီးလာပါတယ်)

အကြပ်အတည်းတွေကြားမှာ ဖြစ်ပေမယ့် ကျွန်တော်ရဲ့ ကျောင်းသားပုံရိပ်တွေဟာ ထွန်းလင်းတောက်ပြောင်ခဲ့ပါသေးတယ်။ အသံကိုသာ အားပြုပြီး ပညာသင်ခဲ့ရတဲ့ ကျွန်တော်ဟာ ဆုတံဆိပ်တွေနဲ့ ကျောင်းတော်ရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့သလို ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ရှာဖွေစုတုပြုမှုတွေဟာလည်း ကျောင်းတော်ရဲ့သမိုင်းမှာ မှတ်တမ်းဝင်ခဲ့ပါတယ်။

တချို့တွေကတော့ လူရည်ချွန် ဂုဏ်ပုဒ်တွေကြောင့် အကြည့်တွေပြောင်းပြီး ဆက်ဆံရေးတွေ ကောင်းလာကြပေမယ့် ကျွန်တော်ရဲ့ ကျေးဇူးကန်းကြီးကတော့ အမြင်ကတ်မှုတွေနဲ့ နှိပ်စက်ညှင်းပန်းခန်းတွေ ပိုလို့သာ တိုးသထက်တိုးလာတာပါပဲ။

ရေပုပ်မြောင်းထဲမှာ အနှစ်ခံခဲ့ရတာတွေ၊ ကိုယ်လုံးတီးနဲ့ ရေကန်ထဲ ပစ်ချခံခဲ့ရတာတွေ၊ အဖွဲ့လိုက်ဝိုင်းပြီး နှာခေါင်းဆွဲ ပါးစပ်ဖြဲ ထိုးကြိတ်ကန် ကျောက်တာခံခဲ့ရတာတွေ၊ အို. . . ပြောရရင် အများကြီးပါလေ။ (ဒါတွေဟာ အပိုပြောနေတာတွေ မဟုတ်ပါဘူး) တစ်နေ့တစ်မျိုး မရိုးအောင် နှိပ်စက်ညှဉ်းပမ်းခံနေရတဲ့ ညှက်ညှက်သေးသေး ကောင်လေးတစ်ယောက်ရဲ့ ရင်တွင်းဒဏ်ရာတွေဟာ ကြာလာတော့လည်း ထက်သန်သော မျှော်မှန်းချက်တွေကို လောင်မြိုက်ကျိုးပဲ့လာစေပါတယ်။

တတ်သိလိုစိတ်တွေ များလွန်းသော ကျွန်တော်. . . သင်ယူလေ့လာလိုစိတ်တွေ များလွန်းသော ကျွန်တော်. . . ဆရာတွေက အနားယူပါဦးလို့ ပြောတာတောင်မှ နားမထောင်ခဲ့တဲ့ ကျွန်တော်. . ဆိုးဝါးနေတဲ့ စမ်းတဝါးဝါးအခြေအနေမှာတောင် ကျောင်းတက်မပျက်ခဲ့တဲ့ ကျွန်တော်ဟာ. . ကျွန်တော့်ကြောင့် ယိုင်နဲ့လာမယ့် မိသားစုအရေးနှင့် နာကျင်မှုတွေကို တွေးပြီး ကျွန်တော် အရမ်းတွယ်တာတဲ့ ကျောင်းတော်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို အပြီးတိုင် စွန့်ခွာခဲ့ပါတယ်။ ဆရာ ဆရာမတွေက နှမြောတသစွာနဲ့ ကျွန်တော့်ကို ပြန်ခေါ်ကြပေမယ့်လည်း ကျေးစွပ်ကောင်ရှိတဲ့ ကျောင်းတော်ကြီးဆီ ကျွန်တော် ပြန်မသွားတော့ပါဘူး။

ပြောင်လှောင်မယ့်လူတွေ နှိပ်စက်မယ့်လူတွေမရှိတဲ့ သီးခြားကမ္ဘာတစ်ခုမှာ ငြိမ်းအေးခြင်းကို ရှာဖွေရင်း မိသားစုဆွေမျိုးအားလုံးနဲ့ ခွဲခွာပြီး ကျွန်တော်တစ်ကိုယ်တည်း သွားရောက် နေထိုင်လိုက်တယ်။ ဗုဒ္ဓဘုရား၏ အရိပ်အောက်မှာ လိုက်လျောညီထွေအောင် တစ်မျိုး တစ်ဘာသာပညာတွေကို သင်ယူရင်း ကျွန်တော်ရဲ့ ခန္ဓာနှင့်စိတ်ဟာလည်း ပြောင်းလဲလာပြီး တည်ငြိမ်မှုအား အနည်းငယ်ပိုင်စိုးလာနိုင်ပါတယ်။

ကျွန်တော် အနားမရှိတဲ့ နေ့ရက်တွေမှာ မိခင်ဟာ မခွဲနိုင်မခွာရက် ဝမ်းနည်းပက်လက် မျက်ရည်စက်တွေနဲ့ ကျွန်တော့်ကို မိသားစုရင်ခွင်ဆီ ပြန်ဝင်လာဖို့ အမြဲခေါ်ငင်နေတာပါ။ လေးဦးတည်းသာရှိတဲ့ မိသားစုလေးဟာ ကျွန်တော် မရှိချိန်တွေမှာ ခြောက်ခြောက်ကပ်ကပ်နဲ့ စိုပြည်မှုတွေ ကင်းမဲ့နေတာပေါ့။

အခြေအနေအရပ်ရပ်အား သုံးသပ်ပြီး စိတ်သာအဓိကဆိုတဲ့ အသိတရားကို ဆင်ခြင်မိသွားတဲ့ ကျွန်တော်ဟာ မိသားစုရင်ခွင်ဆီ ပြန်ဝင်လာခဲ့တယ်။ တကယ်တမ်းတော့လည်း ကျွန်တော့်ဟာ ကျွန်တော့်ရဲ့ သွေးသားရင်းချာ မိသားစုလေးကို မခွဲခွာနိုင်ပါဘူးလေ။

ကျွန်တော်ဟာ အဖြူထည်ဆန်ဆန်ပဲ နွေးထွေးတဲ့ မိသားစုလေးနဲ့ အတူ နေထိုင်ခဲ့တယ်။ ကျွန်တော့်ကို ကျောင်းတော်ကြီးဆီ ပြန်ပို့ပေမယ့်လည်း ကျွန်တော် လက်မခံဘဲ အသည်းအသန် ငြင်းဆန်ပစ်လိုက်တယ်။ အဲဒီ ငြင်းဆန်မှုအပေါ် နားမလည်နိုင်သူတွေလည်း များပြားလှပါရဲ့။ (ဒီစာကို ဖတ်မိမှပဲ အားလုံး နားလည်သဘောပေါက်ကြပါလိမ့်မယ်)

သိုသိပ်လင်းသန့်စွာ အချိန်တွေ ကုန်ဆုံးနေစဉ်တုန်းမှာပဲ ကျွန်တော် တေလေဆန်ဖို့ အကြောင်းဖန်လာတာပါ။ ကျွန်တော်မိသားစုရင်ခွင်မှာ ပြန်ရောက်နေပြီဆိုတာကို ကြားသိသွားပုံရတဲ့ ကျေးစွပ်ကောင်က အရင်လိုဂိုက်ဆိုဒ်မျိုးနဲ့ ကျွန်တော့်ထံ ဘဏ္ဍာတိုက်ဖွင့်ဖို့ ရောက်လာပြန်ပါတယ်။ အဲဒီမှာ မြုပ်ကွယ်နေတဲ့ ကျွန်တော့်ရဲ့ အာဃာတတွေ ထောင်ထသွားတယ်။



အတတ်ပညာအချို့ ရရှိတတ်မြောက်ခဲ့ပြီဖြစ်သလို အရင်ကထက်စာရင် ကျစ်လျစ်သန်စွမ်းနေပြီဖြစ်တဲ့ ကျွန်တော်ဟာ အပျော်အပါးတွေ ကြားမှာသာ နစ်မျောနေသော ကျေးစွပ်ကောင်ကို အလွယ်တကူပဲ အနိုင်ယူလိုက်နိုင်ပါတယ်။ ကျေးစွပ်ကောင်ဟာ နဂိုမူကွဲပြီး ပြောင်းလဲနေတဲ့ ကျွန်တော့်ကို တစ်ယောက်တည်းမို့ သွေးတိုးစမ်းစကားတွေနဲ့သာ ညစ်ထေးထေး တုံ့ပြန်သွားလေရဲ့။

ကျွန်တော့်ထံကို ကျေးစွပ်ကောင် အင်အားနဲ့ နောက်တစ်ကြိမ် ပြန်ဝင်လာလိမ့်မယ်လို့ ကျွန်တော် တုန်လှုပ်စွာ တွေးမိလိုက်တယ်။ အဲဒီမှာ. . . အကောင်အထည် ဖော်ဆောင်ခွင့်မရတော့တဲ့ ရည်မှန်းချက်အတွက် ဖိနှိပ်မှုတွေကို အခံရခက်စွာဖြင့် သေသပ်တဲ့ ကလဲ့စားတစ်ခုအဖြစ် ပြောင်းလဲပစ်ဖို့ ကျွန်တော် ဆုံးဖြတ်ချက် ချမှတ်ပစ်လိုက်ပါတော့တယ်။

ယိုယွင်းနေတဲ့ အားနည်းချက်တွေကြောင့် သိမ်ငယ်နေမယ့်အစား လောကကြီးအား ကန့်လန့်ဖြတ်ပြီး မခံချင်စိတ်နဲ့ တန်ပြန်ထိုးစစ်ဆင်အရွဲ့တိုက်လို့မှ ဖိအားတွေများပြားလာတာကြောင့် ကျွန်တော်ဟာ တေလေအဆောင်အယောင်တွေ ဆင်မြန်းပြီး တေလေတွေကြားထဲမှာ လွင့်ပေနေလိုက်တယ်။ ကျွန်တော့်ရဲ့ပြောင်းလဲမှုဟာ မသိမသာလို့ ထင်ရပေမယ့် မြန်ဆန်ပါတယ်။

မိုက်ရူးရဲဆန်မှုကို ဂုဏ်ဒြပ်တစ်ခုလို တပ်ဆင်ထားချင်တဲ့ တလားန်တွေကို အပေးအကျွေး အနည်းငယ်ရင်းပြီး ကျွန်တော် မွေးထားလိုက်တယ်။ လူမိုက်ဆိုတာက သူတို့ရှေ့မှာ သူတို့ထက် တစ်ခါလောက်

www.burmeseclassic.com

www.burmeseclassic.com



မိုက်ပြထားရုံနဲ့ တစ်သက်လုံး ခိုင်းစားသွားလို့ရတာမျိုးပါ။ ဉာဏ်မရှိတဲ့ လူမိုက်ရှုတ်တွတွေကို ကိုင်တွယ်နိုင်ဖို့အတွက် အရှိန်အဝါ ဟိတ်ဟန် ကောင်းကောင်းရှိရင်ပဲ လုံလောက်နေပါပြီ။

ကျွန်တော်ရဲ့ တေလေနေ့ရက်တွေဟာ လောကကြီးရဲ့ တွင်းနက်ပိုင်းထဲက အဖိုးတန်အတွေ့အခေါ်တွေကို သိရှိခွင့်ရခဲ့ပါတယ်။ ညရဲ့ လွတ်လပ်မှုကို အားပြုပြီး သွေးသားဆာလောင်မှုဆန္ဒကို အသပြာနဲ့ လဲလှယ်ဖြေဖျောက်ပစ်တတ်တဲ့ တေလေတွေထဲမှာ ကျွန်တော် မပါခဲ့ဘူး။ သိလိုတာရှိရင်လည်း အမြင်နဲ့သာ စူးစမ်းခဲ့တယ်။ လိုချင်ရင် အရလွယ်တဲ့ မူးယစ်ဆေးတွေကိုလည်း မသုံးစွဲခဲ့ဘူး။ တစ်ခုလောက်တော့ ယုံကြည်ပေးစေချင်ပါတယ်။ တေလေတိုင်းဟာ အဆုံးစွန်အထိ ပျက်စီးနေကြသူတွေမဟုတ်ဘူး ဆိုတာကိုပေါ့။

ခြေပစ်လက်ပစ်ပူလောင်တဲ့ ပိုးလိုးပက်လက်ညတွေနဲ့ ကိုယ့်ဒူးကိုယ် ဖက်ပြီးကွေးခဲ့ရတဲ့ အေးမြသောညအချို့ကို ကျွန်တော်ဟာ ကြုံရာနေရာမှာပဲ လဲလျောင်းရင်း ဖြတ်ကျော်ဖြစ်ခဲ့တယ်။ အကြောင်းဆိုးသူ ညဉ့်ငှက်တေလေမလေးတွေရဲ့ ရင်တွင်းစကားကို မေးမြန်းနားထောင် နှစ်သိမ့်အားပေးရင်း ရိုးသန့်စွာ အခြေတည်ဖို့ တက်နိုင်သလောက် အကူအညီနဲ့ အလင်းရောင်ထဲ တွန်းပို့ပေးခဲ့တယ်။ အဝတ်အထည်တွေကို စည်းစနစ်မကျ လဲလှယ်ဝတ်ဆင်ကြတဲ့ အဖော်တွေကြားမှာ တစ်ကိုယ်ရည် သန့်ရှင်းမှုအား အလေးထားသည့် ကျွန်တော်၏ တစ်သီးတစ်သန့် ဆန်ပုံက မေးငေါ့စရာ ပြစ်ချက်တစ်ခုလို ဖြစ်နေပြန်ပါတယ်။

အခြားတေလေတွေကြားထဲမှာ သဘာဝကြီးက ပေးတဲ့အယူအဆတွေကို သိမ်းမှတ်ထားတဲ့ ကျွန်တော့်ဟာ ပြဿနာတွေရဲ့ အတိုင်ပင်ခံပမာ ဖြစ်လာတော့တာပါပဲ။ မှန်ကန်မှုဘက်က ရပ်တည်ပေးပြီး မမျှတသောရန်ပွဲတွေမှာလည်း မိုက်သင့်ရင်မိုက်ဖို့ ဝန်မလေးတော့တဲ့ ကျွန်တော်ဟာ စာနာစွာ ဝင်ဆင်နွှဲပေးရင်း ရန်ပွဲပျော်တစ်ဦး ဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com



နေလောင်အသားရေ၊ မှုန်တေတေအကြည့်၊ လျော့တိလျော့ရဲ ဟန်ပန်နဲ့၊ မွစာကြဲဒဏ်ရာအမာရွတ်တွေဟာ ကျွန်တော်ရဲ့ တေလေ သက်သေအမှတ် တံဆိပ်တွေပါပဲ။

ကျွန်တော့်ရှေ့မှာ အော်ကြီးဟစ်ကျယ် ကိုးရိုးကားယားနဲ့ ဘလိုင်းကြီး မိုက်သွေးကြွပြနေသူတွေကို တွေ့မြင်ရရင် အရမ်းအရမ်း ရယ်ချင်ပါတယ်။ ကျွန်တော့် အတွေ့အကြုံအရ အဲဒီလိုလူမျိုးတွေဟာ တကယ့်တကယ်မှာ သတ္တိရှိကြတာ မဟုတ်ပါဘူး။ မလိုအပ်ဘဲ သတ္တိထုတ်ပြသူတွေကိုလည်း အပေါစားလူမိုက်လို့ပဲ ကျွန်တော်သတ်မှတ်ပါတယ်။ လိုအပ်တယ်ထင်မိလို့ သူတစ်ပါးနာကျင်အောင် ကျွန်တော် ဓားနဲ့ထိုးဖူးသလို သံတုတ်နဲ့လည်း ရိုက်ခဲ့ဖူးပါတယ်။ မအော်မဟစ်ပါဘူး၊ ပြုံးပြုံးလေးပဲ အနားသွားပြီး ကပ်လုပ်လိုက်တာပါ။ "ဇာမဏီမျိုးဟေ့. . . အမွေးကျွတ်မခံဘူး" လို့ ကြွေးကြော်သူတစ်ဦးကိုလည်း အမှောက်ရိုက်ပြီး ဆံပင်မွေးတွေကို ဆွဲနုတ်ခဲ့ဖူးပါတယ်။ (အခုချိန်မှာ ပြန်စဉ်းစားကြည့်တော့. . . အဲဒါ အလကားအလုပ်တွေပါ. . .။ ကျွန်တော်ဟာ အလကားကောင်လည်း ဖြစ်ခဲ့ဖူးပါတယ်. . .။ မဖြစ်တော့ဘူးလို့လည်း မကြွေးကြော်ရဲပါဘူး. . .)

ကျေးစွပ်ကောင် နောက်တစ်ကြိမ် ကျွန်တော်ထံ ပြန်ရောက်လာချိန်မှာတော့ စနစ်တကျ အကွက်ချစီမံထားတဲ့ အနေအထားတွေကြောင့် သူ့အစီအစဉ်အားလုံးပျက်ပြယ်ပြီး ကျွန်တော့်ရဲ့ လက်အောက်ငယ်သား တစ်ယောက်ပမာ ဖြစ်သွားရပါတယ်။ ကျွန်တော်ရဲ့ အဓိကအဆုံးသတ်ရည်မှန်းချက်က ကျေးစွပ်ကောင်ကို အသက်ဇီဝချွေချပစ်လိုက်ဖို့ပါပဲ။

ဒါပေမယ့် ချက်ချင်း အဲဒီလိုလုပ်ပစ်လိုက်ရင် ကျွန်တော်ခံခဲ့ရတာတွေနဲ့ မညီမျှမှာစိုးတာကြောင့် ကျွန်တော်ဟာ ကျေးစွပ်ကောင်ကို တမြည့်မြည့် ဖွဲ့ချွေရင်း လုံးပါးပါးအောင် ဆော့ကစားပစ်ဖို့ ရည်ရွယ်ထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့သတ်မှတ်ချက် အတန်းပညာမှာ ကျွန်တော့်ထက်မြင့်ပေမယ့် အသိပညာမှာ ချို့တဲ့သော ကျေးစွပ်ကောင်ဟာ ကျွန်တော်ရဲ့ သေဝပ်တဲ့အငြိုးတွေအောက်မှာ မသိမသာ ကြွေးဆပ်သူ ဖြစ်လာရပါတယ်။ ကျွန်တော်ဟာ ကျေးစွပ်ကောင်ကို အနီးကပ်ထားလိုက်ပြီး (ကိုယ့်စိတ်ကိုမနိုင်ရင်) ပျက်စီးလွယ်တဲ့ တေလေဘဝထဲ သွတ်သွင်းပစ်လိုက်တယ်။

တေလေတွေကြားမှာ အထိုက်အလျောက် ကျော်ကြားလာတဲ့ သံတင်းတွေကြောင့် ကျေးစွပ်ကောင်ဟာ ကျွန်တော်ကို လေးစားသမှု (သို့မဟုတ်) ကြောက်ရွံ့မှုနဲ့ တဖန်ပြန်ကိုးကွယ် ဖက်တွယ်နေတာပေါ့လေ။ အရာအားလုံးဟာ ကျွန်တော်တွက်ဆထားတဲ့ အတိုင်း ဖြစ်လာခဲ့ပါတယ်။ မျက်မှန်နဲ့ လူမိုက်ဆိုတာတွေကိုမြင်ရင် မလိုက်ဖက်ဘူးလို့ ယူဆပြီး ရယ်ချင်တဲ့ ကျွန်တော်ဟာ မျက်မှန်တပ်လျက်ပဲ မိုက်တွင်းနက်ဖြစ်ခဲ့တယ်။ အဲဒီ မျက်မှန်ကြောင့်ပဲ အနိုင်ရပြီးမှ ပြန်ခံခဲ့ရတာတွေလည်း ရှိပါတယ်။ လက်တွေ့ဘဝဟာ ပုံပြင်ထဲက လူစွမ်းကောင်းလိုတော့ အသာစီးချည်း ဘယ်ရနိုင်ပါ့မလဲလေ။

တကယ်တော့ ကျွန်တော်ရဲ့ တေလေဆိုတဲ့ပြယုဒ်ဟာ သိမ်ငယ်ကြောက်ရွံ့မှုတွေကို အလွှာငယ်တစ်ခုနဲ့ ဖုံးကွယ်ထားတာမို့ အပေါ်ယံကြောတင်းတင်း ပူဖောင်းတစ်လုံးလိုပဲပေါ့။

ကျွန်တော်ဟာ သိပ်ကြောက်တတ်ပါတယ်လို့ ပြောရင် လူအချို့က မယုံကြဘူး။

အဲဒီလူတွေဟာ ကျွန်တော်နှင့်အတူ ရန်ပွဲဆင်နွှဲဖူးသူတွေပါပဲ။

ထပ်ပြောပါရစေ. . . ကျွန်တော်ဟာ. . . ကြောက်ပါ. . .

*

ကိုယ့်ရပ်တည်မှုတွေအပေါ်မှာသာ အာရုံသက်ရောက်နေတဲ့ ကျွန်တော့်ဘဝထဲကို ကဝေမယ်ဟာ မဖိတ်ခေါ်ဘဲ တစိမ့်စိမ့်တိုးဝင်လာပါတယ်။ ကဝေမယ်က ကျွန်တော်အကြောင်းတွေမေးနေတယ်လို့ အိမ်မှာအလုပ်လုပ်တဲ့ အမျိုးသမီးပြော၍ သိရပါတယ်။ ကဝေမယ်ဟာ အိမ်ကိုလည်း ခဏခဏ အလည်လာတယ်ဆိုပဲ။



အဲဒီနေ့ရက်တွေမှာ ကျွန်တော်ဟာ ကျေးစွပ်ကောင်ကို အမှည့်ခြွေ့ခြွေနေတာပါ။ အပျော်အပါးလိုက်စားပြီး ကာမဂုဏ်အာရုံခံစားမှုကို အတိုင်းထက် အလွန်ဝါသနာထုံလွန်းတဲ့ ကျေးစွပ်ကောင်ဟာ တဖြည်းဖြည်းနဲ့ လုံးပါးပါးလာပါပြီ။ ကလဲ့စားချေမှု အထမြောက်တယ်လို့ပဲ ဆိုရမလား. . .၊ ဝဋ်ဆိုတာပဲလားတော့ မသိဘူး။ ဒီအချိန်မှာ ကျေးစွပ်ကောင်ဟာ နွမ်းပါးတဲ့ သူ့မိဘတွေရဲ့ အိမ်တွင်းသူခိုးကြီး ပြန်ဖြစ်နေပါပြီ။

ကျွန်တော်နဲ့ ကဝေမယ်ဟာ အညိုရောင်မှန်ချပ်ကြီးတွေ လေးဘက်လေးနံကာရံထားတဲ့ အခန်းကျဉ်းငယ်လေးအတွင်းမှာပဲ နောက်တစ်ကြိမ် ပြန်ဆုံတွေ့ကြပါတယ်။ ရန်ပွဲတစ်ခုက ရလာတဲ့ဒဏ်ရာတွေကြောင့် ကျွန်တော် အိမ်တွင်းပြန်အောင်းနေချိန်ပေါ့။ ကဝေမယ်ဆိုတဲ့ သီချင်းတွေက ကျွန်တော်ကို ပုတ်ခတ်နေတယ်။ ဆိုလိုက်သမျှ သီချင်းတိုင်းဟာ ကောင်ငယ်လေးတစ်ယောက်နဲ့ ပတ်သက်တဲ့ သီချင်းမျိုးတွေချည်းပဲ ဖြစ်နေတယ်။

သီဆိုနေရင်းလည်း အရည်လဲ့ဖြာနေတဲ့ မျက်လုံးရွဲကြီးတွေနဲ့ ကျွန်တော့်အား စိုက်ကြည့်တတ်တယ်။ ကဝေမယ်ဟာ သူ့ရဲ့ ပန်းနုရောင် ပင့်ကူမျှင်တွေကြားမှာ ကျွန်တော် တွယ်ကပ်ငြိစွန်းမိအောင် အဆင့်မြင့်မြင့်ညို့ယူဖမ်းစားနေတော့တာပါပဲ။

ကဝေမယ်ဟာ မကြာမကြာ သီချင်းလာလာဆိုပါတယ်။ သီချင်းလာဆိုတိုင်း စုံတွဲဆိုဖို့ပြောသလို ကျွန်တော်အကြိုက်ဆုံး သီချင်းတစ်ပုဒ်ကိုလည်းဆိုပြဖို့ အမြဲတောင်းဆိုလေ့ ရှိပါတယ်။ ဒါပေမယ်လို့ ကျွန်တော်သူ့ကို တစ်ကြိမ်တစ်ခါမှသီချင်းမဆိုပြခဲ့ပါဘူး။ လူတစ်ဦးတစ်ယောက်နားဆင်ဖို့အတွက် သီးသန့်သီချင်းဆိုပြရမှာမျိုးကို ကျွန်တော့်အာရုံက

www.burmeseclassic.com



ထွက်ခဲ့ပါတယ်။ ကဝေမယ်ဟာ ကျွန်တော် စင်ပေါ်မှာ တစ်ခါသီချင်းဆိုတာ မြင်ကတည်းက ကျွန်တော်ကို သတိပြုမိကြောင်း ပြောပါတယ်။ အဲဒီတုန်းက ကျွန်တော်ကို ပန်းစည်းလာပေးတဲ့အမျိုးသမီးဟာ ကဝေမယ်ဆိုတာ သူ ပြောမှပဲ ကျွန်တော် သိရပါတယ်။

အိမ်မှာ အလုပ်လုပ်တဲ့အမျိုးသမီးက ကျွန်တော့်ကို ကဝေမယ် စိတ်ဝင်စားနေကြောင်း ပြောတယ်။ ကျွန်တော့်ကိုလည်း စိတ်မဝင်စားဖူးလားလို့ မေးပါတယ်။ ကျွန်တော်က စိတ်ဝင်စားစရာပါပဲလို့ ပြန်ပြောလိုက်မိတယ်။ အမှန်တကယ်လည်း ကဝေမယ်ကို ကျွန်တော် စိတ်ဝင်တစား ရှိနေပါပြီ။

ကျွန်တော် အမှတ်မထင်ပြောလိုက်တဲ့ စကားရဲ့ အကျိုးဆက်ကတော့ အဲဒီညမှာ ကဝေမယ် ကျွန်တော့်ဆီ ဖုန်းဆက်တာပါပဲ။ ကျွန်တော်ပြောတဲ့ စကားအတွက် သူ စဉ်းစားပေးမယ်ဆိုတာတွေပေါ့လေ။ မမျှော်လင့်တာမို့ ကျွန်တော် နည်းနည်းတော့ အံ့ဩမိတာပေါ့။

နောက်တစ်နေ့မှာတော့ ကဝေမယ်က ကျွန်တော့်ကို မုန့်ကျွေးမယ်ဆိုပြီး အိမ်ကိုလာခေါ်ပါတယ်။ အောက်နားဖွာ ဂျင်းဘောင်းဘီနှင့် အရောင်လွင့်နေတဲ့ အနက်ထည် ဂျင်းရှပ်လေးကို ကြယ်သီးအစုံမတပ်ဘဲ ဝတ်ဆင်ထားပြီး နီကျင်ကျင် ဆံပင်ဘုတ်သိုက်နဲ့ ကပိုကရို ကျွန်တော့်ပုံစံက တေလေဆန်ဆန်ပါပဲ။ ကဝေမယ်ကတော့ ပြင်ဆင်ခြယ်သမှုတွေနဲ့ သိပ်ကို ကြည့်ကောင်းနေတယ်။ အစွမ်းကုန် ပွင့်လန်းနေတဲ့ ပန်းတစ်ပွင့်လို အလှတွေ ဝေဆာနေသော ကဝေမယ်ဟာ စွဲမက်စရာပါ။ အကြမ်းထည်ဆန်တဲ့ ကျွန်တော့်ထက် သာလွန်သော ကဝေမယ်ကို မက်မောစိတ်ဝင်တိုင်း ပင့်ကူကောင်တွေသာ သွားမြင်ယောင်နေမိတာမို့ ဆန္ဒအား ဆင်ခြင်ချိုးနှိမ်ထားရပါတယ်။

မုန့်ဆိုင်ရောက်လို့ စားသောက်ရင်းပဲ ကဝေမယ်က ကျွန်တော့်ကို စာရွက်လေးတစ်ရွက်ထုတ်ပေးတယ်။ ကျွန်တော် သူ့ကို ချစ်တာဟာ



စိတ်ကစားတာ ဖြစ်မှာပါ။ ဒါကြောင့် သေချာပြန်စဉ်းစားဖို့နဲ့ သူ့ကျောင်းလိပ်စာ အဆောင်လိပ်စာ ဖုန်းနံပါတ်တွေ ရေးထားတာပါ။

စိတ်ထဲမကောင်းသွားပေမယ့် ကျွန်တော် ဘာတစ်ခွန်းမှ ပြန်မပြောလိုက်ဘူး။ သူ့စာရွက်လှလှလေးကိုသာ လက်သုတ်ပြီး လွှင့်ပစ်လိုက်တယ်။ ကျွန်တော်ရဲ့လုပ်ရပ်နဲ့ ညစ်ကြီးကျယ်ပုံကို ကဝေမယ် အံ့ဩသွားပုံပါပဲ။ ကျွန်တော့်ရဲ့ တုံ့ပြန်မှုအပေါ် သူက တစ်မျိုးတစ်မြည် တွေးထင်ထားတာ နေမှာပေါ့။

ခဏကြာတော့ သူ့ကို ဆိုင်မှာပဲထားခဲ့ပြီး ကျွန်တော် တစ်ယောက်တည်း ပြန်လာခဲ့လိုက်တယ်။

အဲဒီနေ့လည်ပိုင်းမှာ ကဝေမယ် သီချင်းလာဆိုပါသေးတယ်။ ကျွန်တော် ထွက်မတွေ့လိုက်ဘူး။ ညရောက်တော့ ဖုန်းဆက်တယ်။ နေ့လယ်က ဘာကြောင့် ထွက်မတွေ့တာလဲပေါ့။ သူ့ရဲ့ စာရွက်လှလှလေးကိုလည်း သိမ်းမထားဘဲ လက်သုတ်ပြီး လွှင့်ပစ်ရပါ့မလားလို့ အပြစ်တင်စကားဆိုပါတယ်။ အဲဒီညမှာပဲ တောင်တောင်အီအီစကားတွေ အကြာကြီးပြောရင်း ကျွန်တော်နဲ့ ကဝေမယ် ချစ်သူရည်းစားတွေ ဖြစ်သွားကြတယ်။

ထင်ထားတာထက် အများကြီး ပိုမိုလွယ်ကူနေပါတယ်။

အတွဲဖြစ်သွားတဲ့နောက် ကဝေမယ်ဟာ နေ့စဉ်တိုင်း အကြိမ်များစွာကျွန်တော့်ဆီ ဖုန်းဆက်လေ့ရှိတယ်။ ကျွန်တော် ဖုန်းဆက်ပြီးခေါ်လိုက်ရင်လည်း ကဝေမယ် အိမ်ကိုရောက်လာတတ်တယ်။ ကဝေမယ်က ရွှေကြိုးလုံးလုံးလေးနဲ့ တပ်ဆင်ချိတ်ဆွဲထားတဲ့ ကျွန်တော့်မျက်မှန်ကြီးလေးကို ပန်းသွေးရောင်သူ့လက်ဖျားလေးနဲ့ တောက်တောက်ပြီး ကလူကျီစယ် ဆော့ကစားနေကျပါ။

အကျီအပြဲ ဘောင်းဘီအပြဲ ဦးထုပ်အပြဲပေါက်တွေကို ဖြစ်သလို လက်ဆန်း ဝတ်ဆင်တတ်တဲ့ ကျွန်တော့်အား ကဝေမယ်ဟာ အမြဲအပြစ်

www.burmeseclassic.com



ပြောပါတယ်။ ကျွန်တော်က ရှိရာကြံ့ရာနှင့် ဖြစ်သလိုပဲ ဝတ်လိုက်တာပါ။ ကိုယ့်ကိုယ်ကိုယ် တကူးတက ပြင်ဆင်ခြယ်သဖို့ ကျွန်တော် စိတ်မကူးမိပါဘူး။ ဂရန့်စတိုင်လ်ကို ကြိုက်တာလည်း ပါတာပေါ့လေ။

ကျောင်းပိတ်ရက်တွေ စေ့ငှလို့ ကဝေမယ်ပြန်မယ့်ညမှာ ကားဂိတ်ကို ကျွန်တော် သွားနှုတ်ဆက်လိုက်တယ်။ မိုက်တီမိုက်ကန်းရုပ်ပိုင်ရှင် လူငါးယောက်နှင့် ရောက်လာတဲ့ ပေတီပေစုတ် ကျွန်တော့်ကို ကဝေမယ်ဟာ သူ့မိဘတွေကြားမှာမို့ နှုတ်ဆက်စကားတောင် ပြောမသွားပါဘူး။

ကျွန်တော်ဟာ ညနေတိုင်း ကဝေမယ်ဆီ ဖုန်းဆက်ဖြစ်တယ်။ ကျွန်တော်တို့ ဖုန်းပြောရင် အတော်ကြာတတ်ပါတယ်။ ကဝေမယ်အားသတိရတဲ့အခါ သူပေးခဲ့တဲ့ ဓာတ်ပုံလေးကိုကြည့်ပြီး ကျွန်တော့်မှာ ဖြေသိမ့်နေရတယ်။ တစ်ခုခုလိုအပ်နေသလိုမျိုး ရင်ခွင်ကဟာတာတာ ဖြစ်လာရင် ကျွန်တော်ဟာ ဆိုင်ကယ်ကို လီဗာကုန်မခန်း အပြင်းစီးပြီး ငြီးစိစိ ဖြစ်နေသမျှ တဝှီးဝှီးတိုးနေတဲ့ လေနဲ့ ဆေးကြောဖယ်ရှားပစ်လိုက်တယ်။ ဒါဟာလည်း ကျွန်တော့်ရဲ့ စိတ်ဖြေနည်းတစ်မျိုးပါပဲ။

အဲဒီအချိန်မှာ ကျွန်တော့်ခိုင်းဖတ်လုံးလုံးဖြစ်နေတဲ့ ကျေးစွပ်ကောင်ကို ကြည့်ပြီး ကျွန်တော် သနားလာတယ်။ ကျေးစွပ်ကောင်ဟာ ကျွန်တော့်အတွက် ပြိုင်ဘက်ဖြစ်နိုင်လောက်အောင် အရည်အသွေး မရှိပါဘူး။ အတိအကျ အနိုင်ရမယ်မှန်း သိနေတဲ့ လူတစ်ယောက်နဲ့ ကစားရတာကို ကျွန်တော် တော်တော်ပျင်းငွေ့နေပါတယ်။ စိတ်ဆိုတာကလည်း ဆန်းပဲ ဆန်းလွန်းပါရဲ့။

ကိုယ့်စည်းဝိုင်းထဲမှာသာ အေးဆေးသက်သာ နေလေ့ရှိတဲ့ အစ်မဖြစ်သူက ကျွန်တော်နဲ့ ကဝေမယ်ရဲ့ ကြားတွင်းကို မဝင်ခဲ့သလို ဝေဖန်ချက် တစ်စုံတစ်ရာလည်း မပေးပါဘူး။ တစ်နေ့ စကားစပ်မိရင်းတော့ ကဝေမယ်ရဲ့ နောက်ကြောင်းကို စုံစမ်းကြည့်ဖို့နဲ့ အပြည့်အဝယုံကြည်မှုမထားဖို့ အရိပ်အမြွက် စကားဆိုပါတယ်။ ဒါပေမယ့် ကျွန်တော်



ဟာ ပင့်ကူဝိဉာဉ် အပူးခံနေရပြီမို့ ရယူလိုမှုအတွက် စွန့်ကြဲဖို့ ဝင့်သန်ရဲတောက်နေပါပြီ။

ကဝေမယ်ရဲ့ ဖမ်းစားမှုမှာ စွဲလမ်းနေတဲ့ကျွန်တော်က သူ့နောက်လိုက်သွားခဲ့တယ်။ နှစ်ယောက်အတူ လွတ်လပ်စွာလမ်းသလားခဲ့ရတဲ့ နေ့ရက်တွေက ချိုမြလွန်းလှပါတယ်။ မြသလွန်ဘုရား၊ မကွေးတံတား၊ ဧရာဝတီကမ်းပါး၊ မညီညာတဲ့ လမ်းကြားတွေဟာ မမေ့ချင်စရာပါပဲ။ တံတားပေါ်မှာ ထိုင်ပြီး ဧရာဝတီ၏ ညအလှကို လေညှင်းအေးနဲ့ ခံစားရင်း ကဝေမယ်ရဲ့ အညှအခရာတွေမှာ ကျွန်တော် မိန်းမူးသာယာဖူးတာ အမှန်ပါ။

မခွဲခွာချင်ပါဘဲ နှုတ်ဆက်ပြီး ပြန်လာခဲ့ရတဲ့ ကျွန်တော်ဟာ နေ့ရက်များစွာ နွမ်းလျ ပူဆွေးနေမိပါသေးတယ်။ ကျွန်တော့်ကို ကလေးလေးလို့ခေါ်လေ့ရှိတဲ့ ကဝေမယ်ရဲ့ အသံအားလည်း ကြားယောင်တမ်းတမိတာ အိပ်မက်တွေထဲအထိပါလေ။ သူ့အလှဟာ အရေပြားတစ်ထောက်စာမှန်း သိပါရဲ့။ ဒါပေမယ့် အဲဒီအရေပြားတစ်ထောက်စာကလေးကိုပဲ ကျွန်တော့်မှာ အသေအလဲ စွဲမက်နေမိတယ်။

အလွမ်းတွေ ပက်ဖျန်းထားတာကြောင့် လေလွင့်မှုတွေဟာလည်း ပိုမိုကာ အရာထင်လာပါတယ်။ လူတိုင်းကို အထင်မသေးသလို အတင်းကာရောလည်း အထင်မကြီးတတ်တဲ့ ကျွန်တော်ဟာ လေးစားစရာရှိရင်လည်း လေးစားဖို့ ဝန်မလေးတတ်သူပါ။ ကျွန်တော်ဟာ တွေ့ကြုံသမျှ တန်းစားမရွေး လူအားလုံးနဲ့ ပေါင်းသင်းတယ်။ ဘယ်လိုလူမျိုးတွေနဲ့ပဲ ပေါင်းပေါင်း ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ဖို့သာ အရေးကြီးပါတယ်။ ကိုယ့်စိတ်သာ အဓိကပါ။ ဒါ့အပြင် ယူတတ်ရင် ဘယ်လိုအတန်းအစား လူသားမျိုးဆီကမဆို ကိုယ့်အတွက် တစ်ယောက်တစ်မျိုးနဲ့ ဗဟုသုတ တိုးလာချည်းပါပဲ။ (ကိုယ့်ကိုကိုယ် မထိန်းသိမ်းနိုင်ရင်တော့ ဘဝပျက်သွားမယ်လို့ မှတ်ပါ)

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခိုက်အတန့်အတွင်းမှာ ကျေးစွပ်ကောင်ရဲ့ ဖခင် ရုတ်တရက် ဆုံးပါးသွားတယ်။ မိခင်ကြီးအား ထောက်ပံ့ဖို့နဲ့ ဝမ်းရေးအတွက် ကျေးစွပ်ကောင်ဟာ ကျွန်တော့်ကို နှုတ်ဆက်ပြီး မြန်မာပြည်မြောက်ဖျားပိုင်းဘက် ခရီးထွက်သွားတယ်။

သူ့မိခင်ကြီးအတွက် ငဲ့ကွက်စဉ်းစားမိတာမို့ ကဝေမယ်ရဲ့ လွှမ်းမိုးမှုလည်း ခံနေရတဲ့ ကျွန်တော်ဟာ တွေဝေခြင်း ဒွိဟစိတ်တွေကြောင့် . . . ကျေးစွပ်ကောင်ကို ဘာဆိုဘာမှ မလုပ်ဖြစ်လိုက်ပါဘူး။

*

ကျောင်းပိတ်ရက်၌ ကဝေမယ် နောက်တစ်ခေါက် ပြန်ရောက်လာချိန်မှာတော့ ကနဦးအစက ကျွန်တော် ဆင်ခြင်တွေးတောမိတဲ့ ပင့်ကူရုပ်လုံးဟာ အမှန်တကယ် အသက်ဝင်လာပါတယ်။

ကိုယ့်ထက် အင်အားကြီးမားသောပင့်ကူမကို ချဉ်းကပ်ရာမှာ စွန့်စားရတဲ့ ပင့်ကူထီးတစ်ကောင်လိုဖြစ်သွားမှာ ကျွန်တော် စိုးထိတ်ခဲ့တာပါ။ အခုတော့ တကယ့်ကို ဖြစ်လာပါပြီ။

ပင့်ကူမက သူမနှစ်သက်တဲ့ ပင့်ကူထီးကို ဦးနှောက်ဖောက်စားပစ်သလိုမျိုး ကဝေမယ်ကလည်း ကျွန်တော့်နှလုံးသားကို မညှာမတာ ဖောက်စားပစ်လိုက်တယ်။

ကဝေမယ်ရဲ့ ကျွန်တော့်အပေါ်ဆက်ဆံရေး တမဟုတ်ချင်း ပြောင်းလဲသွားပုံက အိပ်ပျော်နေရာမှ နိုးထလာချိန်မှာ ပျောက်ပြယ်သွားတဲ့ အိပ်မက်လိုပါပဲ. . . ဖြစ်ပျက်ခဲ့သမျှ အကုန်လုံးကို သိမ်းကျုံးယူငင်သွားပါတယ်။ ကျွန်တော်နဲ့ သူဟာ အရင်က တစ်ကြိမ်တစ်ခါမှ မပတ်သက်ခဲ့ဖူးတဲ့ အတိုင်းပဲ။

ကျွန်တော် ဘယ်လိုနားလည်ရမှာလဲ. . . ။

မဆုံအောင် ရှောင်နေသလို ဖုန်းခေါ်ရင်လည်း ချပစ်တယ်။ ကြားခံ ဆက်သွယ်ဖို့ သူ့သူငယ်ချင်း အမျိုးသမီးကလည်း အိမ်မှာ အလုပ်



မလုပ်တော့သလို အစ်မဖြစ်သူကလည်း တခြားတစ်မြို့တစ်ရွာကို ရွှေ့ပြောင်းသွားပါပြီ။

ကယ်ဆယ်သူမဲ့ ဒဏ်ရာတွေနဲ့ ကျွန်တော်ဟာ ရေဝေးငါးလို ဖျတ်ဖျတ်လူးနေရပါတယ်။

တစ်နေ့မှာတော့ ကဝေမယ် ရှောင်ချိန် မရနိုင်လောက်အောင် ကျွန်တော်နဲ့ ထိပ်တိုက်တိုးတယ်။ မုန့်ဆိုင်တစ်ဆိုင်မှာ သူ့သူငယ်ချင်းအများကြီးနဲ့ ထိုင်နေချိန်ပေါ့။ ဂနာမငြိမ်တဲ့ ကျွန်တော်ရဲ့ မေးခွန်းပေါင်းများစွာအတွက် ကဝေမယ်ရဲ့အဖြေက ရိုးရိုးလေးပါ။ ကျွန်တော်ဟာ တေလေ ဖြစ်နေလို့. . . တဲ့။ သူလိုလူမျိုးက ကျွန်တော့်လို တန်းနိမ့်စား တေလေတစ်ယောက်နဲ့ ဘယ်တုန်းကမှ မပတ်သက်ခဲ့ဘူးလို့လည်း ခါးခါးသီးသီး ပြောင်ငြင်းဆိုပါတယ်။

တေလေဆိုတဲ့ သတ်မှတ်ချက်ဟာ ကျွန်တော်နဲ့ သူ့ကြားမှာ အပြစ်ရှာချပြစရာ ဓားစာခံတစ်ခုများ ဖြစ်နေလေရောသလား. . . ။ ကျွန်တော်ဟာ အခုမှ တေလေဖြစ်သွားတာ မဟုတ်ပါဘူး။ သူနဲ့စတွေ့က တည်းက တေလေဖြစ်နေပါပြီ။ ကျွန်တော် တေလေမှန်းသိပါလျက် မြူဆွယ်ချက်တွေနဲ့ ဖြားယောင်းသိမ်းသွင်းပြီး သူ့ပါးစပ်ကပဲ ချစ်လှပါချည်ရဲ့လို့ အထပ်ထပ်အခါခါ ရေရွတ်ခဲ့တာလေ။

ကဝေမယ်က ကျွန်တော့်အစ်မဖြစ်သူရဲ့ အမည်ပြောပြီး ကျွန်တော်နဲ့ မောင်နှမတော်စပ်ကြောင်း သူ့သူငယ်ချင်းတွေကို ပြောပြတယ်။ အစ်မဖြစ်သူရဲ့ ခန့်တည်မှုဂုဏ်သတင်းကိုမှ မထောက်ထားဘဲ မောင်ဖြစ်သူကျွန်တော်က သူ့ကို အရှက်မရှိအငမ်းမရ အသည်းအသန် တစ်ဖက်သတ် လိုက်ပိုးပန်းနေသလိုမျိုးတွေပြောပြီး ပြက်လုံးတွေထုတ်ပါတယ်။ ဟာ. . . ။

လူအများကြားမှာ အရှက်ခွဲခံလိုက်ရတာမို့ ကျွန်တော် အောင့်မျက်သွားရတယ်။ ကဝေမယ်ဟာ အစ်မအပေါ်မှာ မကျေလည်တာတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုဂရုမစိုက်သလို မချေမငံ ဆက်ဆံခဲ့တဲ့ ကျွန်တော်ရဲ့ အပြုအမူတွေအတွက် ကြံစည်ခြေမှ လက်စားချေချလိုက်တာလို့ တွက်ဆမိပါတယ်။

အဲဒီအချိန်မှာတော့ ကျွန်တော် သိလိုက်ပါပြီ။ သူဟာ စုန်းကဝေဆိုတာကိုပေါ့။ တွေးလိုက်တိုင်း တစစ်စစ်နာကျင်မှုတွေကြားက မခံချင်စိတ်နဲ့ သူ့ကို ကျွန်တော်မေ့ဖျောက်မရဘူး ဖြစ်နေတယ်။ ကျွန်တော့်ရဲ့ ပွဲကြွေခဲ့တဲ့ အရှက်သိက္ခာအတွက် ညီမျှမယ့်ရလဒ်ကို သူ့ဆီက မဖြစ်မနေပြန်ယူချင်နေမိတယ်။

ကဝေမယ် ကျောင်းပြန်တော့ သူ့နောက်ကို ကျွန်တော်လိုက်သွားတယ်။ အမျက်တွေ ကွယ်ဝှက်ပြီး သူ့ထံကအချစ်ကို ဇွဲမာန်တင်းတင်းနဲ့ ပြန်တောင်းခံခဲ့ပေမယ့် ပညာရှင်ကဝေမယ်ကတော့ ညှာတာကြည့်လေးတစ်ချက်နဲ့ အပြုံးလေးတစ်ပွင့်တောင် မဝင့်ခဲ့ပါဘူး။ တုန့်ပြန်မှုများက စိမ်းကား ပြုန်းတီးခြင်းတွေသာပါ။

တစ်နေ့မှာ ကဝေမယ်က ကျွန်တော့်ကို သူချစ်သူဆိုတဲ့ လူရည်သန့်တစ်ယောက်နဲ့ မိတ်ဆက်ပေးတော့ ကျွန်တော်ပေါက်ကွဲသွားတယ်။ အရိုင်းဆန်ဆန် ထကြွမ်းမိတော့ ကျွန်တော့်အကြောင်းကိုသိတဲ့ ကဝေမယ်၏ကြိုတင်စီစဉ်ထားမှုကြောင့် အုပ်စုနဲ့ ဝိုင်းဝန်း တိုက်ခိုက်ခြင်းအား ခံရတယ်။ အများကြားက ကိုယ့်ခန္ဓာရဲ့ အန္တရာယ်ကို အလူးအလဲ ကာကွယ်ပြီး ကျွန်တော်အရှုံးနဲ့ တပ်ဆုတ်ပြန်လာခဲ့ရပါတော့တယ်။

အဲဒီအချိန်ကစလို့ ကျွန်တော်ဟာ စုန်းကဝေတွေကို အရမ်းမုန်းတီးစက်ဆုပ်သွားပါပြီ။

ကိုယ့်ရပ်ကိုယ့်ရွာကို ကျွန်တော်ပြန်ရောက်တော့ ကျေးစွပ်ကောင်လည်း ပြန်ရောက်နေတယ်။ ကျေးစွပ်ကောင်ရဲ့ ဖိတ်ခေါ်မှုကြောင့် စိတ်ညစ်ညူးနေသည့် ကျွန်တော်ဟာ တစ်ခါမှ မသောက်ဖူးတဲ့ အရက် ဆိုတာကို ညမြက်ခင်းပြင်ထက်မှာ နှစ်ယောက်အတူ သောက်ဖြစ်ကြတယ်။ (ကျွန်တော်ကိုယ်၌က သောက်ကြည့်ချင်လာလို့ သောက်မိတာပါ)



သောက်တဲ့အတူတူ အမူးဆုံးဆိုတဲ့ ခံစားမှုကို သိချင်လို့ အူရိုင်းကျွန်တော် အများကြီးသောက်ဖြစ်သွားတယ်။ အရက်မူးရင် ဘာမှ မသိတော့ဘူးဆိုတာ တကယ်တော့ မဟုတ်ပါဘူး။ ဆင်ခြင်ချုပ်ထိန်းနိုင်မှုလျော့ပါးသွားရုံကလွဲပြီး အားလုံးကိုသိနေတုန်းပါပဲ။ ဒါပေမယ့် အမူးလွန်ပြီး အိပ်ပျော်သွားချိန်မှာတော့ ကျွန်တော် ဘာဆိုဘာမှ မသိတော့ပါ။

ကျွန်တော်ဟာ ကျေးစွပ်ကောင်ကို လျော့တွက်လိုက်မိတယ်။ ဒါဟာ ကျွန်တော့်အတွက် ဘဝသင်ခန်းစာအသစ်ပေါ့။ မြက်ခင်းပြင်ထက်မှာ ပိုးလိုးပက်လက် အိပ်စက်နေတဲ့ ကျွန်တော် နိုးထလာချိန်မှာ ကျေးစွပ်ကောင် မရှိတော့ပါဘူး။ ထို့အတူပဲ ကျွန်တော်ရဲ့ ပိုက်ဆံအိတ်နဲ့ မျက်မှန်ကြိုးလေးလည်း မရှိတော့ဘူး။

ငယ်ငယ်က မေမေ လုပ်ပေးထားတဲ့ ရွှေကြိုးလေးဟာ အစားထိုးမရလောက်အောင် ကျွန်တော် အမြတ်တနိုးတန်ဖိုးထားတဲ့ ပစ္စည်းလေးပါ။

နှမြောတသစိတ်တွေနဲ့ အငြိုးအာဃာတတွေ ပြန်ထကြွသွားတယ်။ ကျေးစွပ်ကောင်ကို ကျွန်တော်ကိုယ်တိုင် ဇာတ်သိမ်းပစ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဆုံးဖြတ်ပြီးတာနဲ့ ကိုယ်ပြန်ပေးရမယ့် ဥပဒေရဲ့ အဆုံးအမတွေအတွက်လည်း မကြောက်ရွံ့တော့ပါဘူး။ ကြိုတင်တွက်ဆပြီးသားမို့ ဖြစ်လာနိုင်သမျှ အရာအားလုံးအတွက် ကျွန်တော်ဟာ ရဲဝံ့နေပါပြီ။

ကျေးစွပ်ကောင်ဟာ ဘယ်ဆီဘယ်ဝယ်မှန်းမသိတဲ့ အရပ်ဒေသကို ထွက်သွားခဲ့တယ်။ အသိုက်အရှိုက်အငိုက်ဆိုတဲ့ အချက်သုံးချက်ကို တွက်ဆမိတဲ့ ကျွန်တော်ဟာ လိုက်မရှာတော့ပါဘူး။ ကျေးစွပ်ကောင်ဟာ သူ့အရှိုက်အဖြစ်ကျန်နေသေးတဲ့ မိခင်ကြီးရှိရာ သူ့အသိုက်အမြုံလေးဆီကို မလွဲသာမရှောင်သာ ပြန်လာဦးမှာပါ။

အဲဒီအခါကျမှ သူ့အငိုက်ကို စောင့်ပြီး ကျွန်တော့်အကြံ အထမြောက်အောင် စွမ်းဆောင်လိုက်ရုံပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မရေရာမသေချာတဲ့ အချိန်ကုန်ခံ ရှာဖွေမှုနဲ့စာရင် လိုအပ်တဲ့ စောင့်ဆိုင်းမှုတစ်ခုအတွက် စိတ်ရှည်ပေးဖို့ ကျွန်တော်ဝန်မလေးပါဘူး။

*

ကိုယ် ရယူခဲ့တာအတွက် ပြန်ပေးဆပ်သင့်သလို ကိုယ်ပေးဆပ်ခဲ့တာအတွက် ပြန်ရယူတာက သဘာဝကျတယ်လို့ ခံရပါများလာတဲ့ ကျွန်တော် ယူဆထားပါတယ်။

ကျွန်တော် ဖြတ်သန်းခဲ့သည့်သက်တမ်းတစ်လျှောက်မှာ တွေ့လိုက်သမျှ ဣတ္ထိယတိုင်းလိုလိုဟာ ဟန်ဆောင်ထားတဲ့ စုန်းကဝေတွေချည်းပါပဲ။ ကျွန်တော့်ဘက်က ဖြူစင်မှုအရိုးခံသက်သက်နဲ့ ဆက်ဆံလိုက်ရင် ကျွန်တော် ခံရတော့တာပါပဲ။

ကျွန်တော် ကြုံတွေ့လိုက်သမျှ စုန်းကဝေတွေချည်းသာ ဖြစ်နေတာကြောင့် ဘဝမှာ တစ်ခါလောက်တော့ ရိုးသန့် စင်ကြယ်သူမျိုးနဲ့ ဆုံတွေ့ချင်မိပါတယ်။ (ဒါပေမယ့် အဲဒီဆုတောင်း အခုထိ မပြည့်သေးပါဘူး)

ကျွန်တော် အဖြူရောင်လို့ ထင်သူတွေဟာလည်း သိပ်မကြာခင်မှာပဲ ကျွန်တော့်ကို စုန်းကဝေပညာတွေနဲ့ လှည့်စားသွားတာကြောင့် ဘယ်သူ့မှ မယုံကြည်ရဲတော့ပါဘူး။ ဒါကြောင့် ကျွန်တော်ဟာ အားလုံးကို သံသယနဲ့ပဲ ဆက်ဆံတတ်လာတယ်။ အရိုးခံနှလုံးသားတွေအတွက် အဓိကလုံခြုံမှုကို ပေးစွမ်းနိုင်တာ သံသယပါပဲ။

ဒီလိုနဲ့ပဲ နှစ်ကာလတွေ ကြာရှည်လာသည်အထိ ကျွန်တော်ဟာ လွင့်ပေရင်း သက်တမ်းရင့်တေလေ ဖြစ်လာခဲ့တယ်။ လည်ပတ်မှုတွေကြားမှာ ရင့်ရော်လာသလို အဆက်အသွယ် ပြတ်တောက်နေတာကြောင့် ကဝေမယ်ရဲ့ အကြောင်းလည်း ဘာမှမသိတော့ပါဘူး။

တစ်နေ့မှာတော့. . . အာယာတတွေနဲ့ ကတုတ်ဝက စောင့်ဆိုင်းနေတဲ့ ကျွန်တော့်ရှေ့မှောက်ကို ကျေးစွပ်ကောင် ရောက်လာပါတယ်။



သူတစ်ယောက်တည်းတော့ မဟုတ်ဘူး။ ကျေးစွပ်ကောင်ဟာ အိမ်ထောင်ကျပြီး လသားအရွယ်ကလေးငယ် တစ်ယောက်ဘောင် ရနေပါပြီ။

ကျေးစွပ်ကောင်က ကျွန်တော့်ကို ရွှေကြိုးလေးပြန်ပေးပြီး ငယ်စဉ်ကျောင်းသားဘဝကစလို့ သူပြုလုပ်ခဲ့သမျှအပြစ်တွေ အားလုံးအတွက် ဝန်ချတောင်းပန်ပါတယ်။ သူဟာ နောက်နောင်ဘယ်တော့မှ အပြစ်မကျူးလွန်တော့ကြောင်းနဲ့ သူ့ကို ခွင့်လွှတ်ဖို့ အနူးအညွတ်ပြောပါတယ်။ ကျွန်တော် ဘာလုပ်ရမှာလဲ. . .။

အလံဖြူပြနေတဲ့ ရန်သူကို ကိုယ်ခံခဲ့ရသမျှ မျက်ကွယ်ပြုပြီး ကျေအေးလိုက်ရမှာလား. . .။ ရည်ရွယ်ထားတဲ့အတိုင်း ဗိုဝိန်ခြွေသုတ်သင်ပစ်ရမှာလား. . .။

ထိုတစ်ညလုံး ကျွန်တော် မအိပ်ဖြစ်ဘူး။ အရာအားလုံးကို ခြုံငုံသုံးသပ်ပြီး အဖက်ဖက်က စဉ်းစားကြည့်လိုက်တယ်။ လင်းရောင်နီ လဲ့ဖြာလာချိန်မှာတော့ ကျွန်တော် ယတိပြတ်သန္နိဋ္ဌာန် ချမှတ်ပစ်လိုက်တယ်။ ကျွန်တော်တစ်ဦးတစ်ယောက်ရဲ့ စိတ်အဆာပြေမှု ဂလဲ့စားကြောင့် လောကအလယ်မှာ မျက်နှာငယ် ကျန်ရစ်ခဲ့ရမယ့် လူသားသုံးယောက်အတွက် ကျေးစွပ်ကောင်အပေါ် တင်ရှိတဲ့ အငြိုးအာယာတတွေကို အပြီးတိုင် ခဝါချပစ်လိုက်ပါတော့တယ်။ (ငပျော့. . . လို့ ကျွန်တော့်ကို ခေါ်ရင်လည်း ခေါ်ကြပါတော့. . .)

အဲဒီတော့မှ ကျွန်တော်ဟာလည်း စိတ်ဖိစီးမှုတွေ ကင်းဝေးပြီး ပေါ့ပါးလန်းဆန်းသွားသလို ရှိပါတယ်။ နှစ်နဲ့ချီပြီးခြုတ်ွယ်ထားတဲ့ တေလေဝတ်ရုံကိုလည်း အဲဒီနေ့မှာပဲ ချွတ်ပုံခဲ့လိုက်ပါတယ်။

ကျွန်တော်. . . လွတ်မြောက်သွားပါပြီ။

*

ကြယ်တွေရံခနေတဲ့ တစ်ခြမ်းပဲ့လမင်းအောက်မှာ ကျွန်တော်ဟာ အနက်ထည်စက်ဘီးငယ်ကို အဖော်ပြုပြီး လမ်းလျှောက်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ကျွန်တော်တစ်ကိုယ်တည်းပါပဲ။ အဖော်အပေါင်း အခြံအရံတွေ ကျွန်တော့်နံဘေးမှာ မရှိတော့ပါဘူး။ ပင်ကိုဗီဇအရလည်း ကျွန်တော်ဟာ တစ်ယောက်တည်းနေရတာကိုပဲ နှစ်ခြိုက်သူပါ။ အခြေအနေကြောင့်သာ အရင်က အုံသင်းဖွဲ့ခဲ့ရတာပါလေ။

ငြိမ်းအေးလွတ်လပ်စွာ လမ်းလျှောက်နေသော ကျွန်တော့်မျက်နှာပြင်ဆီ စူးရှလင်းချင်းတဲ့ မီးရောင်တွေဖြာခနဲ ထိုးစိုက်ကျလာတယ်။ မျက်လုံးတွေ ပြာဝေသွားလို့ ခေါင်းငုံ့ချလိုက်ချိန်မှာပဲ ကျွန်တော်ရဲ့ ခန္ဓာကိုယ်အနှံ့ ထိုးကြိတ်ရိုက်နှက်မှုတွေ ကျရောက်လာတာ တရစပ်ပါပဲ။ အကြွေးလာယူသူတွေ ဖြစ်လိမ့်မယ်လို့ တွေးမိလိုက်တယ်။

စက်ဘီးငယ်မှ အဆာပလာ လက်နက်တွေကို သတိရလိုက်မိပေမယ့် ကျွန်တော် ဆွဲမထုတ်လိုက်ဘူး။ သူတစ်ပြန် ကိုယ်တစ်ပြန်နဲ့ သံသရာတွေ ဆက်မလည်ချင်တော့ပါဘူး။ ဒါ့အပြင် ကာယသတ္တိထက် စာဂသတ္တိက ပိုမိုကြီးမြတ်တယ်ဆိုတဲ့ စာသားကို ကျွန်တော် မှတ်ယူထားလို့ပါ။

ခဏကြာတော့ ရှောင်တိမ်းနေတဲ့ ကျွန်တော်ဟာ ကြွေးဆပ်လိုက်ရသည့် ဒဏ်ရာဒဏ်ချက်တွေနဲ့တကွ လဲကျ မေ့မြောသွားပါတော့တယ်။

ကောင်းမွန်စွာ သတိရချိန်မှာတော့ ကျွန်တော်ဟာ ဆေးရုံရဲ့ အရေး ပေါ်လူနာဌာနမှာ ရောက်ရှိနေပါပြီ။ ကျွန်တော့်ကို ကုသပေးနေတဲ့ ဆရာဝန်က ကဝေမယ်ဖြစ်နေတော့ ကျွန်တော် အံ့နည်းငယ် အံ့ဩသွားမိတယ်။ မေ့လဲနေတဲ့ ကျွန်တော့်ကို ဆေးရုံဆီပို့ပေးသူဟာ ကျေးစွပ်ကောင်ဆိုတာ သိလိုက်ရချိန်မှာတော့ ကျွန်တော်တော်တော်ကြီး အံ့အားသင့်သွားမိပါတယ်။

လည်ပတ်နေတဲ့အချိန်တွေကြားမှာ ကဝေမယ်တောင် ဆရာဝန်တစ်ယောက်ဖြစ်သွားပြီပဲ။ ကဝေမယ်က ကျွန်တော့်ကို ကလေးလေးက



အခုချိန်ထိ ဆိုးနေတုန်းပဲလားလို့ မေးတယ်။ ကျွန်တော် အပြုံးနဲ့သာ တုံ့ပြန်လိုက်ပါတယ်။

ကဝေမယ်မှာ ဆရာဝန်တစ်ဦးရဲ့ စိတ်ဓာတ်အပြည့်အဝ ရှိနေတာတွေ့မြင်ရတဲ့အတွက် ကျွန်တော် လေးစားသွားမိတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အခုအချိန်မှာ သူ့အပေါ် ငြိုးမာန်ဖွဲ့မှုတွေ ကင်းစင်နေပါပြီ။

သူနှင့်ပတ်သက်သမျှ ဘာဆိုဘာမှ စိတ်ထဲ မရှိတော့ပါဘူး။ (ငပျော့. . . လို့ ထပ်ခေါ်ချင် ခေါ်ပါအုံး. . . ) ဂလဲ့စားချေလိုမှု အကြွေးတောင်းချင်စိတ်တွေရဲ့ ပူလောင်မှုနဲ့ သင်ပုန်းချေ သည်းခံ ခွင့်လွှတ်ခြင်းရဲ့ ချမ်းငြိမ်းအေးမြမှုတန်ဖိုးကို ကျွန်တော် နှိုင်းယှဉ် သဘောပေါက်တတ်နေပါပြီ။

တစ်ချိန်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဘယ်လိုတွေပဲနေခဲ့နေခဲ့ ကဝေမယ်ဟာ သူ့ရည်မှန်းချက်အတိုင်း အကောင်အထည်ပေါ်အောင် စွမ်းဆောင်နိုင်ခဲ့တယ်။

ကျွန်တော့်မှာသာ သက်တန့်ရောင် လင်းဖြာနေတဲ့ ရည်မှန်းချက်ပန်းတိုင်ကြီး အကန့်လိုက် ပြိုကျပျက်သုဉ်းပြီး အချိန်တွေက ရုပ်လုံးမပေါ်ဘဲ ကုန်လွန်ခဲ့ရတာပါ။ ပြန်မလာနိုင်တော့တဲ့ ပြီးခဲ့တာတွေကို ထားလိုက်ပါတော့. . . .။

လဲတဲ့အပင်က လဲသွားပြီပဲ။ နောက်တစ်ပင်ကိုသာ ကိုယ့်မှာရှိတဲ့ စွမ်းအားနဲ့အကောင်းဆုံးထူထောင်နိုင်အောင် ကြိုးစားရတော့မှာပေါ့။

*

ပန်းတိုင်ရေ. . .
စိန်ခေါ်သံတွေနဲ့ မင်းဆီ
ယုံကြည်ခြင်းတွေနဲ့ ငါလှမ်းလာနေပြီ !!!

www.burmeseclassic.com

www.burmeseclassic.com



စာကြွင်း ။ ။ ဒီအဖြစ်အပျက်တွေ ပြီးဆုံးချိန်မှာ ကျွန်တော်ဟာ ရုပ်ရှင်ဇာတ်လိုက်ဆန်ဆန် တမဟုတ်ချည်း အပိုးကျိုး လိမ္မာသွားခဲ့တာ မဟုတ်ပါဘူး။ ဒီစာမူကို ပထမအကြိမ် ပုံနှိပ်ပြီးချိန်နောက်ပိုင်းမှာပဲ တစ်စုံတစ်ခုထက်မကသော အကြောင်းအရာတွေကြောင့် တစ်ကျော့ပြန် တေလေဆန် ဖြစ်ခဲ့ပါသေးတယ်။ အဲဒီအဖြစ်အပျက်တွေဟာ ကြေကွဲစရာနည်းပါးပေမယ့် ကျွန်တော့်ဘဝရဲ့ ကြီးကျယ်ထူးခြားသော အတွေ့အကြုံသစ် တုန်လှုပ်ဖွယ် မှတ်တိုင်တွေပါပဲ။ လွတ်လပ်စွာ ရေးသားပုံနှိပ်ဖော်ပြခွင့်ရရှိမယ် ဆိုရင်တော့ဖြင့် စာတစ်အုပ် ဖြစ်လိမ့်ဦးမယ် ထင်ပါတယ်။

BURMESE CLASSIC .com

## (နောက်ဆုံးသတင်း)

ဒီသတင်းဟာ မကြာသေးမီကာလကမှ သိရှိရတဲ့သတင်း ဖြစ်ပါတယ်။

ဤဝတ္ထုကို ပထမအကြိမ် ပုံနှိပ်ဖော်ပြခြင်းမှာ ဒီသတင်း မပါဝင်ခဲ့ပါဘူး။ ဤဝတ္ထုနှင့် ပတ်သက်၍ စိတ်ဝင်တစား မေးကြသူများ ရှိတာကြောင့် ဖော်ပြဖို့ ရည်ရွယ်လိုက်ပါတယ်။

အခုဆို ကျေးစွပ်ကောင်ဟာ ဆုံးပါးသွားခဲ့ပါပြီ။

သူဆုံးပါးသွားခဲ့တာ နှစ်အနည်းငယ်တိုင် ကြာခဲ့ပါပြီ။ (၂၀၀၉) ခုနှစ်ရဲ့ နေ့စွဲတစ်ခုမှာပေါ့။ သူ့ရဲ့အသုဘကို ကျွန်တော်ကိုယ်တိုင် လိုက်ပါပို့ဆောင်ပေးခဲ့တယ်။

အဲဒီ နေ့က မိုးတဖွဲဖွဲ ရွာနေပါတယ်။ သူ့ရဲ့ဈာပနဟာ မခမ်းနားပါဘူး။ သူ့ရဲ့ ရုပ်ရည်ဟာလည်း အတော်ပျက်ယွင်းနေပါပြီ။ အဲဒီအချိန်မှာ ကျွန်တော် ပျော်မနေပါဘူး။ ဘာကြောင့်မှန်းမသိဘဲ အရမ်းဝမ်းနည်းနေမိတယ်။

သချိုင်းအုတ်ဂူတွေကြားမှာရပ်ရင်း ကျွန်တော် မျက်ရည်ဝဲနေတာကို သတိပြုမိတဲ့ အပေါင်းအသင်းအချို့ ရှိပါလိမ့်မယ်။

တကယ်တော့ ကျွန်တော်ဟာ နာကျည်းစိတ်တွေနဲ့အတူပဲ သူ့ကို သိပ်ခင်ခဲ့သူပါ။ အစာအိမ်ရောဂါကြောင့် သူဆုံးပါးသွားခဲ့တယ်လို့ လူသိများပေမယ့် မကြာသေးမီ (၁၈. ၃. ၂၀၁၁) ည ၈ း ၀၀ခန့်က သိလိုက်ရတာကတော့ သူဟာ AIDS လို့လူပြောများတဲ့ ခုခံအားကျဆင်းမှုရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လို့ ဆေးရုံစစ်ချက်ကို ထုတ်ယူကြည့်တဲ့ အပေါင်းအသင်းအချို့က သတင်းပေးပါတယ်။

အဲဒီမှာ ကျွန်တော် တုန်လှုပ်သွားမိတယ်။ သံဝေဂလို့ ကြီးကြီးကျယ်ကျယ်မဖွင့်ဆိုချင်ပေမယ့် လောကကြီးကပေးတဲ့ ကြောက်လန့်ဖွယ် အသိတရားအချို့ကို ကျွန်တော် ရရှိလိုက်ပါတယ်။ ဒီအချိန်မှာ အစအဆုံး ပြန်သုံးသပ်ကြည့်မိတဲ့အခါ ကျွန်တော့်လိပ်ပြာဟာ စင်ကြယ်ပါတယ်။ သူ့ကို အဲ့ဒါတွေ လိုက်စားဖို့ မတိုက်တွန်းခဲ့သလို တားမြစ်ခဲ့တာတွေ တောင်မှ ရှိပါသေးတယ်။

ဒီကနေ့အထိ ကျေးစွပ်ကောင် ဘယ်သူလဲဆိုတဲ့မေးခွန်းတွေကို ကျွန်တော် မဖြေခဲ့သလို သူဟာ အဲ့လို ကျေးစွပ်ကောင်ပါလို့လည်း ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှ ကျွန်တော့်ဘက်က စံပြီးမပြောခဲ့ပါဘူး။

အဲ့ဒါ သိပ်သေချာတဲ့ကျိန်ဆိုမှုပါ။

အတူတွဲနေတဲ့ အပေါင်းအသင်းတွေတောင်မှ ကျွန်တော်နဲ့သူ့ကို သိပ်ခင်ကြတာပဲလို့ အထင်ရှိသတ်မှတ်ပါတယ်။

သူ သေဆုံးလို့ သူ့ဂုဏ်ပုဒ်တွေကို ထုတ်ဖော်ကြေငြာတာလည်း မဟုတ်ပါဘူး။ ကျွန်တော် ပိုင်ဆိုင်ရရှိလိုက်တဲ့ အသိတရားမျိုး ရစေချင်လို့ပါ။ ရကောင်းရလိမ့်မယ်လို့လည်း မျှော်လင့်မိလို့ပါ။

ဒီဝတ္ထုဟာ အဖြစ်မှန်လား. . . လို့ မေးကြသူတွေကိုလည်း အဖြေပေးချင်ပါတယ်။ အနုပညာတစ်ရပ် ဖန်တီးတယ်ဆိုတာ အကြမ်းထည်ကို ပုံသွင်းထုဆစ်သွန်းလောင်းရတာမျိုးပါ။ ဖြည့်စွက်မှုအနည်းငယ် ရှိသလို ဖြုတ်ချန်ခဲ့တာတွေလည်း အများကြီးရှိပါတယ်။

သေချာတာကတော့ ကျွန်တော့် ရင်ဘတ်ထဲက မှတ်ဉာဏ်ထဲက စစ်မှန်တဲ့ ခံစားမှုတွေရဲ့ ၁၀၀ %မှာ ၁ % မျှတောင် ပီပြင် ပေါ်လွင်အောင် ကျွန်တော် မစွမ်းဆောင်နိုင်ပါဘူး။ ဘယ်တော့မှလည်း စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။



သိပ်ဆိုးဝါးတဲ့ အနာတစ်ခုကို ဆွရတာ အရမ်းနာတယ် မဟုတ်လား. . . ။

ဒါဟာ. . . အနာခံနိုင်သလောက် နည်းနည်းလေးပဲ ဆွပြထားတာပါ. . . ။

လေးစားချစ်ခင်စွာဖြင့်

**လင်းညို့သွေး**

21. March. 2011

Face book: Linn Nyout Thway

E-mail : linnnyoutthway@gmail.com

BURMESE CLASSIC .com

www.burmeseclassic.com